ပခုက္ကူပိဋကတ်အနှစ်ချုပ်စာတော်မှ

ဘုရားမြတ်စွာကရုဏာ ရှေ့ထား ဟောကြားတော်မူအပ်သော

အင်္ဂုတ္တရနိကာယ် အဋ္ဌကနိပါတ်ပါဠိတော်

တရားဒေသနာ အနှစ်ချုပ်ကိုဖော်ပြရာဖြစ်သော

# အင်္ဂုတ္တရနိကာယ်

# အဋ္ဌကနိပါတ်အနှစ်ချုပ်ကျမ်း


## အရှင်ကောလာသ

မဟာစရိယ၊ဂဏဝါစက

B.A.Hons ဝိနယ ဂုဏ်ထူး(သီရိလင်္ကာ)


အနှစ်သာရပေါ်လွင်စီစစ်ရေးသားသည်

ပခုက္ကူပိဋကတ်အနှစ်ချုပ်စာတော်မူ

ဘုရားမြတ်စွာ ကရုဏာရှေ့ထားဟောကြားတော်မူအပ်သော

အင်္ဂုတ္တရနိကာယ် အဋ္ဌကနိပါတ်ပါဠိတော်

တရားဒေသနာတော် အနှစ်ချုပ်ကို ဖော်ပြရာဖြစ်သော

# အင်္ဂုတ္တရနိကာယ်

## အဋ္ဌကနိပါတ်အနှစ်ချုပ်ကျမ်း

အနှစ်သာရ ဖော်ပြ ဖွင့်လှစ် စီစစ်ရေးသားသည်


အရှင်ကေလာသ

ဓမ္မာစရိယ, ဂဏဝါစက

B.A.Hons. ဝိဇ္ဇာ(ဂုဏ်ထူး) (သီရိလင်္ကာ)



သာသနာ-၂၅၃၅၊ ကောဇာ-၁၃၅၃၊ ခရစ်-၁၉၉၁

ဘာသာရေးဆိုင်ရာ စာမူပုံနှိပ်ထုတ်ဝေခွင့်အမှတ် (၅၄၇/၉၁) (၉)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် (      /၉၁) [၁၂]

–

ပထမအကြိမ်

–

အုပ်ရေ–၁၅၀၀

–

၁၉၉၁-ခုနှစ်

–

စန္ဒဝါဠိရိလ

–

အဖုံးရိုက်–စာပေပေါင်းကူးပုံနှိပ်တိုက်

–

စာအုပ်ချုပ်–အေးမိသားစု

တန်ဘိုး ၃ ၅ ကျပ်
တန်ဖိုး–၃၀ ကျပ်

–

ဦးမြင့်၊ မှတ်ပုံတင်အမှတ် (၀၁၅၀၇) ဝေဒစာပေ၊ အမှတ်-၆၊ မာလာမြိုင်လမ်း၊ ဘောက်ထော်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့က ထုတ်ဝေ၍၊ ဦးတင်မောင် (၀၂၅၆-မြ) စာပေပေါင်းကူးပုံနှိပ်တိုက်၊ အမှတ်-၉၀(အော်ဘီ) ဝေဇယန္တာလမ်း၊ (၇) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့၊ ရန်ကုန်က ပုံနှိပ်သည်။
(ဖုန်း–၅၅၉၁၅)

အင်္ဂုတ္တရနိကာယ် အင်္ဂုတ္တရနိပါတ်အနှစ်ချုပ်ကျမ်း

# ကျမ်းဦးမှတ်ဖွယ်

**ရှစ်ပါးတွဲ တရားအနှစ်တို့၏ စုဝေးရာ။** ။အင်္ဂုတ္တရ နိကာယ် အင်္ဂုတ္တရနိပါတ်အနှစ်ချုပ် ကျမ်းသည် အင်္ဂုတ္တရနိကာယ် အင်္ဂုတ္တရနိပါတ်လာ ရှစ်ပါးတွဲ တရားဒေသနာအနှစ်ချုပ်တို့၏ စုဝေးတည်ရှိရာဖြစ်ပေသည်၊ ဤအင်္ဂုတ္တရနိကာယ် အင်္ဂုတ္တရအနှစ်ချုပ်ကျမ်းကို ဖတ်ရှုလေ့လာလျှင် အချိန်တိုအတွင်း ဘုရားရှင်ဟောကြား ရှစ်ပါးတွဲ အနှစ်ချုပ်တရားများကို သိရှိ၍ ဓမ္မအရသာကို ခံစားကြရမည် ဖြစ်သည်။

**ပဏ္ဏာသကဝဂ်သုတ်။** ။အင်္ဂုတ္တရနိကာယ် အင်္ဂုတ္တရနိပါတ် ပါဠိတော်၌-

၁။ ပဌမပဏ္ဏာသက၊ ၂။ ဒုတိယပဏ္ဏာသက-အားဖြင့် ပဏ္ဏာသကပေါင်း ၂-ခုပါရှိ၍ ၁။ မေတ္တာဝဂ်၊ ၂။ မဟာဝဂ်၊ ၃။ ဂဟပတိဝဂ်၊ ၄။ ဒါနဝဂ်၊ ၅။ ဥပေါသထဝဂ်၊ ၆။ ဂေါတမီဝဂ်၊ ၇။ ဘူမိစာလဝဂ်၊ ၈။ ယမကဝဂ်၊ ၉။ သတိဝဂ်၊ ၁၀။ သာမညဝဂ်၊ ၁၁။ ရာဂပေယျာလဝဂ်-အားဖြင့် ဝဂ်ပေါင်း ၁၁-ဝဂ် လာရှိလေသည်၊ အင်္ဂုတ္တရဝဂ်၌ ပေယျာလအတွင်း ဝင်နေသောသုတ်များနှင့်တကွ ပေါင်း ၆၂၆-သုတ် ပါရှိလေသည်။

**အကြောင်းအရာတရားဒေသနာများ။**　　**။ဤအင်္ဂုတ္တရနိကာယ် အဋ္ဌကနိပါတ်အနှစ်**

ချုပ်ကျမ်း၌ မေတ္တာအကြောင်း, မေတ္တာအကျိုး ၈-ပါး, ပညာအကြောင်း, ပညာရကြောင်း ၈-ပါး, မချစ်အပ်သောပုဂ္ဂိုလ်, ချစ်ခင်အပ် မချစ်ခင်အပ်သော ရဟန်း၏ အင်္ဂါ ၈-ပါး, မချစ်ခင်အပ်သောပုဂ္ဂိုလ်, မချစ်ခင်အပ်သော ရဟန်း၏ အင်္ဂါ ၈-ပါး, တစ်နည်း-လောကဓံအကြောင်း လောကဓံတရား ၈-ပါး, ဒေဝဒတ်ပျက်စီးရခြင်း၏အကြောင်း, မသူတော်တရား ၈-ပါး စသည် ဘုရားဟောတရား အားလုံး ကောင်းမြတ်သည်ချည်း ဖြစ်ပုံ၊ မြတ်သောအကျင့် ကျင့်စွမ်းနိုင်ကြောင်း ၈-ပါး, ရဟန်းယုတ်၏ အင်္ဂါ ၈-ပါး, မေရဥပုဏ္ဏား၏ စွပ်စွဲချက် ၈-မျိုးနှင့် အဖြေ, ဘုရားအား နိဂဏ္ဌ၏ စွပ်စွဲချက် ၈-မျိုးနှင့် အဖြေ, အပူဇော်ခံရဟန်း၏ အင်္ဂါ ၈-မျိုး၊ မြင်းယုတ်အင်္ဂါ ၈-ပါး, ယောကျ်ားယုတ်၏ အင်္ဂါ ၈-ပါး, အကျိုး ပျက်စေတတ်သော အညစ်အကြေး ၈-ပါး, တမန်အင်္ဂါလက္ခဏာ ၈-ပါး, ယောကျ်ားများကို မိန်းမများက နှောင်ဖွဲ့ဆွဲဆောင်သည့် အခြင်းအရာ ၈-မျိုး, မိန်းမများကို ယောကျ်ားများက နှောင်ဖွဲ့ တတ်သောတရား ၈-မျိုး, သမုဒ္ဒရာ သာသနာအံ့ဖွယ် ၈-ပါး, ဥဂ္ဂသူကြွယ် စသော သူကြွယ်များ၏အံ့ဖွယ် ၈-ပါး, အား ၈-မျိုး, ရဟန္တာပုဂ္ဂိုလ်၏ ဉာဏ်အား ၈-ပါး, ရပ်မြစ် ၈-ပါး, ယောကျ်ားမြတ်တို့၏ အကြံ ၈-ပါး, အလှူဒါနအကြောင်းနှင့် အလှူ ၈-ပါး စသည်, ဥပုသ်အကျိုး, ဥပုသ်အကျယ်, ဥပုသ်စောင့်ကျိုး, ဂရုဓမ်တရား ၈-ပါးနှင့် ဘိက္ခုနီသာသနာပေါ်လာပုံ, သမ္မာဒိ တရား ၈-ပါး စသည်, အဘိဘာယတနဈာန် ၈-ပါး, ဝိမောက္ခ

ချွန် ၈-ပါး, ပရိသတ် ၈-မျိုး, မြေလှုပ်ခြင်း ၈-မျိုး, ပျင်းရိခြင်း အကြောင်း ၈-မျိုးနှင့် အားထုတ်ခြင်းအကြောင်း ၈-မျိုး, ကိလေသာမှ လွတ်မြောက်ရန် အင်္ဂါ ၈-ပါး စသည်ကို ပါရှိလေသည်။

**ရှစ်ပါးတွဲတရားပေါင်းချုပ်။** ။ဤသို့စသည်ဖြင့် ရှစ်ပါးတွဲတရားတွေ လိုလေသည် မရှိအောင် စုံလင်လှသဖြင့် ဤ အင်္ဂုတ္တရနိကာယ် အဋ္ဌကနိပါတ် အနှစ်ချုပ်ကျမ်းသည် ရှစ်ပါးတွဲ တရားပေါင်းချုပ် ကျမ်းလဲ ဖြစ်လေသည်။

**အင်္ဂုတ္တရနိကာယ် အဋ္ဌကနိပါတ် အနှစ်ချုပ်ကျမ်း ပြုစီရင်ခြင်း** ။ မိမိသည် ဤမည်သော အင်္ဂုတ္တရနိကာယ် အဋ္ဌကနိပါတ် အနှစ်ချုပ်ကျမ်းကို ၁၃၅၂ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၂-ရက်နေ့ ညနေပိုင်းမှစ၍ ဇာတကပါဠိ, မဟာနိဒ္ဒေသပါဠိ, စူဠနိဒ္ဒေသပါဠိဟူသော ခုဒ္ဒကနိကာယ်အပါအဝင် ကျမ်းအိပ်ကြီးများကို နှိုးဆွချုပ်ရင်း ဂန္ထဓူရတာဝန်အကြားတွင် ဆိုင်ရာ မှတ်သားဖွယ်ရာ အဓိပ္ပာယ် ဖြတ်ထုံး, ဆောင်ပုဒ်လင်္ကာစသည်များဖြင့် တန်ဆာဆင် ရေးသားပြုစီရင်ရာ ယနေ့ ၁၃၅၂-ခု၊ ဝါဆိုလပြည့်ကျော် ၁၄-ရက်နေ့၊ နံနက် ၇-နာရီ မိနစ် ၃၀-အချိန်တွင် အောင်လံစိုက်ဆောက်ပြီးမြောက်ပါသည်။

ဖတ်ရှုလေ့လာ အားထုတ်ကြပါ။ ။အိုး–ပိဋကတ်အနှစ်ချုပ်
စာတော်ဖတ် သူတော်
ကောင်းတို့…သင်အူတော်ကောင်းတို့သည် ဤအင်္ဂုတ္တရနိကာယ်
အဋ္ဌကနိပါတ်အနှစ်ချုပ်ကျမ်းကို အစအဆုံးသေချာစွာ ဖတ်
ရှုကြကာ သဒ္ဓါ ပညာ သမာဓိ ဝီရိယစောင်းနှယ် ညှိ၍ ကျမ်း
လာအတိုင်း လိုက်နာပြုကျင့် အားထုတ်ကြသဖြင့် သန္တိသုခ
အမတနိဗ္ဗာန်သို့ သံခပင္ပါပဒါ ခိပ္ပဘိညဖြင့် လျင်မြန်စွာ မျက်
မှောက် ပြုနိုင်ကြပါစေဟု ဆန္ဒပြုပါသည်။

ဆောင်။ ။မဂ်ဖိုလ် အမတ, ဓမ္မအစစ်, အနှစ်သာရ, ရရှိ
သုံးဆောင် နိုင်ကြပါစေသော်။

အရှင်ကေလာသ

ဓမ္မာစရိယ, ဂဏဝါစက, ဘိဇအ (ဂုဏ်ထူး)
သာသနာ့ဓောတိပါလကျောင်း
မဟာဝိသုတာရာမတိုက်
ပခုက္ကူမြို့

# မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁။ | ပဏာမ ပရိုညာဉ် ဥယျောဇဉ် | ---- | ၁ |
| | ပဌမပဏ္ဏာသက | | |
| ၂။ | မေတ္တသုတ် | .... | ၂ |
| ၃။ | ပညာသုတ် | ---- | ၄ |
| ၄။ | ပဌမအပ္ပိယသုတ် | .... | ၆ |
| ၅။ | ဒုတိယအပ္ပိယသုတ် | ---- | ၈ |
| ၆။ | ပဌမလောကဓမ္မသုတ် | .... | ၉ |
| ၇။ | ဒုတိယလောကဓမ္မသုတ် | .... | ၁၀ |
| ၈။ | ဒေဝဒတ္တဝိပတ္တိသုတ် | .... | ၁၁ |
| ၉။ | ဥတ္တရဝိပတ္တိသုတ် | .... | ၁၃ |
| ၁၀။ | နန္ဒသုတ် | .... | ၁၅ |
| ၁၁။ | ကာရဏ္ဍဝသုတ် | ---- | ၁၈ |
| | မဟာဝဂ် | | |
| ၁၂။ | ဝေရဉ္ဇသုတ် | ---- | ၂၁ |
| ၁၃။ | သီဟသုတ် | ---- | ၂၈ |
| ၁၄။ | အဿာဇာနီယသုတ် | .... | ၃၇ |

| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁၅။ | အဿခဋ္ဌုက်သုတ် | .... | ၄၀ |
| ၁၆။ | မလသုတ် | — | ၄၅ |
| ၁၇။ | ဒွေဝတေယျသုတ် | .... | ၄၈ |
| ၁၈။ | ပဌမဗန္ဓနသုတ် | .... | ၅၀ |
| ၁၉။ | ဒုတိယဗန္ဓနသုတ် | .... | ၅၁ |
| ၂၀။ | ပဟာရာဒသုတ် | .... | ၅၃ |
| ၂၁။ | ဥပေါသထသုတ် | .... | ၅၅ |

## ဂဟပတိဝဂ်

| | | | |
|---|---|---|---|
| ၂၂။ | ပဌမဥဂ္ဂသုတ် | .... | ၅၆ |
| ၂၃။ | ဒုတိယဥဂ္ဂသုတ် | .... | ၅၉ |
| ၂၄။ | ပဌမဟတ္ထကသုတ် | .... | ၆၁ |
| ၂၅။ | ဒုတိယဟတ္ထကသုတ် | .... | ၆၃ |
| ၂၆။ | မဟာနာမသုတ် | .... | ၆၄ |
| ၂၇။ | ဇီဝကသုတ် | .... | ၆၇ |
| ၂၈။ | ပဌမဗလသုတ် | .... | ၆၇ |
| ၂၉။ | ဒုတိယဗလသုတ် | .... | ၆၈ |
| ၃၀။ | အက္ခဏသုတ် | .... | ၇၁ |
| ၃၁။ | အနုရုဒ္ဓမဟာဝိတက္ကသုတ် | .... | ၇၂ |

| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| | **ဒါနဝဂ်** | | |
| ၃၂။ | ပဌမဒါနသုတ် | .... | ၇၇ |
| ၃၃။ | ဒုတိယဒါနသုတ် | .... | ၇၈ |
| ၃၄။ | ဒါနဝတ္ထုသုတ် | .... | ၇၉ |
| ၃၅။ | ခေတ္တသုတ် | .... | ၈၀ |
| ၃၆။ | ဒါနူပပတ္တိသုတ် | .... | ၈၂ |
| ၃၇။ | ပုညကြိယဝတ္ထုသုတ် | .... | ၈၅ |
| ၃၈။ | သပ္ပုရိသဒါနသုတ် | .... | ၉၁ |
| ၃၉။ | သပ္ပုရိသသုတ် | .... | ၉၂ |
| ၄၀။ | အဘိသန္ဒသုတ် | .... | ၉၃ |
| ၄၁။ | ဒုစ္စရိတဝိပါကသုတ် | .... | ၉၄ |
| | **ဥပေါသထဝဂ်** | | |
| ၄၂။ | သံခိတ္တူပေါသထသုတ် | .... | ၉၇ |
| ၄၃။ | ဝိတ္ထတူပေါသထသုတ် | .... | ၁၀၃ |
| ၄၄။ | ဝိသာခါသုတ် | .... | ၁၀၆ |
| ၄၅။ | ဝါသေဋ္ဌသုတ် | .... | ၁၀၈ |
| ၄၆။ | ဗောဇ္ဈာသုတ် | .... | ၁၀၉ |
| ၄၇။ | အနုရုဒ္ဓါသုတ် | .... | ၁၁၀ |
| ၄၈။ | ဒုတိယဝိသာခါသုတ် | .... | ၁၁၆ |
| ၄၉။ | နကုလမာတာသုတ် | .... | ၁၁၉ |

# မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၅၀။ | ပဌမဈာနလောကီကသုတ် | .... | ၁၂၂ |
| ၅၁။ | ဒုတိယဈာနလောကီကသုတ် | .... | ၁၂၃ |


## ဒုတိယ ပဏ္ဏာသက

### ဂေါတမီဝဂ်


| | | | |
|---|---|---|---|
| ၅၂။ | ဂေါတမီသုတ် | .... | ၁၂၅ |
| ၅၃။ | သြဝါဒသုတ် | .... | ၁၂၇ |
| ၅၄။ | သံခိတ္တသုတ် | — | ၁၂၈ |
| ၅၅။ | ဒီဃဇာဏုသုတ် | .... | ၁၃၀ |
| ၅၆။ | ဥဇ္ဇယသုတ် | .... | ၁၃၁ |
| ၅၇။ | ဘယသုတ် | — | ၁၃၄ |
| ၅၈။ | ပဌမအာဟုနေယျသုတ် | .... | ၁၃၅ |
| ၅၉။ | ဒုတိယအာဟုနေယျသုတ် | .... | ၁၃၆ |
| ၆၀။ | ပဌမပုဂ္ဂလသုတ် | .... | ၁၃၇ |
| ၆၁။ | ဒုတိယပုဂ္ဂလသုတ် | .... | ၁၃၈ |


### ဘူမိစာလဝဂ်


| | | | |
|---|---|---|---|
| ၆၂။ | ဣစ္ဆာသုတ် | .... | ၁၃၉ |
| ၆၃။ | အလံသုတ် | .... | ၁၄၅ |
| ၆၄။ | သံခိတ္တသုတ် | — | ၁၄၈ |
| ၆၅။ | ဂယာသီသသုတ် | — | ၁၄၆ |

၆၆။ အဘိဘာယတနသုတ် .... ၁၅၃
၆၇။ ဝိမောက္ခသုတ် .... ၁၅၄
၆၈။ အနရိယဝေါဟာရသုတ် .... ၁၅၅
၆၉။ အရိယဝေါဟာရသုတ် .... ၁၅၆
၇၀။ ပရိသာသုတ် .... ၁၅၇
၇၁။ ဘူမိစာလသုတ် .... ၁၅၇

## ယမကဝဂ်

၇၂။ ပဌမသဒ္ဓါသုတ် .... ၁၆၀
၇၃။ ဒုတိယသဒ္ဓါသုတ် .... ၁၆၁
၇၄။ ပဌမမရဏဿတိသုတ် .... ၁၆၂
၇၅။ ဒုတိယမရဏဿတိသုတ် .... ၁၆၆
၇၆။ ပဌမသဒ္ဓါသုတ် .... ၁၆၉
၇၇။ ဣစ္ဆာသုတ် .... ၁၇၂
၇၈။ အလံသုတ် .... ၁၇၆
၇၉။ ပရိဟာနသုတ် .... ၁၈၀
၈၀။ ကုသိတာရမ္ဘဝတ္ထုသုတ် .... ၁၈၃

## သတိဝဂ်

၈၁။ သတိသမ္ပဇညသုတ် — ၁၈၈
၈၂။ ပုဏ္ဏိယသုတ် .... ၁၉၀
၈၃။ မူလကသုတ္တ .... ၁၉၀

## မာတိကာ

| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၈၄။ | စောရသုတ် | .... | ၁၉၁ |
| ၈၅။ | သမဏသုတ် | .... | ၁၉၃ |
| ၈၆။ | ယသသုတ် | .... | ၁၉၃ |
| ၈၇။ | ပတ္တနိကုဇ္ဇနသုတ် | .... | ၁၉၇ |
| ၈၈။ | အပ္ပသာဒပဝေဒနီယသုတ် | .... | ၁၉၈ |
| ၈၉။ | ပဋိသာရဏီယသုတ် | .... | ၁၉၉ |
| ၉၀။ | သမ္မာဝတ္တနသုတ် | .... | ၂၀၀ |

### သာမညဝဂ်

| | | | |
|---|---|---|---|
| ၉၁။ | ရာဂပေယျာလ | .... | ၂၀၁ |
| ၉၂။ | အဋ္ဌကနိပါတ် အနှစ်ချုပ်ကျမ်း အပြီးသတ်ခြင်း | .... | ၂၀၃ |
| ၉၃။ | နိဂုံးသံပေါက်ကဗျာများ | .... | ၂၀၃ |
| ၉၄။ | အရှင်ကေလာသပြုစုသော ကျမ်းများ | .... | ၂၀၆ |

# အင်္ဂုတ္တရနိကာယ်
# အဋ္ဌကနိပါတ်အနှစ်ချုပ်ကျမ်း

---

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

### ပဏာမ ပဋိညာဉ် ဥယျောဇဉ်

၁။ မြတ်စွာဘုန်းလျှံ, တရားမွန်, သံဃံနမာမိ။
၂။ အင်္ဂုတ္တရ, အဋ္ဌကနိပါတ်, တရားမြတ်သမုတ်, အနှစ်ချုပ်, ထုတ်ဆိုလိခါမိ။
၃။ သူတော်စင်များ, သဒ္ဓါပွား, ဖတ်ကြားစေချင်၏။

မိမိသည်အင်္ဂုတ္တရနိကာယ် အဋ္ဌကနိပါတ် အနှစ်ချုပ်ကျမ်းကို ကြိုးပမ်း စီရင်မည်ဖြစ်ရာ အန္တရာယ် ကင်းပျောက် ကျမ်းပြီး မြောက်ခြင်းကိုအလိုရှိပါသည်၊ သို့နှင့် "မြတ်စွာဘုန်းလျှံ တရား မွန် သံဃံနမာမိ" စသောသံပေါက် ၃-ပုဒ်ဖြင့် ရတနတ္တယ ပဏာမ, ပဋိညာဉ်,ဥယျောဇဉ်ကိုဖော်ပြပါသည်၊ အမှတ် ၁- သံပေါက်၌ နမာမိ-ကား ပါဠိစကားရှိခိုးပါ၏-ဟူ၏၊ ဘုရား, တရား, သံဃာအားရှိခိုးပါ၏-ဟူလို၊ အမှတ် ၂- သံပေါက် ကဗျာ၌ လိခါမိ-ကား ရေးပါ၏-ဟူလို၊ အင်္ဂုတ္တရနိကာယ် အဋ္ဌကနိပါတ်ရှစ်ပါးတွဲတရားများကိုဖော်ပြသည့်အခန်း တရား

အနှစ်ချုပ်ကို ရေးပါမည်-ဟူလို၊ ယမှတ် ၃- သံပေါက်ဖြင့် တိုက်တွန်းချက်ဥယျောဇဉ်ကိုပေါ်ပြသည်၊ သူတော်စင်သူတော်ကောင်းတွေ ဘုရားတရားတော် ဒေသနာတော် အနှစ်သာရတွေကိုပေါ်ပြထားသည့် ဤအင်္ဂုတ္တရနိကာယ် အဋ္ဌကနိပါတ် အနှစ်ချုပ်ကျမ်းကို ဖတ်ကြားစေချင်ပါသည်-ဟူလို။

ပဏာမ ပဋိညာဉ် ဥယျောဇဉ်ပြီး၏။

---

## ၁။ ပဌမပဏ္ဏာသက

### ၁-မေတ္တာသုတ်

**မေတ္တာအကျိုးရှစ်မျိုး၊ မေတ္တာက သင်္ဂဟဝတ္ထုလေးပါး ဒါနထက်အကျိုးကြီး**

၁။ (၁) ချမ်းသာစွာအိပ်ရခြင်း၊
(၂) ချမ်းသာစွာနိုးရခြင်း၊
(၃) အိပ်မက်ဆိုး မမက်ခြင်း၊
(၄) လူများ၏ချစ်ခင်မြတ်နိုးမှုကိုခံရခြင်း၊
(၅) သားရဲဘီလူးတို့၏ ချစ်ခင်မြတ်နိုးမှုကိုခံရခြင်း၊
(၆) နတ်များစောင့်ရှောက်ခြင်း၊
(၇) မေတ္တာပွား မေတ္တာပို့နေသူမှာ မီး, အဆိပ် လက်နက်မထိ မကျ မဖျက်ဆီးနိုင်ခြင်း၊

(၈) လွန်မြတ်သော အရဟတ္တဖိုလ်တရား မသိခဲ့သော် ဗြဟ္မာ့ပြည်သို့လား၍, ရောက်ရခြင်း။

ဤလာ: မေတ္တာပွားကျိုး ၈-မျိုး[၁]။

ဆောင်။ ။(၁) မေတ္တာရေချမ်း, နေ့စဉ်ဖြန်း, ချမ်းသာအိပ် ရသည်။

(၂) မေတ္တာရေချမ်း, နေ့စဉ်ဖြန်း, ချမ်းသာနိုးရ သည်။

(၃) မေတ္တာရေစက်, နေ့စဉ်ပက်, အိပ်မက်ဆိုး မမက်ပြီ။

(၄) မေတ္တာတရား, နေ့စဉ်ပွား, လူများချစ်ခင် သည်။

(၅) မေတ္တာတရား, နေ့စဉ်ပွား, သားရဲဘီလူး ကြည်နူးချစ်ခင်သည်။

(၆) မေတ္တာတရား,နေ့စဉ်ပွား, နတ်များစောင့် ရှောက်သည်။

(၇) မေတ္တာတရား, ပွားစီးက, မီး ဆိပ် လက် နက် မစွဲမကျ မဖျက်ဆီးနိုင်ပါတကား၊

(၈) ဖိုလ်အရဟတ္တ, မရခဲ့သော်, အမေ့ာ်မြတ်လှ ပြည်ဗြဟ္မ, စံရ အောင်မြကြည်ပြုံးသည်။

---

၁၊ အံ၊ ၀၊ ၁၊

**ကောဒသကနိပါတ်** မေတ္တာသုတ်၌ မေတ္တာအကျိုး ၁၁-မျိုး လာရှိသည်။[၁] အင်္ဂုတ္တရနိကာယ် ကောဒသကနိပါတ် အနှစ်ချုပ်ကျမ်းလည်းကြည့်၊ ယင်းသုတ်၌ဂါထာ ၁၅-ပုဒ်ဖြင့် မေတ္တာအကျိုးလာရှိသေးရာ လိုရင်းကိုကျွသိုသိမှာ၏။

အဖန်ဖန်သက်ရ၍ အတိုင်းအရှည်မရှိ မေတ္တာပွားများကာ ဥပမိကုန်ရာမေတ္တာချုန် ရှုမြင်သူမှာသံယောဇဉ်များခေါင်းပါးသည်၊ ဒေါသစိတ်မရှိပဲ သတ္တဝါတစ်ဦးဘယ်ယောက်ကိုသော်လဲ မေတ္တာပွားများလျှင် ယင်းသို့ မေတ္တာပွားများသည့် အတွက် ကုသိုလ်တရားနှင့်ပြည့်စုံ၏။ သတ္တဝါအားလုံးကို စိတ်ဖြင့်သနားကြင်နာခြင်း ရှိသော သူတော်သူမြတ်သည် ကုသိုလ် တရားများစွာ ပြုသည်မည်၏၊ ကြယ်တာရာ အပေါင်း၏ အရောင်သည် လရောင်၏ တစ်ဆယ့်ခြောက်စိတ် တစ်စိတ်ကိုမျှ မမီနိုင်သကဲ့သို့ မင်းတို့၏ တိုင်းသူပြည်သားတို့အား သင်္ဂဟဝတ္ထုလေးပါးဖြင့် ချီးမြှောက်မှုသည် ကောင်းစွာ ပွားအပ်သော မေတ္တာ၏တစ်ဆယ့်ခြောက်စိတ် တစ်စိတ်ကိုမျှ မမီနိုင် မေတ္တာပို့နေသူမှာ ပုဂ္ဂိုလ်တစ်ယောက်နှင့်မျှရန် မရှိနိုင်ဟူ၏။[၂]

## ၂-ပညာသုတ်

### ပညာရကြောင်းတရား ၈-မျိုး

၂။ (၁) အမှီပြုနေရာဆရာသမား သိတင်းသုံးဖော်များ၌ အားကြီးသော ရှက်ကြောက်မှု ချစ်ခင်မြတ်နိုးမှု ရှိသေလေးစားမှု တည်ရှိခြင်း။

---

၁။ အံ၊ ၃၊ ၅၄၂။ ၂။ အံ၊ ၃၊ ၂။

(၂) တတ်မြောက်ထူးချွန်သူ ဆရာသမား သီတင်းသုံးဖော်များသို့ ရံဖန်ရံခါ ချဉ်းကပ်လျှောက်ထားမေးမြန်းခြင်း။

(၃) တရားစကား နာကြားရ၍ ကိုယ်ဖြင့်အပေါင်းအဖော်မှ ကင်းဝေးခြင်း၊ စိတ်ဖြင့် ကိလေသာမှ ကင်းဝေးခြင်း။

(၄) သီလရှိ ပါတိမောက္ခသံဝရ သီလကို စောင့်ရှောက်နေထိုင် အကျင့်အာစရဂေါစရနှင့် ပြည့်စုံ ဖအသေးအဖွဲ့အပြစ်တို့၌လဲ ဘေးဟုရှု၍ သိက္ခာပုဒ်တို့၌ ဆောက်တည်ကျင့်သုံးခြင်း။

(၅) အကြားအမြင်များဖြင့် လောက၌ အကြားအမြင် ဆည်းပူးအစအလယ်အဆုံး ကောင်းခြင်း၊ ဂုဏ်ရှိ၍ အနက်သဒ္ဒါနှင့် ပြည့်စုံသည့်ပြင် ထက်ဝန်းကျင် ပြည့်စုံပြုစင်၍ မြတ်ဖသောအကျင့်ကို ပြတာတ်သော တရားတို့ကို များစွာကြားနာဖူးခြင်း ဆောင်ထားခြင်း နှုတ်ဖြင့်လေ့ကျက် စိတ်ဖြင့် မှတ်သား ပညာဖြင့် ကောင်းစွာ ထိုးထွင်း သိခြင်း။

(၆) အကုသိုလ်တရားစွန့်ပယ် ကုသိုလ်တရား ပြည့်ကြွယ်စေရန် လုံ့လထက်သန်လျက် နေခြင်း၊ အားစွမ်းရှိ လုံ့လခိုင်မြဲ ကုသိုလ်တရားတို့၌ တာဝန်ပစ်ချထားခြင်း မရှိခြင်း။

(၇) မဂ်ဖိုလ်မှဖီလာစကားမပြောကြားဘဲကိုယ်တိုင် တရားနာ သူတစ်ပါးကိုလဲ တရားဟောရန် တိုက်တွန်း၍ မြတ်သော ဆိတ်ဆိတ်နေမှုကို မထေမဲ့မြင် မပြုခြင်း။

(၈) ဤကားရုပ်၊ ဤကားရုပ်ဖြစ်ကြောင်း ဤကား ရုပ်ချုပ်ပျောက်မှု၊ ဤကားဝေဒနာ၊ ဤကား ဝေဒနာဖြစ်ကြောင်း၊ ဤကား ဝေဒနာချုပ် ပျောက်မှု၊ ဤကားသညာ၊ ဤကားသညာ ဖြစ်ကြောင်း၊ ဤကား သညာချုပ်ပျောက်မှု၊ ဤကား သင်္ခါရ၊ ဤကားသင်္ခါရဖြစ်ကြောင်း၊ ဤကား သင်္ခါရချုပ်ပျောက်မှု၊ ဤကား ဝိညာဏ်၊ ဤကား ဝိညာဏ်ဖြစ်ကြောင်း၊ ဤကား ဝိညာဏ်ချုပ်ပျောက်မှုတည်း-ဟုဥပါ ဒါနက္ခန္ဓာ ငါးပါးတို့၌ ဖြစ်ပျက်မှုကို အဖန်ဖန် ရှုလေ့ရှိနေခြင်း။

ဤကား မရသေးသော ပညာရရန် ရပြီးပညာရရန် အကြောင်းတရား ၈-မျိုးတည်း။[၁]

## ၃-ပဌမအပ္ပိယသုတ်

### မချစ်အပ်သောပုဂ္ဂိုလ်၏တရား ၈-မျိုး၊ ချစ်အပ်သော ပုဂ္ဂိုလ်၏ တရား ၈-မျိုး

၃။ (၁) မချစ်ခင်ထိုက်သူကို ချီးမွမ်းခြင်း၊

၁၊ အံ၊ ၃။ ၂-၆၊

(၂) ချစ်ခင်ထိုက်သူကို ကွဲရခြင်း၊
(၃) လာဘ်ကို လိုသားခြင်း၊
(၄) အရှိအသေပြုမှုကို လိုလားခြင်း၊
(၅) ရှက်လဲ မရှက်တတ်ခြင်း၊
(၆) ကြောက်လဲ မကြောက်တတ်ခြင်း၊
(၇) ယုတ်ညံ့သော အလိုရှိခြင်း၊
(၈) မှားယွင်းသော အယူရှိခြင်း၊

ဤတရား ၈-မျိုးနှင့်ပြည့်စုံသူကို သိတင်းသုံးဖော်တို့ မချစ်အပ်၊ မနှစ်သက်အပ်၊ မလေးစားအပ်၊

(၁) မချစ်ခင်ထိုက်သူကို မချီးမွမ်းတတ်ခြင်း၊
(၂) ချစ်ခင်ထိုက်သူကို မကွဲရတတ်ခြင်း၊
(၃) လာဘ်ကိုလဲ မလိုသား မခင်မင်ခြင်း၊
(၄) အရှိအသေ ပြုမှုကိုလဲ မလိုလားခြင်း၊
(၅) ရှက်လဲ ရှက်တတ်ခြင်း၊
(၆) ကြောက်လဲ ကြောက်တတ်ခြင်း၊
(၇) အလိုလဲ နည်းခြင်း၊
(၈) မှန်ကန်သော အယူလဲ ရှိခြင်း၊

ဤတရား ၈-မျိုးနှင့် ပြည့်စုံသောရဟန်းကို သိတင်းသုံးဖော်တို့ ချစ်ခင်မြတ်နိုး လေးစားအပ်သည် ဟူ၏။[၁]

---

၁။ အံ၊ ၃၊ ၆၊

## ၄-ဒုတိယ အပ္ပိယသုတ်

### တစ်နည်း မချစ်အပ်သော ပုဂ္ဂိုလ် ၈-မျိုး

### ချစ်အပ်သော ပုဂ္ဂိုလ် ၈-မျိုး

၄။ (၁) လာဘ်ကို လိုလားခြင်း၊
(၂) အရိုအသေပြုမှုကို လိုလားခြင်း၊
(၃) မိမိကို သူတစ်ပါးတို့ မထေမဲ့မြင် မပြုမှုကို လိုလားခြင်း၊
(၄) အခါကာလကို မသိတတ်ခြင်း၊
(၅) အတိုင်းအရှည် မသိတတ်ခြင်း၊
(၆) မစင်ကြယ်ခြင်း၊
(၇) စကားများခြင်း၊
(၈) သီတင်းသုံးဖော်တို့ကို သဲရေး ကြိမ်းမောင်းတတ်ခြင်း-

ဤတရား ၈-မျိုးနှင့်ပြည့်စုံသော ရဟန်းကို သီတင်းသုံးဖော်တို့ မချစ်ခင်မမြတ်နိုး၊ အလေးအမြတ်မပြုအပ်။

(၁) လာဘ်ကို မလိုလားခြင်း၊
(၂) အရိုအသေပြုမှုကို မလိုလားခြင်း၊
(၃) မိမိကို သူတစ်ပါးတို့ မထေမဲ့မြင် မပြုမှုကို မလိုလားခြင်း၊
(၄) အခါကို သိတတ်ခြင်း၊
(၅) အတိုင်းအရှည်ကို သိတတ်ခြင်း၊
(၆) စင်ကြယ်ခြင်း၊

(၇) စကားမများခြင်း၊
(၈) သီတင်းသုံးဖော်တို့ကို မဆဲရေး မကြိမ်းမောင်း တတ်ခြင်း-

ဤတရား ၈-ပါးနှင့်ပြည့်စုံသော ရဟန်းကို သီတင်းသုံး ဖော်တို့ ချစ်ခင်လေးစားအပ်၏ ဟူ၏။

## ၅-ပဌမလောကဓမ္မသုတ်

### လောကဓံရှစ်တန် ပချောက်ချားနိုင်သူ

၅။ (၁) လာဘ်ရခြင်း၊
(၂) လာဘ်မရခြင်း၊
(၃) အခြံအရံရှိခြင်း၊
(၄) အခြံအရံမရှိခြင်း၊
(၅) ကဲ့ရဲ့ခြင်း၊
(၆) ချီးမွမ်းခြင်း၊
(၇) ချမ်းသာခြင်း၊
(၈) ဆင်းရဲခြင်း၊

ဤကား လောကဓံတရားရှစ်ပါး။

ရဟန်းတို့ ဤလောကဓံတရား ရှစ်ပါးတို့သည်လောကသို့ အစဉ်လိုက်ကုန်၏၊ လောကကလဲ ဤလောကဓံတရားရှစ်ပါးတို့ အစဉ်လိုက်၏။

ဖော်ပြပါ လာဘ်ရခြင်း,လာဘ်မရခြင်း စသော လောကဓံ တရားများသည် လူများ၌ အမြဲမရှိ၊ အမြဲတည်၊ ဖောက်ပြန်

ပြောင်းလဲတတ်သော သဘောရှိသည်၊ သတိနှင့်ပြည့်စုံသူ ပညာရှိသည် ထိုတရားတွေကိုသိ၍ ဖောက်ပြန်တတ်သောတရားများကို ဉာဏ်ဖြင့် ရှုဆင်ခြင်၏၊ ထိုပညာရှိ၏စိတ်ကို အလိုရှိအပ်သော လောကဓံတရားများ မချောက်ချားနိုင်၊ အလိုမရှိအပ်သော လောကဓံကြောင့်လဲ စိတ်ထိခိုက်ပင်ပန်းခြင်းသို့မရောက်နိုင် စသည်ဖြင့် မိန့်ကြားတော်မူသည်။[၁]

## ၆-ဒုတိယလောက ဓမ္မသုတ်

### လောကဓံရှစ်ပါး လောကသို့အစဉ်လိုက် လောကကလဲ လောကဓံသို့ အစဉ်လိုက်

၆။ ဤသုတ်၌ လာဘ်ရမှု, လာဘ်မရမှုစသော လောကဓံရှစ်တန် လောကသို့ အစဉ်လိုက်ကြောင်း၊ လောကကလဲ လောကဓံသို့ အစဉ်လိုက်ကြောင်း ဟောတော်မူသည်၊ လာဘ်ရမှု, လာဘ်မရမှု စသော လောကဓံရှစ်ပါးသည် ပုထုဇဉ်အားလဲ ဖြစ်သည်၊ အရိယာတပည့်အားလဲဖြစ်သည်၊ ထိုတွင် ပုထုဇဉ်သည် ငါ့မှာ လာဘ်ရမှု စသည်ဖြစ်ခဲ့ပြီ၊ ထိုလာဘ်ရမှုစသည်ကား အမြဲမရှိ၊ ဆင်းရဲ၏၊ ဖောက်ပြန်တတ်သော သဘောရှိ၏ဟု မဆင်ခြင် ဟုတ်တိုင်းမှန်စွာမသိတတ်၊ ထိုပုထုဇဉ်အား လာဘ်ရမှုစသည်သည် စိတ်ကိုသိမ်းကြုံး၍တည်၏၊ လာဘ်ရမှုစသည်ကြောင့် ဝမ်းသာရွှင်လန်းသည်၊ လာဘ်မရမှုကြောင့် ဝမ်းနည်း၏၊ ထိုပုထုဇဉ်သည် ဤသို့ဝမ်းမြောက်မှု, ဝမ်းမြောက်မှုသို့

---

၁။ အံ၊ ၃၊ ၇။

ရောက်သည်ဖြစ်၍ ပဋိသန္ဓေနေခြင်း, အိုခြင်း, သေခြင်း, စိုးရိမ်ပူဆွေးခြင်း, ငိုကြွေးခြင်း, ဆင်းရဲခြင်း နှလုံးမသာယာခြင်း ပြင်းစွာပင်ပန်းခြင်းတို့မှ မလွတ်မြောက်နိုင်၊ ဆင်းရဲအပေါင်းမှ မလွတ်မြောက်နိုင်ဟူ၏။

အကြားအမြင်များစွာရှိသော အရိယာ တပည့်အားလဲ လာဘ်ရမှု စသည်ဖြစ်သည်၊ ထိုအရိယာတပည့်သည် ထိုလာဘ်ရမှုစသည်သည် အမြဲမရှိ၊ ဆင်းရဲ၏၊ ဖောက်ပြန်တတ်သော သဘောရှိ၏ဟု ဆင်ခြင်သည်၊ ဟုတ်တိုင်းမှန်စွာသိသည်။

ထိုအရိယာတပည့်မှာ လာဘ်ရမှုစသည်လဲစိတ်ကိုသိမ်းကျုံးမတည်နိုင်၊ လာဘ်ရခြင်း အခြံအရံပေါများခြင်း စသည်ကြောင့်လဲ ဝမ်းမမြောက်၊ လာဘ်မရခြင်း အခြံအရံမများခြင်း စသည်ကြောင့်လဲ ဝမ်းမနည်း၊ ယင်းသို့ နှစ်သက်မှု ဝမ်းနည်းမှုကို ပယ်နိုင်သည်ဖြစ်၍ ပဋိသန္ဓေနေခြင်း, အိုခြင်း သေခြင်း စိုးရိမ်ပူဆွေး စိတ်မအေးခြင်း ငိုကြွေးခြင်း ဆင်းရဲခြင်း စိတ်နှလုံး မသာယာခြင်း ပြင်းစွာပင်ပန်းခြင်းတို့မှလွတ်မြောက်၏ စသည်ဖြင့် ဟောတော်မူသည်။[၁]

## ၇–ဒေဝဒတ္တဝိပတ္တိသုတ်

### ဒေဝဒတ်ပျက်စီးရခြင်းအကြောင်း

၇။ မြတ်စွာဘုရားသည် ဒေဝဒတ်သံဃာသင်းခွဲထွက်သွား၍ မကြာမီ ရာဇဂြိုဟ်ဂိဇ္ဈကုဋ် တောင်ပေါ်ကျောင်း၌ သီတင်း

၁။ အံ၊ ၃၊ ၇–၉။

သုံးတော်မူစဉ် ဒေဝဒတ်ကို အကြောင်းပြု၍ ရဟန်းတို့ကို မိန့်တော်မူသည်။

အိုရဟန်းတို့....ရဟန်းသည် ရံဖန်ရံခါ မိမိပျက်စီးမှုကို ဆင်ခြင်လျှင် ကောင်းသည်၊ ရံဖန်ရံခါ သူတစ်ပါးပျက်စီးမှုကို ဆင်ခြင်လျှင်ကောင်းသည်၊ ရံဖန်ရံခါ မိမိပြည့်စုံမှု၊ သူတစ်ပါးပြည့်စုံမှုကို ဆင်ခြင်လျှင် ကောင်းလည်။

အိုရဟန်းတို့ ... မသူတော်တရားရှစ်မျိုး နှိပ်စက်လွှမ်းမိုး၍ ထက်ဝန်းကျင် သိမ်းယူအပ်သော စိတ်ရှိသော ဒေဝဒတ်သည် အပါယ်ကျရမည့် သူတည်း၊ ငရဲ၌ ကျက်ခံရမည့် သူတည်း၊ အာယုကပ်ပတ်လုံး တည်ရမည့်သူတည်း၊ ကုစား၍ခြင်းငှာမတတ်ကောင်းသူတည်း၊ လာဘ်ရမှု၊ လာဘ်မရမှု၊ အခြံအရံရှိမှု၊ အခြံအရံမရှိမှု၊ အရိုအသေပြုမှု၊ မရိုအသေပြုမှု၊ ယုတ်ညံ့သောအလို၊ ယုတ်မာသောအဆွေခင်ပွန်းရှိမှု မသူတော်တရား ရှစ်ပါးသည် နှိပ်စက်လွှမ်းမိုး၍ ထက်ဝန်းကျင်သိမ်းယူအပ်သော စိတ်ရှိသော ဒေဝဒတ်သည် အပါယ်သို့ကျရမည့်သူတည်း၊ ငရဲ၌ ကျက်ခံရမည့်သူတည်း၊ အာယုကပ်ပတ်လုံး တည်ရမည့်သူတည်း၊ ကုစား၍ခြင်းငှာ မတတ်ကောင်းသူတည်း။

ဖြစ်ပေါ်လာသော လာဘ်ရမှု၊ လာဘ်မရမှုစသည်ကိုနှိမ်နင်း၍ နေထိုင်လျှင်ကောင်းပေသည်၊ လာဘ်ရမှုကို မနှိမ်နင်းပဲနေသောရဟန်းမှာအာသဝေါတရားနှင့်ကိလေသာအပူမီးများ ဖြစ်ပွားကုန်ရာ၏၊ သို့ဖြစ်၍ သင်ချစ်သားရဟန်းများဖြစ်ပေါ်လာ

သောလာဘ်ရမှုစသည်ကို နှိပ်နင်း၍ နှိမ်နင်း၍ ငါတို့နေကြမည်ဟု ကျင့်ကြပါ၊ ကျင့်ရမည်-ဟု မိန့်တော်မူသည်။[၁]

ဆောင်။ ။ဖြစ်ပေါ်လာလတ်, လာဘ်ရမှုက, စသည်ခပင်း, နှိပ်ကွပ်နင်းကာ, သာသနာ့အကျိုး, သည်ပိုးထမ်းဆောင်ကုန်ရာသတည်း။

## ၈-ဥတ္တရဝိပတ္တိသုတ်

### အရှင်ဥတ္တရအား ပျက်စီးကြောင်းတရား လျှောက်ထား

၈။ အခါတစ်ပါး အရှင်ဥတ္တရသည် မဟိသ ဝတ္ထု အရပ်သင်္ခေယျတောင် ဝဋဇာလိကကျောင်း၌ သီတင်းသုံးစဉ်ရဟန်းတို့ကို—

ငါ့ရှင်တို့ - ရဟန်းသည် ရံဖန်ရံခါ မိမိပျက်စီးမှုကို ဆင်ခြင်လျှင်ကောင်းပေ၏၊ ရဟန်းသည် ရံဖန်ရံခါသူတစ်ပါး၏ ပျက်စီးမှုကိုဆင်ခြင်လျှင်ကောင်းပေ၏၊ ရံဖန်ရံခါ မိမိပြည့်စုံမှုကိုဆင်ခြင်လျှင်ကောင်းပေ၏၊ ရံဖန်ရံခါ သူတစ်ပါး၏ ပြည့်စုံမှုကို ဆင်ခြင်လျှင်ကောင်းပေ၏-ဟု မိန့်ကြားလေသည်။

ထိုအခါ ဝေဿဝဏ်နတ်မင်းသည် ကိစ္စတစ်ခုဖြင့် မြောက်အရပ်မှတောင်အရပ်အသွား အရှင်ဥတ္တရ၏ရဟန်းတို့အား ဆုံးမဟောကြားသည့် တရားသံကို ကြားလေသည်၊ သို့နှင့်တာဝတိံ

---

၁။ အံ၊ ၃၊ ၉- ၁၁။

သာနုတ်ပြည်သွား၍ သိကြားမင်းအား ထိုအကြောင်းသတင်းကောင်းကို သံတော်ဦးတင်လေသည်၊ သိကြားမင်းသည် မဟိသဝတ္ထုအရပ်သင်္ခေယျဘောင်ဝဋ္ဋဗာလိကကျောင်း အရှင်ဥတ္တရထံရောက်လာပြီး အရှင်ဥတ္တရကို ရှိခိုးလျက် အရှင်ဘုရား....ဤတရားကို မိမိဉာဏ်အထင်စွဲ၍ ဟောပါသလော၊ သို့မဟုတ်ဘုရားစကားတော်ကိုစွဲ၍ ဟောပါသလောဟု မေးလျှောက်ရာအိုသိကြားမင်း....ကောင်းစွာဟောကြားအပ်သောတရားစကားဟူသမျှအားလုံးသည် ပူဇော်အထူးကိုခံတော်မူထိုက်သောတရားအားလုံးကို ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရား၏စကားတော်သာတည်း၊ မြတ်စွာဘုရား၏ စကားတော်မှ ယူ၍ငါတို့သည်လည်းကောင်း သူတစ်ပါးတို့သည်လည်းကောင်း ဟောပြောကြရကုန်၏-ဟု အရှင်ဥတ္တရက မိန့်ကြားတော်မူလေသည်။

ထိုအခါ သိကြားမင်းက အခါတစ်ပါး၊ ဘုရားမြတ်စွာသည် ဒေဝဒတ် သံဃာသင်းခွဲထွက်သွား၍ မကြာမီ ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ် တောင်ပေါ်ကျောင်း၌ သီတင်းသုံးစဉ်က “သာဓု ဘိက္ခဝေ ဘိက္ခု ကာလေန ကာလံ အတ္တ ဝိ ပတ္တိံ ပစ္စဝေက္ခိတာ ဟောတိ-ရဟန်းတို့ .. ရံဖန်ရံခါ မိမိပျက်စီးမှုကို ဆင်ခြင်လျှင် ကောင်း၏” စသည်ဖြင့် ဟောကြားတော်မူပါသည်။

အရှင်ဘုရားဥတ္တရ .. လူ့ပြည်၌ ရဟန်း၊ ရဟန်းမိန်းမ ဥပါသကာ၊ ဥပါသိကာဟူသော ပရိသတ်လေးပါးများပြားစွာရှိပါသည်၊ တရားဒေသနာတော်သည် တစ်စုံတစ်ခုသောပရိသတ်၌မထင်ရှားသေးပါ၊ အရှင်ဘုရား အရှင်ဘုရားသည် ဤတရား

တော်ကို သင်ယူတော်မူပါ၊ သင်ကြားတော်မူပါ၊ ဆောင်ထားတော်မူပါ၊ ဤတရားတော်သည် အကျိုးစီးပွားနှင့်စပ်ပါသည် သာသနာတော်ဟူသော မြတ်သောအကျင့်၏ အစဦးဖြစ်ပါသည်-ဟု လျှောက်ထားလေသည်။[၁]

**ဆောင်။** ။ကြေးမုံမှန်ဝ, မျက်နှာလှကို, ရှုကြည်သသာ, ပုံပမာသို့, ရုံဖန်ရံခါ, ကိုယ့်မှာပျက်မူ, ဆင်ခြင်ရှုလော့, သူ့ဘစ်ပါး၏, ပျက်ပြားမှုလဲ, ရှုအားသဲလော့, စိတ်ထဲသို့တိ,မိမိကုံလုံ, ပြည့်စုံမှုနှင့်, သူတစ်ပါးကုံလုံ, ပြည့်စုံမှုကို, ဆင်ခြင်ရှုလော့, သဗ္ဗညုရှင်စော, မိန့်မြွက်ဟောသည့်,အဟော အံ့ဩဖွယ်ပါတကား။

## ၉-နန္ဒသုတ်

**အရှင်နန္ဒ အကြောင်းပြုဟောသော တရား, အကျင့်မြတ် ကျင့်စွမ်းနိုင်ကြောင်း လေးပါး,နှင့် ၎င်းတို့ကို ပွားများကြောင်းလေးပါး**

၉။ ရဟန်းတို့ .... နန္ဒရဟန်းကို "အမျိုးကောင်းသား" ဟုဆိုသည်ရှိသော် လည်းကောင်း၊ "အားရှိသူ" ဟု ဆိုသည်ရှိသော် လည်းကောင်း၊ "ကြည်ညိုဖွယ်ကောင်းသူ"ဟု ဆိုသည်ရှိသော် လည်းကောင်း၊ "ရာဂထူပြောသူ"ဟုဆိုသည်

---

၁။ အံ၊ ၃၊ ၁၁-၄။

ရှိသော်လည်းကောင်း၊ ကောင်းစွာဆိုသည် မည်ရာ၏။

(၁) နန္ဒသည် ဣန္ဒြေတို့၌ ဆိုခြုံသော တံခါးရှိသည်၊
(၂) အစားအစာ၌ အတိုင်းအရှည်ကို သိသည်၊
(၃) နိုးကြားမှု၌ အားထုတ်သည်၊ အောက်မေ့မှု 'သတိ' ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်'နှင့် ပြည့်စုံသည်၊
(၄) ဣန္ဒြေကို စောင့်ရှောက်မှု စသည့်ကြောင့် နန္ဒသည် မြတ်သောအကျင့်ကို ပြည့်စုံစွာ ကျင့်စွမ်းနိုင်သည်၊ ဤအကြောင်းများကိုကြည့်၍အခြားအကြောင်း ဆိုသဖြင့် အကျိုးမရှိ။

၁။ နန္ဒရဟန်းသည် အကယ်၍ အရှေ့အရပ်ကို တည့်တည့်ကြည့်တော့မည်ဆိုလျှင် အရှေ့အရပ်ကို တည့်တည့်ကြည့်သောငါ့မှာ ရှေးရှုကြံစည်မှု 'အဘိဇ္ဈာ' နှလုံးမသာယာမှု 'ဒေါမနဿ'ဟု ဆိုအပ်သော အကုသိုလ်တရားယုတ်တွေ အစဉ်လိုက်လိမ့်မည်မဟုတ်ဟု အခြင်းအရာအားလုံးကို စိတ်ဖြင့် နှလုံးသွင်း၍ အရှေ့အရပ်ကို တည့်တည့်ဘည့်ကြည့်သည်၊ ဤသို့လျှင် အရှေ့အရပ် ကြည့်ရာ၌ ဆင်ခြင်ဉာဏ်, သမ္ပဇဉ်နှင့် ပြည့်စုံ၏၊ အနောက်အရပ်, မြောက်အရပ်, တောင်အရပ်, အထက်အရပ် အောက်အရပ်, အထောင့်အရပ်တို့၌လည်း နည်းတူ သိရာ၏။

၂။ နန္ဒရဟန်းသည် အသင့်အားဖြင့် ဆင်ခြင်၍ ဆွမ်းကို မှီဝဲသည်၊ မြူးတူးရန်, မာန်ရစ်ရန်, တန်ဆာဆင်ရန်, အရေ

အဆင်း ဖွံ့ဖြိုးတိုးပွားရန် ဆွမ်းကိုမှီဝဲသည်မဟုတ်၊ ဤကိုယ်တည်တံ့ရန်၊ မျှတရန်၊ ဆာလောင်မွတ်သိပ်၍ပင်ပန်းခြင်းကို ပယ်ဖျောက်ရန်မျှသာ အကျင့်မြတ်ကို ချီးမြှောက်ရန်သာ ဆွမ်းကို မှီဝဲသည်၊ ဤသို့ မှီဝဲသဖြင့် ဝေဒနာဟောင်း ပယ်ပျောက်အံ့၊ ဝေဒနာသစ် မဖြစ်စေအံ့၊ ငါ့မှာ မျှတခြင်း, အပြစ်မရှိခြင်းနှင့် ချမ်းသာစွာ နေရခြင်း ဖြစ်ပေလိမ့်မည်ဟု ဆွမ်းကို မှီဝဲသည်၊ ရဟန်းတို့ ဤကား နန္ဒ၏ အစားအစာ၌ အတိုင်းအရှည်ကို သိမှုတည်း။

၃။ **နန္ဒ**ရဟန်းသည် နေ့အခါ၌ စင်္ကြံလျှောက်ခြင်း ထိုင်နေခြင်းဖြင့် ပိတ်ပင်တားမြစ်တတ်သော နီဝရဏ တရားတို့မှ စိတ်ကို သုတ်သင်သည်၊ ညဉ့်ဦးယာမ်၌ စင်္ကြံလျှောက်ခြင်း ထိုင်နေခြင်းဖြင့် ပိတ်ပင်တားမြစ်တတ်သော 'နီဝရဏ' တရားတို့မှ စိတ်ကို သုတ်သင်သည်၊ ညဉ့်သန်းခေါင်ယံ၌ လက်ယာခြေပေါ် လက်ဝဲခြေကို စဉ်းငယ်လွန်ကာတင်ထား၍ သတိရှိ ဆင်ခြင်ဉာဏ်ရှိလျက် ထမည်သည့်အချိန်အခါမှာ ထမည်ဟု နှလုံးသွင်း ပိုင်းခြားလျက် လက်ယာနံတောင်းဖြင့် မြတ်သော လျောင်းစက်ခြင်းကို ပြု၏၊ ညဉ့်၏နောက်ဆုံးယာမ်၌ စောစောထ၍ စင်္ကြံလျှောက်ခြင်း ထိုင်နေခြင်းဖြင့် ပိတ်ပင်တားမြစ်တတ်သော 'နီဝရဏ' တရားတို့မှ စိတ်ကို သုတ်သင်သည်၊ ဤကား နန္ဒရဟန်း၏ နိုးကြားမှု၌ အားထုတ်ခြင်းတည်း။

၄။ နန္ဒရဟန်းမှာ ဝေဒနာ, သညာ, ဝိတက်တို့သည် ထင်ထင်ရှားရှား ဖြစ်ကုန်၏၊ ဝေဒနာသညာ ဝိတက်တို့သည်

ထင်ထင်ရှားရှား ထင်ကုန်၏၊ ဝေဒနာသညာ ဝိတက်တို့သည် ထင်ထင်ရှားရှား ချုပ်ခြင်းသို့ရောက်ကုန်၏၊ ရဟန်းတို့ ဤသည်ကား နန္ဒရဟန်း၏ အောက်မေ့မှု 'သတိ' ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' နှင့် ပြည့်စုံမှုတည်း။

အိုရဟန်းတို့ ...နန္ဒရဟန်းသည် ဣန္ဒြေတို့၌ လုံခြုံသောတံခါး ရှိ၏၊ အစားအစာ၌ အတိုင်းအရှည်ကို သိ၏၊ နိုးကြားမှု၌အားထုတ်၏၊ မအောက်မေ့မှု 'သတိ' ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်'နှင့် ပြည့်စုံ၏၊ အကြင်ဣန္ဒြေတို့ကို စောင့်ရှောက်မှု စသည်များကြောင့် နန္ဒရဟန်းသည် မြတ်သောအကျင့်ကို ပြည့်စုံစင်ကြယ်စွာ ကျင့်ရန် စွမ်းနိုင်၏၊ ထိုအကြောင်းတို့ကို ကြည်လင်၍ တစ်ပါးသော အကြောင်းကို ဆိုသဖြင့် အဘယ်အကျိုးရှိအံ့နည်းဟု မိန့်တော်မူသည်။[၁]

## ၁၀-ကာရဏ္ဍဝသုတ်

### အမှိုက်နှင့် တူသော ရဟန်း

၁၀။ ဤသုတ်၌ ဘုရားမြတ်စွာသည် ''အမှိုက်နှင့်တူသော ရဟန်း'' ဟောန်းယုတ်အင်္ဂါ ၈-ပါး, ရဟန်းယုတ်ကို သာသနာတော်မှ နှင်ထုတ်အပ် နှင်ထုတ်သင့် နှင်ထုတ်ထိုက်ကြောင်း နှင်ထုတ်ထိုက်သော ရဟန်း၏ အမူအကျင့်များကို ဟောခတော်မူသည်။

---

၁။ အံ၊ ၁၄-၅။

အခါတစ်ပါး ဘုရားရှင် စမ္ပာမြို့ ဂဂ္ဂရာ ရေကန်အနီး သီတင်းသုံးစဉ် ရဟန်းတို့က ရဟန်းတစ်ပါးကို အာပတ်ဖြင့် စွပ်စွဲကြသည်၊ ထိုအခါ စွပ်စွဲခံရသောရဟန်းသည် အကြောင်း တစ်ပါးဖြင့် အကြောင်းတစ်ပါးကို ဖုံးလွှမ်းသည်၊ အပြင်ပ စကား ထည့်သွင်းသည်၊ အမျက်ထွက်, စိတ်ဆိုးမနှစ်သက်မှုကို ထင်စွာ ပြုသည်။

ထိုအခါ မြတ်စွာဘုရားက ဤပုဂ္ဂိုလ် သာသနာတော်မှ နှင်ထုတ်ကြပါ၊ ဤပုဂ္ဂိုလ်သည် သာသနာတော်မှ ထုတ်ပယ် ထိုက်သူ ဖြစ်သည်၊ သင်တို့အဖို့ရာ ဤပုဂ္ဂိုလ် အကျိုးမရှိ၊ ရဟန်းတို့...ဤသာသနာတော်မှာ အချို့ပုဂ္ဂိုလ်၏ ရှေ့တက်မှု နောက်ဆုတ်မှု တူရူကြည့်မှု တစ်စောင်းကြည့်မှု ကွေးမှု ဆန့်မှု ဒုကုဋ် သပိတ်သင်္ကန်း ဆောင်မှုတို့သည် ထိုသူ၏ အာပတ်ကို မမြင်ကြရသေးသမျှ တစ်ပါးသော ရဟန်းကောင်းတို့ကဲ့သို့ ဖြစ်သည်၊ ထိုသူ၏အာပတ်ကို မြင်ကြသောအခါ ထိုသူ့ကို ဤသူကား ရဟန်းတို့ကို ဖျက်ဆီးသူဘည်း၊ ရဟန်းအဖျင်း တည်း၊ ရဟန်းအမှိုက်တည်းဟု သိကြကုန်၏၊ ယင်းသို့သိလျှင် နှင်ထုတ်ကြကုန်၏။

ဘုရားရှင်က ကောင်းမွန်သော မုယောခင်း၌ မုယောပင် တို့ကို ဖျက်ဆီးသော မုယောအဖျင်း, မုယောအမှိုက်ဖြစ်သော အပင်ဥပမာဖြင့်လည်းကောင်း, စပါးပုံကြီးထဲမှ စပါးဖျင်း တို့ကို လှင့်စင်စေ, လေ့ထုတ်သော ဥပမာဖြင့်လည်းကောင်း, အတွင်း၌ ပုပ်ဆွေးနေသော ယောက်သွားပုပ် သဘောရှိသော

အင်ကြွင်းပင်ကြီးမှ အပုပ်အဆွေးတို့ကို ထုတ်ပစ်သော ဥပမာဖြင့်လည်းကောင်း, သာသနာတော်မှ ရဟန်းယုတ်ကို ထုတ်ပယ်ရန် ဟောတော်မူသည်။

ဘုရားရှင်သည် ဒေသနာအဆုံး၌ ၅-ဂါထာဖြင့် ဒေသနာတော်အချုပ်ကို ဟောတော်မူရာ အောက်ပါအတိုင်း ဆိုလိုရင်းအဓိပ္ပာယ်ကို သိရာ၏။

တူတကွမခွဲသွ နေထိုင်ပေါင်းသင်းဆက်ဆံခြင်းဖြင့် ဤရဟန်းသည် ယုတ်မာသောအလိုရှိ၏၊ အမျက်ထွက်လေ့ရှိ၏၊ သူ့ကျေးဇူးကို ချေဖျက်တတ်၏၊ ကြမ်းကြုတ်ခက်ထန်သော နှလုံးထားရှိ၏၊ ဂုဏ်တုဂုဏ်ပြိုင်ပြုတတ်၏၊ မနာလိုငြူစူတတ်၏၊ ဝန်တိုမှုရှိ၏၊ စဉ်းလဲတတ်၏။

ပရိသတ်အလယ် အပြောအဆို သိမ်မွေ့၏၊ ရယာန်းကောင်းကဲ့သို့ ပြောဆိုတတ်၏၊ ဆိပ်ကွယ်ရာ၌ မကောင်းမှုပြုတတ်၏ ယုတ်ညံ့သော အယူရှိ၏ ရှိသေမှုကင်း၏။

တုန့်လှုပ်ခြင်းလဲ ရှိ၏၊ မဟုတ်မမှန်သောစကားကိုလဲ ပြောဆိုတတ်၏ဟု သိကြရာ၏၊ ထိုရဟန်းယုတ်ကို အမှန်အတိုင်းသိလျှင် ရဟန်းအား ညီညီညွတ်ညွတ်ဖြစ်ကြကာ ထိုရဟန်းယုတ်ကို နှင်ထုတ်ကြရာ၏။

အမှိုက်သဖွယ်ဖြစ်သောရဟန်းကိုနှင်ထုတ်ကြပါ၊ ယောက်သွားပုစ်သဖွယ်ဖြစ်သော ရဟန်းကိုဆွဲထုတ်ကြပါ၊ ရဟန်းမဟုတ်ဘဲ ရဟန်းဟုမှတ်ထင်သော စပါးဖျင်းသဖွယ် ရဟန်းတွေကို မျှောလွှင့်ကြပါ။

သု [illegible] ဟုံကဲ
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
ဓမ္မာအေး၊ ရန်ကုန်။



ယုတ်ညံ့သောအလိုရှိကြ ယုတ်ညံ့သောအကျင့်၌ ကျက်စားကြသော ရဟန်းယုတ်တွေကို နှင်ထုတ်ကြပြီး စင်ကြယ်သော ရဟန်းများသည် စင်ကြယ်သောရဟန်းကောင်းများနှင့် အချင်းချင်းရှိသေကြလျက် ပေါင်းသင်းဆက်ဆံကြပါ၊ ယင်းသို့ပေါင်းသင်းဆက်ဆံခြင်းကြောင့် ညီညွတ်ကြ၍ ပညာရင့်ကုန်လျက် သင်တို့ ဆင်းရဲအဆုံးပြုနိုင်ကြကုန်လိမ့်မည်ဟုလဲ မိန့်တော်မူသည်။[၁]

## ၂။ မဟာဝဂ်

## ၁-ဝေရဉ္ဇသုတ်

### ဘုရားပရမေအံ့ ဝေရဉ္ဇပုဏ္ဏား၏ ဝေ့ပ်စွဲချက် ၈-မျိုးနှင့် ဘုရားရှင်အဖြေ

၁၁။ ဘုရားမြတ်စွာ ဝေရဉ္ဇာပြည် နဠေရုမည်သော တမာပင်အနီး၌ သီတင်းသုံးစဉ် ဝေရဉ္ဇပုဏ္ဏား ဘုရားထံရောက်လာ၍ ဝမ်းမြောက်ဝမ်းသာ စကားမြည် လျှောက်ထားပြီး အသက်ကြီးရင့်သော ပုဏ္ဏားတို့ကို ရှိမခိုး, ခရီးဦးမကြိုဆို, နေရာဖြင့်မဖိတ်မန်ခြင်းအတွက် မကျေနပ်ကြောင်း လျှောက်ထားလေသည်။

ထိုအခါ မြတ်စွာဘုရားက အိုပုဏ္ဏား ... ဒေဝကာသလောက, သတ္တလောက်မှာ ငါကရှိခိုးထိုက်, ခရီးဦးကြိုထိုက်, ထိုင်ရာနေရာဖြင့် ဖိတ်မန်ထိုက်သူကို ငါဘုရားမြင်တော်မမူချေ၊ အို

---

[၁] အံ၊ ၃၊ ၁၆-၈။

၂၂၇၇၄

ပုဏ္ဏား... အကြင်သူကို ငါ့ရှိခိုး, ခရီးဦးကြိုဆို, ထိုင်ဖို့ရန်နေရာဖြင့် ဖိတ်အံ့၊ ထိုသူ၏ဦးခေါင်းသည် လဲပြုတ်ကျရာ၏၊ သွေးသံရဲရဲ ကွဲကျပြုတ်ကြွေရာ၏ ဟု မိန့်တော်မူသည်။

ထိုအခါ ဝေရဉ္စပုဏ္ဏားက -

(၁) အရသရူပေါ ဘဝံဂေါတမော = အရှင်ဂေါတမသည် အရသာကင်းသော သဘောရှိ ဘုရားရှင်အား စွပ်စွဲလျှောက်ကြားလေသည်။

ထိုအခါ ဘုရားရှင်က ပရိယာယ်တစ်မျိုးအားဖြင့် ငါဘုရားကို အရသာကင်းသော သဘောရှိသည်ဟု ဆိုနိုင်ပေသည်၊ ငါဘုရားသည် ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံတို့၌ သာယာမှုအရသာကို ပယ်ပြီးပြီ၊ အဝိဇ္ဇာ တဏှာအမြစ်ကို အကြွင်းမရှိအောင်ဖြတ်ပြီးပြီ၊ နုတ်ပြီး ထန်းပင်ရာကဲ့သို့ပြုပြီ၊ အသစ်မဖြစ်ခြင်းကိုပြုပြီး၏၊ နောင်အခါဖြစ်ခြင်း သဘောမရှိပြီ၊ သင်ပုဏ္ဏားရည်ရွယ်ပြောဆိုသော နည်းပရိယာယ်မျိုးကား ငါတို့မှာမရှိသည်သာဟု မိန့်တော်မူသည်။

(၂) နိဗ္ဘောဂေါ ဘဝံ ဂေါတမော = အရှင်ဂေါတမသည် သုံးဆောင်ခြင်းမရှိဟု ပုဏ္ဏားက ဆိုပြန်၏၊

အိုပုဏ္ဏား....ပရိယာယ်တစ်သွယ်အားဖြင့်ငါ ဘုရားကို သုံးဆောင်ခြင်းမရှိဟုဆိုလိုမူ ဆိုနိုင်ပေသည်၊ အိုပုဏ္ဏား ငါဘုရားသည် ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ,ရသာရုံ, ဖောဋ္ဌဗ္ဗာရုံတို့၌ သုံးဆောင်ခြင်းကို ပယ်ပြီးပြီ၊ အဝိဇ္ဇာ တဏှာ အမြစ်အရင်းကို အကြွင်းမဲ့ ဖြတ်စင်းပြီးပြီ၊ နှုတ်ပြီး ထန်းပင် ရေကဲ့သို့ ပြုပြီးပြီ၊ အသစ်မဖြစ်ခြင်းကို ပြုပြီး ပြီ၊ နောင်အခါ ဖြစ်ခြင်းသဘောမရှိကုန်၊ ဤနည်းပရိယာယ်ဖြင့် ငါဘုရားကို သုံးဆောင်ခြင်းမရှိဟု ဆိုနိုင်သည်၊ သင်ရည်ရွယ်ချက်မျိုးကား ငါ့မှာမရှိသည်သာ ဟု မိန့်တော်မူသည်။

(၃) အကိရိယဝါဒေါ ဘဝံ ဂေါတမော = အရှင်ဂေါတမသည် မပြုထိုက်ဟူသောအယူ အကိရိယဝါဒရှိသည် ဟု ပုဏ္ဏားက ဆိုပြန်သည်။

ပရိယာယ် တစ်မျိုးအားဖြင့် ငါဘုရားကို မပြုထိုက်ဟူသော အကိရိယဝါဒ ရှိသည်ဆိုနိုင်သည်၊ ငါဘုရားသည် ကာယဒုစရိုက်, ဝစီဒုစရိုက်, မနောဒုစရိုက်,ယုတ်ညံ့သော အကုသိုလ်တရားများကို မပြုမကျင့်ထိုက်ဟု ဟောတော်မူသည်၊ ဤနည်းဖြင့် ငါဘုရားကို မပြုထိုက်ဟူသော အကိရိယဝါဒရှိသူဟု ဆိုလိုမူ ဆိုနိုင်

သည်၊ သင်ရည်ရွယ်သည့် ပရိယာယ်မျိုးကား ငါတို့မှာ မရှိသည်သာဟု မိန့်တော်မူသည်။

(၄) ဥစ္ဆေဒဝါဒီ ဘဝံဂေါတမော = ရဟန်းဂေါတမသည် ဖြတ်အပ်၏ဟူသော ဥစ္ဆေဒဝါဒရှိ၏ဟု ပုဏ္ဏားကဆိုပြန်သည်။

ပုဏ္ဏား ပရိယာယ် တစ်မျိုးအားဖြင့် ငါဘုရားကို ဖြတ်အပ်၏ဟူသော ဥစ္ဆေဒဝါဒရှိသူဟု ဆိုလိုမူဆိုနိုင်သည်၊ ငါဘုရားသည် ရာဂ, ဒေါသ, မောဟတို့ကို ဖြတ်အပ်သည်ကို ဟောသည်၊ များပြားသော ယုတ်ညံ့သောအကုသိုလ်တရားတို့ကို ဖြတ်အပ်သည်ကို ဟောသည်၊ ဤနည်းပရိယာယ်ဖြင့် ငါဘုရားကို ဖြတ်အပ်၏ဟူသော ဥစ္ဆေဒဝါဒရှိသည်ဟု ဆိုလိုမူဆိုနိုင်သည်၊ သင်ရည်ရွယ်ပြောဆိုသည့် ပရိယာယ်များကား ငါဘုရားမှာ မရှိသည်သာဟု မိန့်တော်မူသည်။

(၅) ဇေဂုစ္ဆီ ဘဝံ ဂေါတမော = ရဟန်း ဂေါတမသည် စက်ဆုပ်ခြင်းသဘောရှိသည်ဟု ပုဏ္ဏားက ဆိုပြန်သည်။

မြတ်စွာဘုရားက အိုပုဏ္ဏား... ပရိယာယ် တစ်မျိုး အားဖြင့် ငါဘုရားကို စက်ဆုပ်ခြင်း

သဘောရှိ၏ဟု ဆိုလိုမှုဆိုနိုင်သည်၊ ငါဘုရားသည် ကာယဒုစရိုက်, ဝစီဒုစရိုက်, မနောဒုစရိုက်, များပြားသည့် ယုတ်ညံ့သော အကုသိုလ်တရားတွေသို့ရောက်ခြင်းကို စက်ဆုပ်သည်၊ ဤနည်း ပရိယာယ်ဖြင့် ငါဘုရားကိုစက်ဆုပ်ခြားသဘောရှိသူဟုဆိုလိုမှုကားဆိုနိုင်သည်၊ထင်ပုဏ္ဏားရည်ရွယ်ပြောသည့် ပရိယာယ်မျိုး ငါတို့မှာ မရှိသည်သာဟု မိန့်တော်မူသည်။

(၆) ဝေနယိကော ဘဝံ ဂေါတမော–ဟန်း ဂေါတမသည် ဖျက်ဆီးတတ်၏ဟု ပုဏ္ဏားကဆိုပြန်လေသည်။

မြတ်စွာဘုရားက–ပရိယာယ် တစ်မျိုးအားဖြင့် ငါဘုရားကိုဖျက်ဆီးတတ်၏ဟု ဆိုလိုမှုဆိုနိုင်သည်၊ ငါဘုရားသည် ရာဂ,, ဒေါသ, မောဟ, အကုသိုလ်တရားတွေကို ဗောဓိမဏ္ဍိုင်မြေဦးတိုင်ကတည်းက အပြီးတိုင် ဖျက်ဆီးပြီးလေပြီ၊ ဤနည်းဖြင့်ငါ့ကိုဖျက်ဆီးတတ်သည်ဟုဆိုနိုင်သည်၊ သင်ပုဏ္ဏား ရည်ရွယ်ပြောဆိုသည့်နည်းမျိုးကား ငါတို့မှာမရှိသည်သာဟု မိန့်တော်မူသ

(၇) တပဿီ ဘဝံ ဂေါတမော–အရှင်ဂေါတမသည် ပူပန်စေတတ်သောသဘောရှိ၏ဟု ပုဏ္ဏားက ဆိုပြန်လေသည်။

ဘုရားရှင်က - ပရိယာယ် တစ်မျိုးအားဖြင့် ငါဘုရားကို ပူပန်စေတတ်သော သဘောရှိ၏ဟု ဆိုလိုက ဆိုနိုင်သည်၊ ငါဘုရားသည် ကာယဒုစရိုက်, ဝစီဒုစရိုက်, မနောဒုစရိုက်, အကုသိုလ်တရားများကို ပူပန်စေတတ်သော တရားများဟု ငါဘုရားဟောတော်မူသည်၊ အိုပုဏ္ဏား .... ငါသည် ပူပန်စေတတ်သော ယုတ်ညံ့သော အကုသိုလ်တရားတို့ကိုပယ်ပြီးပြီ၊ အဝိဇ္ဇာတဏှာ အမြစ်ကိုဖြတ်ပြီးပြီ၊ နုတ်ပြီးသော ထန်းပင်ရာ ကဲ့သို့ ပြုပြီးပြီ၊ အသစ်မဖြစ်ခြင်းကို ပြုပြီးပြီ၊ နောင်အခါဖြစ်ခြင်း သဘောမရှိကုန်ပြီ၊ အိုပုဏ္ဏား .... ဤနည်း ပရိယာယ်ဖြင့် ရဟန်း ဂေါတမသည် ပူပန်စေတတ်သော သဘောရှိ၏ဟု ငါ့ကိုဆိုလိုမူ ဆိုနိုင်သည်၊ သင်ပုဏ္ဏားရည်ရွယ်သည့် ပရိယာယ်မျိုး ငါ့တို့မှာ မရှိသည်သာဟု မိန့်တော်မူသည်။

(ဂ) အပ္ပဂဗ္ဘော ဘဝံ ဂေါတမော - အရှင်ဂေါတမသည် နတ်ပြည်ရောက်ခြင်းငှာ မထိုက်ဟု ပုဏ္ဏားက ဆိုပြန်သည်။

နည်းပရိယာယ် အားဖြင့် နတ်ပြည်ရောက်ခြင်းငှာမထိုက်ဟု ဆိုလိုကဆိုနိုင်သည်၊ ပုဏ္ဏား နောင်တစ်ဖန် ပဋိသန္ဓေနေခြင်းကို ပယ်ပြီးသော အဝိဇ္ဇာ တဏှာအမြစ်ကိုအကြွင်းမဲ့ဖြတ်ပြီးသော

နုတ်ပြီးထန်းပင်ရာကဲ့သို့ ပြုပြီးသော အသစ်မဖြစ်ခြင်းကို ပြုပြီးသော နောင်အခါ၌ ဖြစ်ခြင်းသဘောမရှိသည်ကို ပဋိသန္ဓေနေခြင်းမှ ကင်းခြင်းဟု ငါဘုရားဟောတော်မူသည်၊ ပုဏ္ဏား....ငါသည် နောင်တစ်ဖန် ပဋိသန္ဓေနေခြင်းကို ပယ်ပြီးပြီ၊ အဝိဇ္ဇာတဏှာအမြစ်ကို အကြွင်းမဲ့ ဖြတ်ပြီးပြီ၊ နုတ်ပြီးသော ထန်းပင်ရာကဲ့သို့ပြုပြီးပြီ၊ အသစ်မဖြစ်ခြင်းကို ပြုပြီးပြီ၊ နောင်အခါ ဖြစ်ခြင်းသဘောမရှိကုန်ပြီ၊ ပုဏ္ဏား.. ဤနည်းဖြင့် ငါဘုရားကို နတ်ပြည်ရောက်ခြင်းငှာ မထိုက်ဟုဆိုလိုက ဆိုနိုင်သည်၊ သင်ပုဏ္ဏား ရည်ရွယ်ပြောဆိုသည့်နည်းပရိယာယ်မျိုးကား ငါ့တို့မှာမရှိသည်သာဟု မိန့်တော်မူသည်။

ဆက်လက်၍ ဘုရားရှင်က ဝေရဉ္စပုဏ္ဏားအား - အတုမဲ့ မြတ်သော သမ္မာသမ္ဗောဓိဉာဏ်ကိုထိုးထွင်းသိပြီး၍လောကထက်ကြီးမြတ်သူဖြစ်ပုံ၊ အဝိဇ္ဇာဥခွံမှ ပထမ ဖောက်ထွက်ပုံ၊ ဒုတိယဖောက်ထွက်ပုံ၊ တတိယ ဖောက်ထွက်ပုံတို့ကို ဟောတော်မူလေသည်၊ ပုဏ္ဏား လွန်စွာကြည်ညိုသဖြင့် ဘုရား တရား သံဃာကိုးကွယ်ရာ သရဏဂုံသို့ ရောက်သည်၊ ဥပါသကအဖြစ် လျှောက်ထားလေသည်။[၁]

---

၁။ အံ၊ ၁၀-၂၄။

## ၂-သီဟသုတ်

### သီဟစစ်သူကြီးအား တရားဟော စွပ်စွဲချက်ရှစ်မျိုးအဖြေ

၁၂။ ဘုရားမြတ်စွာ ဝေသာလီပြည်မဟာဝုန်တော ပြာသာဒ်ဆောင်ပေါက်သည့်ကျောင်း၌ သီတင်းသုံးစဉ် အလွန်ကျော်စောကိတ္တိရှိသော လိစ္ဆဝီမင်းများ မင်းကွန်း၌ အတူနေ အတူစည်းဝေးကြကုန်လျက် အကြောင်းမျိုးစုံဖြင့် မြတ်စွာဘုရားကို ပြောဆိုကြကုန်၏၊ ထိုအခါ နိဂဏ္ဌ၏ တပည့် သီဟစစ်သူကြီးလဲ ထိုပရိသတ်မှာ ထိုင်နေသည်၊ သီဟစစ်သူကြီးမှာ မြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော တရားဥဿုံအလုံးစုံကို အကုန်အစင်ကိုယ်တိုင်မှန်စွာ သိမြင်တော်မူတတ်သော ဘုရားဖြစ်ပေလိမ့်မည်၊ သို့ဖြစ်၍ အလွန်ကျော်စောကိတ္တိရှိသော လိစ္ဆဝီတွေ ဘုရားဂုဏ်ကိုပြောကြသည်၊ တရားဂုဏ်ကို ပြောကြသည်၊ သံဃာဂုဏ်ကို ပြောကြသည်၊ ငါသည် ဘုရားထံ ချဉ်းကပ်သွားရောက်ရလျှင် ကောင်းရာ၏ဟု အကြံဖြစ်လေသည်။

ထိုနောက် သီဟစစ်သူကြီးသည် နာဋ၏သား နိဂဏ္ဌထံ ချဉ်းကပ်ပြီး ရဟန်းဂေါတမထံသွားလိုကြောင်းဆို၏၊ ထိုအခါ နိဂဏ္ဌက အိုသီဟ....သင်ကပြုထိုက်၏ ဟူသောကိရိယဝါဒအယူရှိသူဖြစ်ပါလျက် အဘယ်ကြောင့် မပြုထိုက်ဟူသော ''အကိရိယ'' အယူဝါဒရှိသော ရဟန်းဂေါတမထံ ချဉ်းကပ်လိုဘိသနည်း။

သီဟ....ရဟန်းဂေါတမသည် မပြုထိုက်ဟု အကိရိယ ဝါဒ အယူရှိသည်၊ မပြုရန်တရားဟောသည်၊ ထိုအကိရိယ ဝါဒဖြင့် တပည့်များကို ဆုံးမသည်ဟုပြောဆိုလေသည်၊ သို့နှင့်သီဟသည် ဘုရားထံသွားရန် အားထုတ်မှုငြိမ်းခဲ့ လေသည်၊ နောက်ရက် အနည်းငယ် အကြာတွင် ဘုရားထံသွားရန် အကြံဖြစ်သဖြင့် ဆရာနိဂဏ္ဌထံ ခွင့်ပန်ပြောကြားပြန်ရာ နိဂဏ္ဌက ယခင်အနည်း တူ မသွားရန်တားမြစ်သည်၊ သို့နှင့် သီဟစစ်သူကြီး ဘုရားထံ သွားရန်အားထုတ်မှုငြိမ်းစေပြန်လေပြီ၊ နောက်မကြာမီဘုရားထံ သွားရန် သုံးကြိမ်မြောက် အကြံဖြစ်ပြန်သည်၊ သည်အကြိမ်မှာ ကား နိဂဏ္ဌထံ ခွင့်မပန်တော့ချေ။

သီဟစစ်သူကြီးသည် နေမွန်းလွဲသောအခါ ရထားငါးရာ ဖြင့် ဘုရားထံသွားလေသည်၊ သီဟစစ်သူကြီးလျှောက်သည် မြတ်စွာဘုရား အရှင်ဂေါတမ....အရှင်ဂေါတမသည် မပြုထိုက်ဟု အကိ ရိယဝါဒ အယူရှိ၏၊ မပြုရန်တရားဟော၏၊ အကိရိယဝါဒဖြင့် တပည့်များကို ဆုံးမ၏ဟု ကြားဖူးပါသည်၊ ဘယ်လိုပါနည်း မိန့်တော်မူပါ စသည်ဖြင့် လျှောက်ထားလေသည်။

## မြတ်စွာဘုရားအဖြေ

(၁) မြတ်စွာဘုရားက အိုသီဟ.... အကိရိကဝါဒ တရားဖြင့်လဲ တပည့်တွေကို ဆုံးမသည်ဟု ငါ့ကို ပြောလိုမူ ပြောဆိုနိုင်သည်၊ ထိုသို့သော နည်းပရိယာယ်ရှိသည်။

(၂) ရဟန်းဂေါတမသည် ပြုထိုက်၏ဟူသော 'ကိရိယဝါဒ'ရှိ၏၊ ပြုရန်တရားဟော၏၊ ထိုကိရိယဝါဒဖြင့်လဲ တပည့်တွေကိုဆုံးမ၏ဟု ငါ့ကို ပြောဆိုလိုမူ ပြောဆိုနိုင်ရာ၏၊

(၃) ရဟန်းဂေါတမသည် ဥစ္ဆေဒအယူရှိ၏၊ ဖြတ်ရန်တရားဟော၏၊ ဥစ္ဆေဒဝါဒ တရားဖြင့်လဲတပည့်တွေဆုံးမ၏ဟု ငါ့ကိုပြောဆိုလိုမူ ပြောဆိုနိုင်ရာ၏၊ ထိုသို့ နည်းပရိယာယ်မျိုးရှိသည်။

(၄) သီဟ ...ရဟန်းဂေါတမသည် စက်ဆုပ်ခြင်း သဘောရှိ၏၊ စက်ဆုပ်ရန် တရားဟော၏၊ ထိုတရားဖြင့်လဲ တပည့်များကိုဆုံးမ၏ဟု ငါ့ကို ပြောဆိုလိုမူ ပြောဆိုရာ၏ ထိုသို့သောနည်းပရိယာယ်မျိုးရှိသည်။

(၅) သီဟ... ရဟန်းဂေါတမသည် ဖျက်ဆီးတတ်၏၊ ဖျက်ဆီးရန် တရားဟော၏၊ ထိုတရားဖြင့်လဲ တပည့်တွေကို ဆုံးမ၏ဟု ငါ့ကို ပြောဆိုလိုမူ ပြောဆိုနိုင်သည်၊ ထိုသို့သော နည်းပရိယာယ်မျိုး ရှိသည်၊

(၆) သီဟ ရဟန်းဂေါတမသည် ပူပန်စေတတ်သောအကျင့်ရှိ၏၊ ပူပန်စေရန် တရားဟော၏၊ ထိုတရားဖြင့်လဲ တပည့်တွေကို ဆုံးမ၏ဟုငါ့ကို

ပြောဆိုလိုက်လဲ ပြောဆိုနိုင်ရာ၏၊ ထိုသို့သော နည်းပရိယာယ်မျိုးရှိသည်။

(၇) အိုသီဟ-ရဟန်းဂေါတမသည့်ပဋိသန္ဓေနေခြင်းမှကင်း၏၊ပဋိသန္ဓေနေခြင်းမှ ကင်းစိမ့်သောငှာ တရားဟော၏၊ ထိုတရားဖြင့်လဲ တပည့်သားတို့ကို ဆုံးမ၏ဟု ငါ့ကိုပြောဆိုလိုမှု ပြောဆိုနိုင်ရာ၏၊ ထိုသို့သောနည်းပရိယာယ်မျိုးရှိသည်။

(၈) အိုသီဟ... ရဟန်းဂေါတမသည် သက်သာရာကို ရှာတတ်၏၊ သက်သာရာရှာရန် တရားဟော၏၊ ထိုတရားဖြင့်လဲ တပည့်သာဝကများကို ဆုံးမ၏ဟု ငါ့ကိုပြောဆိုလိုမှု ပြောဆိုင်နိုင်ရာ၏၊ ထိုသို့သော နည်းပရိယာယ်မျိုးရှိသည်။

အကိရိယဝါဒနှင့် ကိရိယဝါဒ

(၁) သီဟ ... ငါသည် ကာယ ဒုစရိုက်၊ ဝစီဒုစရိုက်၊ မနော ဒုစရိုက်ကို မပြုထိုက်ဟု ဟော၏၊ များ ပြား သော ယုတ် ညံ့ သော အကုသိုလ်တို့ကို မပြုထိုက်ဟူသော အကိယဝါဒအယူရှိ၏၊ မပြုရန် တရားဟော၏၊ ထိုအကိယဝါဒတရားဖြင့်လဲ တပည့်သားတို့ကိုဆုံးမ၏ဟု ငါ့ကိုပြောဆိုလိုမှု ပြောဆိုနိုင်၏၊

(၂) သီဟ....ငါသည် ကိုယ်ဖြင့်ပြုအပ်သော အကျင့်ကောင်း ကာယသုစရိုက်၊ နှုတ်ဖြင့်ပြုအပ်သော

အကျင့်ကောင်း ဝစီသုစရိုက်, စိတ်ဖြင့်ပြုအပ်သော အကျင့်ကောင်း မနောသုစရိုက်တို့ကို ပြုထိုက်၏ဟု ဟော၏၊ ဤသို့သောနည်းပရိယာယ်ဖြင့် ရဟန်းဂေါတမသည် ပြုထိုက်၏ဟူသော 'ကိရိယဝါဒ' အယူရှိ၏၊ ပြုရန်တရားဟော၏၊ ထိုကိရိယဝါဒတရားဖြင့်လဲ တပည့်သားတို့ကို ဆုံးမ၏ဟု ငါ့ကို ပြောဆိုလိုမူ ပြောဆိုရာ၏။

(၃) သီဟ...ငါသည် ရာဂ ဒေါသ မောဟများကို ဖြတ်အပ်၏ဟု ဖြတ်အပ်သည်ကို ငါဟောသည်၊ အကုသိုလ်တရား အယုတ်အညံ့များစွာတို့ကို ဖြတ်အပ်သည်ကို ငါဟောသည်၊ ဤနည်းပရိယာယ်ဖြင့် ရဟန်းဂေါတမသည် ဖြတ်အပ်၏ဟူသော ဥစ္ဆေဒဝါဒအယူရှိ၏၊ ဖြတ်ရန် တရားဟောသည်၊ ဥစ္ဆေဒဝါဒဖြင့် တပည့်တို့ကိုဆုံးမ၏ဟု ပြောဆိုလိုက ပြောဆိုနိုင်၏။

သီဟ....ငါသည် ကာယဒုစရိုက်, ဝစီဒုစရိုက်, မနောဒုစရိုက်မှ စက်ဆုပ်၏၊ အကုသိုလ်တရားယုတ်များတို့သို့ ရောက်ခြင်းမှ စက်ဆုပ်၏၊ ဤနည်းပရိယာယ်အားဖြင့် ရဟန်းဂေါတမသည် စက်ဆုပ်ခြင်း သဘောရှိ၏၊ စက်ဆုပ်ရန်တရားဟော၏၊ ထိုတရားဖြင့်လဲတပည့်တို့ကို ဆုံးမ၏ဟု ငါ့ကိုပြောဆိုလိုမူ ပြောဆိုနိုင်၏၊

(၅) သီဟ...ငါသည် ရာဂ ဒေါသ မောဟတို့ကို ဖျက်ဆီးရန် တရားဟော၏၊ ယုတ်ညံ့သော အကုသိုလ်တရားများစွာကို ဖျက်ဆီးရန်ဟော၏၊ ဤသို့သော နည်းပရိယာယ်ဖြင့် ရဟန်းဂေါတမသည် ဖျက်ဆီးတတ်၏၊ ဖျက်ဆီးခြင်းငှာ တရားဟော၏၊ ထိုတရားဖြင့်လဲ တပည့်သာဝကတို့ကို ဆုံးမ၏ဟု ငါ့ကိုပြောဆိုလိုမူ ပြောဆိုနိုင်၏။

(၆) သီဟ....ယုတ်ညံ့သောအကုသိုလ် တရားများကို ပူပန်စေတတ်၏ဟု ဟောသည်၊ ကာယဒုစရိုက် ဝစီဒုစရိုက်, မနောဒုစရိုက်ကိုပူပန်စေတတ်၏ဟု ဟော၏၊ ပူပန်စေတတ်၍အကုသိုလ်တရားယုတ်တို့ကိုပယ်ပြီးသော အဝိဇ္ဇာ တဏှာ အမြစ်ကို အကြွင်းမဲ့ ဖြတ်ပြီးသော နုတ်ပြီး ထန်းပင်ရာကဲ့သို့ပြုပြီးသော အသစ်မဖြစ်ခြင်းကိုပြုပြီးသော နောင်တစ်ဖန် ဖြစ်ခြင်းမရှိသော ပုဂ္ဂိုလ်ကို ကိလေသာတို့ကို ပူပန်စေတတ်သော ပုဂ္ဂိုလ်ဟု ငါဟော၏၊ သီဟ....ငါဘုရားသည် အကုသိုလ်တွေပယ်ပြီးပြီ၊ အဝိဇ္ဇာတဏှာ အမြစ်ကို ဖြတ်ပြီးပြီ၊ နုတ်ပြီးသော ထန်းပင်ရာကဲ့သို့ပြုပြီးပြီ၊ အသစ်မဖြစ်ခြင်းကို ပြုပြီးပြီ၊ နောင်အခါဖြစ်ခြင်းသဘော မရှိကုန်ပြီ၊ ဤနည်းပရိယာယ်

အားဖြင့် ရဟန်းဂေါတမသည် ပူပန်စေတတ်သော သဘောရှိ၏၊ ပူပန်စေရန်တရားဟော၏၊ ထိုတရားဖြင့် တပည့်သားများကိုဆုံးမ၏ဟု ငါ့ကိုပြောဆိုလိုမူ ပြောနိုင်၏။

(၇) သီဟ .... နောင်တစ်ဖန် ပဋိသန္ဓေ နေခြင်း၊ တစ်ဖန် ဘ၀သစ်၌ဖြစ်ခြင်းကို ပယ်ပြီးသော အဝိဇ္ဇာတဏှာအမြစ်ကို အကြွင်းမဲ့ ဖြတ်ပြီးသော ထန်းငုတ်ကဲ့သို့ ပြုပြီးသော အသစ်မဖြစ်ခြင်းကိုပြုပြီးသော နောင်အခါ၌ ဖြစ်ခြင်းသဘောရှိသော ပုဂ္ဂိုလ်ကို ပဋိသန္ဓေ နေခြင်းမှကင်း၏ဟု ငါဟော၏၊ သီဟ....ငါဘုရားသည် နောင်တစ်ဖန် ပဋိသန္ဓေနေခြင်း ဘ၀သစ်၌ဖြစ်ခြင်းကို ပယ်ပြီးပြီ၊ အသစ်မဖြစ်ခြင်းကို ပြုပြီးပြီ၊ နောင်အခါ၌ ဖြစ်ခြင်းသဘော မရှိကုန်ပြီ၊ သီဟ ဤသို့သော နည်းပရိယာယ်အားဖြင့် ရဟန်းဂေါတမသည် ပဋိသန္ဓေ နေခြင်းမှကင်း၏၊ ပဋိသန္ဓေနေခြင်းမှကင်းရန် တရားဟော၏၊ ထိုတရားဖြင့်လဲ တပည့်သားတို့ကို ဆုံးမ၏ဟု ငါ့ကို ပြောဆိုလိုမူ ပြောဆိုနိုင်၏။

(၈) အိုသီဟ ... ငါဘုရားသည် မြတ်သော မဂ်ဖိုလ်ဟူသော သက်သာခြင်းဖြင့် သက်သာရာကိုရ၏၊ သက်သာရာရရန် တရားဟော၏၊ ထို

> တရားဖြင့်လဲ တပည့်သားများကို ဆုံးမ၏၊ ဤနည်းပရိယာယ်အားဖြင့် ရဟန်းဂေါတမသည် သက်သာရာကို ရှာ၏၊ သက်သာရာရရန် တရားဟော၏၊ ဤတရားဖြင့်လဲ တပည့်သားတို့ကို ဆုံးမ၏ဟု ပြောဆိုလိုမူ ပြောဆိုနိုင်၏။

ဤသို့ မြတ်စွာဘုရားက အရှုအာရှေထား ဟောကြားတော်မူအပ်လေလျှင် သီဟစစ်သူကြီး အလွန်အမင်းဝမ်းမြောက်ခြင်းဖြစ်ကာ ဥပသကာအဖြစ် လျှောက်ထားလေသည်။

ထိုအခါ မြတ်စွာဘုရားက အိုသီဟ....စူးစမ်းဆင်ခြင်ပြုပါ၊ သင်လိုကျော်စောသူတွေမှာ စူးစမ်းဆင်ခြင်ပြုမှုသည် ကောင်း၏ဟု မိန့်တော်မူသည်၊ သီဟသေနာပတိက ထပ်မံ၍ ဥပါသကာအဖြစ် ဒုတိယအကြိမ် လျှောက်သည်။

အိုသီဟ ကြာရှည်လေးမြင့် သင့်အိမ်သည် နိဂဏ္ဌတို့၏ ရေတွင်းသဖွယ် ဖြစ်ခဲ့သောကြောင့် ကပ်ရောက်လာသော ထိုနိဂဏ္ဌတို့အား ဆွမ်းလှူရမည်ကို အောက်မေ့ပါဟု ဘုရားရှင်က မိန့်တော်မူသည်။

သို့နှင့် ပို၍ကြည်ညိုသဖြင့် ဥပါသကာအဖြစ် တတိယအကြိမ် လျှောက်ပြန်လေသည်။

**သီဟစစ်သူကြီး၊ သောတာပန်တည် ဘုရားဆွမ်းစားပင့်**

မြတ်စွာဘုရားက ဒါနနှင့်စပ်သောစကား၊ သီလနှင့်စပ်သောစကား၊ နတ်ပြည်နှင့်စပ်သောစကား၊ ကာမဂုဏ်တို့၏အပြစ် ယုတ်ညံ့ခြင်း ညစ်ညူး

ခြင်း ကာမဂုဏ်တို့မှ ထွက်မြောက်ခြင်း၌ အကျိုးကို ပြတော်မူ၏၊ ဆက်လက်၍ သစ္စာလေးပါးတရားကို ဟောပြတော်မူရာ သောတာပန် ဖြစ်လေသည်၊ သီဟသေနာပတိသည် မြတ်စွာဘုရားအား ရဟန်းသံဃာနှင့်အတူ နောက်နေ့ နံနက်ဆွမ်းစားပင့်လျှောက်ပြီးပြန်သွားလေသည်၊ နောက် တစ်နေ့ နံနက် မြတ်စွာဘုရား ရဟန်းသံဃာများနှင့်အတူ သီဟသေနာပတိအိမ် ဆွမ်းဘုဉ်းပေးကြွတော်မူသည်။

ဘုရားရှင် သီဟသေနာပတိအိမ် ရောက်ရှိသီတင်းသုံးစဉ် နိဂဏ္ဌတွေ ဝေသာလီမြို့တွင်း လှည့်လည်၍ လက်မောင်းများမြှောက်ကြကာ ယနေ့ သီဟသေနာပတိသည် ရဟန်းဂေါတမအား ဆူဖြိုးသော ကျွဲ၊ နွား၊ ဆိတ်၊ ဝက်စသော သတ္တဝါတွေကို သတ်၍ ရဟန်းဂေါတမအား ဆွမ်းကျွေးသည်၊ ရဟန်းဂေါတမသည် သိလျက် ရည်ညွှန်းသတ်သော အမဲသားကို စားသည်၊ မိမိကိုစွဲ၍ သတ်သောမကောင်းမှုကို ရသည်ဟု ဟစ်အော် ကြွေးကြော်ကြလေသည်။

ထိုအကြောင်းကိုယောကျ်ားတစ်ယောက်က သီဟသေနာပတိအား ပြောကြားရာ သီဟသေနာပတိက အို အမောင် မသင့်ချေ၊ နိဂဏ္ဌတို့သည် ကြာမြင့်စွာ ဘုရား တရား သံဃာ၏ ကျေးဇူးမဲ့ ယိုလားသူများဖြစ်ကြသည်၊ မဟုတ်မတရားဘုရားကို စွပ်စွဲကြသည် စသည်ဖြင့် ပြောလေသည်။[၁]

---

၁။ အံ၊ ၃၊ ၂၄-၃၁။

မြတ်စွာဘုရားသည် ဆွမ်းဘုဉ်းပေးပြီး ဆွမ်းအနုမောဒနာ တရား ဟောကြားပြီး ကျောင်းပြန်ကြွတော်မူသည်၊ ဘုရားရှင် ဟူသော ကလျာဏမိတ္တကြောင့် သီဟ အပါယ်တံခါး ပိတ်လေပြီ။

ဆောင်။ ။ကလျာမိတ္တ, မြတ်ဗုဒ္ဓကြောင့်, သီဟသေနာပတို့, ပိတ်၏ အပါယ်တံခါးတည်း။

## ၃-အဿာဇာနီယသုတ်

### မြင်းအာဇာနည်ပမာ အာဇာနည်ရဟန်း ပေးလှူပူဇော်ရန် ထိုက်တန်

၁၃။ လောကမှာ အာဇာနည်မြင်းသည် အမိအဖ နှစ်ဘက်လုံးမှ ကောင်းစွာမွေးဖွားခြင်း, အခြားအာဇာနည်မြင်းများ ဖွားရာ သိန္ဓုမြစ်ကမ်းအရပ်၌ ဖွားခြင်း, အစိုဖြစ်စေ, အခြောက်ဖြစ်စေ ကျွေးသောအစာကို ဖရိုဖရဲ မကြဲစေဘဲ ကောင်းစွာစားခြင်း, ကျင်ကြီးကျင်ငယ်ကို ဖို၍ နေရန် အိပ်ရန် စက်ဆုပ်ခြင်း, စင်ကြယ်သောအလေ့အထရှိခြင်း, ချမ်းသာစွာ နေလေ့ရှိခြင်း, ထစ်ပါးသော မြင်းတို့ကို မထိတ်မလန့်စေခြင်း, ထိုမြင်း၏ စည်းလဲခြင်း နွားကျင်ငယ်ကောက်ကဲ့သို့ကောက်ခြင်း, လရေးကဲ့သို့ကောက်ခြင်း ထွန်ကိုင်း (ထွန်တုန်း)ကောက်ကဲ့သို့ ကောက်ခြင်း, ရထားထိန်းအား အမှန်အတိုင်း ထင်စွာပြုခြင်း, ဝန်ကိုဆောင်လေ့ရှိခြင်း, အခြားသောမြင်းတွေ ဆောင်ဆောင် မဆောင်ဆောင် ငါသာလျှင် ဆောင်မည်ဟု စိတ်ကိုဖြစ်စေ

ခြင်း, ဖြောင့်သောလမ်းဖြင့်သာ သွားခြင်း, ဆက်ဆုံးတိုင် အားရှိခြင်း, အားအစွမ်းကို ပြတတ်ခြင်း ဤအင်္ဂါ ၈-မျိုးနှင့် ပြည့်စုံသော အာဇာနည် မြင်းကောင်းသည် မင်းအားထိုက် မင်း၏အသုံးအဆောင်ဖြစ်, မင်း၏အင်္ဂါအစိတ်အပိုင်းဟု ရေတွက်ခြင်းသို့ ရောက်သကဲ့သို့ ဤအတူ-

(၁) သီလရှိ ပါတိမောက္ခသံဝရသီလကို စောင့်နေ, အကျင့်ကျက်စားရာနှင့် ပြည့်စုံ, သေးဖွဲ့သော အပြစ်တို့၌သော်လည်း ဘေးဟု ရှုလေ့ရှိ၍ သိက္ခာပုဒ်တို့၌ ကောင်းစွာ ဆောက်တည်ကျင့်ခြင်း၊

(၂) မကောင်းသည်ဖြစ်စေ၊ ကောင်းသည်ဖြစ်စေ, ပေးလှူသော ဘောဇဉ်ကို မညည်းမညူ ကောင်းစွာ သုံးဆောင်ခြင်း၊

(၂) ကိုယ်နှုတ်စိတ်ဖြင့် ပြုအပ်သော မကောင်းမှုမှ စက်ဆုပ်ယုတ်ညံ့သော အကုသိုလ်တို့သို့ ရောက်ခြင်းမှ စက်ဆုပ်ခြင်း၊

(၃) စင်ကြယ်သောအလေ့ရှိ ချမ်းသာစွာ နေလေ့ရှိခြင်း၊

(၄) တစ်ပါးသော ရဟန်းတို့ကို မထိတ်လန့်စေတတ်ခြင်း၊

(၅) စဉ်းလဲမှု နွားကျင်ငယ်ကောက်ကဲ့သို့ ကောက်ခြင်း, လရေးကဲ့သို့ ကောက်ခြင်း, ထွန်တုံး

ကောက်(ထွန်းကိုင်းကောက်)ကဲ့သို့ ကောက်ခြင်းတို့ကို ဘုရားနှင့် သီတင်းသုံးဖော်တို့အား ဟုတ်မှန်သည့်အတိုင်း ထင်စွာ ပြုတတ်ခြင်း၊

(၆) ရဟန်းများ ကျင့်သုံးသည်ဖြစ်စေ, မကျင့်သုံးသည်ဖြစ်စေ ဤအာရာဝယ် ငါသည်သာလျှင် ကျင့်သုံးမည်ဟု စိတ်ကို ဖြစ်စေခြင်း၊

(၇) အခြားရဟန်းများ ကျင့်သုံးသည် ဖြစ်စေ, မကျင့်သုံးသည်ဖြစ်စေ ဤအရာမှာ ငါသည် သာလျှင် ကျင့်သုံးမည်ဟု စိတ်ကို ဖြစ်စေခြင်း၊

(၈) သမ္မာဒိဋ္ဌိစသော မဇ္ဈိမပဋိပဒါလမ်းစဉ်အတိုင်း လျှောက်သွားခြင်း, ကိုယ်၌ အရေ အကြော အရိုးများသာ ကြွင်းသော်လည်း ကြွင်းစေ, အသားအသွေးတွေ ခန်းခြောက်သော်လည်း ခန်းခြောက်စေ ယောကျ်ားအားထုတ်ခြင်း ဝီရိယ လုံ့လဖြင့် ရောက်ရမည့်အကျိုးသို့ မရောက်ဘဲ မရက် ဝီရိယ၏ ဆုတ်ယုတ်ရပ်တံ့ခြင်း မဖြစ်အံ့ဟု ထက်သန်သောလုံ့လရှိ၍နေခြင်း။

ဤတရား ၈-မျိုးနှင့်ပြည့်စုံသောရဟန်း ရပ်ဝေးမှဆောင်လာ၍သော်လည်း ပေးလှူပူဇော်ရန် ထိုက်၏….ပုညက္ခေတ္တ ၁ါအပေါင်းကောင်းမှုပြုရန် အမြတ် လယ်မြေ ဖြစ်သည်ဟူ၏။[၁]

---

၁။ အံ၊ ၂၊ ၃၂-၃၊

ဆောင်။ ။သီလစသည်, ဂုဏ်ရည်ရှစ်သွယ်, ပြည့်ကြွယ်တုံလတ်,
ရဟန်းမြတ်ကား, ဆတ်ဆတ်ပေးလှူ ပူဇော်ရန်,
ထိုက်တန်ပါသတည်း။

## ၄-အဘိဘာယတနသုတ်

မြင်းယုတ် ၈-မျိုး, မြင်းအပြစ် ၈-မျိုး,
ယောကျ်ားယုတ် ၈-မျိုး, ယောကျ်ားအပြစ်၈-မျိုး

၁၄။ ဤသုတ်၌ဘုရားရှင်သည် မြင်းယုတ် ၈-မျိုး, မြင်း၏ အပြစ် ၈-မျိုး၊ ယောကျ်ားယုတ် ၈-မျိုး၊ ယောကျ်ားအပြစ် ၈-မျိုး ဟောပြောအံ့ လည်းဖြင့် မိန့်ကြား၍ မြင်းယုတ် ၈-မျိုး မြင်းအပြစ် ၈-မျိုး, ယောကျ်ားယုတ် ၈-မျိုး, ယောကျ်ား အပြစ် ၈-မျိုးကို ဟောတော်မူသည်၊ ဤကျမ်းကား အနှစ် ချုပ်ကျမ်းဖြစ်ရာ ယောကျ်ားယုတ် ၈-မျိုးနှင့် ယောကျ်ား အပြစ် ၈-မျိုးကို ဖော်ပြအပ်ပါသည်၊ ယင်းစကားရပ်၌ မြင်းယုတ် ၈-မျိုး, မြင်းအပြစ် ၈-မျိုးကိုထဲ ဥပမာသွင်းဟော တော်မူသဖြင့် မြင်းယုတ် ၈-မျိုး, မြင်းအပြစ် ၈-မျိုးကိုပါ သိနိုင်လေသည်။

(၁) ဤ သာသနာတော်၌ ရဟန်းသည် . ရဟန်း ကို အာပတ်ဖြင့် စောဒနာကြသည်၊ ထိုရဟန်း သည် ရဟန်းတို့က စောဒနာသည် ရှိသော် "မအောက်မေ့မိ"ဟုသတိမရသဖြင့် ဖြေသည်၊ မြင်းယုတ်သည် "သွားလော့"ဟု ဆို၍ ရထား

ထိန်းက ထိုးဆွမောင်းနှင်သည်ရှိသော် နောက်သို့ဆုတ်လာ ရထားကို လည်စေသကဲ့သို့ ဤပုဂ္ဂိုလ်ကို ထိုမြင်းယုတ်နှင့် တူ၏ဟူ၍ ငါဆို၏။

(၂) ရဟန်းသည် ရဟန်းကို အာပတ်ဖြင့် စောဒနာကြသည်၊ ထိုရဟန်းသည် ရဟန်းများက အာပတ်ဖြင့် စောဒနာသည်ရှိသော် "မိုက်မဲမလိမ္မာသော သင်ပြောစကားဖြင့် အသို့ပြုအံ့နည်း၊ သင်ကပင် ပြောဆိုအပ်၏" ဟု အောက်မေ့ဘိ၏ဟု စောဒနာ သူ့ကိုပင် ပြန်၍ပုတ်ခတ်၏၊ မြင်းယုတ်သည် "သွားလော့" ဟုဆို၍ ရထားထိန်းသည် ထိုးဆွမောင်းနှင်အပ်သည်ရှိသော် နောက်သို့ခုန် ရထားဘီးကွပ်ကို ဖျက်ဆီးလာ ရထားဦး၌ ထားသည့် လုံတံသုံးချောင်းကို ချိုးဖဲ့သကဲ့သို့ ဤပုဂ္ဂိုလ်ကို မြင်းယုတ်နှင့်တူ၏ဟု ငါဆို၏။

(၃) ရဟန်းများသည် ရဟန်းကို အာပတ်ဖြင့် စောဒနာကြသည်၊ ထိုရဟန်းက ရဟန်းများက အာပတ်ဖြင့် စောဒနာလေလျှင် "သင်သည် ဤမည်သော အာပတ်သို့ရောက်သည်၊ သင်ရှေးဦးစွာ ကုစားပါ၊စောဒနာသူကိုပင် အပြစ်တစ်ဖန် တင်သည်၊မြင်းယုတ်သည် "သွားလော့" ဟု ဆို၍ ရထားထိန်းကမောင်းနှင်သည်ရှိသော်

ရထားသန်ကို ပေါင်ဖြင့် တွန်းဖယ်၍ ရထားသန်ကိုသာလျှင် ရှေ့ခြေနှစ်ဘက်ဖြင့် လွှမ်းမိုး နှိမ်နင်းသကဲ့သို့ ဤပုဂ္ဂိုလ်ကို ထိုမြင်းယုတ်နှင့် တူ၏ဟု ငါဆို၏။

(၄) ရဟန်းများသည် ရဟန်းကို အာပတ်ဖြင့် စောဒနာကြသည်၊ ထိုရဟန်းသည် ရဟန်းတို့က အာပတ်ဖြင့် စောဒနာသည်ရှိသော် တစ်ပါးသောအကြောင်းဖြင့် တစ်ပါးသောအကြောင်းကို ဖုံးလွှမ်း၏၊ စကားကို အပြင်သို့ ရောက်စေ၏၊ အမျက် ထွက်ခြင်း, စိတ် ဆိုးခြင်း, မနှစ်သက်ခြင်းကို ထင်ရှားပြု၏၊ မြင်းယုတ်သည် "သွားလော့" ဟုဆို၍ ရထားထိန်းက ထိုးဆွ မောင်းနှင်သည်ရှိသော် လမ်းခရီးမဟုတ်သည်ကို ယူ၏၊ ရထားကိုလှဲအောင် ပြုသကဲ့သို့ ဤပုဂ္ဂိုလ်ကို ထိုမြင်းယုတ်နှင့် တူ၏ဟု ငါဆို၏။

(၅) ရဟန်းများသည် ရဟန်းများကို အာပတ်ဖြင့် စောဒနာကြသည်၊ ထိုရဟန်းသည် ရဟန်းများက အာပတ်ဖြင့် စောဒနာအပ်သည်ရှိသော် သံဃာ့အလယ်၌ လက်မောင်းနှစ်ဘက်မြှောက်၏၊ မြင်းယုတ်သည် "သွားလော့" ဟု ဆို၍ ရထားထိန်းက ထိုးဆွမောင်းနှင်သည်ရှိသော် ရှေ့ကိုယ်ကို ခုန်မြှောက်လျက် ရှေ့ခြေတို့ကို

မြွောက်ချီသကဲ့သို့ ဤပုဂ္ဂိုလ်ကို မြင်းယုတ်နှင့် တူ၏ဟု ငါဆို၏။

(၆) ရဟန်းများသည် ရဟန်းကိုအာပတ်ဖြင့် စောဒနာကြသည်၊ ထိုရဟန်းသည် ရဟန်းများက အာပတ်ဖြင့် စောဒနာသည် ရှိသော် သံဃာ့ စကားကိုနားမထောင်ဘဲစောဒကကို ဂရုမစိုက်ဘဲ အာပတ်ရှိလည်းဖြစ်၍သာ အလိုရှိရာ အရပ် ဖဲသွား၏၊ မြင်းယုတ်သည် ''သွားလော့'' ဟုဆို၍ ရထားထိန်းက ထိုးဆွ မောင်းနှင်သည်ရှိသော် ရထားထိန်းစကားကိုနားမထောင်ဘဲ နှင်တံကို ဂရုမစိုက်ဘဲဇက်ကြိုးသံကွင်းကို သွားများဖြင့် ကိုက်ဖြတ်ဖျက်ဆီး၍ အလိုရှိရာအရပ် ဖဲသွား သကဲ့သို့ ဤပုဂ္ဂိုလ်ကို မြင်းယုတ်နှင့်တူ၏ဟု ငါ ဆို၏။

(၇) ရဟန်းများသည် ရဟန်းကို အာပတ်ဖြင့် စောဒနာကြသည်၊ ရဟန်းသည် ရဟန်းများက အာပတ်ဖြင့် စောဒနာသည်ရှိသော် ''ငါသည် အာပတ်သို့ မရောက်၊ ငါသည် အာပတ် မသင့်'' ဟု နှလုံးထား၍ တိတ်ဆိတ်နေသဖြင့် သံဃာကို ညှင်းဆဲ၏၊ မြင်းယုတ်သည် သွား လော့ဟု ဆို၍ ရထားထိန်းက ထိုးဆွမောင်း နှင်အပ်သည်ရှိသော် ဓုရှလဲမတက် နောက်လဲ

မဆုတ်၊ ထိုအရပ်မှာပင် တိုင်ငှက်သဖွယ် ရပ်တည်သကဲ့သို့ ဤပုဂ္ဂိုလ်ကို ထိုမြင်းရုပ်နှင့်တူ၏ဟု ငါဆို၏။

(၈) ရဟန်းများသည် ရဟန်းကို အာပတ်ဖြင့် စောဒနာကြသည်၊ ထိုရဟန်းသည် ရဟန်းတို့က အာပတ်ဖြင့် စောဒနာကြသည်ရှိသော် "အရှင်တို့ အရှင်တို့သည် အဘယ်ကြောင့်လျှင် အကျွန်ုပ်တို့၌ အလွန်ပြင်းပြစွာ ကြောင့်ကြစိုက်တော်မူကြသနည်း၊ ယခုပင် အကျွန်ုပ်သည် သိက္ခာချလူထွက်မည်" ဟု ဆို၏၊ ထိုရဟန်းသည် သိက္ခာချလူထွက်ပြီးလျှင် "အရှင်တို့... အရှင်တို့သည် ယခုအခါ၌မူ နှစ်သက်သော စိတ်ရှိကြပါသလော" ဟုဆို၍ မတော၊ ထိန်းကတိုးဆွ မောင်းနှင်အပ်သည်ရှိသော် ရှေ့ခြေများကိုလည်း ကွေး၊ နောက်ခြေများကိုလည်း ကွေး၍ ထိုအရပ်မှာပင် ခြေလေးဘက်တို့ကိုဖိ၍ ဝပ်နေသကဲ့သို့ ဤပုဂ္ဂိုလ်ကို မြင်းယုတ်နှင့် တူ၏ဟု ငါဆို၏။

ဤကား ယောကျ်ားယုတ် ၈-မျိုးနှင့် ယောကျ်ား၏အပြစ် ၈-မျိုးဟူ၏။[၁]

---

၁။ အံ၊ ၃၊ ၃၃-၆။

## ၅-မလသုတ်

### အညစ်အကြေး ၈-မျိုး

၁၅။ (၁) မသုံးသပ် မလေ့လာ မသရဇ္ဈာယ်ခြင်းသည် အတတ်ပညာ၏ အညစ်အကြေး၊

(၂) ထကြွလုံ့လ ဝီရိယမရှိခြင်းသည် အိမ်၏အညစ်အကြေး၊

(၃) ပျင်းရိခြင်းသည် ကိုယ်အဆင်း၏ အညစ်အကြေး၊

(၄) မေ့လျော့ ပေါ့တန်ခြင်းသည် ဥစ္စာ စောင့်ရှောက်သူ၏ အညစ်အကြေး၊

(၅) မကောင်းသောအကျင့်သည် မိန်းမ၏ အညစ်အကြေး၊

(၆) ဝန်တိုမှုသည် ပေးလှူသူ၏အညစ်အကြေး၊

(၇) ယုတ်ညံ့သောအကုသိုလ်တရားတို့သည် ဤလောက, တမလွန်လောက အညစ်အကြေး မည်ကုန်၏၊

(၈) အဝိဇ္ဇာကား ထိုဆိုခဲ့ပြီး အညစ်အကြေးတို့ထက် ထူးသောအညစ်အကြေး လွန်ကဲသော အညစ်အကြေးမည်၏၊

အဝိဇ္ဇာ။ ။အဝိဇ္ဇာဟူသည် မသိခြင်း, အမှန်မသိခြင်း, အမှန်သဘောကို ဖုံးလွှမ်းတတ်သော မောဟ တည်း။

(၁) မရမယူအပ်သော ကာယဒုစရိုက် စသည်ကို ရယူတတ်သောတရား၊

(၂) ရအပ် ယူအပ်သော သုစရိုက်တို့ကို မရမယူအပ် သော တရား၊

(၃) မသိအပ်သည်ကို ပြုတတ်သောတရား၊

(၄) အဆုံးမရှိသော သံသရာ၌ သတ္တဝါတို့ကို ပြေး သွားစေတတ်, မျောစေတတ်သောတရား၊

(၅) ပညတ်အနေ ထင်ရှား မရှိသော ယောကျ်ား မိန်းမစသည်၌ ဖြစ်တတ်သောတရား၊

(၆) ထင်ရှားရှိသော ခန္ဓာစသည်၌မဖြစ်တတ်သော တရား၊

(၇) ဝိဇ္ဇာဉာဏ်၏ ဆန့်ကျင်ဘက်တရား စသည်ဖြင့် အဋ္ဌကထာ, ဋီကာကျမ်းတို့၌ ဖွင့်ဆိုကြသည်။[၁]

သုတ္တန်ဒေသနာအားဖြင့် သစ္စာလေးပါးဟူသော ဌာနကို ဖုံးလွှမ်းတတ်သော မောဟကို အဝိဇ္ဇာဟုဆိုသည်၊ အဘိဓမ္မာ ဒေသနာအားဖြင့် သစ္စာလေးပါးနှင့်ဟာက္ခအတိတ်တရားအစုဟု ဆိုအပ်သော ပုဗ္ဗန္တ, အနာဂတ်တရားအစုဟု ဆိုအပ်သော အ

---

၁။ အဘိ၊ ၄၊ ၂၊ ၁၂၇။ ပဋိသံ၊ ၄၊ ၁။ ၈၄။ ဝိသုဒ္ဓိ၊ ၂။ ၁၅၇။

ပဉ္စက္ခန္ဓ၊ ငါးတရားနှစ်ပါးစုံဟူသော ပုဗ္ဗန္တာပရန္တ၊ အဝိဇ္ဇာ စသော အကြောင်းကြောင့် သင်္ခါရတရားဖြစ်ခြင်း ဟူသော ပဋိစ္စသမုပ္ပါဒ် ဤရှစ်ဌာနတို့၌ ဖုံးလွှမ်းအပ်သော မောဟကို အဝိဇ္ဇာဟုဆိုသည်၊ ထိုအဝိဇ္ဇာကို အမှန်သိတတ်သော ဉာဏ်၏ ပြန်ဘက်အားဖြင့် အညာဏ၊ အဒဿန၊ အနဘိသမယ စသည်ဖြင့် လာသည်။[၁]

အဝိဇ္ဇာသည် မသိခြင်းလက္ခဏာရှိသည်၊ မိမိနှင့် ယှဉ်ဖက် တရား မိမိဖြစ်ရာသတ္တဝါတို့ကိုပြင်းစွာတွေဝေစေခြင်းကိစ္စရှိ၏၊ အာရုံ၏သဘာဝကို ဖုံးလွှမ်းတတ်သော တရားဟု ယောဂီတို့၏ ဉာဏ်၌ ရှေးရှုထင်လာတတ်သည်၊ အာသဝလျှင် နီးစွာသော အကြောင်းရှိသည်၊[၂]

## အာသဝ၊ ဩဃ၊ ယောဂ၊ နီဝရဏ၊ အနုသယ၊ သံယောဇဉ်

အဝိဇ္ဇာကိုကြာမြင့်စွာ စိမ်ထားအပ်သော အရက်နှင့်တူ သောကြောင့် အာသဝအမည်ဖြင့် လည်းကောင်း၊ သတ္တဝါတို့ ကို လွှမ်းမိုးသတ်ဖြတ်တတ်သော ရေအယဉ်နှင့်တူသောကြောင့် ဩဃအမည်ဖြင့်လည်းကောင်း၊ သတ္တဝါတို့ဝဋ်ဆင်းရဲ၌ ယှဉ်စပ် ပေးတတ်သောကြောင့် ယောဂအမည်ဖြင့်လည်းကောင်း၊ ဈာန် စသော ကုသိုလ်တရားများ တားမြစ်ပိတ်ပင်တတ်သောကြောင့်

---

၁။ အဘိ၊ ၃။ ၂၁၆။ အဘိ၊ ဋ္ဌ၊ ၁၅၀။
၂။ အဘိ၊ ဋ္ဌ၊ ၂။ ၁၂၉။ ဝိသုဒ္ဓိ၊ ၂၊ ၁၅၃။

နီဝရဏအမည်ဖြင့်လည်းကောင်း၊ သတ္တဝါများသန္တာန်၌အဖန်တလဲလဲ အစဉ်တစိုက်ကိန်းဝပ် ပါလာတတ်သောကြောင့် အနုသယအမည်ဖြင့်လည်းကောင်း၊ သတ္တဝါတို့ကိုထိုထိုဘဝမှမလွတ်ရအောင် ကြိုးဖြင့်ချည်နှောင်သကဲ့သို့ ချည်နှောင်တတ်သောကြောင့် သံယောဇဉ်အမည်ဖြင့် လည်းကောင်း ဟောတော်မူသည်။

ဆောင်။ ။မဟာတဏှ, မှောင်ကြီးကျ, မောဟအဝိဇ္ဇာ။

## ၆-ဒုတိယသုတ်

## တရားရှစ်မျိုးနှင့် ပြည့်စုံသော ရဟန်း တမန်ပြုရန်ထိုက်

၁၆။ (၁) နားထောင်တတ်ခြင်း၊

(၂) ပြန်၍ ပြောတတ်ခြင်း၊

(၃) သင်ယူတတ်ခြင်း၊

(၄) မှတ်တတ်ခြင်း၊

(၅) သိတတ်ခြင်း၊

(၆) သိစေတတ်ခြင်း၊

(၇) အကျိုးစီးပွား ရှိ, မရှိ၌ လိမ္မာခြင်း၊

(၈) ငြင်းခုံခြင်းကို မပြုတတ်ခြင်း-

ဤတရား ၈-မျိုးနှင့်ပြည့်စုံသော ရဟန်း တမန်ပြုလုပ်၍ သွားရန် ထိုက်ဘန်သည်။

သာဝတ္ထိပုဏ္ဏ ရာသည်ယင်းတရား ၈-မျိုးနှင့်ပြည့်စုံသည်၊ တမန်ပြုလုပ်၍သွားရန် ထိုက်တန်သည်ဟူ၍၊ အကျဉ်း ကျက်မှတ်ရန် ဂါထာ ၂-ပုဒ်ကိုလဲ ဟောတော်မူသည်။

၁။ ယော စေ န ဗျထတိ ပတွာ၊ ပရိသံ ဥဂ္ဂဝါဒိနိံ၊
နစ ဟာပေတိ ဝစနံ၊ န စ ဆာဒေတိ သာသနံ။

၂။ အသန္ဒိဒ္ဓဉ္စ ဘဏတိ၊ ပုဋ္ဌော စ န ကုပ္ပတိ။
သဝေ တာဒိသကော ဘိက္ခု၊ ဒူတေယျံ ဂန္တုမရဟတိ။

ဂါထာနက်။ ။ယော-အကြင်ရဟန်းသည်၊ ဥဂ္ဂဝါဒိနိံ-ကြမ်းတမ်းစွာ ပြောဆိုတတ်သော၊ ပရိသံ-ပရိသတ်သို့၊ ပတွာ-ရောက်၍၊ နဗျထတိ- မတုန်မလှုပ်၊ ဝစနံစ- စကားကိုလည်း၊ နဟာပေတိ- မယုတ်လျော့ပေ၊ သာသနံစ- သတင်း စကားကိုလည်း၊ နဆာဒေတိ-မဖုံးကွယ်။

အသန္ဒိဒ္ဓဉ္စ-ယုံမှားခြင်းကင်းသောစကားကိုလည်း၊ ဘဏတိ-ပြောဆို၏၊ ပုဋ္ဌော စ-မေးမြန်း အပ်သော်လည်း၊ နကုပ္ပတိ-အမျက်မထွက်၊ တာဒိသကော-ထိုသို့သဘောရှိသော၊ သဘော ဘိက္ခု- ထိုရဟန်းသည်၊ ဝေ-စင်စစ်၊ ဒူတေယျံ- တမန်အမှုလုပ်ငန်းပြုလုပ်ရန်၊ ဂန္တုံ-သွားခြင်းငှာ၊ အရဟတိ-ထိုက်၏။[၁]

၁။ အံ၊ ၃၊ ၃၇-၀၊

## ၇-ပဌမဗန္ဓနသုတ်

### မိန်းမက ယောကျ်ားကို နှောင်ဖွဲ့ထောင်ဖမ်း

၁၇။ (၁) မိန်းမသည် ငိုကြွေးခြင်းဖြင့် ယောကျ်ားကို နှောင်ဖွဲ့၏၊

(၂) မိန်းမသည် ပြုံးရွှင်ခြင်းဖြင့် ယောကျ်ားကို နှောင်ဖွဲ့တတ်သည်၊

(၃) မိန်းမသည် စကားပြောခြင်းဖြင့် ယောကျ်ားကို နှောင်ဖွဲ့၏၊

(၄) မိန်းမသည် အသွင်အပြင် ဒေးမူအာရာ အားဖြင့် ယောကျ်ားကို နှောင်ဖွဲ့၏၊

(၅) မိန်းမသည် တောမှချိုးယူဆွတ်ခူး အပ်သော ပန်းသစ်သီး စသည်ဖြင့် ယောကျ်ားကို နှောင်ဖွဲ့၏၊

(၆) မိန်းမသည် အနံ့ဖြင့် ယောကျ်ားကို နှောင်ဖွဲ့၏၊

(၇) မိန်းမသည် အရသာဖြင့် ယောကျ်ားကို နှောင်ဖွဲ့၏၊

(၈) မိန်းမသည် ဖဿဟူသောအတွေ့ဖြင့်ယောကျ်ားကို နှောင်ဖွဲ့သည်။

ဤ ၈-မျိုးဖြင့် မိန်းမသည် ယောကျ်ားကိုနှောင်ဖွဲ့ထောင်ဖမ်းသည် စသည်ဖြင့် အဖွဲ့ခံရသောသတ္တဝါတွေ လွန်စွာခိုင်မြဲသည် ဟူ၏။[၁]

ဆောင်။ ။မာယာလွန်ပို, ငိုယိုမျက်နှာ, ပြုံးချိုသာယာ, ဝါစာဆိုကာ, သွင်မူရာနှင့်, မာလာသစ်သီး, ထိုပြင် တစ်ဖန်, အနံ့အရသာ, ဓာတ္တဖဿာ အား, ဤရှစ်ပါးဖြင့်, ယောကျ်ားတို့အား, မိန်းမများက, လှည့်ဖျား ဖမ်းယူတတ်ပါသတည်း။

## ၈-ဒုတိယဗန္ဓနသုတ်

### အခြင်းအရာ ၈-မျိုးဖြင့် ယောကျ်ားကမိန်းမကို နှောင်ဖွဲ့ထောင်ဖမ်း

၁၈။ (၁) ယောကျ်ားသည် ငိုကြွေးခြင်းဖြင့် မိန်းမကို နှောင်ဖွဲ့၏၊

(၂) ပြုံးရယ်ခြင်းဖြင့် ယောကျ်ားသည် မိန်းမကို နှောင်ဖွဲ့၏

(၃) စကားပြောဆိုခြင်းဖြင့် ယောကျ်ားသည် မိန်းမကို နှောင်ဖွဲ့၏၊

---

၁။ အံ၊ ၃၊ ၃၀၈

(၄) အဆင်းအပြင် အမူအရာဖြင့် ယောကျ်ားသည် မိန်းမကို နှောင်ဖွဲ့၏၊

(၅) တော၌မှ ချိုးယူဆွတ်ခူးအပ်သော ပန်းသစ်သီးစသည်ဖြင့် ယောကျ်ားသည် မိန်းမကိုနှောင်ဖွဲ့၏၊

(၆) အနံ့ဖြင့် ယောကျ်ားသည် မိန်းမကိုနှောင်ဖွဲ့၏၊

(၇) အရသာဖြင့် ယောကျ်ားသည် မိန်းမကိုနှောင်ဖွဲ့၏၊

(၈) အတွေ့ဖြင့် ယောကျ်ားသည် မိန်းမကိုနှောင်ဖွဲ့၏။

ဤအခြင်းအရာ ၈-မျိုးဖြင့် ယောကျ်ားက မိန်းမကို နှောင်ဖွဲ့ ထောင်ဖမ်းသည်။[၁]

ဆောင်။ ။ငိုယိုပြုံးပြ, မြွက်ဟာစကား, တစ်ပါးထို့ပြင်, သွင်ပြင်မူရာ, ဆောင်လာပန်းမာလ်, တန်တန်သစ်သီး, ထို့ပြီးအတွေ့, မှတ်လေ့ခြင်းရာ, ဤရှစ်ဖြာဖြင့်, နာရီမည်ရ, မိန်းမတို့ကို, ပုရိသ မည်ငြား, ယောကျ်ား များက, လှည့်ဖျား ဖမ်းယူတတ်ပါသတည်း။

---

၁။ အံ၊ ၃၊ ၃၀၊

## ၉-ပဟာရာဒသုတ်

### သမုဒ္ဒရာအံ့ဖွယ်နှင့် သာသနာတော် အံ့ဖွယ်ရှစ်သွယ် ပဟာရာဒအာသုရာဓား ဘုရားဟော

၁၉။ သမုဒ္ဒရာ၌—

(၁) ကမ်းစပ်မှစ၍ အစဉ်အတိုင်း နိမ့်လျော နက်ရှိုင်းခြင်း၊

(၂) ရေသည် ကမ်းကိုမလွှန်ခြင်း၊

(၃) အကောင်မှပ် အမှိုက်သရိုက်များ ကမ်းသို့တင်ပို့ခြင်း၊

(၄) မြစ်ကြီးငါးသွယ် မြစ်ငယ်ငါးရာမှ စီးလာသမျှ ရေဟူသမျှ မူလအမည်ပျောက်၍ သမုဒ္ဒရာရေ အမည်ရောက်ခြင်း၊

(၅) မဟာသမုဒ္ဒရာ ရေပြည့်လျှံ ယုတ်လျော့ခြင်းမရှိခြင်း၊

(၆) ဆားငန်ရေဟူသော အရသာ တစ်မျိုးတည်းသာရှိခြင်း၊

(၇) လောကီရတနာ ၇-ပါး ၁၀-ပါးတို့၏ တည်ရာဖြစ်ခြင်း၊

(၈) ယူဇနာများစွာခန္ဓာကိုယ်ရှိသော ငါးကြီးများနှင့်တကွ ရေဘီလူး နဂါး အသုရာကြီးများ စသည်တို့ကျက်စားရာဖြစ်ခြင်း။

အားဖြင့်အံ့ဖွယ် ၈-မျိုးနှင့် ပြည့်စုံသည်၊ ဤနည်းအတူ ဘုရားမြတ်စွာသာသနာ၌လဲ-

(၁) သိက္ခာအစဉ်ရှိခြင်း၊
(၂) သိက္ခာပုဒ်ကမ်းကို မလွန်ခြင်း၊
(၃) ယုတ်ညံ့ မစင်ကြယ်သော ရဟန်း အတု အယောင်များနှင့် မဆက်ဆံခြင်း၊
(၄) အမျိုးလေးပါးမှ ရဟန်းပြုသူများ သာကီဝင် မင်းသား ဘုရားသားတော် ရဟန်းတော်ဟူ သောအမည် တစ်မျိုးသာရှိခြင်း၊
(၅) အငြိမ်းဓာတ်နိဗ္ဗာန်၏ လျော့မှု ပြည့်မှုမထင်ရှား ခြင်း၊
(၆) ဝိမုတ္တိအရသာ တစ်မျိုးတည်းသာရှိခြင်း၊
(၇) သတိပဋ္ဌာန် လေးပါး, သမ္မပ္ပဓာန် လေးပါး, ဣဒ္ဓိပါဒ်လေးပါး,ဣန္ဒြေငါးပါး, ဗိုလ်ငါးပါး, ဗောဇ္ဈင်ခုနစ်ပါး, မဂ္ဂင်ရှစ်ပါးဟူသော လော ကုတ္တရာ ရတနာနှင့်ပြည့်စုံခြင်း၊
(၈) သောတာပန်ပုဂ္ဂိုလ် သောတာပန်ဖြစ်ရန် ကျင့် ဆဲပုဂ္ဂိုလ်, သကဒါဂါမ်ပုဂ္ဂိုလ်, သကဒါဂါမ် ဖြစ်ရန်ကျင့်ဆဲပုဂ္ဂိုလ်, အနာဂါမ်ပုဂ္ဂိုလ် အနာ ဂါမ်ဖြစ်ရန် ကျင့်ဆဲပုဂ္ဂိုလ်, ရဟန္တာပုဂ္ဂိုလ် ရဟန္တာဖြစ်ရန်ကျင့်ဆဲ ပုဂ္ဂိုလ်ဟူသောကြီးမြတ် သော ပုဂ္ဂိုလ်တို့၏ နေရာဖြစ်ခြင်း-

ဟူသောအံ့ဖွယ် ၈-မျိုးနှင့်ပြည့်စုံသည်ဟုံ ပဟာရာဒအသုရာ အား ဘုရားရှင်ဟောတော်မူသည်။[၁]

## ၁၀-ဥပေါသထသုတ်

## ဒုဿီလရဟန်းထုတ်ပြီးမှ ဘုရားရှင် ပါတိမောက်ပြ

၂၀။ ဘုရားရှင် သာဝတ္ထိပြည် ပုဗ္ဗာရုံ ကျောင်းတိုက် ဝိသာခါပြာသာဒ်၌သီတင်းသုံးစဉ် ဥပုသ်နေ့ ရဟန်းသံဃာများ ခြံရံလျက် ထိုင်နေတော်မူ၏၊ ညဥ့်သုံးယံလွန်သော်လဲ ဘုရားရှင် ပါတိမောက် ပြတော်မမူချေ၊ အရှင်အာနန္ဒာက သုံးကြိမ်တိုင် လျှောက်ထားရာ နောက်ဆုံး အကြိမ်တွင် ဘုရားရှင် ပရိသတ် မစင်ကြယ်ဟု မိန့်တော်မူသည်၊ ထိုအခါ အရှင်မဟာမောဂ္ဂလ္လာန် သည် ရဟန်းသံဃာအားလုံး၏ စိတ်ကို မိမိစိတ်ဖြင့် ပိုင်းခြား နှလုံးသွင်းတော်မူလေရာ ဒုဿီလရဟန်းကို တွေ့မြင်၍ လက် မောင်းကိုင်၍ တံခါးမုခ်မှအပြင်ထုတ်ပြီး မင်းတုပ်ယေ မင်းတုပ် ကြီးလျှို၍ ဘုရားရှင်လျှောက်ထားရာ ရဟန်းတို့....ငါသည်ယနေ့ မှစ၍ ဥပုသ်မပြုတော့အံ့၊ ပါတိမောက်မပြတော့အံ့၊ မစင်ကြယ် သောပရိသတ်၌ ဘုရားမြတ် ပါတိမောက်ပြရာသောအကြောင်း မဖြစ်နိုင်-ဟု မိန့်တော်မူပြီး သမုဒ္ဒရာအံ့ဖွယ် သာသနာ့အံ့ဖွယ် ရှစ်သွယ်ကို ဟောတော်မူသည်။[၂]



၁။ အံ၊ ၃၊ ၃၇-၄၄၊ ၂။ အံ၊ ၃၊ ၄၄-၆၊

ဆောင်။ ။အစဉ်နက်ဝှမ်း, ကမ်းကိုမလွန်, ရှိဖွယ်ဆယ်ပစ်, တစ်မည်ဖြစ်ခြင်း, မယုတ်မတိုး, ဆယ်မျိုးရတနာ, ရသာဆားတူ, ကြီးသူနေရာ, ဤရှစ်ဖြာသည်, မဟာသမုဒ္ဒရာ အံ့ဖွယ်တည်း။
သိက္ခာစဉ်ရှိ, ထိုပြီတစ်ဖြာ, သိက္ခာပုဒ်ကမ်း, ကျင့်လမ်းမလွန်, တစ်ထန်ရသီလ, ကင်းစင်ပဏ်, သကျပုတ္တ, တစ်မည်ရနှင့်, အမတနိဗ္ဗာန်, လျော့ရန်မရှိ, ဝိမုတ္တိရသ, ကေရသာ, တစ်မျိုးသာရှိ, သတိပဋ္ဌာန် ပဓာန်သမ္မ, ပါဒဣဒ္ဓိ, ဣန္ဒြိဗောဇ္ဈင်, မဂ္ဂင်ရှစ်ဖြာ, ရတနာရှိ, သောတာပန်, စသည့်ဥက္ကဋ္ဌ, ပုဂ္ဂိုလ်မြတ်တို့, ပျော်အပ်စံရာ, ဤရှစ်ဖြာသည်, မြတ်စွာ သာသနာ အံ့ဖွယ်တည်း။

## ၃။ ဂဟပတိဝဂ်

### ၁-ပဌမဥဂ္ဂသုတ်

#### ဝေသာလီပြည်သား ဥဂ္ဂသူကြွယ်၏ အံ့ဖွယ်ရှစ်သွယ်

၂၁။ ဝေသာလီပြည်သား ဥဂ္ဂသူကြွယ်၏-

(၁) မြတ်စွာဘုရားကို ရှေးဦးစွာမြင်သည်နှင့် တစ်ပြိုင်နက် မြတ်စွာဘုရားအား ကြည်ညိုခြင်းသည် ဥဂ္ဂသူကြွယ်၏ ပထမအံ့ဖွယ်။

(၂) မြတ်စွာဘုရားထံမှ တရားနာရ၍ သောတာပန်
တည် ရတနာသုံးပါး ကိုးကွယ်ရာဟု ဆည်းကပ်
ပြီးမှ ဗြဟ္မစရိယသိက္ခာပုဒ်လျှင် ငါးခုမြောက်ရှိသော
သိက္ခာပုဒ်တို့ကို တည်ခြင်းသည် ဥဂ္ဂ သူကြွယ်
၏ ဒုတိယအံ့ဖွယ်။

(၃) ဥဂ္ဂ သူကြွယ်မှာ ကုမာရီအရွယ် နုနယ်ပျိုမြစ်
သော မယားလေးယောက်ရှိရာ မယားများ
ကို နှမတို့သည် အိမ်မှာနေလို နေကြပါ၊ ဆွေ
မျိုးအိမ် ပြန်လိုပြန်ကြပါ၊ အခြားယောကျ်ား
လင်သားလိုချင်လျှင်လဲ ရှာကြပါ, ယူကြပါဟု
ဆိုရာ မယားကြီး၏ ယောကျ်ားလိုချင်သည်
ဆိုရာ လက်ဝဲလက်ဖြင့် မယားကိုကိုင် လက်ျာ
လက်ဖြင့် ရေကရားကိုင်ပြီး အလိုရှိသော
ယောကျ်ားအား စွန့်ရာ ဥဂ္ဂ သူကြွယ်မှာ
စိတ်ဖောက်ပြန်မှုမရှိချေ၊ ဤကား ဥဂ္ဂ သူ
ကြွယ်၏ တတိယအံ့ဖွယ်။

(၄) အိမ်ရှိစည်းစိမ်များကို သီလဝန္တပုဂ္ဂိုလ်များနှင့်
မခွဲခြား၊ ဤကား ဥဂ္ဂ သူကြွယ်၏ စတုတ္ထ
အံ့ဖွယ်၊

(၅) ဥဂ္ဂ သူကြွယ်သည် ရဟန်းသို့ ဆည်းကပ်လျှင်
ရိုသေစွာဆည်းကပ်သည်၊ မရိုမသေ မဆည်း
ကပ်ချေ၊ ဤကား ဥဂ္ဂ သူကြွယ်၏ ပဉ္စမအံ့
ဖွယ်။

(၆) ဥဂ္ဂ သူကြွယ်အား အရှင်မြတ်က တရားဟော လျှင် ရိုသေစွာနာသည်၊ မရိုမသေမနာချေ၊ ဥဂ္ဂ သူကြွယ်က ထိုအရှင်မြတ်အား တရား မဟောလျှင် ဥဂ္ဂ သူကြွယ်က တရားဟော သည်၊ ဤကား ဥဂ္ဂသူကြွယ်၏ ဆဋ္ဌမအံ့ဖွယ်။

(၇) ဥဂ္ဂ သူကြွယ်ထံ နတ်တွေလာကြသည်၊ ဥဂ္ဂ သူကြွယ်သည် နတ်တို့နှင့်အတူ စကားပြောရ သည်၊ ယင်းသို့ နတ်များလာခြင်း နတ်များနှင့် အတူတကွ စကား ပြောရခြင်းကြောင့် ဥဂ္ဂ သူကြွယ်မှာ မတက်ကြွ၊ ဤကား ဥဂ္ဂ သူကြွယ် ၏ သတ္တမအံ့ဖွယ်၊

(၈) ဥဂ္ဂ သူကြွယ်မှာ ကာမရာဂပဋိဃနှင့် သီလ ဗ္ဗိဋ္ဌိ ဝိစိကိစ္ဆာ ငါးတန်သော အောက်ပိုင်း သံယောဇဉ်တွင် တစ်စုံတစ်ခုမျှမပယ်အပ်သည် မရှိချေ၊ ဤကား ဥဂ္ဂ သူကြွယ်၏ အဋ္ဌမ အံ့ဖွယ်၊

ဝေသာလီပြည်သား ဥဂ္ဂ သူကြွယ်ကို ဤအံ့ဖွယ် ရှစ်သွယ် နှင့်ပြည့်စုံ၏ ဟူ၍ မှတ်ဟု ဘုရားရှင်မိန့်တော်မူသည်။[၁]

---

၁။ အံ၊ ၃၊ ၄၇-၅၀။

## ၂-ဒုတိယဥဂ္ဂသုတ်

### ဟတ္ထိရွာသား ဥဂ္ဂသူကြွယ် အံ့ဖွယ်ရှစ်မျိုး

၂၂။ (၁) ဟတ္ထိရွာသား ဥဂ္ဂသူကြွယ်သည် ကံ့ကော်တော၌လှည့်လည်ပျော်ပါးနေစဉ် ဘုရားရှင်ကို ရှေးဦးစွာစတင် ဖူးမြင်ရလေရာ ဖူးမြင်လျှင် ဖူးမြင်ရချင်း ကြည်ညိုသည်၊ သေချည်သေရက် မူးယစ်ခြင်းပြေပျောက်သည်၊ ဤကား ဟတ္ထိရွာသား ဥဂ္ဂသူကြွယ်၏ ပထမအံ့ဖွယ်၊

(၂) ဘုရားရှင် ဟောကြားတရားကြားရ၍ သောတာပန်တည် အရိယသာဝက ဥပါသကာဖြစ်၊ ဗြဟ္မစရိယသိက္ခာပုဒ်လျှင် ငါးခုမြောက်ရှိသော သိက္ခာပုဒ်ဆောက်တည်သည်၊ ဤကား ဟတ္ထိရွာသား ဥဂ္ဂသူကြွယ်၏ ဒုတိယအံ့ဖွယ်၊

(၃) ဟတ္ထိရွာသား ဥဂ္ဂ သူကြွယ်မှာ ကုမာရီ ရွယ် အလှဆန်းကြွယ်သည့်နုနယ်ပျိုမျစ်သောမယား လေးယောက်ရှိသည်။ မယားလေးယောက်တို့ကို နှမတို့...ကိုကဲသလိုစီမံကြ၊ အိမ်မှာနေလို နေကြ၊ ရှိသော စည်းစိမ် သုံးဆောင်ကြပါ၊ ဆိုင်ရာဆွေမျိုးများထံ သွားလိုလျှင် သွားကြပါ၊ လင်လိုချင်လျှင်လဲ ရှာကြပါဟု ပြောဆိုရာ မယားကြီးက- လင်လိုချင်သည်ဟု ဆိုသဖြင့်

လက်ဝဲလက်ဖြင့် မယားကိုကိုင် လက်ျာလက်ဖြင့် ရေကရားကိုင်၍ ထိုယောကျ်ားအား စွန့်လှူရာ ပျိုနုသောမယားကို စွန့်လှူရသည့်အတွက် စိတ်ဖောက်ပြန်ခြင်း တစိုးတစိ မရှိချေ၊ ဤကား ဟတ္ထိဂ္ဂါမသား ဥဂ္ဂသူကြွယ်၏ တတိယအံ့ဖွယ်၊

(၄) အိမ်ရှိ ဥစ္စာစနစ်ကို သီလဝန္တပုဂ္ဂိုလ်များနှင့်မခွဲခြား၊ ဤကား ဟတ္ထိဂ္ဂါမသားဥဂ္ဂသူကြွယ်၏ စတုတ္ထအံ့ဖွယ်၊

(၅) ဟတ္ထိဂ္ဂါမသား ဥဂ္ဂသူကြွယ်သည် ရဟန်းသို့ဆည်းကပ်လျှင် ရိုသေစွာဆည်းကပ်သည်၊ မရိုမသေမဆည်းကပ်ချေ၊ထိုရဟန်းက တရားဟောလျှင် ရိုသေစွာ နာယူသည်၊ ရဟန်းက မဟောလျှင် ရဟန်းအား ဥဂ္ဂသူကြွယ်က တရားဟောသည်၊ ဤကား ဟတ္ထိဂ္ဂါမသား ဥဂ္ဂသူကြွယ်၏ ပဉ္စမအံ့ဖွယ်၊

(၆) ဥဂ္ဂသူကြွယ်သည် သံဃာတော်ကို လုပ်ကျွေးလျှင် ဤမည်သောပုဂ္ဂိုလ်အား နည်းနည်းလှူ၍ ဤမည်သောပုဂ္ဂိုလ်အား များများလှူမည်ဟု စိတ်ဖြစ်သည် မသိဖူးချေ၊ မျှမျှတတ ပေးလှူသည်၊ ဤကား ဟတ္ထိဂ္ဂါမသား ဥဂ္ဂသူကြွယ်၏ဆဋ္ဌအံ့ဖွယ်၊

(၇) ဟတ္ထိရွာသား ဥဂ္ဂသူကြွယ်ထံ နတ်တွေ့လာကြသည်၊ ဥဂ္ဂသူကြွယ်သည် နတ်တို့နှင့် စကားပြောရသည်၊ ယင်းနတ်တွေ့လာကြခြင်း, နတ်တွေ့နှင့် စကားပြောရခြင်းကြောင့် ဥဂ္ဂသူကြွယ်မှာ စိတ်တက်ကြွမှုမရှိချေ၊ ဤကား ဟတ္ထိရွာသား ဥဂ္ဂသူကြွယ်၏ သတ္တမအံ့ဖွယ်၊

(၈) ဟတ္ထိရွာသား ဥဂ္ဂသူကြွယ်မှာ တစ်ဖန် ဤလောကသို့လာရန် သံယောဇဉ်မရှိပြီ၊ ဤကား ဟတ္ထိရွာသား ဥဂ္ဂသူကြွယ်၏ အဋ္ဌမအံ့ဖွယ်။

ဤဆည်လျှင် ဟတ္ထိရွာသား ဥဂ္ဂသူကြွယ်၏ အံ့ဖွယ်ရှစ်ပါး ဖြစ်သည်ဟု ဘုရားရှင် မိန့်တော်မူသည်။

## ၃-ပဌမဟတ္ထကသုတ်

### ဟတ္ထကအာဠဝက၏ အလိုနည်းမှုအံ့ဖွယ် ၇-မျိုး တစ်နည်း ၈-မျိုး

၂၃။ ဘုရားရှင် အာဠဝီပြည်အဂ္ဂါဠဝစေတီ(အဂ္ဂါဠဝံနတ်ကွန်း)၌ သီတင်းသုံးစဉ်-ရဟန်းတို့—

ဟတ္ထကအာဠဝကသည်-

(၁) သဒ္ဓါရှိ၊

(၂) သီလရှိ၊

---

၁။ အံ၊ ၃၊ ၅၀-၅၃။

(၃) ဒုစရိုက်မှ ရှက်တတ်၊
(၄) ဒုစရိုက်မှ လန့်တတ်၊
(၅) များသော အကြားအမြင်ရှိ၊
(၆) စွန့်ကြဲပေးကမ်းတတ်သည်၊
(၇) ပညာရှိသည်၊

ဤဟတ္ထကအာဠဝကမှာ ဤအံ့ဖွယ် ၇-မျိုးနှင့်ပြည့်စုံသည်ဟု ရဟန်းတို့အား ဟောတော်မူသည်။

ထိုအခါ ရဟန်းတစ်ပါး ဟတ္ထကအာဠဝကအိမ် ဆွမ်းခံကြွရာ ခင်းထားသောနေရာ၌ ထိုင်နေပြီး အိုဟတ္ထကအာဠဝက သင့်ကို ဘုရားရှင်က အံ့ဖွယ် ၇-မျိုးနှင့်ပြည့်စုံသည်ဟု မိန့်ကြားတော်မူသည်၊ ဟတ္ထကအာဠဝကက မြတ်စွာဘုရားမိန့်ကြားရာ အရပ်၌ အဝတ်ဖြူဝတ်သော လူဘာစ်စုံတစ်ယောက်ရှိပါသလော့ဟု မေးလျှောက်ရာ လူတစ်စုံတစ်ယောက်မျှမရှိဟု မိန့်ကြားသည်၊ ထိုမိန့်ကြားရာအရပ်၌ လူဘာစ်စုံတစ်ယောက်မရှိသည်မှာ ကောင်းပါသည်ဟု လျှောက်လေသည်၊ ထိုရဟန်းက မြတ်စွာဘုရားထံ ချဉ်းကပ်၍ ဤအကြောင်း လျှောက်လေရာ ဘုရားမြတ်စွာက—

ရဟန်း ကောင်းစွ၊ ကောင်းစွ၊ ထိုအမျိုးကောင်းသားအလိုနည်းသည်၊ မိမိမှာ ထင်ရှားရှိသည်သာလျှင် ဖြစ်သောကုသိုလ်တရားတို့ကို သူတစ်ပါးတို့အား ဖြစ်စေခြင်းငှာအလို

မရှိ၊ ထို့ဖြစ်၍ သင်သည် ဟတ္ထကအာဠဝကကို အလိုနည်းခြင်း ဟူသော အံ့ဖွယ်ဖြစ်သော မဖြစ်ဖူးမြဲဖြစ်သော ဤသဘောနှင့် လဲပြည့်စုံသူဟူ၍ မှတ်လေလော့ဟူ မိန့်တော်မူသည်။[၁]

## ၄-ဒုတိယဟတ္ထကသုတ်

### ဟတ္ထကအာဠဝက၏ အံ့ဖွယ် ၈-မျိုး

၂၄။ ဘုရားရှင်အာဠဝီပြည် အဂ္ဂါဠဝစေတီ (အဂ္ဂါဠဝနတ်ကွန်း)၌ သီတင်းသုံးစဉ် ဟတ္ထကအာဠဝကသည် ဥပါသကာ ငါးရာ ခြံရံပြီး ဘုရားထံ ရောက်လာရာ ဘုရားမြတ်စွာက အိုဟတ္ထက...သင်သည် ပရိသတ်ကို ဘယ်သို့ချီးမြှောက်သနည်းဟု မေးရာ ဟတ္ထကအာဠဝက မြတ်စွာဘုရား....တပည့်တော်သည် သင်္ဂဟဝတ္ထုလေးမျိုးဖြင့် ပရိသတ်ကို ချီးမြှောက်ပါသည်၊ ပေးကမ်းခြင်းဖြင့် ချီးမြှောက်ထိုက်သူကို ပေးကမ်းခြင်းဖြင့် ချီးမြှောက်ပါသည်၊ ချစ်ဖွယ်သောစကားကို ပြောကြားခြင်းဖြင့် ချီးမြှောက်ထိုက်သူကို ချစ်ဖွယ်သော စကားကို ပြောကြားခြင်းဖြင့် ချီးမြှောက်ပါသည်၊ အကျိုးစီးပွားကို ဆောင်ရွက်ပေးခြင်းဖြင့်ချီးမြှောက်ထိုက်သူကိုအကျိုးစီးပွားဖြင့် ဆောင်ရွက်ပေးခြင်းဖြင့် ချီးမြှောက်ပါသည်၊ မိမိနှင့်အတူအမျှ ပြုခြင်းဖြင့် ချီးမြှောက်ထိုက်သူကို မိမိနှင့် အတူအမျှ ပြုခြင်းဖြင့် ချီးမြှောက်ပါသည်. စသည်ဖြင့် လျှောက်ထားရာ ဘုရားမြတ်စွာကသာဓုခေါ်တော်မူ၍ ရှေးကချီးမြှောက်သူဟူသမျှ ဤသင်္ဂဟဝတ္ထုလေးပါးဖြင့် ချီးမြှောက်ကြသည်၊ နောင်

---

၁။ အံ၊ ၃၊ ၅၃-၄။

အခါ ချီးမြှောက်သူများလဲ ဤ အင်္ဂါ ၀တ္ထု လေးပါးဖြင့် ချီးမြှောက်ကြလိမ့်မည်ဟုလဲ မိန့်ကြားတော်မူသည်။

ဟတ္ထအာဠဝက ပြန်သွားပြီးနောက် ဘုရားရှင်က ရဟန်းတို့အား ရဟန်းတို့....ဟတ္ထက အာဠဝကသည်—

(၁) သဒ္ဓါရှိ၊
(၂) သီလရှိ၊
(၃) ဒုစရိုက်မှ ရှက်တတ်၊
(၄) ဒုစရိုက်မှ လန့်တတ်၊
(၅) အကြားအမြင်များ၊
(၆) စွန့်ကြဲပေးကမ်းတတ်သည်၊
(၇) ပညာရှိသည်၊
(၈) အလိုနည်းသည်။

ဤသို့လျှင် ဟတ္ထကအာဠဝကသည် အံ့ဖွယ် ၈-မျိုးနှင့် ပြည့်စုံသည်ဟူ၏။[၁]

## ၅-မဟာနာမသုတ်

### မဟာနာမ်သာကီဝင်အံ့မေး ဘုရား:ဖြေဆို့ဥပါသကာအဖြေ

၂၅။ ဘုရားရှင်သည် သက္ကတိုင်း ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်း၌ သီတင်းသုံးစဉ် မဟာနာမ်သာကီဝင် ချဉ်းကပ်လာ၍—

---

၁။ အံ၊ ၃၊ ၃၄-၅၊

(၁) အဘယ်မျှသော အကြောင်းဖြင့် ဥပါသကာမည်ပါသနည်း။

(၂) အဘယ်မျှသော အကြောင်းဖြင့် ဥပါသကာသည် သီလရှိသူ မည်ပါသနည်း။

(၃) အဘယ်မျှသောအကြောင်းဖြင့် မိမိအကျိုးငှာကျင့်၍ သူတစ်ပါး အကျိုးစီးပွား အလို့ငှာမကျင့်သနည်း။

(၄) အဘယ်မျှသော အကြောင်းဖြင့် မိမိအကျိုးငှာလဲ ကျင့်၍ သူတစ်ပါးအကျိုးငှာ ကျင့်သူမည်ပါသနည်းဟု ပြဿနာ ၄-ချက် လျှောက်ထားလေသည်။

ဘုရားရှင်က—

(၁) အမေးကို ဘုရားကို ကိုးကွယ်ရာဟု ဆည်းကပ်၊ တရားကို ကိုးကွယ်ရာဟု ဆည်းကပ်၊ သံဃာကို ကိုးကွယ်ရာဟု ဆည်းကပ်၊ ဤအကြောင်းဖြင့် ဥပါသကာ မည်၏ဟု ဖြေတော်မူသည်။

(၂) အမေးကို အို-မဟာနာမ် ဥပါသကာသည် သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်၊ သူ့ဥစ္စာခိုးယူခြင်းမှ ရှောင်ကြဉ်၊ ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်၊ မဟုတ်မမှန်ပြောဆိုခြင်းမှ ရှောင်ကြဉ်၊ သေရည်သေရက်သေဒက်စားခြင်းမှ ရှောင်ကြဉ် ဤအကြောင်းဖြင့်

ဥပါသကာသည် သီလရှိသူ မည်၏ဟု မိန့်တော်မူသည်။

(၃) အမေးကို မိမိကသာ သဒ္ဓါ, သီလ, စာဂ, ဈာန်များကို ပူးမြင်စေလို မိမိကသာ သူတော်ကောင်းတရားနာလို ကြားနာပြီး တရားဆောင်ထား မှတ်သားခြင်း သဘောရှိ မိမိကသာ ကြားနာပြီး တရားများ၏ အကြောင်း ဟုတ်မဟုတ် စုံးစမ်းတတ် မိမိသာလျှင် အနက်ပါဠိသိလျက် လောကုတ္တရာတရားအား လျော်သောအကျင့်ကို ကျင့်၍ သူတစ်ပါးကို သဒ္ဓါရှိအောင်, သီလရှိအောင်, စာဂရှိအောင်စသည် မကျင့်ဆောင်စေ၊ ဤအကြောင်းဖြင့် မိမိအစီးအပွားကို ကျင့်၍ သူတစ်ပါး၏ အကျိုးစီးပွားအလို့ငှာ မကျင့်ဟု မိန့်တော်မူသည်။

(၄) မိမိလဲ သဒ္ဓါသီလ စသည်နှင့် ပြည့်စုံ၍ သူတစ်ပါးတို့ကိုလဲ သဒ္ဓါသီလ စသည်နှင့် ပြည့်စုံစေသူသည် မိမိအကျိုးစီးပွား, သူတစ်ပါး အကျိုးစီးပွားအလို့ငှာ ကျင့်သည်မည်၏ဟု မိန့်တော်မူသည်။[၁]

---

၁။ အံ၊ ၃၊ ၅၅-၇။

## ၆-ဇီဝကသုတ်

### သမားတော်ဇီဝက မေး ဘုရားက ဖြေ

၂၆။ အခါတစ်ပါး ဘုရားရှင် ရာဇဂြိုဟ်ပြည် ဇီဝက၏ သရက်ဥယျာဉ်၌သီတင်းသုံးစဉ် သမားတော်ဇီဝကက ဘုရားထံ ရောက်လာ၍ မဟာနာမ် သာကီဝင်နည်းတူ ပုစ္ဆာ ၄-ချက် မေးလျှောက်ရာ ဘုရားရှင်က ကရုဏာရှေ့ထား ဖြေကြားတော် မူသည်။[၁]

## ၇-ပဉ္စမ ဗလသုတ်

### အား ၈-မျိုး

၂၇။ (၁) သူငယ်များမှာ ငိုကြွေးခြင်းဟူသော အားရှိကြသည်။

(၂) မိန်းမများမှာ အမျက်ထွက်ခြင်းဟူသော အား ရှိကြသည်။

(၃) ခိုးသူများမှာ လက်နက်ဟူသော အားရှိကြသည်။

(၄) မင်းများ (ရှင်ဘုရင်များ) မှာ အစိုးရခြင်း ဟူသော အားရှိကြသည်။

(၅) သူမိုက်များမှာ ကဲ့ရဲ့ခြင်းဟူသော အားရှိကြသည်။

---

၁။ အံ၊ ၃၊ ၅၇-၁။

(၆) ပညာရှိများမှာ အကျိုးရှိ, မရှိ ရှုခြင်းဟူသော အားရှိကြသည်။
(၇) အကြားအမြင် များသူများမှာ ဆင်ခြင်ခြင်းဟူသော အားရှိကြသည်။
(၈) သမဏပြာဟ္မဏ(ရဟန်းပုဏ္ဏား)များမှာ သည်းခံခြင်း ဟူသော အားရှိကြသည်။ ဤကား အား ၈-မျိုး။[၁]

## ၈-ဒုတိယ ဗလသုတ်

### ရဟန္တာ ရဟန်း၏ ဉာဏ်အား ၈-မျိုး

၂၈။ (၁) အာသဝေါကုန်ပြီးသော ရဟန်း၏ အလုံးစုံသော သင်္ခါရတို့ကို မမြဲသောအားဖြင့် ဟုတ်တိုင်းမှန်စွာ ကောင်းသော ဝိပဿနာမဂ်ပညာဖြင့် သိမြင်ခြင်းသည် အာသဝေါ ကုန်ခန်း ရဟန္တာရဟန်း၏ အားဖြစ်သည်၊ ယင်းအားကို စွဲကာ ရဟန္တာရဟန်းသည် ငါ့မှာ အာသဝေါ တရားတွေ ကုန်လေပြီဟု အာသဝေါတရား ကုန်ရာ အရဟတ္တဖိုလ်ကို ဝန်ခံသည်။
(၂) အာသဝေါကုန်ပြီးသော ရဟန်း၏ ကာမဂုဏ်ငါးပါးတို့ကို မီးကျီးစုနှင့် တူကုန်၏ဟု ဟုတ်

တိုင်းမှန်စွာ ကောင်းစွာ ဝိပဿနာမဂ်ပညာဖြင့် မြင်ခြင်းသည်လဲ အာသဝေါကုန်ခန်းရဟန္တာရဟန်း၏ အားဖြစ်သည်၊ ယင်းအားကိုစွဲကာ ရဟန္တာရဟန်းသည် ငါ့မှာ အာသဝေါတရားတွေ ကုန်လေပြီဟု အာသဝေါတို့၏ကုန်ရာ အရဟတ္တဖိုလ်ကို ဝန်ခံသည်။

(၃) အာသဝေါကုန်ပြီးသော ရဟန်း၏ စိတ်သည် သင်္ခါရတို့၏ ဆိတ်ရာနိဗ္ဗာန်သို့ ညွတ်ခြင်း, နိဗ္ဗာန်သို့ ကိုင်းခြင်း, နိဗ္ဗာန်သို့ရှိုင်းခြင်း, နိဗ္ဗာန်၌တည်ခြင်း, ရှင်ရဟန်းအဖြစ်၌ မွေ့လျော်ခြင်း, အာသဝေါတို့၏ အကြောင်း တရားတို့မှ အလုံးစုံသောအခြင်းအရာအားဖြင့် ကင်းခြင်းသည်လဲ အာသဝေါကုန်ခန်း ရဟန္တာရဟန်း၏ အားဖြစ်သည်၊ ယင်းအားကိုစွဲကာ ရဟန္တာရဟန်းသည် ငါ့မှာ အာသဝေါတရားတွေ ကုန်လေပြီဟု အာသဝေါတို့၏ကုန်ရာ အရဟတ္တဖိုလ်ကို ဝန်ခံသည်။

(၄) အာသဝေါကုန်ပြီးသောရဟန်း၏ သတိပဋ္ဌာန်လေးပါးတို့ကို ပွားများခြင်း, ကောင်းစွာပွားများ ခြင်းသည် အာသဝေါ ကင်းကွာရဟန္တာ ရဟန်း၏ အားဖြစ်သည်, ယင်းအားကိုစွဲ၍ အာသဝေါကင်းကွာ ရဟန္တာရဟန်း

သည် ငါ့မှာ အာသဝေါတရားတို့ ကုန်ပြီဟု အာသဝေါတရားတို့ ကုန်ရာ အရဟတ္တဖိုလ်ကို ဝန်ခံသည်။

(၅) အာသဝေါကုန်ပြီးသော ရဟန်း၏ သမ္မပ္ပဓာန် လေးပါးတို့ကို ပွားများခြင်း ကောင်းစွာ ပွားများခြင်းသည် ရဟန္တာ ရဟန်း၏အားဖြစ်သည်၊ ယင်းအားကိုစွဲ၍ ရဟန္တာ ရဟန်းသည် ငါ့မှာ အာသဝေါကုန်ပြီဟု အာသဝေါတရား တို့ကုန်ရာ အရဟတ္တဖိုလ်ကို ဝန်ခံသည်။

(၆) အာသဝေါကုန်ပြီးသော ရဟန်း၏ ဣဒ္ဓိပါဒ်လေး ပါးတို့ကို ပွားများခြင်း, ကောင်းစွာပွားများ ခြင်းသည် ရဟန္တာ ရဟန်း၏အားဖြစ်သည်၊ ယင်းအားကိုစွဲ၍ ရဟန္တာ ရဟန်းသည် ငါ့မှာ အာသဝေါ ကုန်ပြီဟု အာသဝေါတရားတို့ ကုန်ရာ အရဟတ္တဖိုလ်ကိုဝန်ခံသည်။

(၇) အာသဝေါကုန်ပြီးသောရဟန်း၏ဗောဇ္ဈင်ခုနစ် ပါးတို့ကို ပွားများခြင်း ကောင်းစွာပွားများ ခြင်းသည် ရဟန္တာ ရဟန်း၏ အားဖြစ်သည်၊ ယင်းအားကိုစွဲ၍ ရဟန္တာ ရဟန်းသည် ငါ့မှာ အာသဝေါကုန်ပြီဟု အာသဝေါ တရားတို့ ကုန်ရာ အရဟတ္တဖိုလ်ကို ဝန်ခံသည်။

(၈) အာသဝေါကုန်ပြီးသော ရဟန်း၏ အင်္ဂါရှစ်ပါးရှိသော အရိယာမဂ်ကို ပွားများခြင်း ကောင်းစွာပွားများခြင်းသည် ရဟန္တာရဟန်း၏ အားဖြစ်သည်၊ ယင်းအားကိုစွဲ၍ ရဟန္တာရဟန်းသည် ငါမှာ အာသဝေါကုန်ပြီဟု အာသဝေါတရားတို့ကုန်ရာ အရဟတ္တဖိုလ်ကို ဝန်ခံသည်။

ဤသည်လျှင် အာသဝေါကုန်ပြီးသော ရဟန်း၏ဉာဏ်အား ၈-မျိုးဖြစ်ပါသည်ဟု အရှင်သာရိပုတ္တရာက ဘုရားမြတ်စွာအား လျှောက်ထားလေသည်။[၁]

## ၉-အင်္ဂုတ္တိုရ်

မြတ်သောအကျင့်ကိုကျင့်သုံးရန် အခွင့်မဟုတ်ခြင်း ၈-မျိုး

၂၉။ (၁) ငရဲဘုံ၌ ဖြစ်ရခြင်း၊

(၂) တိရစ္ဆာန်မျိုး၌ ဖြစ်ရခြင်း၊

(၃) ပြိတ္တာဘုံ၌ ဖြစ်ရခြင်း၊

(၄) အသညသတ်ဘုံ၌ ဖြစ်ရခြင်း၊

(၅) မဇ္ဈိမဒေသမှအပ အစွန်အဖျားအနားကျသော အရပ်၌ဖြစ်ရခြင်း၊

(၆) တိတ္ထိပရိသာနွယ် နေသူဖြစ်လျက် မိစ္ဆာအယူရှိသူဖြစ်ခြင်း၊

---

၁။ အံ၊ ၃၊ ၅၀-၉။

(၇) မိုက်မဲဆွံ့အသူဖြစ်ရခြင်း၊
(၈) မြတ်စွာဘုရားမပွင့်ခြင်း၊

ဤကား၊ မြတ်သော အကျင့်ကို ကျင့်သုံးရန် အခွင့်အခါ မဟုတ်ခြင်း ၈-မျိုး။[၁]

## ၁၀-အနုရုဒ္ဓမဟာဝိတက္ကသုတ်
## ပုရိသမဟာဝိတက်ကြီး ၈-မျိုး

၃၀။ အခါတစ်ပါးဘုရားမြတ်စွာသည်ဘဂ္ဂတိုင်းသုသုမာရဂိရိမြို့ သားကောင်တို့အား ဘေးမဲ့ပေးရာ ဘေသကဠာတော၌ သီတင်းသုံးတော်မူသည်၊ ထိုအရှင်အနုရုဒ္ဓါသည် စေတီတိုင်း ဘုရားမြတ်စွာနေတော်မူရာမှ အရှေ့ဝါးတော၌ နေတော်မူသည်၊ အရှင်အနုရုဒ္ဓါ ဆိတ်ငြိမ်ရာအရပ် ကပ်ရောက်စဉ် အရှင် အနုရုဒ္ဓါအား-

(၁) ဤလောကုတ္တရာတရားကိုးပါးသည် အလိုနည်းသောပုဂ္ဂိုလ်၏ သန္တာန်မှာသာ ပြည့်စုံနိုင်၏၊ အလိုကြီးသော ပုဂ္ဂိုလ်၏ သန္တာန်မှာ မပြည့်စုံနိုင်။

(၂) ဤလောကုတ္တရာတရား ကိုးပါးသည် ရောင့်ရဲလွယ်သော ပုဂ္ဂိုလ်၏သန္တာန်၌သာ ပြည့်စုံနိုင်၏၊ မရောင့်ရဲသောပုဂ္ဂိုလ်၏သန္တာန်မှာ မပြည့်စုံနိုင်။

---

၁၊ အံ၊ ၃၊ ၆၀-၂၊

(၃) ဤလောကုတ္တရာတရားကိုးပါးသည် ဆိတ်ငြိမ်မှု ရှိသော ပုဂ္ဂိုလ်၏သန္တာန်မှာသာ ပြည့်စုံနိုင်၏၊ အပေါင်းအဖော်၌ မွေ့လျော်သော ပုဂ္ဂိုလ်၏ သန္တာန်မှာ မပြည့်စုံနိုင်။

(၄) ဤလောကုတ္တရာ တရားကိုးပါးသည် ထက်သန် သောလုံ့လရှိသော ပုဂ္ဂိုလ်၏ သန္တာန်မှာသာ ပြည့်စုံနိုင်၏၊ ပျင်းရိသောပုဂ္ဂိုလ်၏ သန္တာန်မှာ မပြည့်စုံနိုင်။

(၅) ဤလောကုတ္တရာတရား ကိုးပါးသည် ထင်လင်း သော သတိရှိသော ပုဂ္ဂိုလ်၏ သန္တာန်မှာ သာ ပြည့်စုံနိုင်၏။ သတိလွတ်သော ပုဂ္ဂိုလ်၏ သန္တာန်မှာ မပြည့်စုံနိုင်။

(၆) ဤလောကုတ္တရာတရားကိုးပါးသည် တည်ကြည် သော စိတ်ရှိသော ပုဂ္ဂိုလ်၏ သန္တာန်မှာသာ ပြည့်စုံနိုင်၏၊ မတည်ကြည်သော စိတ်ရှိသော ပုဂ္ဂိုလ်၏ သန္တာန်မှာ မပြည့်စုံနိုင်။

(၇) ဤလောကုတ္တရာတရား ကိုးပါးသည် ပညာရှိ သော ပုဂ္ဂိုလ်၏ သန္တာန်မှာသာ ပြည့်စုံနိုင်၏၊ ပညာမဲ့သောပုဂ္ဂိုလ်၏သန္တာန်မှာမပြည့်စုံနိုင်။

ဟု စိတ်အကြံ ဖြစ်လေသည်၊ အရှင်အနုရုဒ္ဓာမှာ ၇-ခု မြောက်သော မဟာပုရိသ ဝိတက်ကြီးကြံရန် ပင်ပန်းလျက်ရှိ လေသည်၊ ထိုအခါ ဘုရားမြတ်စွာသည် အရှင်အနုရုဒ္ဓါ၏

အကြံကိုသိတော်မူသည်ဖြစ်၍ အရှင်အနုရုဒ္ဓါနေရာ စေတီတိုင်း အဋ္ဌဝါးတောအရပ် အရှင်အနုရုဒ္ဓါ၏ မျက်မှောက်၌ထင်ရှား ဖြစ်၍ ခင်းထားသောနေရာ၌ ထိုင်တော်မူကာ ရှိခိုး၍ ထိုင်နေ တော်မူသော အရှင်အနုရုဒ္ဓါအား အနုရုဒ္ဓါ... ကောင်းစွ ကောင်းစွ၊ ဤလောကုတ္တရာတရား ကိုးပါးတို့သည် အလိုနည်း သော ပုဂ္ဂိုလ်, ရောင့်ရဲလွယ်သော ပုဂ္ဂိုလ်, ဆိတ်ငြိမ်မှုရှိသော ပုဂ္ဂိုလ်, ထက်သန်သော လုံ့လရှိသော ပုဂ္ဂိုလ်, ထင်လင်းသော သတိရှိသော ပုဂ္ဂိုလ်, တည်ကြည်သော စိတ်ရှိသော ပုဂ္ဂိုလ်, ပညာရှိသော ပုဂ္ဂိုလ်သန္တာန်မှာသာ ပြည့်စုံနိုင်သည်၊သင်သည် ယောကျ်ားမြတ်များ၏ အကြံကိုကောင်းစွာမသေ့ ကြံပေ၏။

ဒုံ•အနုရုဒ္ဓါ...သို့ဖြစ်လျှင် သင်သည်—

(၈) ဤလောကုတ္တရာတရား ကိုးပါးသည် သံသရာ ကို ချဲ့ထွင်တတ်သော တဏှာ မာန ဒိဋ္ဌိဟူ သောပပဉ္စတရားမှကင်းသောပုဂ္ဂိုလ်၏သန္တာန် မှာသာ ပြည့်စုံနိုင်၏၊ ပပဉ္စ တရား၌သာ မွေ့လျော် ပျော်ပိုက်နှစ်ခြိုက်သော ပုဂ္ဂိုလ်၏ သန္တာန်မှာမပြည့်စုံနိုင်—

ဟု ဤရှစ်ခုမြောက် ယောကျ်ားမြတ်များ၏ အကြံကိုကြံ ဦးလော့ဟု ဤလိုနေသည့် ရှစ်ခုမြောက် မဟာပုရိသဝိတက် ကြီးကို ဖြည့်စွက်ပေးတော်မူလေသည်၊ ဘုရားရှင် ဆက်လက်၍ မဟာပုရိသဝိတက်ကြီး ရှစ်မျိုး၏အကျိုးများကို ဆက်လက် ဟောတော်မူပြီး အိုအနုရုဒ္ဓါ....သင်သည် ...နွေခေါင်အခါမှာလဲ

စေတီတိုင်း ဤအရှေ့ဝံါးတောမှာသာလျှင်, ဝါကပ်ကာ မှုသေ့ နေပေလော့ဟု မိန့်တော်မူ၍ စေတီတိုင်း အရှေ့ဝါးတောမှ ကွယ်ခဲ့၍ ဘဂ္ဂတိုင်း သုသုမာရဂိရိမြို့ဝယ် သားကောင်တို့အား ဘေးမဲ့ပေးရာ ဘေသကဠာတော၌ ထင်ရှားဖြစ်တော်မူသည်။

မြတ်စွာဘုရားသည် ခင်းထားအပ်သော နေရာ၌ ထိုင်နေတော်မူပြီးလျှင် ဤမဟာပုရိသဝိတက်ကြီးရှစ်မျိုးကို ရဟန်းတို့အား ဟောကြားတော်မူလေသည်။

ထိုအခါ အရှင်အနုရုဒ္ဓါသည် နောက်နှစ်ဖြစ်သည့် ဝါကပ်ခြင်းကိုလဲ စေတီတိုင်းအရှေ့ ဝါးတောမှာပင် ဝါကပ်ခနေ၏၊ တစ်ယောက်တည်း ဆိတ်ငြိမ်ရာသို့ကပ်လျက်မမေ့မလျော့ ပြင်းထန်စွာအားထုတ်ကာ နိဗ္ဗာန်သို့စေလွှတ်သောစိတ်ရှိသည်ဖြစ်၍ နေသည်ရှိသော်အတုမဲ့ အကျင့်မြတ်၏ အဆုံး အရဟတ္တဖိုလ်၏ အကျိုးကို မကြာမီ ယခုဘဝ၌ပင် ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍နေ၏၊ ပဋိသန္ဓေနေမှု ကုန်လေပြီ၊ မြတ်သော အကျင့် ကျင့်သုံးပြီးလေပြီ၊ အရှင်အနုရုဒ္ဓါသည် ရဟန္တာများတွင် တစ်ပါးအပါအဝင်ဖြစ်လေပြီ၊ အောက်ပေါ်ပြပါ ဂါထာသုံးပုဒ်ကိုလဲ ရွှင်ရွှင်မြူးမြူး ရွတ်ဆိုတော်မူလေပြီ။

၁။ မမသင်္ကပ္ပမညာယ၊ သတ္ထာလောကေ အနုတ္တရော။
မနောမယေန ကာယေန၊ ဣဒ္ဓိယာ ဥပသင်္ကမိ။

၂။ ယဒါ မေ အဟု သင်္ကပ္ပော၊ တတော ဥတ္တရိ ဒေသယိ၊
နိပ္ပပဉ္စရတော ဗုဒ္ဓေါ၊ နိပ္ပပဉ္စံ အဒေသယိ။

၃။ တဿာဟံ ဓမ္မမညာယ၊ ဝိဟာသိံ သာသနေ ရတော။
တိဿော ဝိဇ္ဇာ အနုပ္ပတ္တာ၊ ကတံ ဗုဒ္ဓဿ သာသနံ။[၁]

**ဂါထာနက်။** ။၁။ လောကေ-သုံးလောကဓာတ် ဘုံအရပ်၌၊ အနုတ္တရော-အတုမရှိ မြတ်ခေါင်ထိသော၊ သတ္တာ-လူနတ်ဗြဟ္မာတို့၏ ဆရာ ဗြဟ္မာတို့၏မကိုဋ် သုံးတိုက်ထိပ်တင် ဘုရားရှင်သည်၊ မမ-ငါအနုရုဒ္ဓါ၏၊ သင်္ကပ္ပံ-စိတ်အကြံကို၊ အညာယ-ပိုင်ခြားဘင်ထင် သိမြင်တော်မူ၍၊ မနောမယေနကာယေန-အဘိညာဉ်စိတ်ကြောင့် ဖြစ်ပေါ် မြတ်ကိုယ်တော်ဖြင့်၊ ဣဒ္ဓိယာ-နိုင်းတုမမျှော် တန်ခိုးတော်ဖြင့်၊ ဥပသင်္ကမိ- ငါ့ရဲ့ထံမှောက် ကြွရောက်တော်မူလာလေပြီ။

၂။ မေ-အနုရုဒ္ဓါမထေရ် ငါ၏သန္တာန်၌၊ ယထာ-အကြင်ခုနစ်ပါးသော အခြင်းအရာဖြင့်၊ သင်္ကပ္ပေါ - ထူးချွန်ဥက္ကဋ္ဌယောကျ်ားမြတ်တို့၏ အကြံသည်၊ အဟု-ဖြစ်ခဲ့လေပြီ၊ တတော-ထိုငါ၌ ဖြစ်ဟန် ခုနစ်တန်သောအကြံထက်၊ ဥတ္တရိ-အထက်၌ဖြစ်ရန် ရှစ်ခုမြောက် အကြံကို၊ ဒေသေတိ-ကရုဏာရှေ့ထား ဟောကြားတော်မူလေပြီ၊ နိပ္ပပဉ္စရတော-ပပဉ္စသုံးပါး သံသရာ နယ်ချဲ့တရားတို့မှ ပယ်ရှားရာမှန် မြတ်နိဗ္ဗာန်၌ စိတ်သန်မွေ့လျော် ဖလသမာပတ်ဖြင့် ပျော်တော်မူသော၊ ဗုဒ္ဓေါ-မြတ်စွာဘုရားသည်၊ နိပ္ပပဉ္စံ-ပပဉ္စသုံးပါး သံသရာနယ်ချဲ့တရား

---

၁။ အံ၊ ၃၊ ၆၂-၀။

တို့မှ ပယ်ရှားရာမှန် မြတ်နိဗ္ဗာန်ကို၊ အဒေသယိ-ကရုဏာရှေ့ထား ဟောကြားတော်မူလေပြီ။

၃။ အဟံ-ငါ အနုရုဒ္ဓါသည်၊ တဿ-ထိုမြတ်စွာဘုရား၏ ဓမ္မံ-ဟောဖော်မြွက်ကြား တရားတော်ကို၊ အညာယ-အရဟတ္တဖိုလ်ပေါက် အသိဉာဏ်ရောက်၍၊ သာသနေ-ဘုရားမြတ်စွာ သာသနာတော်၌၊ ရတော-ဖလသမာပတ်ဖြင့် မပြတ်မွေ့လျော် ပျော်ပိုက်သည်ဖြစ်၍၊ ဝိဟာသိံ-နေခဲ့လေပြီ၊ တိဿောဝိဇ္ဇာ-သုံးပါးဝိဇ္ဇာ ပု-ဒိ-အာ တို့သို့၊ အနုပ္ပတ္တာ-အရဟတ္တဖိုလ်ခိုက် ရောက်ဆိုက်အပ်ကုန်ပြီ၊ သာသနံ-သုံးပါးသိက္ခာ သာသနာကို၊ ကတံ-အရဟတ္တဖိုလ်ပေါက် ကျင့်ဆောက်ကြိုးကုတ် အားထုတ်အပ်လေပြီ။

## ၄။ ဒါနဝဂ်

### ၁-ပဌမ ဒါနသုတ်

### အလှူ ၈-မျိုး

၃၁။ (၁) မိမိထံ ရောက်လာသောကြောင့် အလှူပေး၏၊
(၂) ကြောက်သောကြောင့် အလှူပေး၏၊
(၃) ငါ့အား ပေးဖူး၏ဟု အလှူပေး၏၊
(၄) ငါ့အား ပေးလိမ့်မည်ဟု အလှူပေး၏၊
(၅) ပေးမှုသည် ကောင်း၏ဟု အလှူပေး၏၊
(၆) ငါသည် ချက်ပြုတ်ဖုတ်ကင်ကြော်လှော်၏၊ ဤသူတို့ကား မချက်ပြုတ်မဖုတ်ကင်မကြော်လှော်

ကုန် ချက်ပြုတ်ဖုတ်ကင် ကြော်လှော်သော ငါသည် မချက်ပြုတ်မဖုတ်ကင် မကြော်လှော် သူတို့အား အလှူမပေးဘဲ မနေသင့်ဟု အလှူ ပေး၏၊

(၇) အလှူပေးသော ငါမှာ ကောင်းသော ကျော် စောသံ ပျံ့နှံ့လိမ့်မည်ဟု အလှူပေး၏၊

(၈) သမထဝိပဿနာ စိတ်၏အဆင်တန်ဆာ အခြံ အရံ အလို့ငှာ အလှူပေး၏၊ ဤသို့ အလှူ ၈-မျိုး။[၁]

ဤအလှူဒါန ၈-မျိုးတို့တွင် သမထဝိပဿနာစိတ်၏ အဆင် တန်ဆာ အခြံအရံအလို့ငှာ အလှူပေးခြင်းသည် အမြတ်ဆုံး ဖြစ်သည်။၂

ဆောင်။ ။သမထဝိပဿနာ, တန်ဆာခြံရံ, လှူဒါန်, ကောင်း အမြတ်ဆုံးပေတည်း။

## ၂-ဒုတိယ ဒါနသုတ်

### နတ်ပြည်ရောက်ကြောင်း လမ်းကောင်း

၂။ ပေးလှူကြောင်း ယုံကြည်မှု သဒ္ဓါ၊ ပေးလှူကြောင်း ရှက်မှုဟိရီ၊ အပြစ်မရှိသော အလှူဒါန ဤတရားတို့သည် သူ တော်ကောင်းတို့သို့ အစဉ်လိုက်ကုန်၏ ထိုတရားအပေါင်းကို

နတ်ပြည်ရောက်ကြောင်း လမ်းကောင်းဟု ဆိုကြသည်၊ ထို တရားအကောင်းဖြင့် နတ်ပြည်သွားရသည်။[၁]

ဆောင်။ ။သဒ္ဓါဟိရီ၊ ထိုပြီတစ်ဝ၊ ကုသလဒါန၊ ဤသုံးဝ သည်၊ မုချ နတ်ပြည်ရောက်ကြောင်းတည်း။

## ၃-ဒါနဝတ္ထုသုတ်

### ပေးလှူခြင်းအကြောင်း ၈-မျိုး

၃၃။ (၁) ချစ်ခင်မြတ်နိုးသဖြင့် အလှူ လှူဒါန်းခြင်း၊

(၂) အမျက်ထွက်သဖြင့် အလှူ လှူဒါန်းခြင်း၊

(၃) မိုက်မဲတွေဝေသဖြင့် အလှူ လှူဒါန်းခြင်း၊

(၄) ကြောက်သဖြင့် အလှူ လှူဒါန်းခြင်း၊

(၅) အဖအဖိုးတို့လှူဖူးကြသည်၊ ရှေးလူကြီးများ၏ အမျိုးအနွယ်ကို ယုတ်လျော့စေရန် မထိုက်ဟု အလှူဒါန ပေးလှူ၏၊

(၆) ငါသည်အလှူဒါနပြုသဖြင့် သေလွန်ပြီးနောက် ကောင်းမှုရှင်တို့လားရာ နတ်ပြည်မှာ ဖြစ်ရ လိမ့်မည်ဟု အလှူလှူ၏။

(၇) ဤအလှူဒါနပြုသော ငါ့မှာ စိတ် ကြည်လင် ၏၊ နှစ်သက် ဝမ်းမြောက်သော စိတ်ဖြစ်၏ဟု လှူ၏၊

---

၁။ အံ၊ ၃၊ ၆၀။

(၈) သမထဝိပဿနာစိတ်၏ အဆင်တန်ဆာဖြစ်ခြင်းအလို့ငှာ အလှူလှူ၏။

ဤကား ပေးလှူခြင်း၏ အကြောင်း ၈-မျိုး။[၁]

## ၄-ခေတ္တသုတ်

### လယ်ကောင်းအင်္ဂါ ၈-မျိုး၊ လယ်ညံ့အင်္ဂါ ၈-မျိုး အလှူခံပုဂ္ဂိုလ် အင်္ဂါ ၈-မျိုး

၃၄။ (၁) လယ်မြေသည် အမြင့်အနိမ့်လဲဖြစ်၏၊
(၂) ကျောက်ခဲ ကျောက်စရစ်လဲရှိ၏၊
(၃) ဆပ်ပြာလဲပေါက်၏၊
(၄) တွန်ကြောင်းလဲမနက်၊
(၅) ရေဝင်ပေါက်နှင့်လဲ မပြည့်စုံ၊
(၆) ရေထုတ်ပေါက်နှင့်လဲ မပြည့်စုံ၊
(၇) ရေမြောင်းနှင့်လဲ မပြည့်စုံ၊
(၈) ကန်သင်း (ကဇင်း) နှင့်လဲ မပြည့်စုံ။

ဤအင်္ဂါ ၈-မျိုးနှင့်ပြည့်စုံသော လယ်မြေ၌ စိုက်ပျိုးအပ်သော မျိုးစေ့သည် အကျိုးမများ၊ သာယာဖွယ်မရှိ၊ ဤအတူ-

(၁) မှားသောအယူရှိ၊
(၂) မှားသောအကြံ၊

---

၁၊ အံ၊ ၃၊ ၆၉။

(၃) မှားသောစကား၊
(၄) မှားသောအလုပ်၊
(၅) မှားသောအသက်မွေးမှု၊
(၆) မှားသောအားထုတ်မှု၊
(၇) မှားသောအောက်မေ့မှု၊
(၈) မှားသော တည်ကြည်မှု။

ဤအင်္ဂါ ၈-မျိုးနှင့်ပြည့်စုံသော သမဏဗြာဟ္မဏတို့၌ပေးလှူအပ်သောအလှူသည် အကျိုးမများ၊ အာနိသင်မများ၊ တန်ခိုးမကြီး၊ ကြီးသော ပျံ့နှံ့မှုမရှိ။

(၁) လယ်မြေသည် အမြင့်အနိမ့်မရှိ၊
(၂) ကျောက်ခဲ ကျောက်စရစ်ခဲလဲမရှိ၊
(၃) ဆပ်ပြာလဲမပေါက်၊
(၄) ထွန်ကြောင်းလဲ နက်၏၊
(၅) ရေဝင်ပေါက်နှင့်ပြည့်စုံ၏၊
(၆) ရေထုတ်ပေါက်နှင့်လဲပြည့်စုံ၏၊
(၇) ရေမြောင်းနှင့်လဲ ပြည့်စုံ၏၊
(၈) ကန်သင်း (ကဇင်း) နှင့်လဲ ပြည့်စုံ၏၊

ဤအင်္ဂါ ၈-မျိုးနှင့်ပြည့်စုံသော လယ်မြေ၌ စိုက်ပျိုးအပ်သော မျိုးစေ့သည် အကျိုးများသာယာဖွယ်များ ပွားစီးမှုရှိသကဲ့သို့-

(၁) မှန်ကန်သော အယူရှိ၊
(၂) မှန်ကန်သော အကြံရှိ၊
(၃) မှန်ကန်သော စကားကိုပြောခြင်းရှိ၊
(၄) မှန်ကန်သောအလုပ်ရှိ၊
(၅) မှန်ကန်သော အသက်မွေးမှုရှိ၊
(၆) မှန်ကန်သော အားထုတ်မှုရှိ၊
(၇) မှန်ကန်သော အောက်မေ့မှုရှိ၊
(၈) မှန်ကန်သော တည်ကြည်မှုရှိ။

ဤအင်္ဂါ ၈-မျိုးနှင့်ပြည့်စုံသော သမဏဗြာဟ္မဏတို့၌ ပေးလှူအပ်သောအလှူသည် အကျိုးများ၏, အာနိသင်များ၏ တန်ခိုးကြီးကြီးသော ပျံ့နှံ့မှုရှိသည်ဟူ၏၊

ဆောင်။ ။အယူမှန်ဘိ, စသည့်ရှစ်ဖြာ, အင်္ဂါပြည့်လျှံ, အလှူခံအား, သုံးတန်စေတနာ, ပြည့်စွာကိုင်, လှူဒါန်းက, ကြီးလှ ကျိုးဖလပေတည်း။

## ၅-ဒါနူပပတ္တိသုတ်

### ပေးလှူခြင်းကြောင့် ဖြစ်ရခြင်း ၈-မျိုး

၃၅။ ဤလောကမှာ-

(၁) အချို့သူသည် ဥစ္စာစေနပေါ များသော မင်းမျိုး, ပုဏ္ဏားမျိုး, သူကြွယ်မျိုး တစ်မျိုးမျိုးတို့၌ဖြစ်၍

ကာမဂုဏ်ခံစားရန် ရည်သန်တောင့်တ၍ သမဏအားဖြစ်စေ, ဗြာဟ္မဏအားဖြစ်စေ ထမင်းအဖျော် အဝတ် ယာဉ် ပန်းနံ့သာ နံ့သာ ပျောင်းအိပ်ရာနေရာ ကျောင်း ဆီမီး အလှူကို ပေးလှူ၏၊ ထိုသူသည် သေလွန်ပြီးနောက် မိမိတောင့်တသည့် ဥစ္စာဓန ပေါများသော မင်းမျိုး,ပုဏ္ဏားမျိုး, သူကြွယ်မျိုး တစ်မျိုးမျိုး၌ဖြစ်၍ ကာမဂုဏ်ခံစား စည်းစိမ်ခံစားရသည်၊ ထိုသို့ရောက်ခြင်းကိုလဲ သီလရှိသောသူအားသာဟု မိန့်တော်မူသည်၊ သီလရှိသူမှာ စင်ကြယ်သောကြောင့် စိတ်တောင့်တမှု ပြည့်စုံသည်။

(၂) အချို့သူ သေလွန်ပြီးနောက် စတုမဟာရာဇ်နတ်ပြည်၌ဖြစ်၍ စတုမဟာရာဇ်နတ် ကာမဂုဏ်ခံစားရန် တောင့်တ၍လှူသည်။

(၃) အချို့သူ သေလွန်ပြီးနောက် တာဝတိံသာနတ်ပြည်။

(၄) ယာမာနတ်ပြည်၊

(၅) တုသိတာ နတ်ပြည်၊

(၆) နိမ္မာနရတိ နတ်ပြည်၊

(၇) အချို့သူ သေလွန်ပြီးနောက် ပရနိမ္မိတဝသဝတ္တိနတ်ပြည်ရောက်၍ ပရနိမ္မိတဝသဝတ္တိ နတ်

ကာမဂုဏ်ခံစားရန်တောင့်တ၍ ထမင်းအဖျော် အဝတ်ယာဉ် ပန်းနံ့သာ နံ့သာပျောင်း အိပ်ရာ နေရာကျောင်း ဆီမီးအလှူကို ပေးလှူ၏၊ ထိုသူသည် တောင့်တသည့်အတိုင်း သေလွန်ပြီးနောက် ပရနိမ္မိတဝသဝတ္တီနတ်ပြည်၌ဖြစ်၍ ပရနိမ္မိတဝသဝတ္တီနတ်ကာမဂုဏ်ခံစားရသည်၊ ဤသို့ဖြစ်ခြင်းမှာ အလှူခံပုဂ္ဂိုလ်သီလရှိသူအား သာဟု ဘုရားမြတ်စွာမိန့်ကြားသည်၊ သီလရှိသူအား စင်ကြယ်သောကြောင့် စိတ်တောင့်တမှုသည် ပြည့်စုံ၏။

(၈) အချို့သူသည်သမဏအားဖြစ်စေ၊ ဗြာဟ္မဏအားဖြစ်စေ ထမင်းအဖျော်စသော လှူဖွယ်ဝတ္ထုကို ဗြဟ္မာပြည် တောင့်တ၍လှူ၏၊ ထိုအလှူရှင်သေလွန်ပြီးနောက် တောင့်တသည့်အတိုင်း ဗြဟ္မာပြည်၌ဖြစ်ရ၏၊ ထိုသို့ရောက်ခြင်းကိုလဲ သီလရှိသောသူအားသာဟု မိန့်တော်မူသည်၊ သီလမရှိသူအား မိန့်တော်မမူ၊ ဝိက္ခမ္ဘနပဟာန်၊ သမုစ္ဆေဒပဟာန် အားဖြင့် ရာဂကင်းသော ပုဂ္ဂိုလ်အားသာ မိန့်ကြားသည်ဟူ၏၊ သီလရှိသူမှာ ရာဂကင်းသည့်အတွက် စိတ်တောင့်တမှု ပြည့်စုံသည်။

ပေးလှူခြင်းကြောင့် လူ့ပြည် နတ်ပြည် ဖြဟ္မာ့ပြည်၌ ဖြစ်ခြင်းသည် ဤ ၈-မျိုးတည်း ဟူ၏။[၁]

## ၆-ပုညကိရိယဝတ္ထုသုတ်

ဒါနစသော ပုညကိရိယဝတ္ထု အကြောင်း,
ပုညကိရိယဝတ္ထု ၃-မျိုး
ဒါနသီလ အမျိုးမျိုး, အကျိုးပေးအမျိုးမျိုး
ဘုန်းကံနည်း၍ ယုတ်နိမ့်သောအမျိုး၌ဖြစ်ရသူ

၃၆။ (၁) ဒါနဟူသော ပုညကိရိယဝတ္ထု၊ သီလဟူသော ပုညကိရိယဝတ္ထု၊ ဘာဝနာဟူသော ပုညကိရိယဝတ္ထုအားဖြင့် ပုညကိရိယဝတ္ထု ၃-မျိုး၊ ဤလောကမှာ အချို့သူ ဒါနပုညကိရိယာဝတ္ထုကို အနည်းငယ်သာပြုသည်၊ သီလ ပုည ကိရိယဝတ္ထုကိုလဲ အနည်းငယ်သာပြုသည်၊ ဘာဝနာ ပုညကိရိယဝတ္ထုကို မပြီးစေ၊ ထိုသူသေလွန်ပြီး နောက် လူတို့တွင် ဘုန်းကံနည်းသည့် ယုတ်နိမ့်သောအမျိုး၌ ဖြစ်ရသည်။

ဆောင်။ ။ဒါနသီလ, နည်းမျှသာပြု, မပြုဘာဝနာ, ဤသူမှာကား, နောင်ခါလူ့ထံ, ဘုန်းကံနည်းလှ,ယုတ်နိမ့်လှ, ကုလမျိုးဝယ်, ဖြစ်ရှိးတည်း။

---

၁။ အံ၊ ၃၊ ၇၀-၇၂။

ဘုန်းကံကြီးမြင့် မြတ်သောအမျိုး၌ဖြစ်ရသူ

(၉) ဤလောကမှာ အချို့သူ ဒါနမယပုညကိရိယ ဝတ္ထုအတိုင်းအရှည်အားဖြင့်ပြု၊ သီလမယပုည ကိရိယဝတ္ထုကိုလဲ အတိုင်းအရှည်အားဖြင့် ပြု၊ ဘာဝနာပုညကိရိယဝတ္ထုကို မပြီးစေ၊ ထိုသူ သေလွန်ပြီးနောက် လူတို့တွင် ဘုန်းကံကြီးမြတ် သော အမျိုး၌ဖြစ်ရသည်။

ဆောင်။ ။ဒါနသီလ, ကြံဆတိုင်းရှည်, ပြုခဲ့ပြီးသော, ဘာဝနာမှု, မပြုလိုသူ, ကွယ်လွန်မူကား, လူတွင်လူထံ, ဘုန်းကံကြီးလတ်, မြင့်မြတ်သောမျိုး, ဖြစ်ရိုးရှိသည်, သိလေအမျှား ရှင်လူတည်း။

စတုမဟာရာဇ်နတ်ပြည်၌ ဖြစ်ရသူ

(၃) အချို့သူ ဒါနမယပုညကိရိယဝတ္ထုအလွန်အကဲ ပြု၊ သီလမယပုညကိရိယဝတ္ထုကိုလဲ အလွန်အကဲ ပြု၏၊ ဘာဝနာပုညကိရိယဝတ္ထုကိုမူ မပြီးစေ၊ ထိုသူ စတုမဟာရာဇ်နတ်ပြည်၌ ဖြစ်ရသည်။

ဆောင်။ ။ဒါနသီလ, နှစ်ဝအမှု, ပြုထလွန်စွာ, ဘာဝနာ တရား, မပွားထိုသူ, စတုမဟာရာဇ်က, ဖြစ်လေ ရသည်, ရှိန်ဆရှင်လူ သို့ဖွယ်တည်း။

စာတုမဟာရာဇ် နတ်မင်းလေးယောက်တို့သည် ဒါန, သီလ အလွန်အကဲပြုခဲ့သည့်အတွက် နတ်၌ဖြစ်သော အသက်ရှည်ခြင်း

အဆင်းလှခြင်း ချမ်းသာခြင်း အခြံအရံများခြင်း အစိုးရခြင်း နတ်၌ဖြစ်သော ရူပါရုံ,သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ ဟူသော အကြောင်းဆယ်ပါးကြောင့် စာတုမဟာရာဇ် နတ်များကို သာလွန်လွှမ်းမိုးကြသည်ဟူ၏။

တာဝတိံသာနတ်ပြည်၌ ဖြစ်ရသူ

(၄) အချို့သူသည် ဒါနမယပုညကိရိယဝတ္ထု သီလမယပုညကိရိယာ ဝတ္ထုကို အလွန်အကဲပြုသည်၊ ဘာဝနာပုညကိရိယာဝတ္ထုကို မပြုပေ၊ ထိုသူ သေလွန်ပြီးနောက် တာဝတိံသာ နတ်ပြည်၌ ဖြစ်ရသည်၊ သိကြားမင်းသည် ဒါနပုညကိရိယ ဝတ္ထု, သီလပုညကိရိယဝတ္ထုနှစ်မျိုးကို အလွန် အကဲပြုခြင်းကြောင့် နတ်၌ဖြစ်သော အသက် ရှည်ခြင်းစသော ဆယ်ပါးသော အကြောင်းတို့ ဖြင့် တာဝတိံသာနတ်တို့ကို သာလွန်လွှမ်းမိုး သည်။

ဆောင်။ ။ဒါနသီလ, ပုညလွန်က, ဖြစ်ရ တာဝတိံသာ, နတ်ပြည်တည်း။ ဒေဝါနမိန္ဒ, ဂုဏ်သိန်ပြန့်ပွား, သိကြားမင်းကား, နှစ်ပါးဒါန, သီလပုည,ကိုရိ ယကြောင့်,လွှမ်းထနတ်ပြည်၊နှစ်ထပ်လုံးကိုတည်း။

## ယာမာနတ်ပြည်၌ ဖြစ်ရသူ

(၅) အချို့သူသည် ဒါနမယပုညကိရိယဝတ္ထု၊ သီလ
မယပုညကိရိယဝတ္ထုကို အလွန်အကဲပြု၍၊ ဘာ
ဝနာပုညကိရိယဝတ္ထုကို မပြုစေ၊ ထိုသူသည်
သေလွန်ပြီးနောက် ယာမာနတ်ပြည် ရောက်၍
နတ်စည်းစိမ် ခံစားရသည်၊ ထိုယာမာနတ်ဘုံ
၌ သုယာမနတ်သားသည် ဒါနပုညကိရိယဝတ္ထု၊
သီလပုညကိရိယဝတ္ထုတို့ကို အလွန်အကဲပြုခြင်း
ကြောင့် နတ်၌ဖြစ်သော အသက်ရှည်ခြင်း
စသော ဆယ်ပါးသောအကြောင်းတို့ဖြင့် ယာ
မာနတ်တို့ကို သာလွန်လွှမ်းမိုးသည်။

ဆောင်။ ။ဒါနသီလ, ပုညလွန်စွာ, ပြုလုပ်ပါက, ယာမာ
နတ်ထံ, ဖြစ်ပျော်စံဟု, သဗ္ဗညုမြတ်စွာ, မိန့်မှာ
ဟောပြု, သုယာမနတ်, ပြုအပ်ဒါန, မြတ်သီလ
ကြောင့်, လွှမ်းထအကြောင်း ဆယ်ပတည်း။

## တုသိတာနတ်ပြည်၌ ဖြစ်ရသူ

(၆) အချို့သူသည် ဒါနမယပုညကိရိယဝတ္ထု၊ သီလ
မယပုညကိရိယဝတ္ထုတို့ကို လွန်ကဲစွာ ပြုလုပ်၍၊
ဘာဝနာပုညကိရိယ ဝတ္ထုကိုမူမပြုစေ၊ ထိုသူ
သည် သေလွန်ပြီးနောက် တုသိတာ နတ်ပြည်
ရောက်ရသည်၊ သန္တုသိတနတ်သားသည် ဒါန

ပုညကိရိယဝတ္ထု, သီလပုညကိရိယ ဝတ္ထုတို့ကို လွန်လွန် ကဲကဲ ပြုခြင်းကြောင့် နတ်၌ဖြစ်သော အသက်ရှည်ခြင်း စသော ဆယ်ပါး သော အကြောင်းတို့ဖြင့် တုသိတာနတ်တို့ကိုသာလွန် လွှမ်းမိုးနိုင်သည်။

ဆောင်။ ။ဒါနသီလ, လွန်လေကမူ, တုသိတာမည်, နတ်ပြည် ဖြစ်ရ, သန္တုဿိတ, နာမထူးလည်, နတ်သား သည်ကား, နှစ်လီဒါန, သီလကဲလွန်, ပုညမွ ကြောင့်, သာလွန် အကြောင်း ဆယ်ဝဖေ တည်း။

နိမ္မာနရတိ နတ်ပြည်၌ ဖြစ်ရသူ

(၃) ဤလောက၌ အချို့သူသည် ဒါနမယပုညကိရိ ယဝတ္ထု, သီလမယကိရိယဝတ္ထုကို ပြီးစေသည်၊ ဘာဝနာ ပုညကိရိယဝတ္ထုကို မပြီးစေ ထိုသူ သည် သေလွန်ပြီးနောက် နိမ္မာနရတိနတ်ပြည်၌ နတ်စည်းစိမ်ကို ခံစားရသည်၊ ထိုနတ်ဘုံ၌ သု နိမ္မိတနတ်သားသည်ဒါနပုညကိရိယဝတ္ထု, သီလ ပုညကိရိယဝတ္ထုကို အလွန်အကဲပြုခြင်းကြောင့် နတ်၌ ဖြစ်သော အသက်ရှည်ခြင်း စသော အကြောင်း ဆယ်ပါးတို့ဖြင့် နိမ္မာနရတိနတ် တို့ကိုလွှမ်းမိုးနိုင်၏။

ဆောင်။ ။ဒါနသီလ, ပုညကိရိယ, ပြုယလွန်စွာ, မြတ်ပညာကြောင့်, နိမ္မာနဘုံ, ခိုလှုံစံရ, သုနိမ္မိတ, နတ်ဒေဝကား, ဒါနသီလ, ကဲလွန်လှကြောင့်, နိမ္မာနဘုံ, စံခိုလှုံရ, လွန်ထအကြောင်း ဆယ်ဝတည်း။

**ပရနိမ္မိတဝသဝတ္တီနတ်ပြည်၌ဖြစ်ရသူ**

(ဂ) အချို့သူလည်း ဒါနပုညကိရိယဝတ္ထု, သီလပုညကိရိယဝတ္ထုကို အလွန်အကဲပြုသည်၊ ဘာဝနာပုညကိရိယဝတ္ထုကို မဖြစ်စေ၊ ထိုသူသေလွန်ပြီးနောက် ပရနိမ္မိတဝသဝတ္တီ နတ်ပြည်၌ ဖြစ်ရသည်၊ ဝသဝတ္တီနတ်သားသည် ဒါနမယပုညကိရိယ ဝတ္ထု, သီလမယပုညကိရိယ ဝတ္ထုကို အလွန်အကဲ ပြုခြင်းကြောင့် နတ်၌ဖြစ်သော အသက်ရှည်ခြင်း, အဆင်းလှခြင်း, ချမ်းသာခြင်း, အခြံအရံများခြင်း, အစိုးရခြင်း, နတ်၌ဖြစ်သော ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံဟူသော ဆယ်ပါးသောအကြောင်းတို့ဖြင့် ပရနိမ္မိတဝသဝတ္တီ နတ်ကိုကို သာလွန်လွှမ်းမိုးနိုင်သည်။

ရဟန်းတို့…ပုညကိရိယဝတ္ထုတို့သည် ဤ ၃-မျိုးတို့တည်းဟု ဘုရားရှင်မိန့်တော်မူသည်။[၁]

---

၁။ အံ၊ ၃၊ ၇၂–၄။

ဆောင်။ ။ဒါနသီလ, ပုညလွန်က, ပရနိမ္မိတ, ဝသဝတ္တိ, စံရသည်တည့်, ဝသဝတ္တိ, မည်ရထင်ရှား ထိုနတ်သားလည်း, ပြုငြားဒါန, မြတ်သီလကြောင့်, ဆယ်ဝအကြောင်း, ကောင်းမြတ်စုံစွာ, ပရနိမ္မာ, ဒေဝါအားလုံး, လွှမ်းအုပ်ဖုံးသည်, နှလုံးစိတ်ဝယ်, မှတ်စွဲတည်း။

## ၇-သပ္ပုရိသဒါနသုတ်

### သူတော်ကောင်းတို့၏ ပေးလှူခြင်း ၈-မျိုး

၃၇။ (၁) သန့်ရှင်းစင်ကြယ်သော လှူဖွယ်ဝတ္ထုကို ပေးလှူခြင်း၊
(၂) မွန်မြတ်သော လှူဖွယ်ဝတ္ထုကို ပေးလှူခြင်း၊
(၃) သင့်လျော် လျောက်ပတ်သောအခါ၌ ပေးလှူခြင်း၊
(၄) အပ်သောလှူဖွယ်ဝတ္ထုကို ပေးလှူခြင်း၊
(၅) အလှူခံပုဂ္ဂိုလ် လှူဖွယ်ဝတ္ထုကို ရွေးချယ်စိစစ်၍ ပေးလှူခြင်း၊
(၆) မပြတ်ပေးလှူခြင်း၊
(၇) ပေးလှူသည်ရှိသော် စိတ်ကိုကြည်လင်စေခြင်း၊
(၈) ပေးလှူပြီးနောက် နှစ်သက်သော စိတ်ရှိခြင်း၊

ဤကား သူတော်ကောင်းတို့၏ပေးလှူခြင်း ၈-မျိုးတည်း။

## လူ့ပြည်နတ်ပြည်ရောက်

ဤသို့ အင်္ဂါ ၈-ပါးနှင့်အညီ သဒ္ဓါတရားနှင့် ပြည့်စုံစွာ လှုတ်လှုတ်ရဲရဲ စွန့်ကြဲပေးကမ်း လှူဒါန်းလျှင် လူ့ပြည် နတ်ပြည် ရောက်ကြောင်း—

ဧဝံ ယဇိတွာ မေဓာဝီ၊ သဒ္ဓေါ မုတ္တေန စေတသာ၊
အဗျာ ပဇ္ဈံ သုခံ လောကေ၊ ပဏ္ဍိတော ဥပပဇ္ဇတိ။

ဟူသော ဂါထာဖြင့် ဘုရားရှင် မိန့်ကြားတော်မူသည်။

ဂါထာနက်။ ။သဒ္ဓေါ-သဒ္ဓါတရားနှင့်ပြည့်စုံသော၊ မေဓာဝီ-ထက်မြက်သော ဉာဏ်ရှိသော၊ ပဏ္ဍိတော-ပညာရှိသည်၊ မုတ္တေန-လှုတ်လှုတ်ရဲရဲစွန့်ကြဲသော၊ စေတသာ-စိတ်ဖြင့်၊ ဧဝံ-ဤသို့၊ ယဇိတွာ-ပေးလှူပူဇော်၍၊ အဗျာပဇ္ဈံ-ဆင်းရဲဒုက္ခမရှိရာဖြစ်သော၊ လောကံ-လူ့ပြည်နတ်ပြည်လောကသို့၊ ဥပပဇ္ဇတိ-ကပ်ရောက်ရ၏။[၁]

## ၈-သပ္ပုရိသသုတ်

### သူတော်ကောင်း တစ်ယောက်ကြောင့် အများချမ်းသာ

၃၈။ ကောက်စပါး အားလုံးတို့ကို ပြည့်စုံစေတတ်သော ရွာချသွန်းဖြိုး မိုးကြီးသည် များစွာသော လူအပေါင်းတို့၏ အကျိုးစီးပွားချမ်းသာခြင်းအလို့ငှာ ဖြစ်သကဲ့သို့ ဤအတူ လူ

---

၁။ အံ၊ ၃၊ ၇၄။

တော်ကောင်းတစ်ယောက် အမျိုးထဲမှာ ပေါ်ပေါက်လာလျှင် များစွာသော လူအပေါင်းတို့၏အကျိုးစီးပွားချမ်းသာ ဖို့ရန်ဖြစ်သည်၊မိဖတို့၏အကျိုးစီးပွားချမ်းသာခြင်းငှာဖြစ်၊ သားမယား တို့၏ အကျိုးစီးပွားချမ်းသာခြင်းငှာဖြစ်၊ ကျွန်အမှုလုပ် အစေအပါးတို့၏ အကျိုးစီးပွား ချမ်းသာခြင်းငှာဖြစ်၊ အဆွေခင်ပွန်း ချစ်ကျွမ်းဝင်သူတို့၏ အကျိုးစီးပွားချမ်းသာခြင်းငှာ ဖြစ်၊ရှေးက သေလွန်ပြီးသော အဆွေအမျိုးတို့၏ချမ်းသာခြင်းငှာဖြစ်၊ မင်း၏ အစီးအပွား ချမ်းသာခြင်းငှာဖြစ်သည်၊ နတ်တို့၏ အကျိုးစီးပွားချမ်းသာခြင်းငှာဖြစ်၊ သမဏဗြာဟ္မဏတို့၏ အစီးအပွားချမ်းသာခြင်းအလို့ငှာ ဖြစ်သည်ဟူ၏။[၁]

## ၉-အဘိသန္ဒသုတ်

### နတ်ပြည်၌ ဖြစ်စေတတ်သော ကုသိုလ်အယဉ် ၈-မျိုး

၃၉။ (၁) မြတ်စွာဘုရားကို ကိုးကွယ်ရာဟု ဆည်းကပ်ခြင်း၊

(၂) တရားတော်ကို ကိုးကွယ်ရာဟု ဆည်းကပ်ခြင်း၊

(၃) သံဃာတော်ကို ကိုးကွယ်ရာဟု ဆည်းကပ်ခြင်း၊

(၄) သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊

(၅) ပိုင်ရှင်မပေးသော သူတစ်ပါးဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း၊

---

၁၊ အံ၊ ၃၊ ၇၅၊

(၆) ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်းမှရှောင်ကြဉ်ခြင်း၊
(၇) မဟုတ်မမှန် ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊
(၈) ယစ်မူးမေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေအရက် သောက်စားခြင်း မူးယစ်ဆေးဝါး သုံးစွဲခြင်းမှရှောင်ကြဉ်ခြင်း၊

ဤကား ကောင်းမှုအထူ ကုသိုလ်အယဉ် ၈-မျိုး၊ ချမ်းသာကို ဆောင်တတ်သည့် နတ်ပြည်အကျိုးငှာဖြစ်သော ချမ်းသာသော အကျိုးကို ပေးတတ်သော နတ်ပြည်၌ ပဋိသန္ဓေကျိုးကို ဖြစ်စေတတ်သော ရှစ်မျိုးသော ဤကောင်းမှု အယဉ်တို့သည် အလိုရှိခြင်းငှာ နှစ်သက်ခြင်းငှာ နှလုံးကိုပွားစေခြင်းငှာ အစီးအပွားအလိုငှာ ချမ်းသာခြင်းငှာ ဖြစ်ကုန်၏ဟူ၏။[၁]

ဆောင်။ ။သရဏဂုံသုံး၊ သီလငါးပါး၊ တရားရှစ်ဖြာ၊ ပုညာဘိသန္ဒ၊ ပြည့်စုံက မုချနတ်ပြည် ရောက်နိုင်ပါသတည်း။

## ၁၀-ဒုစ္စရိတဝိပါကသုတ်

### ပါဏာတိပါတစသော ဒုစရိုက် ၈-မျိုးအကျိုး

၄၀။ (၁) မှီဝဲအပ်ပွားများအပ် ကြိမ်ဖန်များစွာ ပြုအပ်သော သူတစ်ပါးအသက်ကို သတ်ခြင်းသည် ငရဲ၌ ဖြစ်စေတတ်၊ တိရစ္ဆာန်မျိုး၌ဖြစ်စေတတ်၊

---

[၁] အံ၊ ၃၊ ၇၆-၇၊

ပြိတ္တာဘုံ၌ ဖြစ်စေတတ်သည်၊ သူ့အသက်သတ်ခြင်း၏ အနေပါဆုံး အကျိုးသည် လူဖြစ်သူမှာ အသက်တိုခြင်းကို ဖြစ်စေတတ်သည်။

(၂) မိုဝဲအပ် ပွားများအပ်သော ကြိမ်ဖန်များစွာ ပြုအပ်သော ပိုင်ရှင်မပေးသည့် သူတစ်ပါးဥစ္စာကို ခိုးယူခြင်းသည် ငရဲ၌ဖြစ်စေတတ်၊ တိရစ္ဆာန်မျိုး၌ဖြစ်စေတတ်၊ ပြိတ္တာဘုံ၌ ဖြစ်စေတတ်သည်၊ သူတစ်ပါးဥစ္စာ ခိုးယူခြင်း၏ အပေါဆုံး အကျိုးသည် လူဖြစ်သူမှာ စည်းစိမ်ဥစ္စာ ပျက်စီးခြင်းကို ဖြစ်စေတတ်သည်။

(၃) မိုဝဲအပ် ပွားများအပ် ကြိမ်ဖန်များစွာ ပြုအပ်သော ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်းသည် ငရဲ၌ဖြစ်စေတတ်၊ တိရစ္ဆာန်မျိုး၌ ဖြစ်စေတတ်၊ ပြိတ္တာဘုံ၌ ဖြစ်စေတတ်သည်၊ ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်း၏အပေါဆုံး အကျိုးသည် လူဖြစ်သူမှာ ရန်သူများနှင့် ရန်ဖြစ်စေတတ်သည်။

(၄) မိုဝဲအပ် ပွားများအပ် ကြိမ်ဖန်များစွာ ပြုအပ်သော မဟုတ်မမှန်သော စကားကို ပြောဆိုခြင်းသည် ငရဲ၌ဖြစ်စေတတ်၊ တိရစ္ဆာန်မျိုး၌ ဖြစ်စေတတ်၊ ပြိတ္တာဘုံ၌ ဖြစ်စေတတ်သည်၊ မဟုတ်မမှန်စကားကို ပြောဆိုခြင်း၏ အပေါဆုံး အကျိုးသည် လူဖြစ်သူမှာ မဟုတ်မမှန်

သော စကားဖြင့် စွပ်စွဲခံရခြင်းကို ဖြစ်စေတတ်သည်၊

(၅) မိုဝဲအပ် ပွားများအပ် ကြိမ်ဖန်များစွာ ပြုအပ်သော ကုန်းတိုက်စကား ပြောဆိုခြင်းသည် ငရဲ၌ဖြစ်စေတတ်၊ တိရစ္ဆာန်မျိုး၌ဖြစ်စေတတ်၊ ပြိတ္တာဘုံ၌ဖြစ်စေတတ်သည်၊ ကုန်းတိုက်စကား ပြောကြားခြင်း၏ အပေါ့ဆုံး အကျိုးသည် လူဖြစ်သူမှာ အဆွေခင်ပွန်းတို့နှင့် ကွဲပြားခြင်းကို ဖြစ်စေတတ်သည်၊

(၆) မှီဝဲအပ် ပွားများအပ် ကြိမ်ဖန်များစွာပြုအပ်သော ကြမ်းတမ်းသော စကားကို ပြောဆိုခြင်းသည် ငရဲ၌ဖြစ်စေတတ်၊ တိရစ္ဆာန်မျိုး၌ ဖြစ်စေတတ်၊ ပြိတ္တာဘုံ၌ ဖြစ်စေတတ်သည်၊ ကြမ်းတမ်းသော စကားကို ပြောဆိုခြင်း၏ အပေါ့ဆုံးအကျိုးသည် လူဖြစ်သူမှာ မနှစ်သက်ဖွယ်သော အသံကို ဖြစ်စေတတ်သည်၊

(၇) မှီဝဲအပ် ပွားများအပ် ကြိမ်ဖန်များစွာ အလေ့အလာ ပြုအပ်သော ပြိန်ဖျင်းသော စကားကို ပြောဆိုခြင်းသည် ငရဲ၌ ဖြစ်စေတတ်၊ တိရစ္ဆာန်မျိုး၌ဖြစ်စေတတ်၊ ပြိတ္တာဘုံ၌ ဖြစ်စေတတ်သည်၊ ပြိန်ဖျင်းသော စကားကို ပြောဆိုခြင်း၏ အပေါ့ဆုံးအကျိုးသည် လူဖြစ်

သူမှာ သူတစ်ပါးတို့ မနာယူအပ်သောစကား ရှိသည်ကို ဖြစ်စေတတ်သည်။

(ဂ) ရဟန်းတို့ မိုဝဲအပ် ပွားများအပ် ကြိမ်ဖန်များစွာ ပြုအပ်သော သေအရက်ကို သောက်ခြင်းသည် ငရဲ၌ဖြစ်စေတတ်၊ တိရစ္ဆာန်မျိုး၌ ဖြစ်စေတတ်၊ ပြိတ္တာဘုံ၌ ဖြစ်စေတတ်သည်၊ သေအရက်သောက်ခြင်း,မူးယစ်သေးဝါး သုံးစွဲခြင်း၏ အပေါ့ဆုံး အကျိုးသည် လူဖြစ်သူမှာ ရူးသွပ်ခြင်းကို ဖြစ်စေတတ်သည် ဟု ဘုရားရှင် ဟောတော်မူသည်။[၁]

## ၅။ ဥပေါသထဝဂ်

### ၁-သံခိတ္တူပေါသထသုတ်

### အင်္ဂါရှစ်မျိုးနှင့် ပြည့်စုံသော ဥပုသ်၏အကျိုး

၄၁။ (၁) ရဟန်းတို့... ဤသာဝတ္ထိ၌ အရိယာ တပည့်သည် ရဟန္တာတို့သည် သက်ဆုံးတိုင် အသက်သတ်ခြင်းကိုပယ်၍ အသက်သတ်ခြင်းမှ ရှောင်ကြဉ်ကြသည်၊ တုတ်ချထားကြ, လက်နက်ကိုချထားကြသည်၊ ရှက်တတ် သနား တတ်ကြသည်၊ သတ္တဝါအားလုံး၏ အစီး

---

၁။ အံ၊ ၃၊ ၇၈။

အပွားလိုလားကြသည်၊ ငါလဲ ဤတစ်ညဉ့်နှင့် တစ်နေ့ပတ်လုံး အသက်သတ်ခြင်းကို ပယ်၍ အသက်သတ်ခြင်းမှ ရှောင်ကြဉ်သူ တုတ်ကို ချထားသူ လက်နက်ကိုချထားသူ ရှက်ခြင်းရှိသူ၊ သနားခြင်းသို့ရောက်၍ ခပ်သိမ်းသော သတ္တဝါများ၏ အစီးအပွားကို လိုလားသူ ဖြစ်၍ နေပါအံ့၊ ဤအကြောင်းအင်္ဂါဖြင့်လဲ ရဟန္တာတို့ကို အတုလိုက်၍ပြုပါအံ့၊ ငါ့မှာ ဥပုသ်ကျင့်သုံးအပ်သည်လဲဖြစ်ပေလိမ့်မည်ဟု ဆင်ခြင်၏၊ ဤပဌမအင်္ဂါနှင့်ပြည့်စုံ၏။

(၂) ရဟန္တာတို့သည် သက်ဆုံးတိုင် မပေးသည်ကို ယူခြင်းကိုပယ်၊ မပေးသည်ကို ယူခြင်းမှ ကြဉ်ကြသည်၊ ပေးသည်ကိုသာယူ ပေးသည်ကိုသာ အလိုရှိကြသည်၊ မခိုးမဝှက် စင်ကြယ်သော ကိုယ်ဖြင့် နေကြသည်၊ ငါလဲ ဤတစ်ညဉ့်နှင့် တစ်နေ့ပတ်လုံး မပေးသည်ကို ယူခြင်းကိုပယ်၊ မပေးသည်ကို ယူခြင်းမှရှောင်ကြဉ်လျက် ပေးသည်ကိုသာ ယူလေ့ရှိ အလိုရှိသည်ဖြစ်၍ မခိုးမဝှက် စင်ကြယ်သောကိုယ်ဖြင့် နေပါအံ့၊ ဤအကြောင်း အင်္ဂါဖြင့်လဲ ရဟန္တာတို့ကို အတုလိုက်၍ပြုပါအံ့၊ ငါ့မှာ ဥပုသ်ကျင့်သုံးအပ်သည်လဲ ဖြစ်ပေလိမ့်မည်ဟု ဆင်ခြင်၏၊ ဤဒုတိယအင်္ဂါနှင့် ပြည့်စုံ၏။

(၃) ရဟန္တာတို့သည် သက်ဆုံးတိုင် မမြတ်သော အကျင့်ကိုပယ် မြတ်သောအကျင့်ကို ကျင့်ကြသည်၊ မမြတ်သောအကျင့်မှ ဝေးစွာရှောင်ကြသည်၊ ရွာသူများအလေ့ မေထုန်အကျင့်မှ ရှောင်ကြဉ်ကြသည်၊ ငါလဲ ဤတစ်ညဉ့်နှင့် တစ်နေ့ပတ်လုံး မမြတ်သောအကျင့်ကို ပယ်၍ မြတ်သောအကျင့်ကို ကျင့်လေ့ရှိသည် ဖြစ်၍ မမြတ်သော အကျင့်မှ ဝေးစွာ ရှောင်ကြဉ်လျက် ရွာသူတို့၏အလေ့ မေထုန်အကျင့်မှ ရှောင်ကြဉ်ပါအံ့၊ ဤအကြောင်း အင်္ဂါဖြင့်လဲ ရဟန္တာတို့ကို အတုလိုက်၍ပြုပါအံ့၊ ငါ့မှာ ဥပုသ်ကျင့်သုံးအပ်သည်လဲ ဖြစ်လိမ့်မည်ဟု ဆင်ခြင်၏၊ ဤတတိယအင်္ဂါနှင့် ပြည့်စုံ၏။

(၄) ရဟန္တာတို့သည် မဟုတ်မမှန်ပြောခြင်းကိုပယ်၍ မဟုတ်မမှန် ပြောခြင်းမှ ရှောင်ကြဉ်ကုန်၏၊ အမှန်ကိုသာ ဆိုလေ့ရှိကြသည်၊ မှန်သော စကားချဉ်းစပ်စေကြသည်၊ တည်သောစကားရှိကြသည်၊ ယုံကြည်ထိုက်သောစကားရှိကြသည်၊ လောကကိုမလှည့်စားတတ်ကြ၊ ငါလဲ ဤတစ်ညဉ့်နှင့်တစ်နေ့ပတ်လုံး မဟုတ်မမှန်ပြောဆိုခြင်းကို ပယ်၍မဟုတ်မမှန်ပြောခြင်းမှ ရှောင်ကြဉ်ကြလျက် အမှန်ကိုသာဆိုသူ မှန်သောစကား ဆက်စပ်စေသူ တည်သောစကားရှိသူ ယုံကြည်

ထိုက်သောစကားရှိသူဖြစ်၍ လောကကိုမလှည့်စားဘဲ နေပါအံ့၊ ဤအကြောင်းအင်္ဂါဖြင့်လည်း ရဟန္တာတို့ကိုအတုလိုက်၍ပြုပါအံ့၊ ငါမှာဥပုသ်ကျင့်သုံးအပ်သည်လဲ ဖြစ်ပေလိမ့်မည်ဟု ဆင်ခြင်၏၊ ဤစတုတ္ထအင်္ဂါနှင့်ပြည့်စုံ၏။

(၅) ရဟန္တာတို့သည် အသက်ထက်ဆုံး ယစ်မူးမေ့လျော့ကြောင်းဖြစ်သော သေအရက်သောက်ခြင်းကိုပယ်၍ ယစ်မူး မေ့လျော့ခြင်း၏အကြောင်းဖြစ်သော သေအရက်သောက်ခြင်းမှ ရှောင်ကြဉ်ကြကုန်၏။ ငါလဲ ဤတစ်ညဥ့်နှင့် တစ်နေ့ပတ်လုံး ယစ်မူး မေ့လျော့ခြင်း၏ အကြောင်း သေရည် သေရက် သောက်ခြင်းကိုယ်ပယ်၍ယစ်မူးမေ့လျော့ခြင်း၏အကြောင်းဖြစ်သော သေအရက်ကို သောက်ခြင်းမှ ရှောင်ကြဉ်ပါ၏၊ ဤအကြောင်း အင်္ဂါဖြင့်လဲ ရဟန္တာတို့ကို အတုလိုက်၍ပြုပါအံ့၊ ငါမှာ ဥပုသ်ကျင့်သုံးခြင်းသည်လဲ ဖြစ်ပေလိမ့်မည်ဟု ဆင်ခြင်၏၊ ဤပဥ္စမအင်္ဂါနှင့် ပြည့်စုံ၏။

(၆) ရဟန္တာတို့သည် တစ်ထပ်စာသာ စားကြသည်၊ ညစာ စားခြင်းမှ ရှောင်ကြဉ် နေလဲ့သော အခါ၌ စားခြင်းမှရှောင်ကြဉ်ကြသည်၊ ငါလဲ ဤတစ်ညဥ့်နှင့်တစ်နေ့ပတ်လုံး တစ်ထပ်စာသာ စားပါအံ့၊ ညစာစားခြင်းမှရှောင်ကြဉ်ပါအံ့၊

နေ့လွဲသောအခါ၌ စားခြင်းမှ ရှောင်ကြဉ်ပါအံ့၊ ဤအကြောင်းအင်္ဂါဖြင့်လဲ ရဟန္တာတို့ကို အတုလိုက်ကာပြုပါအံ့၊ ငါ့မှာ ဥပုသ်ကျင့်သုံးခြင်းသည်လဲ ဖြစ်လိမ့်မည်ဟု ထင်ခြင်း၏၊ ဤဆဋ္ဌအင်္ဂါနှင့် ပြည့်စုံ၏။

(၇) ရဟန္တာတို့သည် ကခြင်း, သီခြင်း, တီးမှုတ်ခြင်း, သူတော်ကောင်း တရား၏ ဆူးငြောင့် ဖြစ်သော ပွဲကြည့်ခြင်း, ပန်းပန်ခြင်း, နံ့သာမှုန့်ခြယ်ခြင်း, နံ့သာပျောင်းလိမ်းခြင်းကို ပယ်၍ ကခြင်း သီခြင်း တီးမှုတ်ခြင်း သူတော်ကောင်းတရား၏ ဆူးငြောင့်ဖြစ်သော ပွဲကြည့်ခြင်း ပန်းပန်ခြင်း နံ့သာမှုန့် ခြယ်ခြင်း နံ့သာ ပျောင်းလိမ်းခြင်းမှ ရှောင်ကြဉ်ကြကုန်၏၊ ငါသည်လဲ ဤတစ်ညဉ့်နှင့် တစ်နေ့ပတ်လုံး ကခြင်းသီခြင်း တီးမှုတ်ခြင်း သူတော်ကောင်းတရား၏ ဆူးငြောင့်ဖြစ်သော ပွဲကြည့်ခြင်း ပန်းပန်ခြင်း နံ့သာမှုန့်ခြယ်ခြင်း နံ့သာပျောင်းလိမ်းခြင်းမှ ရှောင်ကြဉ်ပါအံ့၊ ဤအကြောင်းအင်္ဂါဖြင့်လဲ ရဟန္တာတို့ကိုအတုလိုက်ကာပြုပါအံ့၊ ငါ့မှာ ဥပုသ်ကျင့်သုံးခြင်းသည်လဲ ဖြစ်ပေလိမ့်မည်ဟု ဆင်ခြင်၏၊ ဤသတ္တမအင်္ဂါနှင့် ပြည့်စုံ၏။

(ဂ) ရဟန္တာတို့သည် အသက်ထက်ဆုံး မြင့်သော နေရာ မြတ်သော နေရာ၌ နေခြင်းကိုပယ်၍ မြင့်သောနေရာ မြတ်သောနေရာ၌ နေခြင်းမှ ရှောင်ကြဉ်ကြကုန်၏၊ ညောင်စောင်း ငယ်၌ဖြစ်စေ, မြက်ခင်းငယ်၌ဖြစ်စေ နေကြသည်၊ ငါလည်း ဤတစ်ညဉ့်နှင့်တစ်နေ့ပတ်လုံး မြင့်သော နေရာ မြတ်သောနေရာ၌ နေခြင်းကို ပယ်၍ မြင့်သောနေရာ မြတ်သောနေရာ၌ နေခြင်းမှ ရှောင်ကြဉ်လျက် ညောင်စောင်းငယ်၌ဖြစ်စေ, မြက်အခင်း၌ဖြစ်စေနိမ့်သောနေရာ၌ နေပါအံ့၊ ဤအကြောင်းအင်္ဂါဖြင့်လည်း ရဟန္တာတို့ကို အတု လိုက်၍ ပြုပါအံ့၊ ငါမှာ ဥပုသ်ကျင့်သုံးခြင်း သည်လည်း ဖြစ်ပေလိမ့်မည့်ဟု ဆင်ခြင်၏၊ ဤ အဋ္ဌမအင်္ဂါနှင့်လည်း ပြည့်စုံ၏။

ဤသို့ ကျင့်သုံးအပ်သော အင်္ဂါရှစ်မျိုးနှင့် ပြည့်စုံသော ဥပုသ်သည် အကျိုးအာနိသင်ကြီး၊ တန်ခိုးကြီး၊ ကြီးသော ပျံ့နှံ့ခြင်း ရှိသည်။

ဆောင်။ ။ရဟန္တာသခင်, အရှင်တို့နှု, အတုယူကာ, အင်္ဂါ ရှစ်ဖုံ, စုံလင်ပြည့်ညီ, ဤဥပုသ်က, ကြီးလှစွာတခဲ, အာနိသင်ပါတကား။

## ၂-ဝိတ္ထတူပေါသထသုတ်

### ဥပုသ်အကျယ်နှင့် အကျိုးအသီးသီး

၄၂။ ဤသုတ်၌ ဥပုသ်အကျယ်နှင့် အင်္ဂါရှစ်ပါးရှိသော ဥပုသ်၏ အကျိုးကြီးပုံကို ဟောတော်မူသည်၊ အကျိုးကြီးပုံ ဟောတော်မူသောသုတ်ကား ဤသို့တည်း။

အင်္ဂတိုင်း၊ မဂဓတိုင်း၊ ကာသိတိုင်း၊ ကောသလတိုင်း၊ ဝဇ္ဇီတိုင်း၊ မလ္လတိုင်း၊ စေတီတိုင်း၊ ဝင်္ဂတိုင်း၊ ကုရုတိုင်း၊ ပဉ္စာလတိုင်း၊ မစ္ဆတိုင်း၊ သူရသေနတိုင်း၊ အဿကတိုင်း၊ အဝန္တီတိုင်း၊ ဂန္ဓာရတိုင်း၊ ကမ္ဗောဇတိုင်း ဤတစ်ဆယ့်ခြောက်တိုင်းတို့၌ မင်းအဖြစ်ကို ပြုစေခြင်းသည် အင်္ဂါရှစ်မျိုးနှင့် ပြည့်စုံသောဥပုသ်၏ တစ်ဆယ့်ခြောက်စိတ် တစ်စိတ်ကိုမျှ အကျိုးမမီနိုင်၊ အကြောင်းကား နတ်ချမ်းသာနှင့်စာလျှင် လူမင်း၏အဖြစ်သည်အထီးကျန်သောသူ၏ ချမ်းသာနှင့်တူသည်ဟူ၏။

လူ၌ဖြစ်သော အနှစ်ငါးဆယ်သည် စာတုမဟာရာဇ် နတ်များ၏ တစ်နေ့တစ်ညဉ့် မည်၏၊ ထိုညဉ့်ဖြင့် ညဉ့်ပေါင်း သုံးဆယ်သည် လမည်၏၊ ထိုလဖြင့် တစ်ဆယ့်နှစ်လသည် နှစ်၊ ထိုနှစ်ဖြင့် နတ်၌ဖြစ်သော နှစ်ပေါင်း ငါးရာသည် စာတုမဟာရာဇ် နတ်များ၏ အသက်အတိုင်းအရှည်ဖြစ်သည်၊ ဤလောကမှာ မိန်းမဖြစ်စေ, ယောကျ်ားဖြစ်စေ မည်သူမဆို အင်္ဂါရှစ်မျိုးစုံသော ဥပုသ်ကို ကျင့်သုံးခြင်းကြောင့် သေလွန်ပြီးနောက် စာတုမဟာရာဇ် နတ်ပြည်၌ ဖြစ်ရသော အကြောင်း

ရှိသည်၊ ဤသည်ကို ရည်၍ နတ်ချမ်းသာနှင့်စာလျှင် လူမင်း၏ အဖြစ်သည် အထီးကျန်သူ၏ ချမ်းသာနှင့် တူ၏ဟူ၏။

လူတို့အနှစ်တစ်ရာ တာဝတိံသာနတ်ပြည်၌ တစ်နေ့တစ်ညဉ့် ထိုညဉ့်ဖြင့် ညဉ့်ပေါင်း သုံးဆယ်သည် လ၊ လိုလဖြင့် တစ်ဆယ့်နှစ်လသည် နှစ်၊ ထိုနှစ်ဖြင့် နတ်၌ဖြစ်သော နှစ်ပေါင်းတစ်ထောင်သည် တာဝတိံသာ နတ်သက်ဖြစ်သည်၊ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ဥပုသ်စောင့်သူသည် သေလွန်ပြီးနောက် တာဝတိံသာ နတ်ပြည်၌ ဖြစ်ရာသော အကြောင်း ရှိသည်၊ ဤအကြောင်းမျိုးကို ရည်ရွယ်၍နတ်ချမ်းသာကို ထောက်စာ၍ လူမင်း၏ အဖြစ်သည် အထီးကျန်သူ၏ ချမ်းသာနှင့် တူသည် ဟူ၏။

လူတို့၏ အနှစ် နှစ်ရာသည် ယာမာနတ်ပြည်၌ တစ်နေ့တစ်ညဉ့်၊ ထိုညဉ့်ဖြင့် ညဉ့်ပေါင်းသုံးဆယ်သည် လ မည်၏၊ ထိုလဖြင့် တစ်ဆယ့်နှစ်လသည် နှစ်မည်၏၊ ထိုနှစ်ဖြင့် နတ်၌ဖြစ်သော နှစ်ပေါင်း၊ နှစ်ထောင်သည် ယာမာနတ်သက်ဖြစ်သည်၊ မည်သူမဆို အင်္ဂါရှစ်မျိုးနှင့် ပြည့်စုံသည့် ဥပုသ်စောင့်သုံးခြင်းကြောင့် သေလျှင် ယာမာနတ်ပြည်၌ ရောက်ရာသော အကြောင်းရှိသည်၊ ဤအကြောင်းမျိုးကို ရည်ရွယ်၍ နတ်ချမ်းသာကို ထောက်ဆသော် လူမင်းအဖြစ်သည် အထီးကျန်သူ၏ ချမ်းသာနှင့် တူသည် ဟူ၏။

လူတို့၏ အနှစ်လေးရာသည် တုသိတာနတ်ပြည်၌ တစ်နေ့တစ်ညဉ့် မည်၏၊ ထိုညဉ့်ဖြင့် ညဉ့်ပေါင်း သုံးဆယ်သည် လ

မည်၏၊ ထိုလဖြင့် တစ်ဆယ့်နှစ်လသည် နှစ်မည်၏၊ ထိုနှစ်ဖြင့် နတ်၌ဖြစ်သော နှစ်ပေါင်း လေးထောင်သည် တုသိတာ နတ်တို့၏ အသက်အတိုင်းအရှည်ဖြစ်သည်၊ ဤလောကမှာ မည်သူမဆို အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ဥပုသ်စောင့်သုံးခြင်းကြောင့် သေလွန်ပြီးနောက် တုသိတာနတ်ပြည်၌ဖြစ်ရသောအကြောင်း ရှိသည်၊ ဤအကြောင်းမျိုးကို ရည်ရွယ်၍ နတ်ချမ်းသာနှင့် စာလျှင် လူ့မင်းအဖြစ်သည် အထီးကျန်သူ၏ ချမ်းသာနှင့် တူသည် ဟူ၏။

လူ့ပြည်မှာနှစ်ပေါင်းအနှစ်နှစ်ရာသည်နိမ္မာနရတိနတ်ပြည်မှာ တစ်နေ့တစ်ညဉ့် မည်၏၊ ထိုညဉ့်ဖြင့် ညဉ့်ပေါင်း သုံးဆယ်သည် လမည်၏၊ ထိုလဖြင့် တစ်ဆယ့်နှစ်လသည် နှစ်မည်၏၊ ထိုနှစ်ဖြင့် နတ်၌ဖြစ်သော နှစ်ပေါင်း ရှစ်ထောင်သည် နိမ္မာနရတိနတ်များ၏ အသက်အတိုင်းအရှည်ဖြစ်သည်၊ ဤလောကမှာ မည်သူမဆို အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသောဥပုသ်ကို စောင့်သုံးခြင်းကြောင့် သေလွန်ပြီးနောက် နိမ္မာနရတိနတ်ပြည်၌ ဖြစ်ရသောအကြောင်းရှိသည်၊ ဤအကြောင်းမျိုးကို ရည်ရွယ်၍ နတ်ချမ်းသာကို ထောက်ဆလျှင် လူ့မင်းအဖြစ်သည်အထီးကျန်သူ၏ ချမ်းသာနှင့် တူသည်ဟူ၏။

လူ့ပြည်မှာနှစ်ပေါင်းတစ်ထောင့်ခြောက်ရာသည် ပရနိမ္မိတဝသဝတ္တီနတ်ပြည်၌တစ်နေ့တစ်ညဉ့်မည်၏၊ထိုညဉ့်ဖြင့်ညဉ့်ပေါင်း သုံးဆယ်သည် လမည်၏၊ ထိုလဖြင့် တစ်ဆယ့်နှစ်လသည် နှစ်မည်၏၊ ထိုနှစ်ဖြင့် နတ်၌ဖြစ်သော နှစ်ပေါင်း တစ်သောင်း

ခြောက်ထောင်သည် ပရနိမ္မိတဝသဝတ္တီ နတ်တို့၏ အသက် အတိုင်းအရှည်ဖြစ်သည်။

ရဟန်းတို့....ဤလောကမှာ မိန်းမဖြစ်စေ, ယောကျ်ားဖြစ်စေ မည်သူမဆို အင်္ဂါရှစ်မျိုးနှင့် ပြည့်စုံသော ဥပုသ် ကျင့်သုံးခြင်းကြောင့် စုတေပြတ်ကြွေသေလွန်ပြီးနောက် ပရနိမ္မိတဝသဝတ္တိနတ်တို့၏ အပေါင်း အဖော်အဖြစ်သို့ ကပ်ရောက်နိုင်ရာသော အကြောင်းရှိသည်သာ၊ ရဟန်းတို့ ...ဤအကြောင်းများကို ရည်ရွယ်၍ နတ်ချမ်းသာကို ထောက်ဆသော် လူ့ပြည်သော မင်းအဖြစ်သည် အထီးကျန်သောသူ၏ ချမ်းသာနှင့် [illegible]ဟု ငါဆို၏ဟု ဘုရားရှင် မိန့်တော်မူသည်။ [၁]

## ၃-ဝိသာခါသုတ်

၃။ ဤသုတ်၌ ပုဗ္ဗာရုံကျောင်းအမကြီး ဝိသာခါဟော သည်သာထူးသည်၊ ရှစ်ပါးသီလအကျိုး, နတ်ပြည်ခြောက်ထပ် သက်တမ်းများ, တိုင်းကြီး ၁၆-တိုင်းတို့ပါရှိသည်၊ ဝိတ္ထာရုပေါ သထသုတ်နှင့် အတူတူဖြစ်သည်၊ ဤသုတ်အဆုံး၌ ရှစ်ပါးသီလ ဥပုသ်အကျိုးပြ [illegible]ဂါထာ [illegible]-ပုဒ်သာရှိသည်၊ ဤဂါထာ ၆-ပုဒ် သည် ဝိတ္ထာရုပေါသထသုတ်, ဗောဇ္ဈသုတ်တို့မှာလည်း လာရှိသည်၊ ဤသုတ် ဤဂါထာ ၆-ပုဒ်ကို အောက်ပါအတိုင်း အကျဉ်းချုပ် ပြန်ဆိုဖော်ပြအပ်ပါသည်။

(၁) သတ္တဝါကိုမသတ်ရာ၊ သူမပေးသော ဥစ္စာကို
မခိုးယူရာ၊ မဟုတ်မမှန်သော စကားကိုမပြော

---

၁။ အံ၊ ၃၊ ၇၃-၄၊

ဆိုရာ၊ မူးယစ်ခြင်းကို ဖြစ်စေတတ်သော သေ
ရည်သေရက်ကို မသောက်ရာ၊ မေထုန်ဟူသော
မမြတ်သောအကျင့်မှ ရှောင်ရာ၏၊ နေ့လွဲညစာ
မစားရာ။

(၂) ပန်းမပန်ရာ၊ နံ့သာမှုန့်ကိုမလိမ်းရာ၊ ညောင်
စောင်း၌ လည်းကောင်း၊ မြေ၌ခင်းထားသည့်
နေရာ၌လည်းကောင်း၊ အိပ်ရာ၏၊ အင်္ဂါရှစ်ပါး
ရှိသော ထိုဥပုသ်ကို ဒုက္ခအဆုံးသို့ရောက်တော်
မူသော မြတ်စွာဘုရားသည် ပြတော်မူအပ်၏။

(၃) လနေနှစ်ပါးတို့သည် ရှုပါရုံကောင်းစွာပြတတ်
ကြသည်၊ အကြင်မျှလောက်သော အရပ်တိုင်
အောင် ထွန်းလင်းတောက်ပကုန်သည် ဖြစ်၍
အစဉ်လှည့်လည်ကြကုန်၏၊ အမိုက်တိုက်အမိုက်
မှောင်ကို ပယ်ဖျောက်တတ်သော ကောင်းကင်
ပြင်၌ သွားသည့် ထိုလနေတို့သည် အရပ်မျက်
နှာတို့ကို တင့်တယ်စေကုန်သည်ဖြစ်၍ ကောင်း
ကင်ပြင်၌ ထွန်းလင်းတောက်ပကြကုန်၏။

(၄) ထိုလနေများလှည့်လည်ရာအရပ်တွင်း၌ ပုလဲ
ပတ္တမြားကောင်းသော ကြောင်မျက်ရွဲ သိင်္ဂိ
ရွှေ၊ ထို့ပြင် တစ်ပါးလဲ ပကတိရွှေဟူသော
ဥစ္စာများရှိကြ၏၊ ယင်းသိင်္ဂိရွှေ ပကတိ ရွှေကို
ဇာတရူပ ဟဋက ဟူ၍လည်း ဆိုအပ်၏။

(၅) ထိုပုလဲ ပတ္တမြားစသော ရတနာများအားလုံးသော လရောင်ကြယ်အပေါင်းတို့သည် အင်္ဂါရှစ်မျိုးရှိသော ဥပုသ်စောင့်သုံးခြင်း၏ အကျိုးကို တစ်ဆယ့်ခြောက်စိတ်စိတ်၍ တစ်စိတ်ကိုမျှ မမီနိုင်။

(၆) သို့ဖြစ်၍လျှင် သီလရှိသော မိန်းမဖြစ်စေ, ယောကျ်ားဖြစ်စေ အင်္ဂါရှစ်မျိုးရှိသော ဥပုသ်ကို ကျင့်သုံးရာ၏၊ ထိုဥပုသ်စောင့်သော မိန်းမ ယောကျ်ားတို့သည် ချမ်းသာကျိုးကို ဖြစ်စေတတ်သော ကုသိုလ်ကောင်းမှု များကို ပြုကြခြင်းကြောင့် အကဲ့ရဲ့မခံကြရကုန်ဘဲ နတ်ပြည်သို့ ကပ်ရောက်ကြရကုန်၏ ဟူ၏။ ၂

## ၄-ဝါသေဋ္ဌသုတ်

### အမျိုးလေးပါးတို့ ၈-ပါးသီလစောင့်ထိုက်

### ဝါသေဋ္ဌဥပါသကာအား ဟော

၄၄။ ဘုရားရှင် ဝေသာလီပြည်မဟာဝုန်တော ပြာသာဒ်ဆောင်ပေါက်သောကျောင်း၌ သီတင်းသုံးနေစဉ် ဝါသေဋ္ဌဥပါသကာအား အင်္ဂါရှစ်မျိုးရှိသော ဥပုသ်၏အကျိုးကြီးပုံကို ဟောတော်မူသည်။

---

၁၊ အံ၊ ၃၊ ၈၄-၇။

အိုဝါသေဋ္ဌ.... မင်းအားလုံးတို့သည် အင်္ဂါရှစ်မျိုးသော ဥပုသ်စောင့်သုံးကြပါလျှင် မင်းအားလုံးတို့မှာ ရှည်မြင့်စွာ အစီးအပွားဖြစ်ခြင်းငှာ, ချမ်းသာခြင်းငှာ ဖြစ်ရာ၏၊ ပုဏ္ဏား အားလုံး,ကုန်သည်အားလုံးနှင့် သူဆင်းရဲများကို အင်္ဂါရှစ်မျိုး ရှိ ဥပုသ်စောင့်သုံးကြလျှင် ရှည်မြင့်စွာ စီးပွားဖြစ်ထွန်း ချမ်း သာရန်ဖြစ်သည်၊ နတ်မာရ်နတ် ဗြဟ္မာနှင့်တကွ နတ်လောက သမဏဗြဟ္မဏမင်းများနှင့်တကွ လူလောကသည်အင်္ဂါရှစ်မျိုး စုံသည့် ဥပုသ်ကို စောင့်သုံးကြပါလျှင် နတ်မာရ်နတ် ဗြဟ္မာ နှင့်တကွ နတ်လောကနှင့် သမဏဗြဟ္မဏမင်းများ လူများနှင့် တကွသော လောကမှာလဲ ရှည်ကြာစွာ အစီးအပွားဖြစ်, ချမ်းသာဖြစ်ရန် ဖြစ်သည်။

အိုဝါသေဋ္ဌ....ပွင့်ပွင့်လင်းလင်း ပြောရလျှင် ဤအင်ကြင်း ပင်ကြီးများသော်လဲ အကယ်၍ စိတ်စေတနာရှိသဖြင့် အင်္ဂါ ရှစ်မျိုးနှင့်ပြည့်စုံသော ဥပုသ်သီလကျင့်သုံးကြမူ ဤအင်ကြင်း ပင်ကြီးတို့မှာလဲ ရှည်မြင့်စွာ အစီးအပွားဖြစ်ရန်, ချမ်းသာရန် ဖြစ်ရသေး၏၊ လူဖြစ်သူမှာ ဆိုဖွယ်ရာမရှိပြီဟု ဝါသေဋ္ဌအား ဘုရားရှင်မိန့်တော်မူသည်။[၁]

## ၅-ပေါဋ္ဌိသုတ်

### ပေါဋ္ဌာဥပါသိကာမအား ဘုရားရှင်ဟော

၄၅။ ဤသုတ်၌ ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် ရောက်ရှိလာသော ပေါဋ္ဌာဥပါသိကာမအား

၁၊ အံ၊ ၃၊ ၀၇–၈။

အို-ဗောဇ္ဈာ ဥပါသိကာမ- အင်္ဂါရှစ်ပါးရှိသော ဥပုသ်စောင့်သုံးလျှင် အကျိုးအာနိသင်ကြီးသည်၊ တန်ခိုးကြီးသည် ကြီးသော ပျံ့နှံ့ခြင်းရှိသည် စသည်ဖြင့် ဝိတ္ထတူပေါသထသုတ် ဝိသာခါသုတ်, ဝါသေဋ္ဌသုတ်တို့၌လာသည့်နည်းတူ ဟောတော်မူသည်။ ၁

## ၆ အနုရုဒ္ဓါသုတ်

**မနာပကာယိကာနတ်သမီး ၃-ယောက် အရှင်အနုရုဒ္ဓါထံလာ မနာပကာယိကာနတ်ဖြစ်ကြောင်း ၈-မျိုး**

၄၆။ အခါတစ်ပါး ဘုရားရှင် ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌ သီတင်းသုံးစဉ် အရှင်အနုရုဒ္ဓါသည် နေ့သန့်စင်လျက် တစ်ပါးတည်း ကိန်းအောင်းနေတော်မူသည်၊ ထိုအခါ များစွာသော မနာပကာယိကာ "နှစ်သက်ဖွယ်သောကိုယ်ရှိသူ" နတ်သမီးတွေ အရှင်အနုရုဒ္ဓါထံသို့ရောက်လာ၍ ရှိခိုးဦးချပြီး တစ်နေရာမှာ ရပ်နေကြလျက် ''အရှင်ဘုရား...တပည့်တော်မတို့သည် မနာပကာယိကာ နတ်သမီးတွေပါ၊ အရာဌာနသုံးပါး အစိုးရကြပါသည်၊ အလိုအတိုင်းဖြစ်စေနိုင်ပါသည်၊ အလိုရှိရာအသံ, အလိုရှိရာချမ်းသာကိုတစ်ခဏခြင်း ရနိုင်ကြပါသည်၊ အရှင်အနုရုဒ္ဓါအား လျှောက်ထားကြသည်။

ထိုအခါ အရှင်အနုရုဒ္ဓါမှာ "ဤနတ်သမီးတွေ အညိုချည်းသာ, ညိုသောအဆင်းချည်းသာ, ညိုသော အဝတ်ချည်းသာ,

ညိုသော အဆင်းတန်ဆာချည်းသာ ဖြစ်ကုန်မူ ကောင်းလေစွ” ဟု အကြံအစည်ဖြစ်လေသည်၊ ထိုအခါ နတ်သမီးအားလုံး အရှင်အနုရုဒ္ဓါ၏ စိတ်အကြံသိကာ - အညိုချည်းသာ, အညို အဆင်းချည်းသာ,ညိုသောအဝတ်ချည်းသာ, ညိုသောအဆင်း တန်ဆာချည်းသာဖြစ်ကြသည်။

ထိုနောက် အရှင်အနုရုဒ္ဓါမှာ“ဤနတ်သမီးအားလုံးတို့အရွှေ ချည်းသာဖြစ်ကုန်မူ...ဤနတ်သမီးအားလုံး အနီချည်းသာဖြစ် ကုန်မူ...နတ်သမီးအားလုံး အဖြူချည်းသာ, ဖြူသောအဆင်း ချည်းသာ, ဖြူသောအဝတ်ချည်းသာ, ဖြူသောအဆင်တန်ဆာ ချည်းသာဖြစ်ကုန်မူ ကောင်းလေစွ”ဟု အကြံဖြစ်လေသည်။

ထိုအခါ နတ်သမီးအားလုံးတို့သည်၊ အရှင်အနုရုဒ္ဓါ၏ စိတ် အကြံအစည်ကိုသိ၍ အဖြူချည်းသာ, ဖြူသောအဆင်းချည်း သာ, ဖြူသောအဝတ်ချည်းသာ, ဖြူသောအဆင်တန်ဆာချည်း သာဖြစ်ကြသည်။

ထို့နောက် ထိုနတ်သမီးတို့တွင် တစ်ယောက်ကသီချင်း ဆိုသည်၊ တစ်ယောက်က, ကသည်၊ တစ်ယောက်က လက်ခုပ် တီးသည်၊ လိမ္မာကျွမ်းကျင်သူများ ကောင်းစွာတီ အပ်သော အင်္ဂါငါးပါးရှိသောတူရိယာသံပမာ သာယာကောင်းမြတ်သည်၊ တပ်မက်ဖွယ်, နှစ်သက်ဖွယ်, ချစ်မြတ်နိုးဖွယ်, ယစ်မူးဖွယ်ဖြစ် သည်၊ အရှင်အနုရုဒ္ဓါသည် စက္ခုစသော ဣန္ဒြေများအောက်သို့ ချထားသည်၊ သာယာတော်မမူ၊ နတ်သမီးတွေ ထိုအရပ်မှာပင် ကွယ်ပျောက်သွားကြသည်။

**မနာပကာယိကာ နတ်သမီး ဖြစ်ကြောင်းတရားဟော**

ထို့နောက် အရှင်အနုရုဒ္ဓါသည် ဘုရားထံချဉ်းကပ် ရောက်ရှိကာ အကြောင်းစုံ လျှောက်ထားပြီး မြတ်စွာဘုရားအား မိန်းမသည် သေလွန်ပြီး မနာပကာယိကာ မည်သော နတ်များ၏ အပေါင်းအဖော်ဖြစ်ကြောင်းကို သိလိုပါကြောင်း လျှောက်ထားလေသည်၊ ထိုအခါဘုရားရှင်က–

(၁) မာတုဂါမသည် လင်ယောကျ်ား၏ ရှေးဦးစွာ ထလေ့ရှိ၏၊ နောက်မှအိပ်လေ့ရှိ၏၊ အဘယ်အမှုကိုစွ ပြုပေးရပါအံ့နည်းဟု နာခံလေ့ရှိ၏၊ နှစ်ခြိုက်ဖွယ်ပြုကျင့်လေ့ရှိ၏၊ချစ်ခင်ဖွယ်ကို ဆိုလေ့ရှိ၏။

(၂) မိမိခင်ပွန်းသည် "မိဘရဟန်း ပုဏ္ဏားတို့" ဟူ၍ အလေးအမြတ် ပြုအပ်သူများကို အရိုအသေပြု၏၊ အလေးအမြတ်ပြု၏၊ မြတ်နိုး၏၊ ပူဇော်၏၊ အိမ်သို့ ရောက်လာသူတို့ကိုလဲ နေရာခင်းပေးခြင်း သောက်ရေတည်ခြင်း၊ သောက်ဖွယ်ပေးခြင်းဖြင့်ပူဇော်၏။

(၃ "သိုးမွေးအလုပ် ဝါချည်အလုပ်" ဟူ၍ လင်၏ အိမ်တွင်းမှုတို့၌ လိမ္မာ၏၊ မပျင်းမရိတတ်၊ အိမ်တွင်းမှု အကြောင်း၊ ဥပါယ်စုံစမ်းမှု ပညာနှင့် ပြည့်စုံ၏၊ ပြုလုပ်စီမံခန့်ခွဲရန် စွမ်းနိုင်၏။

(၄) လင်ယောကျ်ား၏ အိမ်တွင်သား ဖြစ်သော ကျွန်အစေခံ အမှုအလုပ်ဖြစ်သည့် အတွင်းလူ များပြုလုပ်သည်ကို လုပ်ဆောင်သောအားဖြင့် သိ၏၊ မပြုလုပ်သည်ကိုလဲ မပြုလုပ်သောအား ဖြင့်သိ၏၊ ဖျားနာသူများ အားရှိသည့် အား မရှိသည်ကိုလဲသိ၏၊ အတွင်းလူများအား ခဲဖွယ် ဘောဇဉ်တို့ကို ဝေဖန်ပေးကမ်း၏။

(၅) လင်ယောကျ်ားဆောင်ခဲ့သော ဥစ္စာ, စပါး, ရွှေ ငွေများကိုစောင့်ရှောက်၏၊ လုံခြုံစေ၏၊ ယင်း ပစ္စည်းဥစ္စာများ အပေါ်၌ အပျော်မကြူးသူ, မခိုးဝှက်တတ်သူ, အရက်သေစာမသောက်စား တတ်သူ, မဖျက်ဆီးတတ်သူဖြစ်ရသည်။

(၆) ဘုရား တရား သံဃာ ကိုးကွယ်သော ဥပါသိ ကာမ ဖြစ်ရသည်။

(၇) သီလရှိ၏၊ သူ့ အသက်သတ်ခြင်း, သူ့ ဥစ္စာခိုးခြင်း, ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်း, မဟုတ် မမှန်ပြောဆိုခြင်း, ယစ်မူး မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေအရက် သောက် ခြင်းမှ ရှောင်ကြဉ်၏။

(၈) စွန့်ကြဲခြင်းနှင့်ပြည့်စုံ၏၊ လွတ်လွတ် စွန့်ကြဲခြင်း ရှိသည်၊ စွန့်ကြဲမည်ဟု ဆေးကြော အပ်သော

> လက်ရှိ၊စွန့်ကြဲခြင်း၌ မွေ့လျော် တောင်းခံခြင်း
> ငှာထိုက် ပေးကမ်းဝေဖန်ခြင်း၌ မွေ့လျော်သည်
> ဖြစ်၍ မစ္ဆရိယအညစ်အကြေးကင်းသော စိတ်
> ဖြင့် အိမ်ကိုအုပ်စိုး၍နေ၏။

အိုချစ်သား… အနုရုဒ္ဓါ ဤတရားရှစ်မျိုးနှင့် ပြည့်စုံသော မာတုဂါမ (မိန်းမ)သည် ခန္ဓာကြွေ သေလွန်ပြီးနောက်၌ မနာပကာယိကာ မည်သောနတ်တို့၏ အပေါင်းအဖော် အဖြစ်သို့ ရောက်ရ၏ဟု မိန့်တော်မူသည်။[၁]

**ဆောင်။** ။မိန်းမတကာ, မမှတာဖြင့်, အိမ်ရာပြုထောင်, လူတို့ဘောင်ဝယ်, ထိန်ပြောင်ညီးညီး, သုံးအုံမီးတည့်, ကြီးလှကျေးဇူး, နှစ်ဦးမိဘ, အာဒမ အရှင်, လင်လည်းတစ်ခန်း, ရဟန်းပုဏ္ဏား, စရောက်ငြားငြားထံ, လွှခံပဂ္ဂိုလ်, မီးသုံးဖိုကို, သိမ်းသိုမတတ်, ကျင့်ယွင်းချတ်က, မပြတ်ညီးပြောင်, နေ့တိုင်းလောင်ရှင့်, နောင်လည်းအမြဲ, ငရဲမီးစာ, ဖြစ်ဘတ်စွာ၏ တစ်ဖြာထိုမှ, မိန်းမတို့အား, များဃေဘုယျ, အပါယ်ကျသည့်, ပါပယုတ်မာ, တရားမှာလည်း, သဒ္ဓါမရှိ, ဟိရိမကပ်, ဩတ္တပ်ကင်းပ, ကောဓကြီးစွာ, ပညာမဲ့ငြား, ဤငါးပါးတည့်, မှတ်ထားသမှု, သတိပြုလော့, ငါးခုပဉ္စမ, ပဉ္စကတွင်, ကောဓအရာ,

---

[၁] အံ၊ ၃၊ ၉၀-၄။

ပယ်နွတ်ကာလျှင်၊ ဥမနာဝှ၊ ဣဿုကနှင့်၊ မစ္ဆရိ
ယှာဘိ၊ အတိုစာရီ၊ ဒုဿီတစ်ခု၊ အပ္ပသုဂ၊ ကုသိ
မည်ထုတ်၊ ခုနစ်ပုဒ်ကို၊ တစ်ပုဒ်စီထည့်၊ ငါးခု
ပြည့်သား၊ ဖြစ်၏ရှစ်ဝါ၊ ဒေသနာတည့်၊ သေချာ
အနက်၊ ပြန်ဆိုမြွက်က၊ မျက်ထွက်တစ်မျိုး၊ ရန်ညိုး
ဖွဲ့မှု၊ ငြူစူစနံတို၊ လင်ကိုကျူးထ၊ သီလကင်းမဲ့၊
မဟဲ့မြင်ကြား၊ ပျင်းရိအားဖြင့်၊ ရွှစ်ပါးငါးလီ၊
စတ္တာရီကြောင့်၊ ဣတ္ထီတို့အား၊ ငရဲများဟု၊
ဘုရားလူ့ဘ၊ ၎မ္မုဒ္ဓတို့၊ ဟောပြဝေဖန်၊ မသေ့
လွန်တည့်၊ ကောန်မုချ၊ မှတ်ကုန်ကြလော့၊ ထိုမှ
ပြန်ထ၊ မိန်းမတကာ၊ မိကလျာတို့၊ ကောင်းစွာ
စိတ်က၊ ကျင့်နိုင်ကြသော်၊ ဒေဝလောကာ၊ နတ်
ဗြောက်ရွာဝယ်၊ နိမ္မာဝသ၊ ဘုံဌာနသို့၊ မနာပကာ
ယိကာ၊ မည်သညာဖြင့်၊ လိုရာကြံတိုင်း၊ ပြည့်
မဆိုင်းဘဲ၊ သက်ပိုင်းရှိရွေ့၊ စံသိမ်မွေ့လျက်၊
ချမ်းမြေ့မိုပ်ငြိမ်၊ တင်းမတိမ်အောင်၊ စည်းစိမ်
ထပ်၍စိ၊ အသစ်သစ်နှင့်၊ နတ်စစ်အထူး၊ သူ့ထက်
ကျူး၍၊ ပျော်မြူးမယ်မောင်၊ တစ်ပြောင်ပြောင်
သည်၊ ကိုယ်ရောင်လက်လက်၊ ဝင်းဝင်းတည်း။[၁]

---

၁၊ မဃဒေဝ၊ ၄၁၃-၆၆။

## ၇-ဒုတိယဝိသာခါသုတ်

### တရားရှစ်မျိုးနှင့် ပြည့်စုံသောမိန်းမ မနာပကာယိကာ နတ်အပေါင်း၌ဖြစ်ရ

၄၇။ အခါတစ်ပါး ဘုရားမြတ်စွာ သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်း မိဂါရမာတာ ဝိသာခါပြာသာဒ်၌ သီတင်းသုံးစဉ် ကျောင်းအမ ဝိသာခါ ဘုရားရှင်အား လာရောက်ဖူးမြော်ရာ ဘုရားရှင်က-

(၁) လင်ယောကျ်ားအိပ်ရာမှ ရှေးဦးစွာ ထလေ့ရှိခြင်း, နောက်မှ အိပ်လေ့ရှိခြင်း, ကျွန်မဘာလုပ်ပေးရပါမလဲဟု နာခံလေ့ ရှိခြင်း, နှစ်ခြိုက်ဖွယ်ကို ပြုကျင့်လေ့ရှိခြင်း, ချစ်ခင်ဖွယ်ဆိုလေ့ရှိခြင်း။

(၂) လင်ယောကျ်ား အလေးဂရုပြုသည့် အမိအဖ သမဏဗြာဟ္မဏတို့ကို အလေးဂရုပြုခြင်း။

(၃) လင်ယောကျ်ား စီမံသည့် အမြစ်မဲ့သော အမှုကိစ္စလုပ်ငန်းတို့၌ သွက်လက်ချက်ချာ လိမ္မာခြင်း, မပျင်းရိခြင်း။

(၄) ကျွန်အမှုလုပ် အစေအပါးတို့၌ ဝတ္တရားကျေပွန်အောင် ကျင့်ခြင်း, အစားအစာထောက်ပံ့ခြင်း, မကျန်းမမာရှိလျှင် ဆေးဝါးကုသပေးခြင်း, ဆေးပစ္စည်းထောက်ပံ့ခြင်း။

(၅) လင်ယောကျ်ား ရှာဖွေရရှိသည့် ဥစ္စာပစ္စည်း ဆန်စပါး ရွှေငွေ များကို လုံခြုံအောင်ထိန်း သိမ်းခြင်း, အသုံးအစွဲမကျူးခြင်း, မခိုးမဝှက်ခြင်း, သေသောက်မကျူးခြင်း မဖျက်ဆီးခြင်း။

(၆) ဘုရား တရား သံဃာ ရတနာသုံးပါးဆည်းကပ် ကိုးကွယ်ခြင်း။

(၇) သူ့အသက်သတ်ခြင်း, သူ့ဥစ္စာခိုးခြင်း, ကာမဂုဏ်တို့၌ မှားယွင်းစွာကျင့်ခြင်း, လိမ်လည် ပြောဆိုခြင်း, သေရည်သေရက် သောက်ခြင်းမှ ရှောင်ကြဉ်ခြင်း။

(၈) စွန့်ကြဲပေးကမ်းခြင်းနှင့် ပြည့်စုံခြင်း, လွတ်လွတ် ရဲရဲ စွန့်ကြဲရှိခြင်း၊ စွန့်ကြဲအံ့ဟု ဆေးကြောအပ် သောလက်ရှိ၊ စွန့်ကြဲခြင်း၌မွေ့လျော် တောင်းခံ ခြင်းငှာထိုက် ပေးကမ်း ဝေဖန်ခြင်း၌ မွေ့ လျော်သည်ဖြစ်၍ မစ္ဆရိယအညစ်အကြေးကင်း သောစိတ်ဖြင့် အိမ်ကိုအုပ်စိုးနေခြင်း။

ဤတရား ၈-မျိုးနှင့်ပြည့်စုံသော မိန်းမ (မာတုဂါမ) သည် သေလွန်ပြီးနောက် မနာပကာယိကာ မည်သော နတ်တို့၏ အပေါင်း အဖော် အဖြစ်သို့ ရောက်ရသည်ဟု ဟောတော်မူ သည်။[၁]

---

၁။ အံ၊ ၃၊ ၉၄-၅။

**ဆောင်။** ။အမျိုးအနွယ်၊ သန့်စင်ကြွယ်လျက်၊ ဆင်းရွှယ်ပျိုနု၊ စံမတုအောင်၊ နှာရှုအင်္ဂ၊ ဆဝိမံသ၊ ဝဏ်မည်သာ၊ ငါးကလျာဏနှင့်၊၊ ကောင်းစွာစုံလင်၊ လင်ကိုမြင်က၊ အလျင်ထ၍၊ ယုယကိုယ်နှုတ်၊ ကျင့်မယုတ်သား၊ ပုဗ္ဗုဋ္ဌာယိနီ၊ ဦးချီလက်ပိုက်၊ ရှက်ကာဆိုင်၍၊ လင်တိုင်လင်အိပ်၊ သားကိုသိပ်သို့၊ ခြေနှိပ်လက်စမ်း၊ စိတ်ချမ်းကြည်မြ၊ ရှိသေခလျက်၊ နောက်မှယှဉ်ကာ အိပ်လေ့လာသည်၊ ပစ္ဆာနိပါတိနီ၊ ချီအိနှာသိပ်၊ နှစ်သိမ့်ဖွယ်စု၊ ဘယ်အမှုကို၊ ဘယ်မှုရနည်း၊ ခြည်းခြည်းနှုတ်သံ၊ ချောင်သာယာ၊ ဝါစာသိမ်မွေ့၊ မေးလေ့ရှိတ၊ နာဖွယ်လှသာ၊ ကိံကာရပရိသာဝိနီ၊ မဖြီမသုန်၊ မပုန်မဆန်၊ ပြန်လှန်မမြွက်၊ နှစ်သက်ဖွယ်သာ၊ ကျင့်တတ်စွာသည့်၊ ဤနှာထံပါး၊ ခစားနေကြ၊ ဒါသာသို့၊ မနာပစာရိနီ၊ ပီတိဖြာတာ၊ ကြည်သာနှလုံး၊ ရွှင်ပြုံးပြုံးယယ်၊ ပျားသဖွယ်ဖြင့်၊ ချစ်ဖွယ်မြွက်တော့၊ သာချမ်းမြေ့အောင်၊ ပြောလေ့ရှိထ၊ နှုတ်ချိုမြသား၊ ပိယဝါဒိနီ၊ ထိုပြီးအပ၊ ဤမှလာကာ၍၊ လင်မှတစ်ပါး၊ နတ်ယောကျ်ားနှင့်၊ တွေ့ကြားစေမူ၊ စောသမ္ဘူသို့၊ အပူမယှင်း၊ စိတ်ညွတ်ခြင်းမျှ၊ ကင်းလတ်တုံဘိ၊ ကျင့်မြတ်ရှိသား၊ အနတိစာရိနီ၊ ကျွမ်းညီမသွေ့၊ သဒ္ဓေဥက္ကဋ္ဌ၊ မိန်းမမြတ်တို့၊ ကျင့်ဝတ်ဖြိုးပုံ၊ ခြောက်ဆင်စုံလျက်၊ ရွှေဘုံ

ရိပ်ကြီး, ရွှေထီးရိပ်စံ, ရွှေနန်းယံဝယ်, တစ်ရံမကွာ, ပျော်စံကာဖြင့်, ရုပ်ဝါနတ်နွယ်, ရှစ်ဆောင်းမယ်တို့, ဆောင်ငယ်ဆောင်ကြီး, အသီးသီးနှင့်, မငြီးရှင်ပျ, ရံဖြူဖြူဖြင့်, ကာမငါးဖော်, ပျော်ကြောင်းဖျော်ရှု, လိုသော်စံမွေ့, မငြီးငွေ့အောင်, ကိဒလ, တမန်, ဆော်ဘန်နွေညှ, ဖျော်ဖြေကြရ၏။[၁]

## ၈-နကုလမာတာသုတ်

### နကုလမာတာအား တရား ၈-မျိုးနှင့်ပြည့်စုံသော မိန်းမသေလွန်လျှင် မနာပကာယိကာ နတ်အပေါင်း၌ ဖြစ်ကြောင်းဟော

၄၈။ အခါတစ်ပါး ဘုရားမြတ်စွာ ဘဂ္ဂတိုင်း သုသုမာရဂိရိမြို့ဝယ် ဘေသကဠာဘော၌ သီတင်းသုံးစဉ် ဖူးမြော်ရန် ရောက်ရှိလာသော နကုလမာတာ ဥပါသိကာမအား အနုရုဒ္ဓါသုတ်, ဒုတိယဝိသာခါသုတ်တို့၌ လာရှိသောတရားရှစ်မျိုးနှင့် ပြည့်စုံသော မိန်းမ (အမျိုးသမီး၊ မာတုဂါမ) သေလွန်ပြီးနောက် မနာပကာယိကာ မည်သော နတ်အပေါင်း၌ ဖြစ်ရကြောင်း မိန့်ကြားတော်မူသည်။

---

၁။ မဇ္ဈိမ၊ ၁၄၆-၉၇၊

ဘုရားရှင်သည် ဆောင်မှတ်လွယ်ရန် ဂါထာ ၄-ပုဒ်ကိုလဲ ဟောတော်မူရာ ယင်းဂါထာလေးပုဒ်မှာ ဤသို့**တည်း**—

၁။ ယော နံ ဘရတိ သဗ္ဗဒါ၊
နိစ္စံ အာတာပိ ဥဋ္ဌာတော။
တံ သဗ္ဗကာမဒံ ပေါသံ၊
ဘတ္တာရံ နာတိမညတိ။

၂။ နစာပိ သောတ္ထိ ဘတ္တာရံ၊
ဣဿာဝါဒေန ရောသယေ။
ဘတ္တုစ ဂရုနော သဗ္ဗေ၊
ပဋိပူဇေတိ ပဏ္ဍိတာ။

၃။ ဥဋ္ဌာဟိကာ အနလသာ၊ သင်္ဂဟိတ ပရိဇ္ဇနာ။
ဘတ္တုမနာပံ စရတိ၊ သမ္ဘတံ အနုရက္ခတိ။

၄။ ယာ ဧဝံ ဝတ္တတိ နာရီ၊ ဘတ္တု ဆန္ဒ ဝသာနုဂါ၊
မနာပါ နာမ တေ ဒေဝါ၊ ယတ္ထ သာ ဥပပဇ္ဇတိ။[၁]

ဂါထာနက်။ ။၁-၂။ ယော ပေါသော - အကြင် ယောကျာ်းသည်၊ နိစ္စံ-အမြဲ၊ အာတာပီ-ပြင်းထန်စွာအားထုတ် အပ်သော ဝီရိယနှင့်ပြည့်စုံသည်ဖြစ်၍၊ ဥဋ္ဌာတော-ကြောင့်ကြ စိုက်လျက်၊ နံ-ထိုမိမိသားမယားကို၊ သဗ္ဗဒါ-အခါခပ်သိမ်း၊ ဘရတိ-လုပ်ကျွေးမွေးမြူ၏၊ သောတ္ထိ- ကောင်းမြတ်တင့်တယ် သော၊ ပဏ္ဍိတာ-ပညာရှိ မိန်းမလိမ္မာသည်၊ သဗ္ဗကာမဒံ- အားလုံးအလိုရှိရာကို ပေးတယ်သော၊ ဘတ္တာရံ- မိမိကိုစောင့်

---

၁။ အံ၊ ၃၊ ၉၅-၆။

**ရှောက်**မေ့မြူ**တတ်**သော၊ တံပေါသံ- ထိုလင်ယောကျ်ားကို၊ **နာတိမည္တိ**-မထီမဲ့မြင် မပြု၊ ဣဿာဝါဒေနမြူစူစောင်း မြောင်းမကောင်းသောစကားဖြင့်၊ ဘတ္တာရံ-လင်ယောကျ်ား ကို၊ **နစာပိရောသယေ**-မချုပ်ချယ်လဲ မချုပ်ချယ်၊ ဘတ္တု-လင် ယောကျ်ားသည်၊ ဂရုနော-အလေးပြုအပ်ကုန်သော၊ သဗ္ဗေစ- **အား**လုံးတို့ကိုလည်း၊ ပရိပူဇေတိ-မြတ်နိုးပူဇော်၏။

၃–၄။ ယာနာရီ-အကြင်မိန်းမသည်၊ ဥဋ္ဌာဟိကာ-ထကြွ လုံ့လရှိ၏၊ **အနလသာ-မ**ပျင်းရိတတ်၊ သင်္ဂဟိတပရိဇ္ဇနာ- ကျေးကျွန်အစေခံ အခြွေအရံတို့ကိုလည်း အထိုက်အလျောက် ချီးမြှောက်ထောက်ပံ့တတ်၏၊ ဘတ္တု-လင်ယောကျ်ား၏၊ မနာ ပံ-နှစ်လိုဖွယ်ရာကို၊ စရတိ- ကျင့်တတ်၏၊ သမ္ဘတံ- လင် ယောကျ်ား စုဆောင်း ပေးအပ်သော ဥစ္စာကို၊ အနုရက္ခတိ- ထိန်းသိမ်းစောင့်ရှောက်၏။

ဘတ္တု-လင်ယောကျ်ား၏၊ ဆန္ဒဝသာနုဂါ-အလိုအကြိုက် လိုက်လျော၏၊ ပေ- ဤသို့ဆိုခဲ့သည့် အတိုင်း၊ ဝတ္တတိ-ကျင့်၏၊ ယတ္ထ-အကြင်နတ်ပြည်၌၊ မနာပါနာမ-မနာပကာယိကာမည် ကုန်သော၊ တေဒေဝါ- ထိုနတ်တို့သည်၊ သန္တိ-ရှိကြကုန်၏၊ သာနာရီ- ထိုမိန်းမသည်၊ တတ္ထ- ထိုမနာပကာယိကာ မည် သောနတ်တို့ဖြစ်ရာဘုံသို့၊ ဥပပဇ္ဇတိ-ကပ်ရောက်ရ၏။

## ၉-ပဌမဣလောကိကသုတ်

### မျက်မှောက်ဘဝစသည်နှင့် စပ်သောတရား မျက်မှောက်တမလွန်ဘဝတို့၌ အောင်မြင်နိုင်ကြောင်း တရား ၄-ပါးစီနှင့် အခြင်းအရာ ၈ ပါး

၄၉။ **အခါတစ်ပါး**ဘုရားရှင် သာဝတ္ထိပြည်ပုဗ္ဗာရုံကျောင်း မိဂါရမာတာဝိသာခါ ပြာသာဒ်၌ သီတင်းသုံးစဉ် ဝိသာခါ အား အို-ဝိသာခါကျောင်းအမ-

(၁) ဤလောကမှာ အမှုကိစ္စတို့ကို ကောင်းစွာပြု လုပ်စီရင်တတ်ခြင်း။

(၂) အခြွေအရံမှရှိသတ်တို့ကို ချီးမြှောက်ထောက်ပံ့ တတ်ခြင်း။

(၃) လင်၏ နှစ်သက်ဖွယ်ကိုပြုတတ်ခြင်း။

(၄) လင်ယောကျ်ား ထိန်းသိမ်းထားသည့် ဥစ္စာကို ထိန်းသိမ်းစောင့်ရှောက်တတ်ခြင်း။

ဤတရား ၄-မျိုးနှင့်ပြည့်စုံသော မိန်းမသည် ဤပစ္စုပ္ပန် လောကကို အောင်မြင်ခြင်းငှာ ကျင့်၏၊ ဤလောကကို အား ထုတ်၏။

(၁) သဒ္ဓါတရားနှင့်ပြည့်စုံခြင်း၊

(၂) အကျင့်သီလနှင့်ပြည့်စုံခြင်း၊

(၃) စွန့်ကြဲမှုနှင့်ပြည့်စုံခြင်း၊

(၄) ပညာနှင့်ပြည့်စုံခြင်း၊

ဤတရား ၄-မျိုးနှင့်ပြည့်စုံသော မိန်းမသည် တမလွန်လောကကို အောင်မြင်စွာကျင့်၏၊ တမလွန်လောကကို အားထုတ်၏၊ ဤတရား ၈-မျိုးရှိအခြင်းအရာတစ်ဆယ့်ခြောက်မျိုးနှင့် ပြည့်စုံသော ဥပါသိကာမ ကွယ်လွန်ပြီးနောက် နတ်ပြည် ရောက်ရသည်ဟု ဟောတော်မူ၏။[၁]

## ၁၀-ဒုတိယကုလ္လာဝလောကိကသုတ်

### မျက်မှောက်ဘဝ စသည်နှင့်စပ်သောတရား

၅၀။ ဤသုတ်မှာ ရဟန်းများအား ဟောသည်သာထူးသည်၊ ပဌမကုလ္လာဝလောကိကသုတ်နှင့်တူ၏၊ ကုလ္လာဝလောကိကသုတ်၌ ပုဗ္ဗာရုံကျောင်းအမ ဝိသာခါအားဟောသည်၊ ဤသုတ်၌လည်းကောင်း, ပဌမကုလ္လာဝလောကိကသုတ်၌လည်းကောင်း သုတ်အဆုံး ဂါထာလေးပုဒ်ပါရှိရာ အောက်ပါအတိုင်းဖြစ်သည်။

၁။ သုဘံ ဝိဟိတကမ္မန္တာ၊ သင်္ဂဟိတ ပရိဇ္ဇနာ။
ဘတ္တုမနာပံ စရတိ၊ သမ္ဘတံ အနုရက္ခတိ။

၂။ သဒ္ဓါသီလေ န သမ္ပန္နာ၊ ဝဒညူ ဝီတမစ္ဆရာ။
နိစ္စံ မဂ္ဂံ ဝိသောဓေတိ၊ သောတ္ထာနံ သမ္ပရာယိကံ။

၃။ ဣစ္စေ တေ အဋ္ဌဓမ္မာစ၊ ယဿာ ဝိဇ္ဇန္တိ နာရိယာ။
တမ္ပိ သီလဝတိံ အာဟု၊ ဓမ္မဋ္ဌံ သစ္စဝါဒိနိံ။

၄။ သောဠသာကာရ သမ္ပန္နာ၊ အဋ္ဌင်္ဂ သုသမာဂတာ။
တာဒိသီ သီလဝတီ ဥပါသိကာ၊ ဥပပဇ္ဇတိ ဒေဝလောကံ မနာပံ။

---

၁။ အံ၊ ၃။ ၃၆-၀၊

## ၁၂.၄ အင်္ဂုတ္တရနိကာယ် အဋ္ဌကနိပါတ်အနှစ်ချုပ်ကျမ်း

ဂါထာနက်။ ။၁။ ယာနာရီ-အကြင်မိန်းမသည်၊ သုံသံ
ဝိဟိတကမ္မန္တာ-အိမ်မှုကိစ္စကို ကောင်းစွာပြုစီရင်တတ်၏၊သင်္ဂဟိ-
တပရိဇ္ဇနာ-ခြံရံပရိသတ်ကို သင်္ဂြိုဟ်ထောက်ပံ့ ချီးမြှောက်တတ်
၏၊ ဘတ္တု-လင်ယောကျ်ား၏၊ မနာပံ-နှစ်သက်ဖွယ်ကို၊ စရတိ-
ကျင့်၏၊သမ္ဘတံ-လင်ယောကျ်ားစုဆောင်းအပ်သောဥစ္စာမနကို၊
အနုရက္ခတိ-ထိန်းသိမ်းစောင့်ရှောက်၏။

၂။ သဒ္ဓါ-သဒ္ဓါအရေးရှိ၏၊ သီလေန-သီလနှင့်၊ သမ္ပန္နာ-
ပြည့်စုံ၏၊ ဝဒညူ - တောင်းခံသူများ စကားကိုသိတတ်၏၊
ဝီတမစ္ဆေရာ-မစ္ဆရိယကင်း၏၊ သမ္ပရာယိကံ- တမလွန်လောကဥ္စ
ဖြစ်သော၊ သောတ္ထာနံ-ချမ်းသာကြောင်း ဖြစ်သော-မဂ္ဂံ-ကု
သိုလ်လမ်းကို၊ နိစ္စံ-အမြဲ၊ ဝိသောဓေသိ-သုတ်သင်၏။

၃။ ယဿာနုဘာဝယာ အကြင်မိန်းမအား၊ဝါ-အကြင်မိန်းမ
မှာ၊ ဉာတိ-ကျွဲသို့ ဝေဝေဘွေမွှေ-ကျွဲတရား ရှစ်မျိုးတို့သည်
လည်း၊ ဝိဇ္ဇန္တိ-ရှိကုန်၏၊ မဇ္ဈေ-တရား၌တည်သော၊ သစ္စဝါဒိနီ-
မှန်သောစကားကို ဆိုလေ့ရှိသော၊ တမ္ပိနာရိံ-ထိုမိန်းမကိုလည်း
သီလဝတိံ-သီလရှိသောမိန်းမဟူ၍၊ အာဟု-ဆိုကြလေကုန်ပြီ။

၄။ သောဠသာကာရသမ္ပန္နာ – တစ်ဆယ့်ခြောက်ပါးသော
အခြင်းအရာနှင့်ပြည့်စုံသော၊ အဋ္ဌင်္ဂသုသမာဂတာ-ရှစ်မျိုးသော
အင်္ဂါနှင့်ပြည့်စုံသော၊တာဒိသီ-ထိုသို့သဘောရှိသော၊ သီလဝတီ-
သီလရှိသော၊ ဥပသိကာ-ဥပါသိကာမသည်၊ မနာပံ-စိတ်နှလုံး
ကို တိုးပွားစေတတ်သော၊ ဒေဝလောကံ-နတ်ပြည်သို့၊-ဥပပဇ္ဇ-
တိ-ကပ်ရောက်၏။

## ၂။ ဒုတိယပဏ္ဏာသက

## (၆) ၁။ ဂေါတမီဝဂ်

### ဂေါတမီသုတ်

### ရဟန်းမိန်းမများလိုက်နာရမည့် ဂရုဓမ်တရား ၈-မျိုး ဘိက္ခုနီသာသနာ စတင်ပေါ်လာခြင်း

၅၁။ အခါတစ်ပါး ဘုရားမြတ်စွာ သက္ကတိုင်း ကပိလဝတ်ပြည်နိဂြောဓာရုံကျောင်းတိုက်၌ သီတင်းသုံးတော်မူသည်၊ ထိုအခါ မိထွေးတော်ဂေါတမီသည် သာကီဝင်မျိုး သာကီဝင်မင်းကတော်ငါးရာနှင့်အတူ ဘုရားထံလာ၍ မာတုဂါမတို့အား ဘိက္ခုနီ ပြုလုပ်ခွင့်ပေးပါရန် သုံးကြိမ်တိုင်တောင်းပန်လေသည်၊ ထိုအခါ ဘုရားမြတ်စွာက မသင့်တော်ဘူး ဂေါတမီ-သာသနာတော်မှာ မာတုဂါမတွေ ရဟန်းပြုခြင်းကို သင်မနှစ်သက်ပါနှင့်ဟု သုံးကြိမ်တိုင် ပယ်ရှားတော်မူသဖြင့် စိတ်မချမ်းမသာနှင့် ပြန်သွားရှာလေသည်။

ထို့နောက် ဘုရားရှင် ဝေသာလီပြည် ပြာသာဒ်ဆောင်ပေါက်သော ကျောင်း၌ သီတင်းသုံးစဉ် သာကီဝင်မင်းကတော် ငါးရာနှင့်အတူ မိမိဘာသာဆံပင်ရိတ်၍ ဘိက္ခုနီအဝတ်ကို ဝတ်ဆင်လျက် ဘုရားထံလိုက်လာကြပြန်ရာ ကျောင်းတိုက်အတွင်း မဝင်ဝံ့သောကြောင့် တံခါးပေါက်၌ ရပ်နေကြလေသည်၊ ထိုအခါ အရှင်အာနန္ဒာမြင်၍ ဘုရားထံ သွားပြီးလျှင် မာတုဂါမများအား ဘိက္ခုနီပြုခွင့်ပေးပါရန် သုံးကြိမ် တောင်း

ပန်ရာ ဘုရားမြတ်စွာက သုံးကြိမ်တိုင် ပယ်တော်မူသည်၊ တစ်ဖန် လေးကြိမ်မြောက် အရှင်အာနန္ဒာ အကြံပေါ်လာကာ နောင်တော်မြတ်ဘုရား မိန်းမတွေ သာသနာတော်ဝင် ရဟန်းပြုလျှင် သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာဖြစ်နိုင်ပါသလောဟု မေးလျှောက်ရာ ဖြစ်နိုင်သည်ဟု ဘုရားက ဖြေတော်မူ၍ မိထွေးတော်ဂေါတမီသည် နောင်တော်ဘုရားအပေါ် အလွန်ကျေးဇူးများပါသည်၊ ခွင့်ပြုတော်မူပါ စသည်ဖြင့် လျှောက်ထားလေရာ ဂရုဓမ်တရားရှစ်ပါး ကျင့်နိုင်လျှင် ခွင့်ပြုမည်ဟု မိန့်တော်မူကာ ခွင့်ပြုတော်မူသဖြင့် ဘိက္ခုနီသာသနာ ပေါ်လာလေသည်။

ဂရုဓမ်ရှစ်ပါး

(၁) ထိုနေ့ ပဉ္စင်းဖြစ်စ ရဟန်းအားမြင်လျှင် ရှိခိုး, ခရီးဦးကြိုဆို, လက်အုပ်ချီ, အရိုအသေပြုရခြင်း။

(၂) ရဟန်းယောကျ်ားကင်းသော ကျောင်း၌ ဝါမကပ် ဝါမဆိုရခြင်း။

(၃) လခွဲတင်ကြိမ် ရဟန်းယောကျ်ား များအား ဥပေါသထ ပုစ္ဆက, ဩဝါဒ ပသင်္ကမန ခေါ် တရားနှစ်ပါးကို တောင်းပန်ရခြင်း။

(၄) ဝါကျွတ်သောအခါ ဘိက္ခု, ဘိက္ခုနီ-ဉဘယတော သံဃာ့ထံ ပဝါရဏာပြုရခြင်း။

(၅) သံဃာဒိသိသ် အာပတ်သင့်လျှင် ဘိက္ခု,ဘိက္ခုနီ နှစ်ဘက်သော ဥဘတောသံဃာ၌ ပက္ခမာနတ်ကို နှစ်ဆဉ့်နှစ်တိုင်း မပြတ်ကျင့်ရခြင်း။

(၆) သိက္ခမာန်အဖြစ် နှစ်နှစ်တိုင် ကျင့်မနေပြီးမှ ဥဘတောသံဃာ၌ ရဟန်းခံရခြင်း။

(၇) ရဟန်းယောကျ်ားများအား တစ်စုံတစ်ခု ပရိယာယ် သွယ်ဝိုက်နည်းနှင့်မျှ မဆဲရေးရခြင်း။

(၈) ရဟန်းယောကျ်ားများ ဟောကြားဆုံးမတိုင်း လိုက်နာရခြင်း-

အားဖြင့် ၈-ပါးဖြစ်သည်။[၁]

## ၂-ဩဝါဒသုတ်

### ဘိက္ခုနီမတို့ဆုံးမသော ရဟန်း၏တရား ၈-မျိုး

၅၂။ (၁) သီလရှိခြင်း။

(၂) ပိဋကကျမ်းဂန် အကြားအမြင်များခြင်း။

(၃) ပါတိမောက်နှစ်ပါး အကျယ်အားဖြင့် နှုတ်တက်ရခြင်း။

(၄) ကောင်းသော စကားလုံးနှင့် ကောင်းသော အသံရှိခြင်း။

(၅) ဘိက္ခုနီသံဃာအများစု၏ ကြည်ညိုခံရခြင်း။

(၆) ဘိက္ခုနီမတို့ကို တရားဟောစွမ်းနိုင်ခြင်း။

---

၁။ အံ၊ ၃၊ ၁၀၆။

(၇) ရှေးလူ့ဘဝတုန်းက ဘိက္ခုနီမတို့၌ ကိုယ်လက်နှိုးနှောကိုင်တွယ်မှု မပြုဖူးခြင်း၊ သိက္ခမာန်၊ သာမဏေမတို့၌ မေထုန်မှု မပြုဖူးခြင်း။

(၈) ဝါနှစ်ဆယ်, ဝါနှစ်ဆယ် ထက်အလွန် ရရှိခြင်း အားဖြင့် ရဟန်းမိန်းမတို့အားဆုံးမထိုက်သော ရဟန်း၏တရား (အကြောင်းအရာ) ၈-မျိုး။[၁]

သီလဝါ ဗဟုသုတော စ၊
သွာဂတော စ သုဂါစကော။
ပိယော ပဋိဗလော စာပိ၊
နဋ္ဌာပနေ့ဒွာစ ဝီသတိ။

ဟူသော အကျဉ်းချုပ်ဂါထာဖြင့် သွယ်ကူစွာ ဖော်ပြကြသည်။

## ၃-သံခိတ္တသုတ်

### မိထွေးတော်ဂေါတမီအား ဘုရားမြတ်စွာဆုံးမသည့် အဆုံးအမတော် အကျဉ်းချုပ်

၅၃။ ဘုရားမြတ်စွာဝေသာလီပြည်မဟာဝုန်တောပြာသာဒ်ဆောင်မ ါ်ကြ်သောကျောင်း၌ သီတင်းသုံးစဉ် မိထွေးတော်ဂေါတမီ အကျဉ်းချုပ်တရားဟောတော်မူပါ၊ ယင်းတရားကြားနာပြီး ဆိတ်ငြိမ်ရာအရပ်ရောက်လျက် မမေ့မလျော့ လုံ့လပြုကာ စိတ်ကို နိဗ္ဗာန်သို့စေလွှတ်လျက် နေလိုပါသည်ဟု လျှောက်သဖြင့် ဘုရားမြတ်စွာက-

---

[၁] အံ၊ ၃၊ ၁၀၆၊

အို ဂေါတမီ… ဤတရားတို့အား တပ်မက်မှုဖြစ်ရန်သာ ဖြစ်သောတရား၊ တပ်မက်မှုကင်းရန် မဖြစ်သောတရား၊ ဝဋ်၌ယှဉ်ရန်သာ ဖြစ်သောတရား၊ ဝဋ်ကင်းရန် မဖြစ်သော တရား၊ ဝဋ်ဆင်းရဲပွားစီးရန် ဖြစ်သောတရား၊ ဝဋ်ဆင်းရဲကိုဖျက်ဆီးရန် မဖြစ်သော တရား၊ အလိုကြီးရန်သာ ဖြစ်သောတရား၊ အလိုနည်းရန် မဖြစ်သော တရား၊ မရောင့်ရဲရန်သာ ဖြစ်သော တရား၊ ရောင့်ရဲရန်မဖြစ်သော တရား၊ အပေါင်းအဖော်နှင့် နေရန်သာဖြစ်သောတရား၊ ဆိတ်ငြိမ်ရန် မဖြစ်သော တရား၊ ပျင်းရိရန်သာ ဖြစ်သောတရား၊ ကြိုးစား အားထုတ်ရန် မဖြစ်သောတရား၊ မိမိကိုယ်ကို မွေးမြူနိုင်ခဲရန်သာဖြစ်သောတရား၊ မွေးမြူလွယ်ရန်မဖြစ်သော တရားများဟုသိလျှင် ထိုတရားတို့ကို စင်စစ် ဤကား တရားမဟုတ်၊ ဤကား ဝိနည်းမဟုတ်၊ ဤကား မြတ်စွာဘုရားအဆုံးအမ မဟုတ်ဟု မှတ်ယူလေလော့။

ဂေါတမီ…ဤတရားတို့ကား တပ်မက်မှုကင်းရန်သာ ဖြစ်၍၊ တပ်မက်မှုနှင့်တကွ ဖြစ်ရန်မဖြစ်၊ ဝဋ်ကင်းရန်သာ ဖြစ်ကုန်၏၊ ဝဋ်၌ ယှဉ်ရန်မဖြစ်၊ ဝဋ်ဆင်းရဲကို ဖျက်ဆီးရန်သာဖြစ်၍၊ ဝဋ်ဆင်းရဲပွားစီးရန် မဖြစ်၊ အလိုနည်းရန်သာဖြစ်၍၊ အလိုကြီးရန် မဖြစ်၊ ရောင့်ရဲရန်သာဖြစ်၍၊ မရောင့်ရဲရန်မဖြစ်၊ ဆိတ်ငြိမ်ရန်သာ ဖြစ်၍၊ အပေါင်းအဖော်နှင့် နေရန် မဖြစ်၊ ကြိုးစားအားထုတ်ရန်သာဖြစ်၍၊ ပျင်းရိရန် မဖြစ်၊ မိမိကိုယ်ကို မွေးမြူလွယ်ရန်သာဖြစ်၍၊ မွေးမြူနိုင်ခဲရန် မဖြစ်ကုန်ဟု သိလျှင် ထိုတရားတို့ကို စင်စစ် ဤကား တရားတည်း၊ ဤကား ဝိနည်းတည်း၊

ဤကား ဘုရားမြွက်စွာ အဆုံးအမတည်းဟု မှတ်လေလော့ဟု မိန့်တော်မူသည်။[၁]

၄-ဒီဃဇာဏုသုတ်

ဒီဃဇာဏုကို ဟောသောတရား

၅၄။ ဘုရားရှင် ကောလိယမြို့ ကက္ကရပတ္တ မည်သော ကောလိယမင်းများ၏ နိဂုံး၌ နေစဉ် ဒီဃဇာဏုကောလိယ မင်းသား လျှောက်ထားသဖြင့် မျက်မှောက် ကြီးပွားရေး သမ္ပဒါလေးပါးနှင့် တမလွန် ကြီးပွားရေး သမ္ပဒါ ၄-ပါးတို့ကို ဟောတော်မူသည်။

(၁) ထကြွလုံ့လနှင့် ပြည့်စုံခြင်း။
(၂) စောင့်ရှောက်ခြင်းနှင့် ပြည့်စုံခြင်း။
(၃) မိတ်ဆွေကောင်း ရှိခြင်း။
(၄) မျှတစွာ အသက်မွေးခြင်း—

ဤကား မျက်မှောက်ဘဝ၌ အစီးအပွားအလို့ငှာ ချမ်းသာ ရန် တရား ၄-မျိုး။

(၁) သဒ္ဓါတရားနှင့် ပြည့်စုံခြင်း။
(၂) အကျင့်သီလနှင့် ပြည့်စုံခြင်း။
(၃) စွန့်ကြဲမှုနှင့် ပြည့်စုံခြင်း။
(၄) ပညာနှင့် ပြည့်စုံခြင်း—

ဤကား အမျိုးကောင်းသားအား တမလွန်ဘဝ၌ အစီး အပွားအလို့ငှာ ချမ်းသာရန်ဖြစ်သော တရား ၄-မျိုး။[၂]

---

၁။ အံ၊ ၃၊ ၁၀၆-၇။ ၂။ အကျယ် အံ၊ ၃၊ ၁၀၇-၁၁၀။

[ဤသုတ်၌ ဘုရားရှင်သည် စတ္တာရောမေ ဗျဂ္ဃပဇ္ဇ ဓမ္မာကုလပုတ္တဿ-စသည်ဖြစ်သည်၊ ဒီဃဇာဏုကို ရှေးက ဆင်းသက်လာခဲ့သော ပုဂ္ဂိုလ်များ၏ အမည်ဖြင့် ခေါ်သည်၊ ရှေးက ကျားများသွားရာလမ်း၌ ဖြစ်သဖြင့် ထိုအမျိုးကလူတွေ ဗျဂ္ဃပဇ္ဇ-ဟု ထင်ရှားသည် ဟူ၏။[၁] ဤဒီဃဇာဏုသုတ်သည် သီဟိုဠ်ကျမ်း (သီရိလင်္ကာ)၌ဗျဂ္ဃပဇ္ဇသုတ် ဟု ထင်ရှားသည်။]

## ၅-ဥဇ္ဇယသုတ်

### မျက်မှောက် ကြီးပွားကြောင်း ၄-မျိုး
### တမလွန် ကြီးပွားကြောင်း ၄-မျိုး
### ဥဇ္ဇယပုဏ္ဏားအား ဘုရားဟော

၅၅။ (၁) ထကြွလုံ့လနှင့် ပြည့်စုံခြင်း။
(၂) စောင့်ရှောက်မှုနှင့်ပြည့်စုံခြင်း။
(၃) မိတ်ဆွေကောင်း ရှိခြင်း။
(၄) မျှတစွာ အသက်မွေးခြင်း။

ဤကား မျက်မှောက်ဘ၀ ကြီးပွားချမ်းသာရန် တရား ၄-မျိုး။

(၁) သဒ္ဓါတရားနှင့် ပြည့်စုံခြင်း။
(၂) အကျင့်သီလနှင့် ပြည့်စုံခြင်း။

---

၁။ အံ၊ ၃၊ ၃၊ ၂၃၉။

(၃) စွန့်ကြဲခြင်းနှင့် ပြည့်စုံခြင်း။
(၄) ပညာနှင့် ပြည့်စုံခြင်း။

ဤကား တမလွန်ဘဝ အစီးအပွားရရန် ချမ်းသာရန် တရား ၄-မျိုး။[၁]

ဤဥဇ္ဇယသုတ်သည် ဒီဃဇာဏုသုတ်နှင့် တူသည်၊ ဤသုတ်၌ ဥဇယပုဏ္ဏားက လျှောက်သဖြင့် ဥဇ္ဇယပုဏ္ဏားအား ဘုရား မြတ်စွာ ဟောတော်မူသည်၊ ဒီဃဇာဏုသုတ်၌ ဗျဂ္ဃပဇ္ဇအနွယ် ဒီဃဇာဏုပုဏ္ဏား လျှောက်ထားသဖြင့် ယင်းပုဏ္ဏားအား ဟော တော်မူသည်၊ ယင်းသုတ် နှစ်သုတ်လုံး အဆုံး၌ အချုပ်မှတ် ဖွယ် အောက်ပါဂါထာ ၄-ပုဒ် ပါရှိသည်။

၁။ ဥဋ္ဌာတာ ကမ္မဓေယျေသု၊ အပ္ပမတ္တော ဝိဓာနဝါ။
သမံ ကပ္ပေတိ ဇီဝိကံ၊ သမ္ဘတံ အနုရက္ခတိ။

၂။ သဒ္ဓေါ သီလေန သမ္ပန္နော၊ ဝဒညူ ဝီတမစ္ဆရော။
နိစ္စံ မဂ္ဂံ ဝိသောဓေတိ၊ သောတ္ထာနံ သမ္ပရာယိကံ။

၃။ ဣစ္စေတေ အဋ္ဌ ဓမ္မာစ၊ သဒ္ဓဿ ဃရမေသိနော။
အက္ခာတာ သစ္စနာမေန၊ ဥဘယတ္ထ ဟိတာဝဟာ။

၄။ ဒိဋ္ဌဓမ္မဟိတတ္ထာယ၊ သမ္ပရာယသုခါယ စ။
ဧဝ မေတံ ဂဟဋ္ဌာနံ၊ စာဂေါ ပုညံ ပဝဍ္ဎတိ။[၂]

---

၁။ အကျယ်၊ အံ၊ ၃၊ ၁၁၁-၃။ ၂။ အံ၊ ၃၊ ၁၁၀-၁၁၃။

**ဂါထာနက်။** ။၁။ ကမ္မေဓယျော-အမှုကိစ္စ ပြုလုပ်ရာ အရပ်တို့၌၊ ဥဋ္ဌာတာ-ထကြွလုံ့လဝီရိယရှိလျက်၊ အပ္ပမတ္တော-မမေ့လျော့သည်ဖြစ်၍၊ ဝိဓာနဝါ-အထူးစီမံခြင်းနှင့်ပြည့်စုံသော အမျိုးသားသည်၊ သမံ-မျှတစွာ၊ ဇီဝိကံ-အသက်မွေးခြင်းကို၊ ကပ္ပေတိ-ပြု၏၊ သမ္ဘတံ-စုဆောင်းအပ်ပြီးသော ဥစ္စာကို၊ အနုရက္ခတိ-ထိန်းသိမ်းစောင့်ရှောက်၏။

၂။ သဒ္ဓေါ-သဒ္ဓါတရားရှိ၏၊ သီလေန-သီလနှင့်၊ သမ္ပန္နော-ပြည့်စုံ၏၊ ဝဒညူ-တောင်းခံသူများ၏စကားကို သိတတ်၏၊ ဝီတမစ္ဆရော-မစ္ဆရိယကင်း၏၊ သမ္ပရာယိကံ-တမလွန်ဘဝ၌ဖြစ်သော၊ သောတ္ထာနံ-ချမ်းသာကြောင်း ဖြစ်သော၊ မဂ္ဂံ-ကုသိုလ်လမ်းကို၊ နိစ္စံ-အမြဲ၊ ဝိသောဓေတိ-သုတ်သင်၏။

၃-၄။ ဣတိ-ဤသို့၊ အဋ္ဌ-ရှစ်ပါးကုန်သော၊ ဧတေဓမ္မာစ-ဤတရားတို့သည်ကား၊ ဃရံ-အိမ်ထောင်ဝတ်ကို၊ ဧသိနော-ရှာမှီးလေ့ရှိသော၊ သဒ္ဓဿ-သဒ္ဓါတရားရှိသူအား၊ ဝါ-သဒ္ဓါ တရားနှင့် ပြည့်စုံသူအား၊ ဝါ-သဒ္ဓါ တရား ကောင်းသူအား၊ ဒိဋ္ဌဓမ္မ ဟိတတ္တာယစ-မျက်မှောက်ဘဝစီးပွားအလို့ငှာလည်းကောင်း၊ သမ္ပရာယသုခါယစ - နောင်တမလွန်ဘဝ၌ ချမ်းသာခြင်းအကျိုးငှာ လည်းကောင်း၊ ဥဘယတ္ထ - နှစ်ပါးစုံသောဘဝ၌၊ သုခါဝဟာ-ချမ်းသာကို ဆောင်တတ်ကုန်၏၊ သစ္စနာမေန-မှန်သော အမည်ရှိတော်မူသော မြတ်စွာဘုရားသည်၊ အက္ခာတာ - ဟောကြားတော်မူအပ်ကုန်ပြီ၊ ဧဝံ-ဤသို့၊ ဂဟဋ္ဌာနံ-လူဖြစ်သူတို့အား၊ စာဂေါ-စွန့်ကြဲမှုသည် လည်းကောင်း၊

ပုညံ - ကောင်းမှု ကုသိုလ်သည်လည်းကောင်း၊ ပဝဍ္ဎတိ - တိုး ပွား၏။

## ၉-ဘယသုတ်

### ကာမဂုဏ်သည် ဘေး

၅၆။ ဤသုတ်၌ရဟန်းတို့ ဘေးဟူသော အမည်သည် ကာမဂုဏ်တို့၏ အမည်ဖြစ်သည် စသည်ဖြင့်ဟောကြားတော်မူသည်၊ ဆိုလိုရင်းကား ကာမဂုဏ်ဟူသည်ဘေး၊ ကာမဂုဏ်သည်ရောဂါ၊ ကာမဂုဏ်ဟူသည် အိုင်းအမာ၊ ကာမဂုဏ်ဟူသည် ငြောင့်၊ ကာမဂုဏ်ဟူသည် ကပ်ငြိမှု၊ ကာမဂုဏ်ဟူသည် ညွန်၊ ကာမဂုဏ်ဟူသည် အမိဝမ်းတိုက်ကိန်းအောင်းမှုတည်း။

အကြောင်းကား ကာမဂုဏ်၌ တပ်မက်သူသည် မျက်မှောက်တမလွန်ဘေးမှ မလွတ်မြောက်နိုင်၊ ကာမဂုဏ်၌ တပ်မက်သူသည် မျက်မှောက်တမလွန် ရောဂါအားလုံးမှ မလွတ်မြောက်နိုင်၊ ကာမဂုဏ်၌တပ်မက်သူသည် မျက်မှောက်တမလွန်အိုင်းအမာများမှ မလွတ်မြောက်နိုင်၊ ကာမဂုဏ်၌တပ်မက်သူသည်မျက်မှောက်တမလွန်စူးဝင်နာကျင်ခြင်းမှမလွတ်မြောက်နိုင်၊ ကာမဂုဏ်၌တပ်မက်သူသည် မျက်မှောက်တမလွန်ကပ်ငြိခြင်းမှမလွတ်မြောက်နိုင်၊ ကာမဂုဏ်၌တပ်မက်သူသည် မျက်မှောက်တမလွန် ကျွံနစ်ခြင်းမှ မလွတ်မြောက်နိုင်၊ ကာမဂုဏ်၌တပ်မက်သူသည် မျက်မှောက် တမလွန်ကပ်ငြိခြင်းမှ မလွန်မြောက်နိုင်၊ ကာမဂုဏ်၌ တပ်မက်သူသည် မျက်မှောက်တမလွန် အမိဝမ်း၌ကိန်းအောင်းခြင်းမှ မလွန်မြောက်နိုင်၊ ထို့ကြောင့်တည်း။

**ကိလေသာတို့ကို** ပယ်ပန်စေတတ်သော လို့လရှိသောပညာရှိ **ရဟန်းသည်** ကူးနိုင်ခဲသော သံသရာခရီးခဲကို လွန်မြောက်၍ **ပဋိသန္ဓေနေခြင်း** အိုခြင်းနှင့်ပြည့်စုံသော တုန်လှုပ်သောသတ္တဝါ **အပေါင်းကို** ဉာဏ်ဖြင့်ရှုမြင်နိုင်၏ဟူ၏။[၁]

## ၇-ပဌမအာဟာရေနယျသုတ်

### အာဟာရေနယျစသော သံဃာ့ဂုဏ်နှင့် ပြည့်စုံခြောင်း တရား ၈-မျိုး

၅၇။ (၁) သီလရှိ...သိက္ခာပုဒ်တို့၌ ဆောက်တည်၍ ကျင့်ခြင်း။

(၂) တရားဒေသနာ ပိဋက စာပေ ဗဟုသုတနှင့် ပြည့်စုံခြင်း။

(၃) ဉာဏ်ဖြင့်ထိုးထွင်း၍သိခြင်း။

(၄) ကောင်းသော အဆွေခင်ပွန်း ချစ်ကျွမ်းဝင်သူ ရှိခြင်း။

(၅) အယူမှန် အမြင်မှန်ရှိခြင်း၊ လွန်မြတ်သော စိတ်ကိုမှီ မျက်မှောက် ဘဝ၌ချမ်းသာစွာနေကြောင်း ဈာန်အင်္ဂါ လေးပါး တို့ကို အလိုရှိတိုင်းမငြိုငြင် မပင်မပန်းရခြင်း။

(၆) များပြားသောရှေး၌ ဖြစ်ဖူးသော ခန္ဓာအစဉ် ကို အောက်မေ့ နိုင်ခြင်း။

---

၁။ အံ၊ ၃။ စ၁၄၊

(၇) ဒိဋ္ဌိစက္ခု ဉာဏ်အမြင်နှင့် ပြည့်စုံ၊ ကံအားလျော်စွာ ဖြစ်သောသတ္တဝါများကိုသိခြင်း။

(၈) အရဟတ္တဖိုလ် အရဟတ္တဖိုလ် ပညာကို မျက်မှောက်ပြု၍နေခြင်း။

ဤတရား ၈-မျိုးသည် အာဟုနေယျစသော သံဃာ့ဂုဏ် ၅-မျိုးနှင့်ပြည့်စုံကြောင်းတရား ၈-မျိုး။[၁]

၈-ဒုတိယအာဟုနေယျသုတ်

တစ်နည်းအာဟုနေယျစသော သံဃာ့ဂုဏ်နှင့်ပြည့်စုံကြောင်း၊

၅၈။ (၁) သီလရှိခြင်း .... သိက္ခာပုဒ်တို့၌ ဆောက်တည်ကျင့်ခြင်း။

(၂) အကြားအမြင်များခြင်း။

(၃) ဉာဏ်ဖြင့်ထိုးထွင်းသိခြင်း။

(၄) ထက်သန်သောလုံ့လရှိ၊ အားအစွမ်းနှင့်ပြည့်စုံ မြဲမြံသော အားထုတ်မှုရှိခြင်း၊ ကုသိုလ်တရားတို့၌တာဝန်ကို မပစ်ခြင်း။

(၅) တောကျောင်း၌နေ၍ အရည်းကင်မှုတင်ဆောက်တည်ခြင်း, မမွေ့မလျော်ခြင်းကိုသည်းခံနှိမ်နင်းနိုင်ခြင်း။

---

၁၊ အံ၊ ၃၊ ၁၁၄-၅။

(၆) ကြောက်ဖွယ် ဘေးရန်ကို သည်းခံနိုင်ခြင်း။

(၇) လွန်မြတ်သော စိတ်ကိုမှီသော မျက်မှောက်ဘဝ၌ ချမ်းသာစွာနေကြောင်း ဈာန်လေးပါးတို့ကို အလိုရှိတိုင်းရခြင်း။

(၈) အရဟတ္တဖိုလ်စိတ် အရဟတ္တဖိုလ်ပညာကို မျက်မှောက်ပြု၍နေခြင်း။

ဤတရား ၈-မျိုးနှင့်ပြည့်စုံသော ရဟန်း အာဟုနေယျစသော သံဃာ့ဂုဏ် ၅-မျိုးနှင့်ပြည့်စုံသည်ဟူ၏။[၁]

## ၆-ပဉ္စမပုဂ္ဂလသုတ်

### ပုဂ္ဂိုလ် ၈-မျိုး

၅၆။ (၁) သောတာပန်ပုဂ္ဂိုလ်။

(၂) သောတာပတ္တိဖိုလ် မျက်မှောက်ပြုရန်ကျင့်သော သောတာပတ္တိမဂ်ပုဂ္ဂိုလ်။

(၃) သကဒါဂါမိပုဂ္ဂိုလ်။

(၄) သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သော သကဒါဂါမိမဂ်ပုဂ္ဂိုလ်။

(၅) အနာဂါမိပုဂ္ဂိုလ်။

---

၁။ အံ၊ ၃၊ ၁၁၅၊

(၆) အနာဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သော အနာဂါမိမဂ်ပုဂ္ဂိုလ်။

(၇) ရဟန္တာပုဂ္ဂိုလ်။

(၈) အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သော အရဟတ္တ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်။

ဤပုဂ္ဂိုလ် ၈-မျိုးသည် အာဟုနေယျစသော သံဃာ့ဂုဏ် နှင့်ပြည့်စုံသော ပုဂ္ဂိုလ်။[1]

## ၁၀-ဒုတိယပုဂ္ဂလသုတ်

### ပုဂ္ဂိုလ် ၈-မျိုး

၆၀။ ဤသုတ်၌လဲ ပဌမပုဂ္ဂလသုတ်နည်းတူ အာဟုနေယျ စသော သံဃာ့ဂုဏ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ရှစ်မျိုးကို ဟော တော်မူသည်၊ ပဌမပုဂ္ဂလသုတ်၌—

၁။ စတ္တာရော စ ပဋိပန္နာ၊
စတ္တာရော စ ဖလေဋ္ဌိတာ။
ဧသ သံဃော ဥဇုဘူတော၊
ပညာသီလ သမာဟိတော။

၂။ ယဇမာနာနံ မနုဿာနံ၊ ပုညပေက္ခာန ပါဏိနံ။
ကရောတံ ဩပဓိကံ ပုညံ၊ သံဃေ ဒိန္နံ မဟပ္ဖလံ-

---

၁။ အံ၊ ၃၊ ၁၁၅။

၂-ဂါထာပါရှိ၍၊ ဒုတိယပုဂ္ဂလသုတ်၌-

(၁) စတ္တာရော စ ပဋိပန္နာ၊
စတ္တာရော စ ဖလေဋ္ဌိတာ။
ဧသ သံဃော သမုက္ကဋ္ဌော၊
သတ္တာနံ အဋ္ဌ-ပုဂ္ဂလာ။

(၂) ယဇမာနာနံ မနုဿာနံ၊ ပုညပေက္ခာန ပါဏိနံ။
ကရောတံ ဩပဓိကံ ပုညံ၊ ဧတ္ထ ဒိန္နံ မဟပ္ဖလံ။

နှစ်ဂါထာလာရှိသည်၊ ဤနှစ်သုတ်လာဂါထာအားလုံး အရိယ သံဃာရှစ်ယောက်အားလှူအပ်သောအလှူ အကျိုးကြီးကြောင်း ဖော်ပြသည်။

## (၇) ၂။ ဘူမိစာလဝဂ်

### ၁-ဣန္ဒြသုတ်

**လာဘ်နှင့်စပ်လျဉ်း၍ ဖြစ်ပေါ်လာသော ပုဂ္ဂိုလ် ၈-မျိုး**

၆၁။ (၁) လာဘ်ရရန်အားထုတ်၍လာဘ်မရခြင်းကြောင့် စိုးရိမ်ပင်ပန်း ငိုကြွေးမည်တမ်း မြင်းစွာတွေ ဝေသဖြင့် သူတော်ကောင်းတရားမှရွေ့လျော သော ပုဂ္ဂိုလ်။

(၂) လာဘ်ရရန်အားထုတ်၍ လာဘ်ရခြင်းကြောင့် ယစ်မူး၊ အလွန်ယစ်မူး၊ မေ့လျော့သဖြင့် သူ တော်ကောင်းတရားမှရွေ့လျောသောပုဂ္ဂိုလ်။

(၃) လာဘ်ရရန်အားမထုတ် မစေ့ဆော်ဘဲ လာဘ်မရခြင်းကြောင့် စိုးရိမ်ပင်ပန်း ငိုကြွေးတွေဝေသဖြင့် သူတော်ကောင်းတရားမှ ရွေ့လျောသော ပုဂ္ဂိုလ်။

(၄) လာဘ်ရရန်အားမထုတ် မစေ့ဆော်ဘဲ လာဘ်ရခြင်းကြောင့် ယစ်မူး, အလွန်ယစ်မူး, မေ့လျော့ခြင်းသို့ ရောက်သော ပုဂ္ဂိုလ်။

(၅) လာဘ်ရရန်အားထုတ်၍ လာဘ်မရခြင်းကြောင့် မစိုးရိမ်, မပင်ပန်း, မငိုကြွေး, မြင်းစွာ တွေဝေခြင်းသို့ မရောက်သော ပုဂ္ဂိုလ်။

(၆) လာဘ်ရရန် အားထုတ်၍ လာဘ် ရခြင်းကြောင့် မယစ်မူး, အလွန်မယစ်မူး, မမေ့လျော့ခြင်းသို့ မရောက်သော ပုဂ္ဂိုလ်။

(၇) လာဘ်ရရန် အားမထုတ်၍ လာဘ်မရခြင်းကြောင့် မစိုးရိမ်, မပူပန်, မငိုကြွေး, မြင်းစွာ တွေဝေခြင်းသို့ မရောက်သော ပုဂ္ဂိုလ်။

(၈) လာဘ်ရခြင်းငှာ အားမထုတ်ဘဲ လာဘ်ရခြင်းကြောင့် မယစ်မူး, အလွန်မယစ်မူး, မမေ့လျော့ခြင်းသို့ မရောက်သော ပုဂ္ဂိုလ်-

အားဖြင့် ပုဂ္ဂိုလ် ၈-မျိုး။[၁]

---

၁။ အံ။ ၃၊ ၈၁၆-၀။

## ၂-အလံသုတ်

### စွမ်းနိုင်ခြင်းနှင့်စပ်သောတရား

၆၂။ (၁) ရဟန်းသည် ကုသိုလ်တရားတို့၌ လျင်စွာစုံစမ်း မှတ်သားနိုင်, ကြားနာပြီးတရား ဆောင်တတ်သော သဘောရှိ, ဆောင်ထားပြီး တရားအနက်ကို စုံစမ်းဆင်ခြင်နိုင်၏၊ အနက် ပါဠိသိ၍ တရားအားလျော်စွာ ကျင့်၏၊ ကောင်းသော စကား, ကောင်းသော မြွက်ဆိုသံရှိ၊ သန့်ရှင်း အပြစ်ကင်း သိလွယ်သော မြို့ကြီးသူတို့၏ စကားနှင့် ပြည့်စုံခြင်း, သိတင်းသုံးဖော်တို့အား တရားစကားဖြင့် သိမြင်စေလျက် တရားကို ဆောက်တည်စေကာ တရားကျင့်သုံးရန် ထက်သန်ရွှင်လန်းစေ၏၊ ဤတရား ၆-မျိုးနှင့် ပြည့်စုံသောရဟန်း မိမိသူတစ်ပါး နှစ်ဦးသားအကျိုး စီးပွားကျင့်ခြင်း၌ စွမ်းနိုင်သည်။

(၂) ထိုဖော်ပြပါ ၆-မျိုးအနက် ကုသိုလ်တရားတို့၌ လျင်မြန်စွာ စုံစမ်းမှတ်သားနိုင်ခြင်းကား မရှိ၊ ကျန်အင်္ဂါ ၅-ပါးနှင့်ပြည့်စုံလျှင် မိမိသူတစ် ပါး နှစ်ဦးသား အစီးအပွားကို ကျင့်ခြင်း၌ စွမ်းနိုင်သည်။

(၃) ထိုပထမဖော်ပြပါ ၆-မျိုးအနက် ၁-ကြားနာပြီးတရားကို ဆောင်တတ်ခြင်း သဘောရှိ၏၊

ဆောင်ထားပြီး တရားအနက်ကို စုံစမ်းဆင်ခြင်နိုင်၏၊ ပါဠိအနက်ကိုသိ၍ တရားအားလျော်စွာ ကျင့်ခြင်း၊ ကောင်းသောစကား ကောင်းသော မြွက်ဆိုသံမရှိ သန့်ရှင်းအပြစ်ကင်း အဓိပ္ပာယ် သိလွယ် ပြည့်ကြီးသူတို့၏စကားနှင့် မပြည့်စုံ၊ တရားကျင့်သုံးရန် မရှင်လန်းစေနိုင်၊ ဤတရား ၄-မျိုးနှင့် ပြည့်စုံသောရဟန်း မိမိအစီးအပွား ကျင့်ခြင်း၌သာ စွမ်းနိုင်သည်၊ သူတစ်ပါးအစီးပွားကျင့်ခြင်း၌မစွမ်းနိုင်။

(၄) ကုသိုလ်တရားတို့၌ လျင်စွာ မှတ်သားနိုင်၏၊ ကြားနာပြီး တရားဆောင်ထားနိုင်၏၊ ဆောင်ထားပြီး တရားအနက်ကိုလည်း မစုံစမ်း မဆင်နိုင်၊ အနက်ပါဠိသိ၍ တရားအား လျော်သော အကျင့်ကိုမကျင့်ခြင်း၊ ကောင်းသောစကားရှိ၊ ကောင်းသောမြွက်ဆိုသံရှိ၊ သန့်ရှင်းအပြစ်ကင်း အဓိပ္ပာယ်သိလွယ် ပြည်ကြီးသူတို့၏ စကားနှင့် ပြည့်စုံ၏။

ဤတရား ၄-မျိုးနှင့်ပြည့်စုံသော ရဟန်း၊ သူတစ်ပါးတို့၏ အစီးအပွားကျင့်ခြင်း၌ စွမ်းနိုင်၍ မိမိအစီးအပွားကိုကျင့်ခြင်း၌ မစွမ်းနိုင်။

(၅) ကုသိုလ်တရားတို့၌ လျင်စွာစုံစမ်းမှတ်သားနိုင်မှု မရှိခြင်း၊ ကြားနာပြီးတရားတို့ကို ဆောင်ထား

တတ်သောသဘောရှိ၏၊ ဆောင်ထားပြီးအနက်တို့ကို စုံစမ်းဆင်ခြင်နိုင်၏၊ အနက်ပါဠိ သိ၍တရားအားလျော်သောအကျင့်ကိုလဲ ကျင့်ခြင်း၊ ကောင်းသောစကားမရှိ, ကောင်းသောမြွက်ဆိုသံမရှိ, သန့်ရှင်းအပြစ်ကင်းသော အဓိပ္ပာယ်သိလွယ်သည့် ပြည်ကြီးသူတို့၏ စကားနှင့်မပြည့်စုံ, သီတင်းသုံးဖော်တို့အား တရားစကားကိုကောင်းစွာမပြောတတ်ခြင်း၊ တရားကိုမဆောက်တည်စေနိုင်၊ တရားကျင့်သုံးရန်မထက်သန်မရွှင်လန်းစေနိုင်ခြင်း။

ဤတရား ၃-မျိုးနှင့်ပြည့်စုံသောရဟန်း မိမိအစီးအပွားကိုသာကျင့်ရန်စွမ်းနိုင်၍ သူတစ်ပါးအကျိုးကျင့်ရန်မစွမ်းနိုင်။

(၆) ကုသိုလ်တရားတို့၌ လျင်စွာ မှတ်သားနိုင်ခြင်းမရှိ၊ ကြားနာပြီးတရား ဆောင်တတ်သောသဘောရှိ၏၊ ဆောင်ထားပြီးတရား မစုံစမ်းမဆင်ခြင်နိုင်၊ အနက်ပါဠိကိုသိ၍ တရားအားလျော်သော အကျင့်ကိုလဲမကျင့်၊ကောင်းသောစကားရှိ၏....၊ တရားကျင့်သုံးရန် ထက်သန်ရွှင်လန်းစေနိုင်၏။

ဤတရား ၃-မျိုးနှင့် ပြည့်စုံသောရဟန်း မိမိအစီးအပွားကိုသာ ကျင့်စွမ်းနိုင်၍ သူတစ်ပါး အကျိုးစီးပွား ကျင့်ရန်မစွမ်းနိုင်။

(၇) ရဟန်းသည် ကုသိုလ်တရားတို့ကို လျင်စွာစုံစမ်း မှတ်သားနိုင်ခြင်းမရှိ၊ ကြားနာပြီး တရားတို့ကို ဆောင်ထားတတ်သော သဘောမရှိ၊ ဆောင်ထားပြီးတရားတို့၏ အနက်ကိုကား စုံစမ်းဆင်ခြင်နိုင်၏၊ အနက်ပါဠိကိုသိ၍ တရားအားလျော်သော အကျင့်ကိုကျင့်၏၊ ကောင်းသောစကား မရှိ၊ သီတင်းသုံးဖော်တို့အား တရားစကားဖြင့် အကျိုးစီးပွားကိုမပြတတ်။

ဤတရား ၂-မျိုးနှင့် ပြည့်စုံသောရဟန်းသည် မိမိအစီးအပွားကို ကျင့်စွမ်းနိုင်၏၊ သူတစ်ပါးအစီးအပွားကို ကျင့်ရန် မစွမ်းနိုင်။

(၈) ကုသိုလ်တရားတို့၌ လျင်စွာစုံစမ်းမှတ်သားခြင်း မရှိ၊ ကြားနာပြီးတရားတို့ကို ဆောင်ထားတတ် သဘောမရှိ၊ ဆောင်ထားပြီး တရားတို့၏အနက် ကိုမစုံစမ်းမဆင်ခြင်နိုင်၊ အနက်ပါဠိသိ၍တရား အားလျော်သော အကျင့်ကိုမကျင့်၊ ကောင်း သောစကားရှိ၏၊ ကောင်းသောမြွက်ဆိုသံရှိ၏၊ သန့်ရှင်းအပြစ်ကင်း အဓိပ္ပာယ် သိလွယ်သော ပြည်ကြီးသူတို့၏စကားနှင့်ပြည့်စုံ၏၊ သီတင်းသုံး ဖော်တို့အားတရားစကားဖြင့် အကျိုးစီးပွားကို သိမြင်စေလျက် တရားကို ဆောက်တည်စေကာ တရားကျင့်သုံးရန် ထက်သန်ရွှင်လန်းစေနိုင်၏။

ဤတရား နှစ်မျိုးနှင့် ပြည့်စုံသောရဟန်း သူတစ်ပါးအစီးအပွားကိုကျင့်စွမ်းနိုင်၍ မိမိအစီးအပွားကိုကျင့်ခြင်းငှါ မစွမ်းနိုင်ဟူ၏။[၁]

## ၃–သံခိတ္တသုတ်

### အကျဉ်းချုပ်ဟောသောတရား၊ ဗြဟ္မဝိဟာရတရား ၄-ပါးနှင့် သတိပဋ္ဌာန် ၄-ပါးပွားနည်း

၆၃။ ရဟန်းတစ်ပါး လျှောက်ထားသဖြင့် တရားအကျဉ်းချုပ်ကို ဟောတော်မူသည်၊ ဤတရားမှာ ဗြဟ္မဝိဟာရတရားလေးပါးနှင့် သတိပဋ္ဌာန်လေးပါး ပွားများ ကျင့်ကြံနည်းဖြစ်သည်။

ရဟန်း ထို့ဖြစ်လျှင် သင်သည် ငါ၏ကိုယ်တွင်းသန္တာန်၌သာလျှင် စိတ်သည်တည်အံ့၊ ကောင်းစွာတည်အံ့၊ ဖြစ်ပေါ်သည့် ယုတ်ညံ့သော အကုသိုလ်တရားများ ကုသိုလ်စိတ်ကို ထက်ဝန်းကျင်မှ သိမ်းယူ၍ တည်လိမ့်မည်မဟုတ်ဟု ဤသို့ကျင့်ရမည်၊ ရဟန်း....သင်သည် ဤသို့သာကျင့်ရမည်။

စိတ်တည်တံ့ ရာအခါ အကုသိုလ်တရားပေါ်ကုသိုလ်တရားများကို သိမ်းယူ၍ မဖည်ရာအခါ၌ ငါ့အား စိတ်၏ဆန္ဒကျင့်ဘက်တို့မှ လွယ်သော မေတ္တာစျာန်ကို ပွားများအပ်၏၊ ကြိမ်ဖန်များစွာပြုအပ်၏၊ လေ့လာအပ်၊ ယာဉ်ကဲ့သို့ပြုအပ်, တည်ရာကဲ့သို့ပြုအပ်, အစဉ်တည်အပ်, လေ့လာအပ်, ကောင်းစွာအားထုတ်အပ်

---

၁။ အံ၊ ၃၊ ၁၁၈-၁၂၀။

အင်္ဂုတ္တရအနှစ်ချုပ်– ၁၀

တကွဖြစ်သော သမာဓိကိုလဲ ပွားများလေလော့၊ ပီတိမရှိ သော သမာဓိကိုလဲ ပွားများလေလော့၊ သောမနဿနှင့်တကွ ဖြစ်သော သမာဓိကိုလဲ ပွားများလေလော့၊ ဥပေက္ခာနှင့်တကွ ဖြစ်သော သမာဓိကိုလဲ ပွားများလေလော့၊ ဤသမာဓိ ပွား များအပ်ရာ ထိုအခါမှာ သင်သည် သွားလိုရာရာမှာ ချမ်းသာ စွာသွားနိုင်ပေလိမ့်မည်၊ ရပ်လိုရာရာမှာ ချမ်းသာစွာရပ်နိုင်ပေ လိမ့်မည်၊ ထိုင်လိုရာရာမှာ ချမ်းသာစွာ ထိုင်နိုင်ပေလိမ့်မည်၊ အိပ်လိုရာရာမှာ ချမ်းသာစွာအိပ်နိုင်ပေလိမ့်မည်ဟု မိန့်တော်မူ သည်။

ထိုနောက် ဘုရားထံမှ ပဲသွားပြီး တစ်ယောက်တည်း ဆိတ် ငြိမ်ရာ ချဉ်းကပ်အားထုတ်ရာ ရဟန္တာဖြစ်လေသည်။

## ၄-ဂယာသီသသုတ်

ဂယာမြို့ ဂယာသီသ၌ဟောသောတရား

ဘုရားရှင်အား ဒိဗ္ဗစက္ခုစသော ဉာဏ် ၈-ပါးဖြစ်

၆၄။ (၁) ရဟန်းတို့...ငါသည် သစ္စာလေးပါးကို မသိ သေးမီ ဘုရားအလောင်းဖြစ်စဉ်ကပင်ဒိဗ္ဗစက္ခု ဉာဏ်အလင်းရောင်ကိုသာ သိရ၏၊ ရူပါရုံတို့ကို ကား မမြင်ရသေး။

(၂) ရဟန်းတို့...ငါဘုရား ရူပါရုံမြင်ရန် အကြံဖြစ် သည်၊ မမေ့မလျော့ လုံ့လပြုလျက် နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိသည်ဖြစ်၍ နေသည်ရှိ သော် ဒိဗ္ဗစက္ခုဉာဏ်အလင်းရောင်ကိုလဲ သိရ၊

ရူပါရုံတို့ကိုလဲ မြင်ရ၏၊ ထိုနတ်များနှင့် အတူ ကား မနေရသေး၊ စကားမပြောရသေး၊ ဆွေးနွေးခြင်းသို့ မရောက်ရသေး။

(၃) ဆက်လက်အကြံဖြစ် နောင်အခါ ငါသည် မမေ့ မလျော့ လုံ့လပြု နိဗ္ဗာန်သို့စေလွှတ်အပ်သော စိတ်ရှိသည်ဖြစ်၍ နေသည်ရှိသော် ဒိဗ္ဗစက္ခု ဉာဏ် အလင်းရောင်ကိုလဲသိရ၏၊ ရူပါရုံတို့ကို လဲ မြင်ရ၏၊ ထိုနတ်များနှင့်လဲ အတူနေရ၏၊ စကားပြောရ၏၊ ဆွေးနွေးရ၏၊ သို့ရာတွင် ဤ မည် ဤမည်သော နတ်ဘုံမှ နတ်တို့တည်းဟု မသိရသေး။

(၄-၇) ဆက်လက် အကြံဖြစ်၏၊ နောက်အခါ ငါသည် မမေ့ မလျော့ လုံ့လပြုလျက် နိဗ္ဗာန်သို့စေ လွှတ်အပ်သော စိတ်ရှိသည်ဖြစ်၍ နေသည်ရှိ သော် ဒိဗ္ဗစက္ခုဉာဏ် အလင်းရောင်ကိုလဲ သိရ၊ ရူပါရုံတို့ကိုလဲ မြင်ရ၍ ထိုနတ်တို့နှင့် အတူလဲ နေရ၊ စကားလဲပြောရ ဆွေးနွေးရပြီးလျှင် ထိုနတ်တို့ကို ဤနတ်တို့ကား ဤမည် ဤမည် သော နတ်ဘုံမှနတ်တို့တည်းဟု သိရ၏၊ ဤနတ် တို့သည် ဤမည်သော ကံ၏ အကျိုးကြောင့် ဤလူ့ဘုံမှစုတေ၍ ထိုဘုံ၌ဖြစ်ရ၏ဟုကား မသိ ရသေး၊ ထိုနတ်တို့ကိုလဲ ဤနတ်တို့သည် ဤ ကံ၏အကျိုးကြောင့် ဤဘုံမှစုတေ၍ ထိုဘုံ၌

ဖြစ်ရကုန်၏ဟု သိရ၏၊ ထိုနတ်တို့ကို ဤနတ်တို့သည် ဤကံ၏အကျိုးကြောင့် ဤသို့ အစားအစာရှိကုန်၏၊ ဤသို့ချမ်းသာ ဆင်းရဲကိုခံစားကုန်၏ဟုကား မသိရသေး၊ ထိုနတ်တို့ကို ဤနတ်တို့သည် ဤကံ၏ အကျိုး ကြောင့် ဤဘုံမှ စုတေ၍ ထိုဘုံ၌ဖြစ်ရကုန်၏ ဟုလည်း သိရ၏၊ ထိုနတ်တို့ကို ဤနတ်တို့သည် ဤကံ၏ အကျိုးကြောင့် ဤသို့ အစားအစာရှိကုန်၏၊ ဤသို့ ချမ်းသာဆင်းရဲ ခံစားရကုန်၏ဟု ကား မသိရသေး၊ ထိုနတ်တို့ကို ဤနတ်တို့သည် ဤကံ၏အကျိုးကြောင့် ဤသို့အစားအစာရှိကုန်၏၊ ဤသို့ ချမ်းသာဆင်းရဲကို ခံစားရကုန်၏ဟုလည်းသိရ၏၊ ထိုနတ်တို့ကို ဤနတ်တို့သည် ဤသို့ အသက်ရှည်ကုန်၏၊ ဤသို့ ကြာမြင့်စွာ တည်ခြင်းရှိကုန်၏ဟူ၍ကား မသိရသေး၊ ထိုနတ်တို့ကို ဤနတ်တို့သည် ဤသို့ အသက်ရှည်ကုန်၏၊ ဤသို့ ကြာမြင့်စွာတည်ခြင်းရှိကုန်၏ ဟုလည်း သိရ၏၊ ထိုနတ်တို့ကို ငါသည် ဤနတ်တို့နှင့် အတူ နေခဲ့ဖူး၏ဟု လည်းကောင်း၊ မနေခဲ့ရဘူး ဟု လည်းကောင်းမသိရသေး။

(ဂ) ငါသည် ဤနတ်တို့နှင့်အတူ နေခဲ့ဖူး၏ ဟူ၍ လည်းကောင်း မနေခဲ့ရဖူးသေးဟူ၍ လည်းကောင်းသိ၏။

ရဟန်းတို့ ငါသည် ဤရှစ်မျိုးသော အပြန်ရှိသော လှန်ကဲသည်သာလျှင်ဖြစ်သော ဉာဏ်အမြင် အလွန်စင်ကြယ်စွာဖြစ်မှု နတ်လောကနှင့် လူ့လောက၌ အတုမရှိသော သမ္မာသမ္ဗောဓိ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်ကို ထိုးထွင်းသိပြီဟု ဝန်ခံ၏၊ ငါ့အား ဉာဏ်အမြင်ထင်ရှားဖြစ်ပေါ်လာခဲ့၏၊ ငါ၏ကိလေသာတို့မှ လွတ်မြောက်မှုအရဟတ္တဖိုလ်စိတ်သည် မပျက်စီးနိုင်၊ ဤကား အဆုံးစွန်သော ဘဝတည်း၊ ယခုအခါ ဘဝသစ်၌ဖြစ်ခြင်း မရှိတော့ပြီဟု မိန့်တော်မူသည်။[၁]

## ၅-အဘိဘာယတနသုတ်

### လွှမ်းမိုးနိုင်ကြောင်းတရား အဘိဘာယတနဈာန် ၈-မျိုး

၆၅။ (၁) တစ်ဦးသော ပုဂ္ဂိုလ်သည် မိမိသန္တာန်၌ အဆင်းရုပ်တို့ကို ရှုမှတ်၍ အပသန္တာန်၌ ကောင်းသောအဆင်း၊ မကောင်းသောအဆင်းရှိသော ငယ်သော အဆင်း ရုပ်တို့ကိုရှု၏၊ ထိုရုပ်တို့ကို လွှမ်းမိုး၍ ငါသိ၏၊ ငါမြင်၏ဟု ဤသို့ အမှတ်သညာရှိ၏၊ ဤကား ပထမအဘိဘာယတနဈာန်။

(၂) တစ်ဦးသော ပုဂ္ဂိုလ်သည် မိမိသန္တာန်၌ အဆင်းရုပ်တို့ကို ရှုမှတ်၍ အပသန္တာန်၌ ကောင်းသော အဆင်း၊ မကောင်းသော အဆင်းရှိသော ကြီး

---

၁။ အံ၊ ၃၊ ၁၂၃-၅။

ဤသည်လျှင် ဆန့်ကျင်ဘက်တရားနှင့် အာရုံတို့ကို လွှမ်းမိုးနိုင်ကြောင်း အဘိဘာယတန ဈာန်ရှစ်မျိုးဟု ဘုရားရှင်ဟောတော်မူသည်။ [၁]

## ၉-ဝိမောက္ခသုတ်

### ဆန့်ကျင်ဘက်တို့မှလွတ်မြောက်မှု ဝိမောက္ခဈာန် ၈ မျိုး

၆၆။ (၁) မိမိသန္တာန်၌ ကသိုဏ်းရုပ်ဈာန်ရှိသည် ဖြစ်၍ ပြင်ပသန္တာန်၌လဲ ကသိုဏ်းရုပ်တို့ကိုရှု၏၊ ဤကား ပထမလွတ်မြောက်မှု ဝိမောက္ခ။

(၂) မိမိသန္တာန်၌ ကသိုဏ်းရုပ်ကို မရှုမှတ်မူ၍ ပြင်ပသန္တာန်၌ ကသိုဏ်းရုပ်တို့ကိုရှု၏၊ ဤကားဒုတိယ လွတ်မြောက်မှု ဝိမောက္ခ။

(၃) တင့်တယ်၏ဟူ၍သာ ရှု၏၊ ဤကားတတိယလွတ်မြောက်မှု ဝိမောက္ခ။

(၄) ရူပသညာ တို့ကို လုံးဝလွန်မြောက်၍ ပဋိဃသညာတို့လုံးဝချုပ်သည့်ပြင် နာနတ္တသညာတို့ကို လုံးဝနှလုံးမသွင်းမူ၍ ကောင်းကင်သည်အဆုံး မရှိဟုနှလုံးသွင်းလျက် အာကာသာနဉ္စာယတနဈာန်သို့ရောက်၍နေ၏၊ ဤကား စတုတ္ထလွတ်မြောက်မှု ဝိမောက္ခ။

---

၁။ အံ၊ ၃၊ ၁၂၅-၆။

(၅) အာကာသာ နဉ္စာယတနစျာန် လုံးဝ လွန်မြောက်၍ ဝိညာဏ်သည် အဆုံးမရှိဟု နှလုံးသွင်းလျက် ဝိညာဏဉ္စာယနစျာန်သို့ ရောက်၍နေ၏၊ ဤကား ပဉ္စမလွတ်မြောက်မှု ဝိမောက္ခ။

(၆) ဝိညာဏဉ္စာယတနစျာန်ကို လုံးဝလွန်မြောက်၍ တစ်စုံတစ်ခုမျှမရှိ-ဟုနှလုံးသွင်းလျက် အာကိဉ္စညာယတနစျာန်သို့ ရောက်၍ နေ၏၊ ဤကား ဆဋ္ဌလွတ်မြောက်မှု ဝိမောက္ခ။

(၇) အာကိဉ္စညာယတနစျာန်ကို လုံးဝလွန်မြောက်၍ နေဝသညာ နာသညာယတန စျာန် သို့ ရောက်၍နေ၏၊ ဤကား သတ္တမလွတ်မြောက်မှု ဝိမောက္ခ။

(၈) နေဝသညာ နာသညာယတနစျာန်ကို လုံးဝလွန်မြောက်၍ သညာ, ဝေဒနာတို့၏ ချုပ်ရာ နိရောဓသမာပတ်သို့ ရောက်၍နေ၏၊ ဤကား အဋ္ဌမလွတ်မြောက်မှု ဝိမောက္ခ။

ထန့်ကျင်ဘက်တို့မှလွတ်မြောက်မှုဝိမောက္ခစျာန် ဤ ၈-မျိုးတည်းဟု မိန့်တော်မူသည်။[၁]

၇-အနုရိယဝေါဟာရသုတ်

အရိယာမဟုတ်သူများ၏ အပြောအဆို ၈-မျိုး

၆၇။ (၁) မမြင်သည်၌ မြင်သည်ဟုဆိုလေ့ရှိခြင်း။

---

၁။ အံ၊ ၂၃ ၁၂၆-၇၊

(၂) မကြားသည်၌ ကြား၏သည်ဟုဆိုလေ့ရှိခြင်း။
(၃) မတွေ့ထိသည်၌ တွေ့ထိသည်ဟုဆိုလေ့ရှိခြင်း။
(၄) မသိသည်၌ သိသည်ဟုဆိုလေ့ရှိခြင်း။
(၅) မြင်သည်၌ မမြင်ဟု ဆိုလေ့ရှိခြင်း။
(၆) ကြားသည်၌ မကြားဟုဆိုလေ့ရှိခြင်း။
(၇) တွေ့ထိသည်၌ မတွေ့ထိဟုဆိုလေ့ရှိခြင်း။
(၈) သိသည်၌ မသိဟုဆိုလေ့ရှိခြင်း။

ဤကား အရိယာမဟုတ်သူတို့၏ အပြောအဆို ၈-မျိုး။[၁]

## ၈-အရိယဝေါဟာရသုတ်

### အရိယာတို့၏အပြောအဆို ၈-မျိုး

၆၈။ (၁) မမြင်သည်၌ မမြင်ဟုဆိုလေ့ရှိခြင်း။
(၂) မကြားသည်၌ မကြားဟုဆိုလေ့ရှိခြင်း။
(၃) မတွေ့ထိသည်၌ မတွေ့ထိဟုဆိုလေ့ရှိခြင်း။
(၄) မသိသည်၌ မသိဟုဆိုလေ့ရှိခြင်း။
(၅) မြင်သည်၌ မြင်၏ဟုဆိုလေ့ရှိခြင်း။
(၆) ကြားသည်၌ ကြား၏ဟုဆိုလေ့ရှိခြင်း။
(၇) တွေ့ထိသည်၌ တွေ့ထိ၏ဟုဆိုလေ့ရှိခြင်း။
(၈) သိသည်၌ သိ၏ဟုဆိုလေ့ရှိခြင်း။

ဤကား အရိယာတို့၏ အပြောအဆို ၈-မျိုး။[၂]

---

၁။ အံ၊ ၃။ ၁၂၇။
၂။ အံ၊ ၃၊ ၁၂၇။

## ၉-ပရိသာသုတ်

### ပရိသတ် ၈-မျိုး

၆၉။ (၁) မင်းပရိသတ်။
(၂) ပုဏ္ဏားပရိသတ်။
(၃) သေဋ္ဌေးသူကြွယ်ပရိသတ်။
(၄) ရဟန်းပရိသတ်။
(၅) စတုမဟာရာဇ် ပရိသတ်၊
(၆) တာဝတိံသာ ပရိသတ်၊
(၇) မာရ်ပရိသတ်၊
(၈) ဗြဟ္မာပရိသတ် အားဖြင့် ပရိသတ် ၈-မျိုး။[၁]

## ၁၀-ဘူမိစာလသုတ်

### မြေလှုပ်ခြင်းအကြောင်း

၇၀။ ဤသုတ်၌ ဗုဒ္ဓပါဒ်လေးပါး ပွားများနေလျှင် ပုဂ္ဂိုလ်တိုင်းမင် အသက်တမ်းတက် အသက်ပိုမို အသက်ရှည်နိုင်ခြင်းကို ဟောတော်မူသည်၊ မြေလျှင်လှုပ်ခြင်း အကြောင်း ၈-မျိုးကိုလဲ ဟောတော်မူရာ ဤသို့တည်း။

(၁) အာနန္ဒာ....ဤမဟာပထဝီမြေကြီးသည် ရေ၌တည်၏၊ ရေသည် လေ၌ တည်၏၊ လေသည် ကောင်းကင်၌တည်၏၊ ပြင်းထန်စွာ လေတိုက်

---

၁။ အံ့ကျယ် အံ၊ ၃။ ၁၂၇-၈။

သောအခါ ရေကိုလှုပ်စေ၏၊ ရေလှုပ်သော် မြေလှုပ်စေ၏၊ ဤကား အကြီးအကျယ် မြေလှုပ်ခြင်း၏ ပထမအကြောင်း။

(၂) တန်ခိုးကြီးသော အဘိညာဏ်စိတ်၌ လေ့လာပြီးသော သမဏဗြာဟ္မဏ၊ တန်ခိုးအာနုဘော်ကြီးသော နတ်များ၊ အားနည်းသော မြေကသိုဏ်းသညာနှင့် အားကြီးသော ရေကသိုဏ်းစျာန်သညာတို့ကိုပွားများပြီးလျှင် ဤမြေကြီးကို လှုပ်စေ၏၊ တုန်လှုပ်စေ၏၊ ပြင်းစွာ တုန်လှုပ်စေ၏၊ သွက်သွက်ခါ တုန်လှုပ်စေ၏၊ ဤအကြီးအကျယ် မြေလှုပ်ခြင်း၏ ဒုတိယ အကြောင်း။

(၃) ဘုရားအလောင်း တုသိတာနတ်ပြည်မှ စုတေ၍ သတိရှိဆင်ခြင်လျက် အမိဝမ်းတိုက်သို့ သက်ရောက်သောအခါ ဤမြေကြီးသည် တုပ်လှုပ်၏၊ ပြင်းစွာတုန်လှုပ်၏၊ သွက်သွက်ခါ တုန်လှုပ်၏၊ ဤကား အကြီးအကျယ်မြေလှုပ်ခြင်း၏ တတိယအကြောင်း။

(၄) ဘုရားလောင်း သတိရှိ ဆင်ခြင်လျက် အမိဝမ်းတိုက်မှဖွားမြင်သောအခါ ဤမြေကြီးသည်လှုပ်၏၊ တုန်လှုပ်၏၊ ပြင်းစွာတုန်လှုပ်၏၊ သွက်သွက်ခါ တုန်လှုပ်၏၊ ဤကား အကြီးအကျယ် မြေလှုပ်ခြင်း၏ စတုတ္ထအကြောင်း။

(၅) မြတ်စွာဘုရား အမြတ်သမ္မာသမ္ဗောဓိဉာဏ် ရရှိသောအခါ ဤမြေကြီးသည် တုန်လှုပ်၏၊ ပြင်းစွာတုန်လှုပ်၏၊ သွက်သွက်ခါ တုန်လှုပ်၏၊ ဤအကြီး အကျယ် မြေ လှုပ်ခြင်း၏ ပဥ္စမ အကြောင်း။

(၆) မြတ်စွာဘုရား အမြတ်ဆုံးဖြစ်သော ဓမ္မစကြာတရားဟောတော်မူသော အခါ၌ ဤမြေကြီးသည်လှုပ်၏၊ တုန်လှုပ်၏၊ ပြင်းစွာတုန်လှုပ်၏၊ သွက်သွက်ခါ တုန်လှုပ်၏၊ ဤကား အကြီး အကျယ်မြေလှုပ်ခြင်း၏ ဆဋ္ဌအကြောင်း။

(၇) မြတ်စွာဘုရားသတိရှိဆင်ခြင်လျက် အသက်ရှည်ရန် ပြုပြင်မှု အာယုသင်္ခါရကို စွန့်လွှတ်တော်မူသောအခါ ဤမြေကြီးသည် လှုပ်၏၊ တုန်လှုပ်၏၊ ပြင်းစွာတုန်လှုပ်၏၊ သွက်သွက်ခါတုန်လှုပ်၏၊ ဤကား အကြီးအကြီးအကျယ် မြေလှုပ်ခြင်း၏ သတ္တမ အကြောင်း။

(၈) မြတ်စွာဘုရား ခန္ဓာနာမ်ရုပ် အကြွင်းမရှိသော ငြိမ်းခြင်းသဘော အနုပါဒိသေသနိဗ္ဗာနဓာတ်ဖြင့် နိဗ္ဗာန်ဝင်စံတော်မူသောအခါ ဤမြေကြီးသည် လှုပ်၏၊ တုန်လှုပ်၏၊ ပြင်းစွာတုန်လှုပ်၏၊ သွက်သွက်ခါ တုန်လှုပ်၏၊ ဤကား အကြီး အကျယ် မြေလှုပ်ခြင်း၏ အဋ္ဌမအကြောင်း။

အာနန္ဒာ အကြီးအကျယ် မြေလျှော်လှုပ်ခြင်း၏အကြောင်း ၈-မျိုးဟု မိန့်တော်မူသည်။[၁]

## (ဂ) ၃-ယမကဝဂ်

### ၁-ပဌမသဒ္ဓါသုတ်

### ဝန်းကျင်ဥဿုံအလုံးစုံကြည်သိုဖွယ်ရှိသူ

၇၁။ (၁) သဒ္ဓါရှိ။
(၂) သီလရှိ။
(၃) များသော အကြားအမြင်ရှိ။
(၄) တရားဟောခကာင်းသူ မမှုကထိကလဲဟုတ်။
(၅) ပရိသတ်၌လဲ ကျက်စား။
(၆) ပရိသတ်၌လဲ ရဲရင့်။
(၇) လွန်မြတ်သောစိတ်ကို မှီသော မျက်မှောက်ဘဝ၌ ချမ်းသာစွာနေကြောင်းဖြစ်သောဈာန်လေးပါးတို့ကို အလိုရှိတိုင်းရသူ, မငြိုမငြင်ရသူလဲ [illegible]။
(၈) အာသဝေါကုန်ခြင်းကြောင့် အာသဝေါမရှိ လွတ်မြောက်သော အရဟတ္တဖိုလ်စိတ်နှင့် အရဟတ္တဖိုလ်ပညာကို ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြု ကပ်ရောက်၍လဲနေ၏။

---

၁။ အံ၊ ၃၊ ၁၂၈–၃၃၃။

ဤအင်္ဂါ ၈–မျိုးနှင့် ပြည့်စုံသော ရဟန်းသည် ဝန်းကျင် ဉဿုံ အလုံးစုံ ကြည်ညိုဖွယ်ဂုဏ် ကိုလုံလောက်စေ ပြည့်ဝသော ရဟန်းမည်၏ ဟူ၏။

## ၂-ဒုတိယသဒ္ဓါသုတ်

### ဝန်းကျင်ဥဿုံ ကြည်ညိုဖွယ်ရှိသူ၊ အခြင်းအရာအားလုံးနှင့်ပြည့်စုံသူ

၇၂။ ရဟန်းမှာ–

(၁) သဒ္ဓါရှိ။

(၂) သီလရှိ။

(၃) အကြားအမြင် များဖျင်လောက်သည်။

(၄) ဓမ္မကထိကလဲဟုတ်။

(၅) ပရိသတ်မှာလဲကျက်စား။

(၆) ပရိသတ်မှာလဲ ရဲရင့်စွာတရားဟောနိုင်။

(၇) ရူပဈာန် (ကသိုဏ်းရုပ်) များကိုလွန်၍ ငြိမ်းအေး လွတ်မြောက်သော အရူပဈာန်တို့ကို နာမကာယဖြင့် တွေ့ထိနေ၏။

(၈) အာသဝေါတရားများ ကုန်ခြင်းကြောင့် အာသဝေါမရှိသည့် လွတ်မြောက်သော အရဟတ္တဖိုလ်စိတ်နှင့် အရဟတ္တဖိုလ်ပညာကိုမျက်မှောက်ဘဝမှာပင် ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် သိ၍

---

၁။ အံ၊ ၃၊ ၁၃၂–၃။

မျက်မှောက်ပြု ကပ်ရောက်နေနိုင်၏၊ ထိုအခါ
ဤသို့ဖြစ်လျှင် ထိုရဟန်းသည် ယင်းအင်္ဂါများ
နှင့် ပြည့်စုံ၏ဟူ၏။

ဤတရားရှစ်မျိုးနှင့် ပြည့်စုံသော ရဟန်းသည် ဝန်းကျင်ဥသုံကြည်ညိုဖွယ်ရှိသူ အခြင်းအရာအားလုံးနှင့် ပြည့်စုံသူဖြစ်၏ဟု မိန့်တော်မူသည်။[၁]

## ၃-ပဌမမရဏဿတိသုတ်

### မရဏဿတိကမ္မဋ္ဌာန်းပွားများပုံ ၈-မျိုး၊ မမေ့မလျော့အားထုတ်သည်မည်

၇၃။ အခါတစ်ပါး ဘုရားရှင် နာတိကရွာ အုတ်ကျောင်း၌ သီတင်းသုံးစဉ် အိုရဟန်းတို့... သေခြင်းအောက်မေ့မှု မရဏဿတိကို ပွားများ၊ ကြိုးပမ်းဖန်များစွာ ပွားများလျှင် အကျိုးကြီး, အာနိသင်ကြီး, အမြိုက်နိဗ္ဗာန်သို့ သက်ဝင်, အမြိုက်နိဗ္ဗာန်လျှင် အဆုံးရှိ၏၊ သင်ချစ်သားတို့ မရဏဿတိ ကို ပွားများကြပါဟု မိန့်တော်မူရာ ရဟန်းများက အသီးသီး လျှောက်ထားကြရာ လျှောက်ထားပုံမှာ ဤသို့တည်း။

(၁) ငါသည် တစ်နေ့တစ်ညဥ့်မျှ အသက်ရှင်ပါမူ ကောင်းလေစွ၊ ဘုရားမြတ်စွာ အဆုံးအမတော်ကို နှလုံးသွင်းရလေရာ၏၊ ငါ့မှာ ရဟန်းကိစ္စကို များစွာ ပြုအပ်သည်

---

၁။ အံ၊၃၊ ၁၃၄-၅၊

ဖြစ်ရာ၏ဟု အကြံဖြစ်ပါသည်၊ မြတ်စွာဘုရား....တပည့်တော် ဤသို့ လျှင် မရဏာဿတိကိုပွားများပါသည်ဟု ရဟန်းတစ်ပါးက လျှောက်လေ၏။

(၂) ငါသည် တစ်နေ့မျှ အသက်ရှင်ပါမူ ကောင်းလေစွ၊ ဘုရားဇိနော် အဆုံးအမတော်ကို နှလုံးသွင်းရလေရာ၏၊ ငါ့မှာ စင်စစ် ရဟန်း ကိစ္စကို များစွာပြုအပ်သည်ဖြစ်ရာ၏ဟု အကြံဖြစ်ပါသည်၊ မြတ်စွာဘုရား တပည့်တော်ဤသို့လျှင် မရဏာဿတိကို ပွားများပါသည်ဟု ရဟန်းတစ်ပါးက လျှောက်လေ၏။

(၃) ငါသည်နေ့ဝက်မျှ အသက်ရှင်ရပါမူ ကောင်းလေစွ၊ ဘုရားပရမေ အဆုံးအမတော်ကို နှလုံးသွင်းရလေရာ၏၊ ငါ့မှာ စင်စစ်ရဟန်းကိစ္စကိုများစွာပြုအပ်သည် ဖြစ်ရာ၏ဟု အကြံဖြစ်ပါသည်၊ မြတ်စွာဘုရား....တပည့်တော် ဤသို့မရဏာဿတိကို ပွားများပါသည်ဟုရဟန်းတစ်ပါး က လျှောက်လေ၏။

(၄) ငါသည်ဆွမ်းတစ်ပယ်စာစားချိန်တွင်း အသက်ရှင်ပါမူ ကောင်းလေစွ၊ ဘုရားမြတ်စွာအဆုံးအမ ဩဝါဒတော်ကို နှလုံးသွင်းရလေရာ၏၊ ငါ့မှာ စင်စစ် ရဟန်းကိစ္စကို များစွာ ပြုအပ်သည် ဖြစ်ရာ၏ဟု အကြံဖြစ်ပါသည်၊ မြတ်စွာဘုရား-- တပည့်တော် ဤသို့မရဏာဿတိတရားကို ပွားများပါသည်ဟု ရဟန်းတစ်ပါးက လျှောက်လေ၏။

(၅) ငါသည် ဆွမ်းတစ်ထပ် စားချိန် ထက်ဝက်မျှ အသက်ရှင်ပါမူကောင်းလေစွ၊ မြတ်စွာဘုရား၏အဆုံးအမတော်ကို နှလုံးသွင်းရ လေရာ၏၊ ငါ့မှာ စင်စစ် ရဟန်းကိစ္စကို များစွာပြုအပ်သည်ဖြစ်ရာ၏ဟု အကြံဖြစ်ပါ၏၊ မြတ်စွာဘုရား တပည့်တော် ဤသို့လျှင် မရဏဿတိကို ပွားများပါ၏ဟု လျှောက်လေ၏။

(၆) ငါသည် ဆွမ်းလေးလုပ် ငါးလုပ်ဝါးမျိုနေချိန်အတွင်း အသက်ရှင်ရပါမူ ကောင်းလေစွ၊ မြတ်စွာဘုရား၏အဆုံးအမတော်ကို နှလုံးသွင်းရလေရာ၏၊ ငါ့မှာ စင်စစ် ရဟန်းကိစ္စ များစွာ ပြုအပ်သည်ဖြစ်ရာ၏ဟု အကြံဖြစ်ပါသည်၊ မြတ်စွာဘုရား.... တပည့်တော် ဤသို့လျှင် မရဏဿတိကို ပွားများပါ၏ဟု လျှောက်လေ၏။

(၇) ငါသည် ဆွမ်းတစ်လုပ် ဝါးမျိုချိန်အတွင်းအသက်ရှင်နေရပါမူ ကောင်းလေစွ၊ ဘုရားမြတ်စွာ အဆုံးအမတော်ကို နှလုံးသွင်းရလေရာ၏၊ ငါ့မှာ စင်စစ် ရဟန်းကိစ္စကိုများစွာ ပြုအပ်သည် ဖြစ်ရာ၏ဟု အကြံဖြစ်ပါသည်၊ မြတ်စွာဘုရား.... တပည့်တော်သည် ဤသို့လျှင် မရဏဿတိကို ပွားများပါ၏ဟု လျှောက်လေ၏။

(၈) ငါသည် ဝင်သက်ရှူ၍ ထွက်သက်ထုတ်ချိန့်, ထွက်သက်ထုတ်၍ ဝင်သက် ရှူချိန် အတွင်း အသက်ရှင်ရပါမူ ကောင်းလေစွ၊ ဘုရားမြတ်စွာ၏ အဆုံးအမတော်ကို

နှလုံးသွင်းရုံလေရာ၏၊ စင်စစ် ငါ့မှာ ရဟန်းကိစ္စကို များစွာ ပြုအပ်သည်ဖြစ်ရာ၏ဟု အကြံ ဖြစ်ပါသည်၊ မြတ်စွာဘုရား၊ တပည့်တော် ဤသို့လျှင် မရဏာဿတိကို ပွားများပါ၏ဟု လျှောက်လေ၏။

ဘုရားမိန့်ကြားချက်။ ။မြတ် စွာ ဘု ရား က ဖော်ပြပါ ရဟန်းရှစ်ပါးအနက် (၁) (၂) (၃) (၄) (၅) (၆)ရဟန်းခြောက်ပါးတို့ကို မေ့မေ့လျော့ လျော့ နေကြသည်၊ အာသဝေါကုန်ခမ်းရန် နှန့်နှေးစွာ မရဏာဿတိကို ပွား.များကြသည်ဟု ဆိုအပ်သည်ဟုမိန့်တော်မူသည်။

(၇) (၈) ရဟန်းနှစ်ပါးတို့ကို မမေ့မလျော့နေကြကုန်၊ အာသဝေါတရားကုန်ခမ်းရန် ထက်သန်စွာ မရဏာဿတိကို ပွားများကြကုန်၏ဟူ၍ ဆိုအပ်ကုန်၏။

အိုရဟန်းတို့–သို့ဖြစ်၍ မမေ့မလျော့နေကြကုန်အံ့၊ အာသဝေါကုန်ခန်းရန် ထက်သန်စွာ မရဏာဿတိကို ပွားများကုန်အံ့ဟု ကျင့်ရမည်၊ ရဟန်းတို့....သင်တို့သည် ဤသို့သာကျင့်ရမည်ဟု မိန့်တော်မူသည်။[၁]

ဆောင်။ ။ညဉ့်နေ့တစ်နေ့, ထက်ဝက်နေ့လည်း, တစ်ကြိမ်ရွေ့စား, ထက်ဝက်စားနှင့်, လေးငါးလုပ်တွင်း, မသေလျှင်းဟူ, ခြောက်ယောက်လူကို, မေ့သူ

---

၁။ အံ၊ ၃၊ ၁၃၅–၀။

ဟောထား၊ တစ်လုပ်စားတွင်း၊ ရှုရှိုက်တွင်းမှာ၊ မသေပါမူ၊ မြတ်စွာဘုရား၊ ဟောတော်မူးကို၊ အား ထုတ်အံ့ဟူ၊ နှစ်ယောက်သူသာ၊ အပ္ပမာဒ ပွားသတည်း။[၁]

## ၄-ဒုတိယမရဏဿတိသုတ်

### တစ်နည်း မရဏဿတိဘာဝနာပွားများပုံ ၈-မျိုး

၇၄။ ရဟန်းတို့...သင်တို့ မရဏဿတိ ပွားများကြပါ၊ အကျိုးအာနိသင် ကြီးပါသည်။

နိဗ္ဗာန်အမြိုက် ဆိုက်ရောက် သက်ဝင်နိုင်ပါသည်-စသည်ဖြင့် စကားပျိုးကာ မရဏဿတိပွားများနည်း ၈-မျိုး ဟောကြားတော်မူသည်။

(၁) ရဟန်းသည် နေ့လွန်၍ ညဉ့်ရောက်လျှင်-ငါ့မှာသေခြင်း အကြောင်းတွေ များလှသည်၊ မြွေသော်လဲ ငါ့ကို ကိုက်ရာ၏၊ ကင်းမြီးကောက်သော်လဲ ငါ့ကိုကိုက်ရာ၏၊ ကင်းခြေများသော်လဲငါ့ကို ကိုက်ရာ၏၊ ထိုဖြင့် ငါ့မှာ သေခြင်းဖြစ်ရာ၏၊ ချော်၍သော်လဲ လဲရာ၏၊ ငါ စားသည့် အစာသော်လဲ မကျေဘဲ ဖောက်ပြန်ရာ၏၊ ငါ့မှာ လေသည်းကုန်းသော်လဲဖြစ်ရာ၏၊ လူတွေက သော်လဲ ငါ့ကို လုံ့လပြုကုန်ရာ၏၊ လူမဟုတ်သူ ဘီလူးများက သော်လဲ ငါ့ကိုလုံ့လပြုကုန်ရာ၏၊ ထိုဖြစ်၍ငါ့မှာသေ

---

၁။ ပရမတ္ထသရုပဘေဒနီ၊ ၂၊ ၂၉၅။

ခြင်းဖြစ်ရာ၏၊ လေသင်တုန်း ဖြတ်ခြင်း၊ စသည်သည် ငါ့အားအန္တရာယ်ဖြစ်ရာ၏ဟု ဤသို့ဆင်ခြင်၏။

(၂) ရဟန်းသည် - ညဉ့်အခါသေသောငါ့မှာ အန္တရာယ်ပြု မည့်မပယ်ရသေးသည့် ယုတ်ညံ့သော အကုသိုလ်တရား ရှိသေးသလောဟု ဆင်ခြင်ရမည်၊ ဆင်ခြင်သည်ရှိသော် သိလျှင်ယုတ်ညံ့သော အကုသိုလ်တရားတွေကို ပယ်ဖို့ရန် သာ လွန်ကဲသော အလိုဆန္ဒလုံ့လအားထုတ်မှု၊ အတိုင်း ထက်အလွန် အားထုတ်ခြင်း မဆုတ်မနစ်မှုနှင့် သတိ သမ္ပဇဉ်ကိုပြုရမည်။

(၃) ပုဆိုးမီးလောင်၊ ခေါင်းမီးလောင်သူသည် ထိုပုဆိုးမီး၊ ခေါင်းမီးငြိမ်းစေရန် လွန်သောဆန္ဒလုံ့လအားထုတ်မှု၊ အတိုင်းထက်အလွန် အားထုတ်မှု သတိသမ္ပဇဉ်ပြုရာ သကဲ့သို့ ဤအတူထိုရဟန်းသည် ယုတ်ညံ့သောအကုသိုလ် တရားတို့ကို ပယ်ဖို့ရန်သာ လွန်ကဲသောဆန္ဒလုံ့လ၊ အား ထုတ်မှုအတိုင်းထက်အလွန် အားထုတ်မှု သတိသမ္ပဇဉ်ကို ပြုရမည်။

(၄) ရဟန်းသည်ဆင်ခြင်သည်ရှိသော်ညဉ့်အခါ၌သေရသော ငါ့မှာ အန္တရာယ်ပြုမည့် မပယ်ရသေးသော ယုတ်ညံ့ သော အကုသိုလ်တရားတွေ မရှိဟု သိပါက ရဟန်းတို့ ထိုရဟန်းသည် နှစ်သက်မှုဝမ်းမြောက်မှု ပီတိပါမောဇ္ဇ ဖြစ်၍သာလျှင်ကုသိုလ်တရားတို့၌နေ့ညဉ့်မပြတ်ကျင့်သုံး နေရမည်။

(၅) ရဟန်းသည် ညဉ့်ကိုလွန်မြောက် နေ့သို့ရောက်လတ်သော် ငါမှာ သေခြင်းအကြောင်းတွေများလှ၏၊ မြွေသော်လည်း ငါ့ကိုကိုက်ရာ၏၊ ကင်းမြီးကောက်သော်လည်း ကိုက်ရာ၏၊ ထို လေသင်တုန်းဖြစ်ခြင်း စသည်သည် ငါ့အား အန္တရာယ်ဖြစ်ရာ၏ဟု ဤသို့ဆင်ခြင်၏။

(၆) ထိုရဟန်းသည် နေ့အခါ၌သေရသောငါ့မှာ အန္တရာယ်ကိုပြုမည့် မပယ်ရသေးသော ယုတ်ညံ့သော အကုသိုလ်တရားတွေ ရှိသေးသလောဟု ဆင်ခြင်ရမည်၊ ဆင်ခြင်သည်ရှိသော် ယုတ်ညံ့သော အကုသိုလ်တရားတွေရှိကုန်သေး၏ဟု သိရပါမူ ရဟန်းသည်ယုတ်ညံ့သော အကုသိုလ်တရားတွေ ပယ်ရန်သာလျှင် လွန်ကဲသောဆန္ဒလုံ့လအားထုတ်ခြင်း, အတိုင်းထက်အလွန် အားထုတ်ခြင်း, မဆုတ်မနစ်အားထုတ်ခြင်း သတိသမ္ပဇဉ်ကိုပြုရမည်။

(၇) ပုဆိုးမီးလောင်, ခေါင်း မီးလောင် သူသည် ပုဆိုးမီး, ခေါင်းမီးကိုငြိမ်းစေရန် လွန်ကဲသောဆန္ဒ လုံ့လအားထုတ်ခြင်း, အတိုင်းထက်အလွန်အားထုတ်ခြင်း, မဆုတ်မနစ်အားထုတ်ခြင်း သတိသမ္ပဇဉ်ပြုရာသကဲ့သို့ ဤအတူ ရဟန်းသည်ယုတ်ညံ့သော အကုသိုလ်တရားတွေကို ပယ်ရန်သာလွန်ကဲသောဆန္ဒလုံ့လ အားထုတ်ခြင်း, အတိုင်းထက်အလွန် အားထုတ်ခြင်း, မဆုတ်မနစ်ခြင်း သတိသမ္ပဇဉ်ကို ပြုရမည်။

(၈) ရဟန်းသည်ဆင်ခြင်သော် နေ့အခါသေရသော ငါ့မှာ အန္တရာယ်ပြုမည့် မပယ်ရသေးသောယုတ်ညံ့သော အကုသိုလ်တရားတွေ မရှိကုန်ဟုသိပါမူ ရဟန်းတို့...ထို ရဟန်းသည် နှစ်သက်ဝမ်းမြောက်မှု ပီတိပါမောဇ္ဇဖြင့် သာလျှင် ကုသိုလ်တရားတို့၌ နေ့ညဉ့် မပြတ်ကျင့်သုံး လျက်နေရမည်။

ရဟန်းတို့....ဤသို့လျှင် မရဏာနုဿတိပွားများလျှင် အကျိုးကြီး, အာနိသင်ကြီး အမြိုက်နိဗ္ဗာန်သက်ဝင်၏၊နိဗ္ဗာန်လျှင်အဆုံး ရှိ၏ဟု ဘုရားဇိနော် မိန့်တော်မူသည်။[၁]

## ၅-ပဉ္စမသမ္ပဒါသုတ်

### ပြည့်စုံမှုသမ္ပဒါတရား ၈-မျိုး

၇၅။ (၁) ထကြွလုံ့လနှင့်ပြည့်စုံခြင်း ဥဋ္ဌာနသမ္ပဒါ။
(၂) စောင့်ရှောက်မှုနှင့်ပြည့်စုံခြင်း အာရက္ခသမ္ပဒါ။
(၃) မိတ်ဆွေကောင်းရှိခြင်း ကလျာဏမိတ္တသမ္ပဒါ။
(၄) မျှတစွာအသက်မွေးမှု သမဇီဝိတာ။
(၅) သဒ္ဓါနှင့်ပြည့်စုံမှု သဒ္ဓါသမ္ပဒါ။
(၆) သီလနှင့်ပြည့်စုံမှု သီလသမ္ပဒါ။
(၇) စွန့်ကြဲခြင်းနှင့်ပြည့်စုံမှု စာဂသမ္ပဒါ။
(၈) ပညာနှင့်ပြည့်စုံမှု ပညာသမ္ပဒါ-
အားဖြင့် သမ္ပဒါတရား ၈-မျိုး။

---

၁။ အံ၊ ၃၊ ၁၃၈၊ ၁၄၀။

မျက်မှောက်တမလွန် ဤသမ္ပဒါတရား ၈-မျိုးနှင့် ပြည့်စုံ ဘဝနှစ်တန်ချမ်းသာ သူမှာမျက်မှောက် တမလွန် ဘဝနှစ် တန်ချမ်းသာစီးပွား ဆောင်ကြောင်း ဂါထာ ၄-ပုဒ်ဖြင့်အချုပ် ဟောတော်မူသည်။

၁။ ဥဋ္ဌာတာ ကမ္မဓေယျသု၊ အပ္ပမတ္တော ဝိဓာနဝါ။
သမံ ကပ္ပေတိ ဇီဝိကံ၊ သမ္ဘတံ အနုရက္ခတိ။

၂။ သဒ္ဓေါ သီလေန သမ္ပန္နော၊ ဝဒညူ ဝီတမစ္ဆရော။
နိစ္စံ မဂ္ဂံ ဝိသောဓေတိ၊ သောတ္ထာနံ သမ္ပရာယိကံ။

၃။ ဣစ္စေတေ အဋ္ဌ ဓမ္မာ စ၊ သဒ္ဓဿ ဃရမေသိနော။
အက္ခာတာ သစ္စနာမေန၊ ဥဘယတ္ထ သုခါဝဟာ။

၄။ ဒိဋ္ဌဓမ္မဟိတတ္ထာယ၊ သမ္ပရာယသုခါယ စ။
ဧဝမေတံ ဂဟဋ္ဌာနံ၊ စာဂေါ ပုညံ ပဝဍ္ဎတိ။

ဂါထာနက်။ ။၁။ ကမ္မဓေယျသု- အလုပ် လုပ်ရာဌာန တို့၌ ဥဋ္ဌာတာ- ထကြွလုံ့လရှိလျက်၊ အပ္ပမတ္တော- မမေ့ မလျော့မူ၍၊ ဝိဓာနဝါ-စီမံခန့်ခွဲခြင်း ရှိသောအမျိုးသားသည်၊ သမံ-မျှတစွာ၊ ဇီဝိကံ-အသက်မွေးမှုကို၊ ကပ္ပေတိ-ပြု၏၊ သမ္ဘတံ- စုဆောင်းထားပြီးသော ဥစ္စာကို၊ ရက္ခတိ- ထိန်း သိမ်း စောင့် ရှောက်၏။

၂။ သဒ္ဓေါ-သဒ္ဓါတရားရှိ၍၊ သီလေန-သီလနှင့်၊ သမ္ပန္နော- ပြည့်စုံ၍၊ ဝဒညူ-ဒ တောင်းခံသူတို့၏စကားကို သိတတ်၏၊ ဝီတမစ္ဆရော- မစ္ဆရိယကင်းစင်၏၊ သမ္ပရာယိကံ- တမလွန်ဘဝ၌

ချမ်းသာကြောင်း ဖြစ်သော၊ မဂ္ဂ-ကုသိုလ်လမ်းကို၊ နိစ္စံ-အမြဲ၊ ဝိသော-ဓေတိ-သုတ်သင်၏။

၃–၄။ ဣတိ-ဤသို့၊ အဌ-ရှစ်မျိုးကုန်သော၊ ဓေမ္မာ-ဤတရားတို့သည်၊ ဃရံ-အိမ်ထောင်ဝတ်ကို၊ သေိနော-ရှာမှီးလေ့ရှိသော၊ သဒ္ဓဿ-သဒ္ဓါတရားရှိသော သူအား၊ ဝါ-သဒ္ဓါတရား ကောင်းသော သူအား၊ ဒိဋ္ဌဓမ္မဟိတာတ္ထာယ-မျက်မှောက်ဘဝဝယ် အစီးအပွားလိုငှါလည်းကောင်း၊ သမ္ပရာယသုခါယစ-တမလွန်ဘဝဝယ်ချမ်းသာခြင်းငှါလည်းကောင်း၊ ဉဘယတ္ထ- နှစ်ပါးစုံသော ဘဝ၌၊ သုခါဝဟာ- ချမ်းသာကို ဆောင်တတ်ကုန်၏ဟူ၍၊သစ္စနာမေန-အမည်မှန်ရှိသောမြတ်စွာဘုရားသည်၊ အက္ခာတာစ-အက္ခာတာဝေ- ဟောကြားတော်မူအပ်ကုန်သည်သာ၊ ဝံ-ဤသို့၊ ဂဟဋ္ဌာနံ-လူတို့အား၊ ဓေသာ- စာဂေါစ-ဤစွန့်ကြဲမှု စာဂသည်လည်းကောင်း၊ တေံ-ပုညံစ-ဤကောင်းမှုသည်လည်းကောင်း၊ ပဝဍ္ဎတိ-တိုးပွား၏။[၁]

## ၆ ဒုတိယသမ္ဗဒါသုတ်

### သမ္ဗဒါတရား ၈-မျိုးအကျယ်

၇၆။ ဤဒုတိယ သမ္ဗဒါသုတ်၌ဥဋ္ဌာနသမ္ဗဒါ အာရှိသော သမ္ဗဒါ တရား ၈-မျိုးကို အကျယ်ခွဲ၍ ဟောတော်မူသည်။[၂]

---

၁။ အံ၊ ၃၊ ၁၄၀။
၂။ အကျယ် အံ၊ ၃၊ ၁၄၁–၂။

## ၄-ဣစ္ဆာသုတ်

### လာဘ်လိုချင်မှုနှင့် စပ်သောတရား
### လာဘ်နှင့်စပ်၍ ပုဂ္ဂိုလ် ၈-မျိုး

၄၄။ ဤသုတ်ကို အရှင်သာရိပုတ္တရာ ဟောတော်မူသည်။

(၁) ဤလောက၌ အပေါင်းအဖော်မှ ကင်းဆိတ်၍ တစ်ခုံ တစ်ခုနှင့်မျှမဆက်စပ်၍ နေသောရဟန်းမှာပစ္စည်းလေးပါးရရန်အလို ဖြစ်ပေါ်လာ၏၊ ထိုရဟန်းသည် ပစ္စည်းလေးပါးလာဘ်ရရန်အားထုတ်၏၊စေ့ဆော်လုံ့လစိုက်၏၊ ထိုရဟန်းမှာ အားထုတ်သော်လဲ လာဘ်မရချေ၊ သို့နှင့် စိုးရိမ်ပင်ပန်း ငိုကြွေး မြည်းတမ်း တွေဝေ၏၊ ထိုရဟန်းကို သူတော်ကောင်းတရားမှ ရွေ့လျောသူဟု ဆိုရသည်။

(၂) ဤလောက၌ အပေါင်းအဖော်မှ ကင်းဆိတ်လျက် တစ်ခုံတစ်ခုနှင့်မျှ မဆက်စပ်မူ၍ နေသော ရဟန်းမှာ ပစ္စည်းလေးဖြာ လာဘ်ရခြင်းငှာ အလိုဖြစ်ပေါ်လာ၏၊ ထိုရဟန်းသည် ပစ္စည်းလေးဖြာလာဘ်ရရန် အားထုတ်၏၊ စေ့ဆော်ကြိုးကုတ်လုံ့လပြု၏၊ ထိုရဟန်းမှာ အားထုတ်သည့်အတိုင်း လာဘ်ရရှိသည်၊ သို့နှင့်ယစ်မူး၊ အလွန်ယစ်မူး မေ့လျော့သည်၊ဤရဟန်းကို လာဘ်ရရန် အားထုတ်သူ၊ လာဘ်ရသူ၊ ယစ်မူးသူ၊ မေ့လျော့သူဟု ဆိုရသည်။

(၃) ဤလောက၌ အပေါင်းအဖော်မှကင်းဆိတ်လျက် တစ်ခုံတစ်ခုနှင့်မျှ မဆက်စပ်မူ၍နေသော ရဟန်းမှာပစ္စည်း

လေးပါးလာဘ်ရခြင်း၄ာ အလိုဖြစ်ပေါ်လာ၏၊ ထို ရဟန်းသည် ပစ္စည်းလေးပါး လာဘ်ရရန်အားမထုတ်, လုံ့လမစိုက်, ထိုရဟန်းမှာ ပစ္စည်းလေးပါးလာဘ်မရ၊ သို့နှင့် စိုးရိမ်ပင်ပန်း ငိုကြွေး၏၊ ပြင်းစွာတွေဝေခြင်းသို့ ရောက်၏၊ ဤရဟန်းကို လာဘ်ရခြင်း၄ာ အလိုရှိနေသူ လာဘ်ရရန် အားမထုတ်သူ, မစေ့ဆော်သူ, လုံ့လ မစိုက်သူ, လာဘ်မရသူ, စိုးရိမ်သူ, ငိုကြွေးသူ, သူတော် ကောင်းတရားမှ ရွေ့လျောသူဟု ဆိုရသည်။

(၄) ဤလောက၌ အပေါင်းအဖော်မှကင်းဆိတ်လျက် တစ် ခုံတစ်ခုနှင့်မျှမဆက်စပ်မူ၍ နေသောရဟန်းအားပစ္စည်း လေးပါး လာဘ်ရခြင်း၄ာ အလိုဖြစ်ပေါ်လာ၏၊ ထို ရဟန်းသည် ပစ္စည်းလေးပါး လာဘ်ရခြင်း၄ာ အား မထုတ်, မစေ့ဆော်, လုံ့လမစိုက် ထိုရဟန်းမှာ လာဘ် ရခြင်းဖြစ်၏၊ သို့လာဘ်ရခြင်းကြောင့် ယစ်မူး၏၊ အလွန် ယစ်မူး၏၊ မေ့လျော့ခြင်းသို့ရောက်၏၊ ဤရဟန်းကို လာဘ်ရခြင်း၄ာ အလိုရှိနေသူ, လာဘ်ရရန်အားမထုတ် သူ, မစေ့ဆော်သူ, လုံ့လမစိုက်သူ, လာဘ်လဲရသူ, ယစ်မူးလဲ ယစ်မူးသူ, မေ့လျော့လဲမေ့လျော့သူ, သူ တော်ကောင်းတရားမှ ရွေ့လျောသူဟု ဆိုရသည်။

(၅) ဤလောက၌ အပေါင်းအဖော်မှ ကင်းဆိတ်လျက် တစ်ခုံတစ်ခုနှင့်မျှ မဆက်စပ်မူ၍နေသော ရဟန်းအား ပစ္စည်းလေးပါးလာဘ်ရခြင်း၄ာ အလိုဖြစ်ပေါ်လာ၏၊

ထိုရဟန်းသည် ပစ္စည်းလေးပါးလာဘ်ရခြင်းငှာ အားထုတ်၏၊ သို့ရာတွင် ထိုရဟန်းမှာ လာဘ် မရချေ၊ လာဘ်မရခြင်းကြောင့် မစိုးရိမ်, မပင်ပန်း, မငိုကြွေး, မတွေဝေ, ဤရဟန်းကို လာဘ်ရရန် အလိုရှိနေသူ, လာဘ်ရခြင်းငှာအားထုတ်သူ, စေ့ဆော်သူ, လုံ့လစိုက်သူ, လာဘ်ကိုလဲမရသူ, စိုးရိမ်လဲမစိုးရိမ်သူ, ငိုကြွေးလဲ မငိုကြွေးသူ, သူတော်ကောင်း တရားမှ မရွေ့မလျောသူဟု ဆိုရသည်။

(၆) ဤလောက၌ အပေါင်း အဖော်မှ ကင်းဆိတ်လျက် တစ်စုံတစ်ခုနှင့်မျှ မဆက်စပ်မူ၍ နေသော ရဟန်းမှာ ပစ္စည်းလေးပါးလာဘ်ရခြင်းငှာ အလိုဖြစ်ပေါ်လာ၏၊ ထိုရဟန်းသည် ပစ္စည်းလေးပါး လာဘ်ရရန်အားထုတ်၏၊ စေ့ဆော်၏၊ ထိုရဟန်းမှာ လာဘ်ရ၏၊ ထိုသို့လာဘ်ရခြင်းကြောင့် ယစ်မူး၊ လွန်စွာမယစ်မူး၊ မေ့လျော့ခြင်းသို့ မရောက်၊ ဤရဟန်းကို လာဘ်ရခြင်းငှာ အလိုရှိနေသူ လာဘ်ရခြင်းငှာအားထုတ်သူ, စေ့ဆော်သူ, လုံ့လစိုက်သူ, လာဘ်လဲရသူ, ယစ်မူးလဲမယစ်မူး၊ မေ့လျော့လဲ မမေ့လျော့သူ သူတော်ကောင်း တရားမှလဲ မရွေ့လျောရသူဟု ဆိုရသည်။

(၇) ဤလောက၌ အပေါင်းအဖော်မှကင်းဆိတ်လျက် တစ်စုံတစ်ခုနှင့်မျှ မဆက်စပ်မူ၍ နေသော ရဟန်းမှာ ပစ္စည်းလေးပါး လာဘ်ရခြင်းငှာ အလိုဖြစ်ပေါ်လာ၏၊ ထိုရဟန်းသည် ပစ္စည်းလေးပါးလာဘ်ရခြင်းငှာ အလိုဖြစ်

ပေါ်လာ၏၊ ထိုရဟန်း ပစ္စည်းလေးပါး လာဘ်ရရန် အားမထုတ်၊ မအစ့်ဆော်၊ လုံ့လမစိုက်၊ ထိုရဟန်းမှာ လာဘ်ရခြင်းမဖြစ်၊ လာဘ်မရသည့်အတွက် မစိုးရိမ်၊ မပင်ပန်း၊ မငိုကြွေး၊ ထိုသို့လာဘ်မရသည့်အတွက် မစိုးရိမ်၊ မပင်ပန်း၊ မငိုကြွေး၊ တွေဝေခြင်းသို့ မရောက်၊ ဤရဟန်းကို လာဘ်ရရန် အလိုရှိနေသူ, လာဘ်ရရန် အားမထုတ်သူ, မအစ့်ဆော်သူ, လုံ့လမစိုက်သူ, လာဘ်လဲမရသူ, စိုးရိမ်လဲ မစိုးရိမ်သူ, ငိုကြွေးလဲ မငိုကြွေးသူ, သူတော်ကောင်းတရားမှလဲ မရွေ့လျောသူဟူ၍ ဆိုရသည်။

(ဂ) ငါ့ရှင်တို့... ဤလောကဌ်အပေါင်းအဖော်မှကင်းဆိတ်လျက် တစ်ယောက်တစ်ခုနှင့်မျှမဆက်ဆံမူ၍ နေသောရဟန်းမှာ ပစ္စည်းလေးပါးလာဘ်ရခြင်းငှာအလိုဖြစ်ပေါ်လာ၏၊ ထိုရဟန်းသည် ပစ္စည်းလေးပါး လာဘ်ရခြင်းငှာ အားမထုတ်၊ မအစ့်ဆော်၊ လုံ့လမစိုက်၊ လာဘ်ရခြင်းငှာအားမထုတ်၊ မအစ့်ဆော်၊ လုံ့လမစိုက်၊ ထိုရဟန်းမှာ လာဘ်ရခြင်းသည် ဖြစ်၏၊ ထိုရဟန်းသည် လာဘ်ရခြင်းကြောင့် မယစ်မူး၊ လွန်စွာမယစ်မူး၊ မမေ့လျော့ခြင်းသို့မရောက်၊ ငါ့ရှင်တို့...ဤရဟန်းကို လာဘ်ရခြင်းငှာအလိုရှိနေသူ၊ လာဘ်ရခြင်းငှာ အားမထုတ်သူ၊ မအစ့်ဆော်သူ, လုံ့လမစိုက်သူ၊ လာဘ်လဲရသူ၊ ယစ်မူးလဲမယစ်မူးသူ၊ မေ့လျော့လဲ မမေ့လျော့သူ၊ သူတော်ကောင်းတရားမှလဲမမေ့လျော့သူဟုဆိုအပ်၏။

ငါ့ရှင်တို့... လောကမှာ ဤပုဂ္ဂိုလ် ၈-မျိုး ထင်ရှားရှိသည် ဟု အရှင်သာရိပုတ္တရာ ရဟန်းတို့အား မိန့်တော်မူ၏။[၁]

## ၈-အလံသုတ်

### စွမ်းနိုင်ခြင်းနှင့်စပ်သောတရား

၇၈။ ဤသုတ်၌ စွမ်းနိုင်ခြင်းနှင့်စပ်သောတရားများ, မိမိ သူတစ်ပါး နှစ်ဦးသား အကျိုးစီးပွားကို စွမ်းဆောင်နိုင်ရမည့် အင်္ဂါများကို အရှင်သာရိပုတ္တရာထေရ်က ရဟန်းများအား အောက်ပါအတိုင်း မိန့်ကြားတော်မူသည်။

(၁) ကုသိုလ်တရားတို့၌ လျင်စွာစုံစမ်းမှတ်သားနိုင်, ကြား နာပြီး တရားတို့ကို ဆောင်ထားနိုင်သော သဘောရှိ၊ အနက်ကိုစုံစမ်းနိုင်၊ အနက်ပါဠိကိုသိ၍ တရားအား လျော်သောအကျင့်ကို ကျင့်ခြင်း၊ကောင်းသောစကား ရှိ၊ ကောင်းမွန်သောအသံရှိ၊ သန့်ရှင်း အပြစ်ကင်း အဓိပ္ပာယ်သိလွယ်သော ပြည်ကြီးသူတို့၏ စကားနှင့် ပြည့်စုံခြင်း၊သီတင်းသုံးဖော်တို့အား တရားဖြင့်အကျိုး စီးပွားကို သိမြင်စေလျက် တရားကို ဆောက်ဘည်စေ ကာ တရားကျင့်သုံးရန် ထက်သန် ရွှင်လန်းစေနိုင်ခြင်း ဤတရား ၆-မျိုးနှင့်ပြည့်စုံသောရဟန်း မိမိအကျိုး သူ တစ်ပါးအကျိုးစီးပွားရရန် စွမ်းနိုင်၏။

---

၁။ အံ၊ ၃၊ ၁၄၃-၄။

(၂) ကုသိုလ်တရားတို့၌ လျင်စွာ စုံစမ်း မှတ်သားနိုင်ခြင်း ကား မရှိ၊ ကြာနေ ပြီး တရား ဆောင်ထားတတ်ခြင်း၊ အနက်အဓိပ္ပါယ် ထင်မြင်နိုင်ခြင်း၊ အနက် ပါဠိသိ၍ တရား အားလျော်သော ကျင့်ကိုကျင့်ခြင်း၊ ကောင်း သောစကားရှိ သီတင်းသုံးဖော်တို့အား တရားစကား ဖြင့်ကောင်းစွာပြတတ်ခြင်း၊ ဤတရား ၅-မျိုးနှင့်ပြည့်စုံ သောရဟန်းသည် မိမိသူတစ်ပါးနှစ်ဦးသားတို့၏ အစီး အပွားကိုကျင့်ခြင်း၌ စွမ်းနိုင်၏။

(၃) ကုသိုလ်တရားများ၌ စုံစမ်းမှတ်သားနိုင်ခြင်း၊ ကြာနေ ပြီးတရားတို့ကိုဆောင်ထားခြင်းသဘောရှိ၊ ဆောင်ထား ပြီးတရားတို့၏အနက်ကို စုံစမ်းဆင်ခြင်နိုင်၊ ပါဠိအနက် ကိုသိ၍ တရားအားလျော်သော ကျင့်ကို ကျင့်နိုင်၊ ကောင်းသောစကားမရှိ၊ ဤတရား ၄-မျိုးနှင့် ပြည့်စုံ သော ရဟန်း မိမိအစီးအပွားကို ကျင့်ခြင်း၌စွမ်းနိုင်၊ သူတစ်ပါးတို့၏ အစီးအပွားကို ကျင့်ခြင်း၌ကား မစွမ်း နိုင်။

(၄) ကုသိုလ်တရားတို့၌ စုံစမ်းမှတ်သားနိုင်၊ ကြာနေပြီး တရားတို့ကို ဆောင်ထားတတ်သောသဘောရှိ၊ ဆောင် ထားပြီး တရားတို့၏ အနက်ကိုကား မစုံစမ်းဆင်ခြင် နိုင်၊ အနက် ပါဠိကို သိ၍ တရားအားလျော်သော အကျင့်ကို မကျင့်၊ ကောင်းသောစကားရှိခြင်း၊ သီတင်း သုံးဖော်တို့အား တရားစကားဖြင့် ကောင်းစွာပြတတ် ခြင်း ဤတရား ၄-မျိုးနှင့်ပြည့်စုံသောရဟန်း သူတစ်

ပါးတို့၏ အကျိုးစီးပွားကို ကျင့်စွမ်းနိုင်၏၊ မိမိအစီး
အပွားကို ကျင့်ခြင်း၌ကား မစွမ်းနိုင်။

(၅) ကုသိုလ်တရားတို့၌ လျင်စွာမှတ်သားနိုင်ခြင်းမရှိ၊ကြား
နာအပ်ပြီးတရားတို့ကို ဆောင်ထားတတ်သောသဘော
ရှိ၊ ဆောင်ထားပြီး တရားတို့၏ အနက်ကို စုံစမ်းဆင်
ခြင်နိုင်၊ အနက်ပါဠိကို သိ၍ တရားအား လျော်သော
အကျင့်ကို ကျင့်နိုင်၊ ကောင်းသော စကားမရှိ၊ သီတင်း
သုံးဖော်တို့အား တရားစကားဖြင့် ကောင်းစွာမပြတတ်
၍တရား ၃-မျိုးနှင့်ပြည့်စုံသောရဟန်း မိမိအစီးအပွား
ကျင့်ခြင်း၌ စွမ်းနိုင်၏၊ သူတစ်ပါး အစီးအပွား ကျင့်
ခြင်း၌မစွမ်းနိုင်။

(၆) ကုသိုလ်တရားတို့၌ လျင်စွာ စုံစမ်း မှတ်သားနိုင်ခြင်း
သဘောမရှိ၊ကြားနာအပ်ပြီး တရားတို့ကို ဆောင်ထား
အပ်သောသဘောရှိ၊ ဆောင်ထားပြီးတရားတို့၏အနက်
ကိုကားမစုံစမ်းမဆင်ခြင်နိုင်၊ အနက်ပါဠိကိုသိ၍ တရား
အား လျော်သော အကျင့်ကိုလည်း မကျင့်၊ ကောင်းသော
စကားရှိ၊ သီတင်းသုံးဖော်တို့အား တရားစကားဖြင့်
ကောင်းစွာ ပြတတ်ခြင်း ဤတရား ၃-ပါးနှင့် ပြည့်စုံ
သောရဟန်း သူတစ်ပါးတို့၏ အစီးအပွားကိုကျင့်ခြင်း၌
စွမ်းနိုင်၏၊ မိမိအစီးအပွားကိုကျင့်ခြင်း၌ကား မစွမ်းနိုင်။

(၇) ကုသိုလ်တရားတို့၌ လျင်စွာ စုံစမ်းမှတ်သားနိုင်ခြင်းမရှိ၊
ကြားနာပြီးတရားတို့ကို ဆောင်ထား တတ်သော သ
ဘော မရှိ၊ ဆောင်ထားပြီး တရားတို့၏ အနက်ကိုကား

စုံစမ်းဆင်ခြင်နိုင်၊ အနက်ပါဠိကိုသိ၍ တရားအားလျော်သောအကျင့်ကိုကျင့်နိုင်၊ ကောင်းသော စကားမရှိ၊ သိတင်းသုံးဖော်တို့အား တရားစကားဖြင့် ကောင်းစွာမပြတတ်၊ ဤတရားနှစ်မျိုးနှင့် ပြည့်စုံသောရဟန်း မိမိအစီးအပွားကိုကျင့်ခြင်းငှါစွမ်းနိုင်၊ သူတစ်ပါး၏ အစီးအပွားကို ကျင့်ခြင်းငှါကားမစွမ်းနိုင်။

(၈) ငါ့ရှင်တို့... ဤသာသနာတော်၌ ရဟန်းသည် ကုသိုလ်တရားတို့၌ လျင်စွာ စုံစမ်းမှတ်သားနိုင်ခြင်း မရှိ၊ ကြားနာပြီး တရားတို့ကို ဆောင်ထား တတ်သောသဘောမရှိ၊ ဆောင်ထားပြီးတရားတို့၏ အနက်ကိုလဲမစုံစမ်း မဆင်ခြင်နိုင်၊ အနက်ပါဠိကိုသိ၍တရားအားလျော်သောအကျင့်ကိုမကျင့်၊ ကောင်းသောစကားရှိ၊ကောင်းသော မြွက်ဆိုသံရှိ၊ သန့်ရှင်းအပြစ်ကင်း အဓိပ္ပါယ်သိလွယ်သော ပြည်ကြီးသူကို၏ စကားနှင့်ပြည့်စုံခြင်း၊ သိတင်းသုံးဖော်တို့အား တရားစကားဖြင့် အကျိုးစီးပွားကိုသိမြင်စေလျက် တရားကိုဆောက်တည်စေကာ တရားကျင့်သုံးရန် ထက်သန်ရွှင်လန်းစေနိုင်ခြင်း၊ ငါ့ရှင်တို့... ဤတရား ၂-မျိုးနှင့်ပြည့်စုံသောရဟန်း သူတစ်ပါးတို့၏ အကျိုးစီးပွားကို ကျင့်စွမ်းနိုင်၏၊ မိမိအစီးအပွားကို ကျင့်ခြင်းငှါမစွမ်းနိုင်ဟု အရှင်သာရိပုတ္တရာ ရဟန်းတို့အား မိန့်တော်မူသည်။[၁]

---

၁။ အံ၊ ၃၊ ၁၄၅-၇။

## ၉-ပုရိဟာဒ်သုတ်

### ဆုတ်ယုတ်ကြောင်းတရား ၈-မျိုး
### မဆုတ်ယုတ်ကြောင်းတရား ၈-မျိုး

၇၉။ (၁) အမှုသစ်၌မွေ့လျော်ခြင်း။
(၂) စကားပြောဆိုမှု၌ မွေ့လျော်ခြင်း။
(၃) အိပ်ပျော်မှု၌ မွေ့လျော်ခြင်း။
(၄) အပေါင်းအဖော်၌ မွေ့လျော်ခြင်း။
(၅) ဣန္ဒြေတို့၌ စောင့်စည်း အပ်သော တံခါး မရှိခြင်း။
(၆) စားဖွယ်၌ အတိုင်းအရှည်မသိခြင်း။
(၇) ဖရောနှောမှု၌ မွေ့လျော်ခြင်း။
(၈) သံသရာနယ်ချဲ့ပပဉ္စတရား၌ မွေ့လျော်ခြင်း။

ဤတရား ၈-မျိုးနှင့်ပြည့်စုံသော သေက္ခရဟန်း ဆုတ်ယုတ်ခြင်းငှာဖြစ်သည်။

(၁) အမှုသစ်၌ မမွေ့လျော်ခြင်း။
(၂) စကားပြောမှု၌ မမွေ့လျော်ခြင်း။
(၃) အိပ်မှု၌ မမွေ့လျော်ခြင်း။
(၄) အပေါင်းအဖော်၌ မမွေ့လျော်ခြင်း။
(၅) ဣန္ဒြေတို့၌ စောင့်စည်းအပ်သော တံခါးရှိခြင်း။

(၆) စားဖွယ်၌ အတိုင်းအရှည်သိခြင်း။
(၇) ဇာဂရိယ၌ မမေ့မလျော့ခြင်း။
(၈) သံသရာနယ်ချဲ့ပပဉ္စတရား၌ မမေ့မလျော့ခြင်း။

ဤတရား ၈-မျိုးနှင့် ပြည့်စုံသော ကျင့်ဆဲသေက္ခရဟန်းအား မဆုတ်ယုတ်ခြင်းငှာ ဖြစ်သည်ဟု ဘုရားရှင် ဟောတော်မူသည်။

## ၁၀-ကုသိတာရမ္ဘဝတ္ထုသုတ်

### ပျင်းရိခြင်းအကြောင်း ၈-မျိုး
### အားထုတ်ခြင်းအကြောင်း ၈-မျိုး

၈၀။ (၁) ငါသည်အမှုကိစ္စကို ပြုလုပ်ရတော့မည်၊ အမှုကိစ္စပြုလုပ်သော ငါ၏ကိုယ်သည် ပင်ပန်းလိမ့်မည်၊ ယခုငါသည် အိပ်ဦးမည်-ဟု စိတ်ဖြစ်သည်၊ ထိုရဟန်းသည်အိပ်၏၊မရောက်မရသေးသည့် တရားရောက်ရန်, ရရန် မျက်မှောက် မပြုရသေးသည့် တရား မျက်မှောက်ပြုရန် ဝီရိယကိုအားမထုတ်၊ ဤကားပထမ ပျင်းရိကြောင်းတည်း။

(၂) ငါသည် အမှုကိစ္စပြုလုပ်ပြီးပြီ၊ အမှုကိစ္စပြုလုပ်သောငါ၏ကိုယ်သည် ပင်ပန်း၏၊ ယခုငါသည် အိပ်ဦးမည်-ဟု စိတ်ဖြစ်၏၊ ထိုရဟန်းသည်အိပ်၏၊ မရောက် မရသေးသည့် တရားရောက်ရန် ရရန်

မျက်မှောက်မပြုသေးသည့်တရား မျက်မှောက်ပြုရန် ဝီရိယကိုအားမထုတ်၊ ဤကား ဒုတိယပျင်းရိကြောင်းတည်း။

(၃) ငါသည် ခရီးသွားတော့မည်၊ ခရီးသွားသော ငါ့ကိုယ်သည် ပင်ပန်းလိမ့်မည်၊ ယခု ငါသည် အိပ်ဦးမည်ဟု စိတ်ဖြစ်သည်၊ ထိုရဟန်း အိပ်၏၊ မရောက် မရ မျက်မှောက် မပြုသေးသည့် တရား ရောက်ရန် ရရန် မျက်မှောက်ပြုရန် ဝီရိယကို အားမထုတ်၊ ဤကား တတိယ ပျင်းရိကြောင်းတည်း။

(၄) ငါသည် ခရီးသွားပြီးပြီ၊ ခရီးသွားပြီးသော ငါ့ကိုယ်သည် ပင်ပန်း၏၊ ယခုအခါ ငါအိပ်ဦးမည်ဟု စိတ်ဖြစ်၏၊ ထိုရဟန်းသည်အိပ်၏၊ မရောက်သေး, မရသေး, မျက်မှောက် မပြုသေးသော တရား ရောက်ရန် ရရန် မျက်မှောက်ပြုရန် ဝီရိယကိုအားမထုတ်၊ ဤကား စတုတ္ထပျင်းရိကြောင်းတည်း။

(၅) ရဟန်းသည် ရွာသို့ လည်းကောင်း၊ နိဂုံးသို့လည်းကောင်း ဆွမ်းခံသွားသည်ရှိသော် ကြမ်းကြမ်း, နုနု ဆွမ်းဘောဇဉ်ကို အလိုရှိတိုင်း ပြည့်စုံအောင် မရ၊ ထိုရဟန်းအား "ငါသည် ရွာသို့ လည်းကောင်း, မြို့သို့လည်းကောင်း ဆွမ်းခံသွားသည်

ရှိသော် ကြမ်းလဲကြမ်း, နုလဲနုသော ဆွမ်းဘောဇဉ်တို့ကို လိုသလောက် မရခဲ့၊ ဆွမ်းခံသွားရသော ငါ့ကိုယ်သည် ပင်ပန်းသည်၊ အမှုကိစ္စပြုလုပ်ရန် မလျောက်ပတ်သေး၊ ယခု ငါ အိပ်ဦးမည်ဟု စိတ်ဖြစ်သည်၊ ထိုရဟန်း အိပ်သည်၊ မရသေးသော တရားထူး ရရန် ဝီရိယကို အားမထုတ်၊ ဤကား ပဉ္စမပျင်းရိကြောင်းတည်း။

(၆) ရဟန်းသည် ရွာသို့လည်းကောင်း, နိဂုံးသို့လည်းကောင်း ဆွမ်းခံသွားသည်ရှိသော် ကြမ်းကြမ်းနုနု ဖြစ်သော ဆွမ်းဘောဇဉ်ကို အလိုရှိသလောက် ပြည့်စုံအောင်ရခဲ့၏၊ ထိုရဟန်းအား "ငါသည် ရွာသို့လည်းကောင်း, နိဂုံးသို့လည်းကောင်း ဆွမ်းခံသွားသည်ရှိသော် ကြမ်းကြမ်းနုနုဖြစ်သောဆွမ်းကို အလိုရှိတိုင်း ပြည့်စုံအောင် ရခဲ့၏၊ ငါ၏ကိုယ်သည် လေး၏၊ အမှုကိစ္စပြုလုပ်ရန် မလျောက်ပတ်သေး၊ စိုစွတ်သော ပဲကဲ့သို့လေး၏၊ ယခု ငါသည် အိပ်ဦးမည်" ဟု စိတ်ဖြစ်၏၊ ထိုရဟန်းအိပ်သည်၊ မရသေးသောတရား ရရန်ဝီရိယကိုအားမထုတ်၊ ဤကား ဆဋ္ဌပျင်းရိကြောင်းတည်း။

(၇) ရဟန်းမှာ အနည်းငယ်သော အနာရောဂါ ဖြစ်သည်၊ ထိုရဟန်းအား ငါ့မှာ အနည်းငယ်မျှသော အနာရောဂါဖြစ်သည်၊ အိပ်ခြင်းငှာလျောက်ပတ်၏၊ ယခု ငါ အိပ်ဦးမည်ဟု စိတ်ဖြစ်၏၊ ထိုရဟန်းအိပ်၏၊ မရသေးသောတရားထူးရရန် ဝီရိယကိုအားမထုတ် ဤကား သတ္တမပျင်းရိကြောင်းတည်း။

ဝီရိယကိုအားထုတ်၏၊ ဤကား စတုတ္ထ အားထုတ်ကြောင်းတည်း။

(၅) ရဟန်းသည် ရွာသို့လည်းကောင်း, နိဂုံးသို့လည်းကောင်း ဆွမ်းခံသွားသည်ရှိသော် ကြမ်းသည်လဲဖြစ်, နုသည်လဲဖြစ်သော ဆွမ်းဘောဇဉ်ကို အလိုရှိတိုင်းပြည့်စုံအောင် မရ၊ ထိုရဟန်းမှာ ငါသည် ရွာသို့လည်းကောင်း,နိဂုံးသို့လည်းကောင်း ဆွမ်းခံသွားသည်ရှိသော် ကြမ်းသည်လဲဖြစ်, နုသည်လဲဖြစ်သော ဆွမ်းဘောဇဉ်ကို အလိုရှိတိုင်း ပြည့်စုံအောင်မရ၊ ငါ၏ကိုယ်သည်ပေါ့၏၊ အမှုကိစ္စပြုရန် လျောက်ပတ်၏၊ ယခု ငါသည် မရောက်မရ မျက်မှောက်မပြုရသေးသော တရားကို ရောက်ရ မျက်မှောက်ပြုရန် ဝီရိယသို့ အားထုတ်တော့မည်ဟု စိတ်ဖြစ်၏၊ ထိုရဟန်းသည် မရောက်မရ မျက်မှောက်မပြုရသေးသောတရား ရောက်ရ မျက်မှောက်ပြုရန် ဝီရိယကိုအားထုတ်၏၊ဤကား ပဉ္စမအားထုတ်ကြောင်းတည်း။

(၆) ရဟန်းသည် ရွာသို့ လည်းကောင်း, နိဂုံးသို့ လည်းကောင်း ဆွမ်းခံသွားသည်ရှိသော် ကြမ်းသည်လဲဖြစ်, နုသည်လဲဖြစ်သော ဆွမ်းဘောဇဉ်ကို အလိုရှိတိုင်းပြည့်စုံအောင်ရ၏၊ ထိုရဟန်းမှာ ငါသည် ရွာသို့လည်းကောင်း၊ နိဂုံးသို့ လည်းကောင်း ဆွမ်းခံသွားသည်ရှိသော် ကြမ်းသည်လဲဖြစ်,နုသည်လဲဖြစ်သော ဆွမ်းဘောဇဉ်ကို အလိုရှိတိုင်း ပြည့်စုံအောင်ရခဲ့၏၊ ငါ့ကိုယ်သည်

အားရှိသည်၊ အမှုကိစ္စကိုပြုရန်လျောက်ပတ်၏၊ ယခုငါသည် မရောက်မရ မျက်မှောက် မပြုရသေးသောတရား ရောက်ရ မျက်မှောက်ပြုရန် ဝီရိယကိုအားထုတ်တော့မည်ဟု စိတ်ဖြစ်၏၊ ထိုရဟန်းသည် မရောက်မရ မျက်မှောက်မပြုရသေးသောတရား ရောက်ရ မျက်မှောက်ပြုရန် ဝီရိယကိုအားထုတ်၏၊ ဤကား ဆဋ္ဌမအားထုတ်ကြောင်းတည်း။

(၇) ရဟန်းမှာ အနည်းငယ်ရောဂါရှိ၏၊ ထိုရဟန်းအား ငါ့မှာအနည်းငယ်မျှသော အနာရောဂါဖြစ်၏၊ ငါ၏ အနာရောဂါသည် တိုးပွားရာသော အကြောင်း ရှိ၏၊ ယခုငါသည်မရောက်, မရ မျက်မှောက်မပြုရသေးသော တရား ရောက်ရ မျက်မှောက်ပြုရန်စောစောကပင် ဝီရိယကိုအားထုတ်တော့မည်ဟု စိတ်ဖြစ်၏၊ ထိုရဟန်းသည် မရသေးသောတရား ရောက်ရ မျက်မှောက်ပြုရန် ဝီရိယကို အားထုတ်၏၊ ဤကား သတ္တမအားထုတ် ကြောင်းတည်း။

(၈) ရဟန်းသည်အနာရောဂါမှထမြောက်၏၊ အနာရောဂါမှ ထမြောက်၍မကြာသေး၊ ထိုရဟန်းမှာ ,ငါသည်အနာရောဂါမှ ထမြောက်၏၊ အနာရောဂါမှ ထမြောက်၍ မကြာသေး၊ ငါ့မှာအနာရောဂါ ဖြစ်ပြန်ရာသော အကြောင်းရှိသည်၊ ယခုငါသည် မရောက်မရ မျက်မှောက် မပြုရသေးသောတရား ရောက်ရ မျက်မှောက် ပြုရန်စောစောကပင် ဝီရိယကို အားထုတ်တော့ မည်ဟု

စိတ်ဖြစ်၏၊ ထိုရဟန်းသည်မရောက်မရ မျက်မှောက်မပြု ရသေးသောတရား ရောက်ရ မျက်မှောက်ပြုရန် ဝီရိယကို အားထုတ်၏၊ ဤကား အဋ္ဌမ အားထုတ်ကြောင်း တည်း။

ဤကား အားထုတ်ခြင်း၏ အကြောင်း ၈-မျိုး။[၁]

ဆောင်။ ။ကမ္မမဂ္ဂ, ဂေလညာ, ပိဏ္ဍလေးနှစ်ဖြာ။
ဝီရိယာ ရမ္ဘ, ဝတ္ထုပြ, အဋ္ဌမှတ်လေးပါ။
အမှုပြုဆဲ, ပြုပြီးလဲ, အားခဲတရားအားထုတ်ပါ။
ခရီးသွားဆဲ, သွားပြီးလဲ, အားခဲ တရား အား ထုတ်ပါ။
မကျန်းမာလဲ, ကျန်းမာလဲ, အားခဲ တရားအား ထုတ်ပါ။
အစာစားလဲ, စားပြီးလဲ, အားခဲ တရားအား ထုတ်ပါ။

## ၉။ သတိဝဂ်

### ၁-သတိသမ္ပဇညသုတ်

### သတိသမ္ပဇဉ်မရှိသူ၏အပြစ် ၈-မျိုးနှင့် ရှိသူ၏အကျိုး ၈-မျိုး

၈၁။ သစ်ပင်သည် အခက်အရွက်ပျက်စီးခဲ့မူ ထိုသစ်ပင်၏ အပွေး, အခေါက်, အကာ, အနှစ်များမပြည့်စုံသကဲ့သို့ ဤ

---

၁။ အံ၊ ၃၊ ၁၄၇-၁၅၀။

အတူ သတိသမ္ပဇဉ်မရှိလျှင် သတိမ္ပဇဉ်ချို့တဲ့သော ရဟန်းမှာ ဟိရိဩတ္တပ္ပ အကြောင်း ချို့တဲ့၏၊ ဟိရိဩတ္တပ္ပမရှိလျှင် ဣန္ဒြိယ သံဝရအကြောင်း ချို့တဲ့၏၊ ဣန္ဒြိယသံဝရအကြောင်း ချို့တဲ့လျှင် သီလအကြောင်းချို့တဲ့၏၊ အကျင့်သီလမရှိလျှင် သမ္မာသမာဓိအကြောင်းချို့တဲ့၏၊ သမ္မာသမာဓိမရှိလျှင် ဟုတ်တိုင်းမှန်စွာသိမြင်မှု ယထာဘူတ ဉာဏဒဿန အကြောင်း ချို့တဲ့၏၊ ယထာဘူတဉာဏဒဿန မရှိလျှင် နိဗ္ဗိဒါဉာဏ်နှင့် ဝိရာဂဉာဏ်အကြောင်းချို့တဲ့၏၊ နိဗ္ဗိဒါဉာဏ်နှင့် ဝိရာဂဉာဏ်မရှိလျှင် ပစ္စဝေက္ခဏာဉာဏ်အမြင် ဝိမုတ္တိဉာဏဒဿနသည် အကြောင်း ချို့တဲ့၏။

သစ်ပင်သည်အခက်အရွက်နှင့်ပြည့်စုံခဲ့မူ ထိုသစ်ပင်၏အမွှေး, အခေါက်, အကာ, အနှစ်များပြည့်စုံသကဲ့သို့ ဤအတူ သတိသမ္ပဇဉ်ရှိလျှင် ဟိရိဩတ္တပ္ပသည် အကြောင်းပြည့်စုံ၏၊ ဟိရိဩတ္တပ္ပရှိလျှင် ဣန္ဒြိယသံဝရသည် အကြောင်းပြည့်စုံသည်၊ ဣန္ဒြိယသံဝရရှိလျှင် အကျင့်သီလသည် အကြောင်းပြည့်စုံ၏၊ သီလရှိလျှင် သမ္မာသမာဓိသည် အကြောင်းပြည့်စုံ၏၊ သမ္မာသမာဓိရှိလျှင် ဟုတ်တိုင်းမှန်စွာ သိတတ်သော ယထာဘူတဉာဏ ဒဿနသည် အကြောင်းပြည့်စုံ၏၊ ယထာဘူတဉာဏဒဿနရှိလျှင် နိဗ္ဗိဒါဉာဏ်နှင့် ဝိရာဂဉာဏ်သည်အကြောင်းပြည့်စုံ၏၊ နိဗ္ဗိဒါဉာဏ်နှင့် ဝိရာဂဉာဏ်ရှိလျှင် ပစ္စဝေက္ခဏာဉာဏ်အမြင် ဝိမုတ္တိဉာဏဒဿနသည် အကြောင်းပြည့်စုံ၏ဟု ဘုရားရှင်ဟောတော်မူသည်။

## ၂-ပုဏ္ဏိယသုတ်

### ဒေသနာထင်လာကြောင်းတရား ၈-မျိုး

၈၂။ ရဟန်းသည်—

(၁) သဒ္ဓါတရားရှိ၏။
(၂) ချဉ်းကပ်လဲ ချဉ်းကပ်၏။
(၃) ဆည်းကပ်လဲ ဆည်းကပ်၏။
(၄) မေးလဲ မေး၏။
(၅) နားစိုက်၍လဲ တရားနာ၏။
(၆) နာပြီး၍လဲ တရားကို ဆောင်၏။
(၇) ဆောင်အပ်ပြီး တရားတို့ကိုလဲ ဆင်ခြင်၏။
(၈) အနက်ပါဠိကိုသိ၍ တရားအား လျော်သော အကျင့်ကိုလဲကျင့်၏၊ ဤသို့ဖြစ်လျှင် ဘုရားရှင် တရားဒေသနာတော်သည် ထင်လာ၏။

အိုပုဏ္ဏိယ… ဤတရား ၈-မျိုးနှင့် ပြည့်စုံသူမှာ ဘုရားရှင်၏ တရားဒေသနာတော်သည် စင်စစ်ထင်လာ၏ ဟု ပုဏ္ဏိယအား ဘုရားရှင်ဟောတော်မူသည်။[၁]

## ၃-မူလကသုတ္တ

### တရားအားလုံးတို့၏ အခြေခံစသည် ၈-မျိုး

၈၃။ တရားအားလုံးတို့သည်—

(၁) အလိုဆန္ဒလျှင် အခြေခံရှိကုန်၏။

---

၁။ အံ၊ ၃၊ ၁၅၁–၂။

(၂) နှလုံးသွင်းမှု'မနသိကာရ'လျှင် ဖြစ်ကြောင်း ရှိကုန်၏။
(၃) တွေ့ထိမှု'ဖဿ'ကြောင့် ဖြစ်ပေါ်လာကုန်၏။
(၄) ခံစားမှု 'ဝေဒနာ' ၌ ပေါင်းဆုံကုန်၏။
(၅) တည်ကြည်မှု 'သမာဓိ'လျှင် ရှေ့သွား ရှိကုန်၏။
(၆) အောက်မေ့မှု 'သတိ' လျှင် အကြီးအကဲ ရှိကုန်၏။
(၇) သိမှု'ပညာ'လျှင် လွန်ကဲမှုရှိကုန်၏။
(၈) တရား အားလုံးတို့သည် လွတ်မြောက်မှု အရဟတ္တဖိုလ်လျှင် အနှစ်ရှိကုန်၏။

တရားအားလုံးတို့၏ အခြေခံစသည် မေးခဲ့လျှင် ဤသို့ ဖြေရာ၏ဟူလို။[၁]

## ၄-စောရသုတ်

လျှင်စွာ ပျက်စီးသောသူခိုးနှင့် လျှင်စွာမပျက်စီးသောသူခိုး

၈၄။ (၁) မရိုက်နှက် မပုတ်ခတ် သင့်သူကို ရိုက်နှက်ပုတ်ခတ်ခြင်း။
(၂) အကြွင်းအကျန်မရှိအောင်ယူခြင်း။
(၃) မိန်းမကိုသတ်ခြင်း။

---

၁။ အံ၊ ၄၊ ၁၅၂-၃။

(၄) သတို့သမီးကို ဖျက်ဆီးခြင်း။
(၅) ရှင်ရဟန်းကို လုယက်ခြင်း။
(၆) မင်းဘဏ္ဍာတိုက်ကို လုယက်ခြင်း။
(၇) အလွန်နီးရာ၌ ခိုးမှုကိုပြုခြင်း။
(၈) သိမ်းသိမ်းဆည်းမှု၌ မသိမ္မာခြင်း။

ဤအင်္ဂါ ၈-မျိုးနှင့် ပြည့်စုံသော ခိုးသူကြီး လျင်စွာ ပျက်စီးသည်။

(၁) မရိုက်နှက် မပုတ်ခတ်သင့်သည်ကို မရိုက်နှက် မပုတ်ခတ်ခြင်း။
(၂) အကြွင်းမဲ့ မယူခြင်း။
(၃) မိန်းမကို မသတ်ခြင်း။
(၄) သတို့သမီးကို မဖျက်ဆီးခြင်း။
(၅) ရှင်ရဟန်းကို မလုယက်ခြင်း။
(၆) မင်းဘဏ္ဍာတိုက်ကို မလုယက်ခြင်း။
(၇) အလွန်နီးရာ၌ ခိုးမှုကို မပြုခြင်း။
(၈) သိမ်းသိမ်းဆည်းမှု၌ လိမ္မာခြင်း။

ဤအင်္ဂါ ၈-မျိုးနှင့် ပြည့်စုံသော ခိုးသူကြီး လျင်စွာမပျက်စီး, ကြာရှည်စွာတည်နိုင်သည်ဟူ၏။ [၁]

---

၁။ အံ၊ ၃၊ ၁၅၇။

## ၅- သမဏသုတ်

### ဘုရားအမည်တော် ၈-မျိုး

၈၅။ ရဟန်းတို့-

(၁) 'သမဏ' ငြိမ်းအေးသူဟူသောအမည်။

(၂) 'ဗြာဟ္မဏ' မကောင်းမှုမျှောပြီးသူဟူသော အမည်။

(၃) 'ဝေဒဂူ' အသိဉာဏ်သို့ ရောက်သောသူ ဟူသောအမည်။

(၄) 'ဘိသက္က' သမားတော်ဟူသောအမည်။

(၅) 'နိမ္မလ' အညစ်အကြေးမရှိသူဟူသောအမည်။

(၆) 'ဝိမလ' အညစ်အကြေး ကင်းသူ ဟူသော အမည်။

(၇) 'ဉာဏီ' ဉာဏ်ရှိသူ ဟူသော အမည်။

(၈) 'ဝိမုတ္တ' လွတ်မြောက်သူ ဟူသောအမည်။

ဤအမည် ၈-မျိုး၊ ပူဇော်အထူးကို ခံထိုက်သော မဖောက်မပြန် ကိုယ်တိုင်သိသော မြတ်စွာဘုရား၏ အမည်တည်း ဟု ဘုရားရှင် မိန့်တော်မူသည်။[၁]

## ၆-ယသသုတ်

### အခြံအရံ စသည်နှင့်စပ်သောတရား

၈၆။ (က) အိုနာဂိတ... ငါဘုရားသည် ဤသာသနာတော်၌ အချင်းချင်း ချိုင်းထိုးကစားခြင်းဖြင့် ပြုံးစွာ

---

၁။ အံ၊ ၃၊ ၁၅၃-၄။

ရယ်ကြ, ပြင်းစွာ ရွှင်မြူးကြသော ရဟန်းများကို တွေ့မြင်ရ၏၊ အိုနာဂိတ... ငါ့မှာ အလိုရှိတိုင်း မငြိုမငြင် မပင်မပန်းဘဲ ငါရသော ကာမဂုဏ်တို့မှ ထွက်မြောက်မှု နေက္ခမ္မချမ်းသာ, ကင်းဆိတ်မှု ပဝိဝေကချမ်းသာ, ငြိမ်းအေးမှု ဥပသမချမ်းသာ, သိမှု သမ္ဗောဓချမ်းသာ ကို ဤအရှင်တွေ အလိုရှိတိုင်း မငြိုမငြင် မပင်မပန်းမရကြလေယောင်တကား၊ သို့ဖြစ်၍ ဤအရှင်တွေအံချင်းချင်း ချိုင်းထိုးကစားခြင်းဖြင့် ပြင်းစွာ ရယ်ကြ, မြူးကြသည်ဟု စိတ်အကြံ ဖြစ်တော်မူသည်။

(၂) အိုနာဂိတ... ငါဘုရားသည် ဤသာသနာတော်၌ အလိုရှိတိုင်း ဝမ်းပြည့်အောင်စား၍ အိပ်မှု 'သေယျ' ချမ်းသာ၊ ဝဲယာနံတောင်းပြောင်းလှည့်အိပ်မှု 'ပဿ' ချမ်းသာ၊ ငိုက်မျဉ်းမှု 'မိဒ္ဓ' ချမ်းသာကိုအားထုတ်ကာနေကြသော ရဟန်းများကို တွေ့မြင်ရ၏၊ နာဂိတ... ငါ့အားနေက္ခမ္မ ချမ်းသာ, ပဝိဝေကချမ်းသာ, ဥပသမချမ်းသာ, သမ္ဗောဓ ချမ်းသာကို ဤအရှင်တွေ အလိုရှိတိုင်း မငြိုမငြင် မပင်မပန်း မရကြလေယောင်တကား၊ သို့ဖြစ်၍ ဤအရှင်တို့သည် အလိုရှိတိုင်းဝမ်းပြည့်အောင်စား၍ အိပ်မှု 'သေယျ' ချမ်းသာ၊ ဝဲယာနံတောင်း ပြောင်းလှည့် အိပ်မှု 'ပဿ' ချမ်းသာ၊ ငိုက်မျဉ်းမှု 'မိဒ္ဓ' ချမ်းသာ ကို အားထုတ်လျက် နေကြကုန်၏ ဟု စိတ်အကြံဖြစ်တော်မူသည်။

(၃) အိုနာဂိတ....ငါဘုရားသည် ဤသာသနာတော်၌ တည်ကြည်စွာထိုင်နေသော ရှာနီးကျောင်းနေ ရဟန်းကို မြင်ရ၏၊ နာဂိတ....ထို ငါ့မှာ ယခုအခါ ဤအရှင်ကို အရံရွာသားကဖြစ်စေ, သာမဏေကဖြစ်စေ, လုပ်ကျွေးလိမ့်မည်၊ ထိုရဟန်းကို သမာဓိမှ ရွေ့လျောစေလိမ့်မည်ဟု ဤသို့ စိတ်အကြံဖြစ်ရ၏၊ နာဂိတ သို့ဖြစ်၍ ငါသည် ထိုရဟန်းအား ရှာနီးကျောင်းနေမှုဖြင့် ဝမ်းမမြောက်။

(၄) အိုနာဂိတ....ငါဘုရားသည် ဤသာသနာတော်၌ တောအရပ်ဝယ် မျက်တောင်တလှုပ်လှုပ် ငိုက်မျဉ်းလျက်ထိုင်နေသော တောကျောင်းနေ ရဟန်းကို မြင်ရ၏၊ နာဂိတ....ငါ့မှာ ယခုအခါ ဤအရှင်သည် ဤငိုက်မျဉ်းမှုကြောင့် ဖြစ်သော ပင်ပန်းခြင်းကို ပယ်ဖျောက်၍ တစ်ခုတည်းသော သညာဖြစ်သည့် တောဟူသော အမှတ်သညာကိုသာလျှင် နှလုံးသွင်း ပေလိမ့်မည် ဟု ဤသို့ စိတ်အကြံဖြစ်၏၊ နာဂိတ သို့ဖြစ်၍ ငါသည် ထိုရဟန်းအား တောကျောင်းနေမှုဖြင့် ဝမ်းမြောက်မိ၏။

(၅) အိုနာဂိတ....ငါသည် ဤသာသနာတော်၌ တောအရပ်ဝယ် မတည်ကြည်သောစိတ်ရှိသည်ဖြစ်၍ ထိုင်နေသော တောကျောင်းနေ ရဟန်းကိုမြင်၏၊ နာဂိတ....ငါ့မှာ ယခု အခါ ဤအရှင်သည် မတည်ကြည်သော စိတ်ကိုလဲ တည်ကြည်စေလိမ့်မည်၊ တည်ကြည်ပြီး စိတ်

ကိုလဲ ဆောင့်ရှောက်လိမ့်မည်ဟု ဤသို့စိတ်အကြံဖြစ်၏၊ နာဂိတ...သို့ဖြစ်၍ ငါသည် ထိုရဟန်းအား တောကျောင်းနေမှုဖြင့် ဝမ်းမြောက်မိ၏။

(၆) အိုနာဂိတ.... ငါဘုရားသည် ဤ သာသနာတော်၌ တောအရပ်ဝယ် တည်ကြည်သော စိတ်ရှိသည်ဖြစ်၍ ထိုင်နေသော တောကျောင်းနေ ရဟန်းကို မြင်ရ၏၊ နာဂိတ....ငါ့မှာ ယခုအခါ ဤအရှင်သည် မလွတ်မြောက်သောစိတ်ကိုလဲ လွတ်မြောက်စေလိမ့်မည်၊ လွတ်မြောက်ပြီးစိတ်ကိုလဲ စောင့်ရှောက်ပေလိမ့်မည်ဟု ဤသို့စိတ်အကြံဖြစ်၏၊နာဂိတ....သို့ဖြစ်၍ ငါသည် ထိုရဟန်းအား တောကျောင်းနေမှုဖြင့် ဝမ်းမြောက်မိ၏။

(၇) အိုနာဂိတ....ငါဘုရားသည် သင်္ကန်း, ဆွမ်း, ကျောင်း, သူနာ၏ အထောက်အပံ့ ဆေးအသုံးအဆောင်များကို ရသော ရွာကျောင်းနေ ရဟန်းကိုမြင်ရ၏၊ ထိုရဟန်းသည် ထိုလာဘ်ပူဇော်သက္ကာ အကျော်အစောကိုအလိုရှိသည်ဖြစ်၍ တစ်ယောက်တည်း ကိန်းအောင်းမှုကိုစွန့်၏၊ ရွာနိဂုံး မင်းနေပြည်တို့သို့ ဝင်ရောက်နေ၏၊ နာဂိတ....သို့ဖြစ်၍ ငါသည် ထိုရဟန်းများအား တောကျောင်း၌ နေမှုဖြင့်ဝမ်းမြောက်၏။

(၈) အိုနာဂိတ....ငါဘုရားသည် သင်္ကန်း, ဆွမ်း, ကျောင်း, သူနာ၏အထောက်အပံ့ ဆေးအသုံးအဆောင် များကို ရသော တောကျောင်းနေ ရဟန်းကို မြင်ရ၏၊ ထို

ရဟန်းသည် လာဘ်ပူဇော်သက္ကာ အကျော်အစောကို စွန့်ပစ်ပယ်ရှား၍ တစ်ယောက်တည်း ကိန်းအောင်းနေမှုကို မစွန့်၊ တောစွန်ဖြစ်သော ကျောင်းများကိုမစွန့်၊ နာဂိတ....သို့ဖြစ်၍ ငါဘုရားသည် ထိုရဟန်းအား တောကျောင်းနေမှုဖြင့် ဝမ်းမြောက်မိ၏ စသည်ဖြင့် ဘုရားရှင် နာဂိတအား ဟောတော်မူသည်။[၁]

## ၇-ပတ္တနိက္ကုဇ္ဇနသုတ်

သပိတ်မှောက် အင်္ဂါ ၈-မျိုး၊ သပိတ်လှန် အင်္ဂါ ၈-မျိုး

၇၈။ (၁) ရဟန်းများအား လာဘ်မရရန် အားထုတ်ခြင်း။

(၂) ရဟန်းများအား အကျိုးမဲ့ဖြစ်ရန် အားထုတ်ခြင်း။

(၃) ရဟန်းများအား နေရာမရရန်အားထုတ်ခြင်း။

(၄) ရဟန်းများကို ဆဲရေး ရေရွတ် ခြိမ်းခြောက်ခြင်း။

(၅) ရဟန်းအချင်းချင်း ကွဲပြားစေခြင်း။

(၆) မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးမဲ့ကို ဆိုခြင်း။

(၇) တရားတော်၏ ဂုဏ်ကျေးဇူးမဲ့ကို ဆိုခြင်း။

(၈) သံဃာတော်၏ ဂုဏ်ကျေးဇူးမဲ့ကို ဆိုခြင်း။

---

၁။ အံ၊ ၃၊ ၁၅၄-၇။

ဤအင်္ဂါ ၈-မျိုးနှင့်ပြည့်စုံသော ဥပါသကာအား အလိုရှိလျှင် သံဃာတော်သည် သပိတ်မှောက်ရာ၏၊ဤမှအပြန် ရဟန်းများအား လာဘ်မရရန်အားမထုတ်ခြင်းစသော အင်္ဂါ ၈-မျိုးနှင့်ပြည့်စုံသော ဥပါသကာအား အလိုရှိလျှင် သံဃာသည် သပိတ်လှန်ရာ၏ဟူ၏။၁

## ၈-အပ္ပသာဒပဝေဒနီယသုတ်

### အင်္ဂါ ၈-မျိုးနှင့်ပြည့်စုံသောရဟန်းအား မကြည်ညိုမှုကို သိစေရန်မိန့်ကြား

၈၈။ (၁) လူများအား လာဘ်မရရန် အားထုတ်ခြင်း။,

(၂) လူများအား အကျိုးမဲ့ဖြစ်ရန် အားထုတ်ခြင်း။

(၃) လူများကို ဆဲရေးရေရွတ်ခြိမ်းခြောက်ခြင်း။

(၄) လူအချင်းချင်း ကွဲပြားစေခြင်း။

(၅) မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးမဲ့ကို ဆိုခြင်း။

(၆) တရားတော်၏ ဂုဏ်ကျေးဇူးမဲ့ကို ဆိုခြင်း။

(၇) သံဃာတော်၏ ဂုဏ်ကျေးဇူးမဲ့ကို ဆိုခြင်း။

(၈) မကျက်စားသင့်သော နေရာ၌တွေ့မြင်ရခြင်း။

ဤအင်္ဂါ ၈-မျိုးနှင့်ပြည့်စုံသော ရဟန်းအား အလိုရှိလျှင် ဥပါသကာတို့သည် မကြည်ညိုမှုကို သိစေကုန်ရာ၏၊ ၎င်းအင်္ဂါ ၈-မျိုးမှအပြန် လူများအား လာဘ် မရရန် အားမထုတ်ခြင်း စသည်အင်္ဂါ ၈-မျိုးနှင့် ပြည့်စုံသော ရဟန်းအား အလိုရှိလျှင်

---

၁။ အံ၊ ၃၊ ၁၅၈။

ဥပါသကာတို့သည် ကြည်ညိုမှုကို သိစေကုန်ရာ၏ဟု ဘုရားရှင် မိန့်တော်မူသည်။[၁]

## ၉-ပဋိသာရဏီယသုတ်

### ပြန်လည်အောက်မေ့စေမှုပြုရန် အင်္ဂါ ၈-မျိုး

၈၉။ (၁) လူများအား လာဘ်မရရန် အားထုတ်ခြင်း။
(၂) လူများအား အကျိုးမဲ့ဖြစ်ရန်အားထုတ်ခြင်း။
(၃) လူများကို ဆဲရေးရေရွတ် ခြိမ်းခြောက်ခြင်း။
(၄) လူအချင်းချင်း ကွဲပြားစေခြင်း။
(၅) မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးမဲ့ ကိုဆိုခြင်း။
(၆) တရားတော်၏ ဂုဏ်ကျေးဇူးမဲ့ ကိုဆိုခြင်း။
(၇) သံဃာတော်၏ ဂုဏ်ကျေးဇူးမဲ့ ကိုဆိုခြင်း။
(၈) လူများအား တရားနှင့်လျော်သော ဝန်ခံမှုကို မမှန်စေခြင်း။

ဤအင်္ဂါ ၈-မျိုးနှင့်ပြည့်စုံသော ရဟန်းအား အလိုရှိလျှင် သံဃာသည် ပြန်လည်အောက်မေ့စေမှုကို ပြုရာ၏။

ရင်း အင်္ဂါ ၈-မျိုးမှ အပြန် လူများအား လာဘ်မရရန် အားမထုတ်ခြင်း အစရှိသော အင်္ဂါ ၈-မျိုးနှင့် ပြည့်စုံသော ရဟန်းအား အလိုရှိလျှင် သံဃာသည်ပြန်လည် အောက်မေ့စေမှု ပဋိသာရဏီယကံကိုငြိမ်းစေရာ၏ဟူ၏။[၂]

---

၁။ အံ၊ ၃၊ ၁၅၈-၉၊ ၂။ အံ၊ ၃၊ ၁၅၉၊

## ၁၀-သမ္ဘာဝတ္တနသုတ်
## ကောင်းစွာကျင့်ခြင်း

၉၀။ ထိုအထူး ယုတ်မာမှုရှိသောရဟန်းအား ပြုအပ်သော တဿပါပိယသိကကံဖြင့် ပြုခံရသောရဟန်းသည်တရားရှစ်မျိုးတို့၌ ကောင်းစွာကျင့်ရမည်။

(၁) ပဉ္စင်းခံမပေးအပ်။
(၂) နိဿရည်းမပေးအပ်။
(၃) သာမဏေကို မလုပ်ကျွေးစေအပ်။
(၄) ရဟန်းမိန်းမများအား ဆုံးမသူဟု သမုတ်ခြင်း "ဘိက္ခုနောဝါဒကသမ္မုတိ"ကိုမသာယာအပ်။
(၅) သမ္မုတိရသော်လဲ ရဟန်းမိန်းမများကို မဆုံးမအပ်။
(၆) တစ်စုံတစ်ခုသော သံဃာ့သမ္မုတိကို မသာယာအပ်။
(၇) တစ်စုံတစ်ခုသော အကြီးအကဲ အရာ၌ မထားအပ်။
(၈) ထို ကံရှင်ရဟန်း အရင်းမြစ်သဖြင့် အာပတ်မှ မထစေအပ်၊ တဿပါပိယသိကကံ ပြုခံရသော ရဟန်းသည်-

ဤတရား ၈-မျိုးတို့၌ ကောင်းစွာ ကျင့်ရမည်ဟု မိန့်တော်မူသည်။[၁]

၁။ အံ၊ ၃၊ ၁၅၉

## (၁၀) ၅။ သာမညဝဂ်

### ဥပါသိကာများအား
### အင်္ဂါရှစ်မျိုးရှိ ဥပုသ်ဟော

၉၁-၁၁၆။ ဗောဇ္ဈာဥပါသိကာ၊ သိရိမာ၊ ပဒုမာ၊ သုဘနာ၊ မနုဇာ ဥတ္တရာ၊ မုတ္တာ၊ ခေမာဥပါသိကာ၊ ရုစီ၊ စုန္ဒီမင်းသမီး၊ ဗိမ္ဗီဥပါသိကာ၊ သုမနာမင်းသမီး၊ မလ္လိကာမိဖုရား၊ တိဿာဥပါသိကာ၊ တိဿမာတာ၊ သောဏာ ဥပါသိကာ၊ ကာဏာ ဥပါသိကာ၊ ကာဏမာတာ၊ နန္ဒမာတာဥတ္တရာ၊ မိဂါရမာတာ ဝိသာခါ၊ ခုဇ္ဇုတ္တရာ ဥပါသိကာ၊ သာမာဝတီ ဥပါသိကာ၊ ကောလိယမင်းသမီး၊ သုပ္ပဝါသာ၊ သုပ္ပိယာဥပါသိကာ၊ နကုလမာတာ သူကြွယ်မ။ ဤဥပါသိကာမများအား အင်္ဂါရှစ်မျိုးရှိ ဥပုသ်ကို ဟောတော်မူသည်။[၁]

## (၁၁) ရာဂပေယျာလ

### ရာဂ, ဒေါသ, မောဟစသည်အထူးသိရန် ကျင့်ရမည့်တရားများ

၁၁၇။ ရာဂအထူးသိရန် - မှန်ကန်စွာသိမြင်မှု 'သမ္မာဒိဋ္ဌိ' စသောမဂ္ဂင်ရှစ်ပါးတရား ပွားများကြရမည်ဟု ရဟန်းတို့အား ဘုရားဗိုဇ်ဟောတော်မူသည်။

၁၁၈။ ဤသုတ်၌-အတွင်းသန္တာန်၌အဆင်းရုပ်တို့ကိုရှုမှတ်၍ အပသန္တာန်၌ ကောင်းသောအဆင်း၊ မကောင်းသောအဆင်း

---

၁။ အံ၊ ၃၊ ၁၆၀။

ရှိသော ငယ်သောကသိုဏ်းရုပ်တို့ကိုရှု၏၊ ထိုရုပ်တို့ကိုလွှမ်းမိုး၍ 'ငါသိ၏, ငါမြင်၏'ဟု ဤသို့ အမှတ်သညာရှိ၏၊ စသည်ဖြင့် ရာဂကို အထူးသိရန် အဘိဘာယတနတရားရှစ်မျိုးကို ပွားများကြရမည်ဟု ဟောတော်မူသည်။

၁၁၉။ ဤသုတ်၌-အတွင်းသန္တာန်၌ ကသိုဏ်းရုပ်ရှိသည်ဖြစ်၍ အပသန္တာန်၌လဲ ကသိုဏ်းရုပ်တို့ကိုရှု၏၊ အတွင်းသန္တာန်၌ ကသိုဏ်းရုပ်ကိုမရှုမူ၍ အပသန္တာန်၌ ကသိုဏ်းရုပ်တို့ကို ရှု၏ စသည်ဖြင့် ရာဂကိုအထူးသိရန် ဝိမောက္ခရှစ်ခန်တရားများပွားကြရမည်ဟု ဟောတော်မူသည်။

၁၂၀-၁၄၆။ ဤသုတ်များ၌ အိုရဟန်းတို့ ...ရာဂကို ပိုင်းခြားသိရန်၊ ယက်ဝန်းကျင်ကုန်ခန်းရန်, ပယ်ရန်, ကုန်ခန်းရန်, ပျက်ရန်, တပ်မက်မှုကင်းရန်, ချုပ်ရန်, စွန့်ရန်, တစ်ဖန်စွန့်ရန် ဤတရားရှစ်မျိုးတို့ကို ပွားများရမည်ဟု ဟောတော်မူသည်။

၁၄၇-၆၂၆။ ဤသုတ်များ၌ ပြစ်မှားမှု ဒေါသ, တွေဝေမှု မောဟ, အမျက်ထွက်မှု ကောဓ, ရန်ငြိုးဖွဲ့မှု ဥပနာဟ, ကျေးဇူးကိုချေဖျက်မှုမက္ခ, အပြိုင်ပြုမှု ပဠာသ, ငြူစူမှု ဣဿာ, ဝန်တိုမှု မစ္ဆရိယ, လှည့်ပတ်မှု မာယာ, စဉ်းလဲမှု သာဌေယျ, ခက်ထန်မှု ထမ္ဘ, ချုပ်ချယ်မှု သာရမ္ဘ, ထောင်လွှားမှု မာန, အလွန်ထောင်လွှားမှု အတိမာန, ယစ်မူးမှု မဒ, မေ့လျော့မှု ပမာဒကို ထူးသောဉာဏ်ဖြင့်သိရန်၊ ပိုင်းခြား၍သိရန် ယက်ဝန်းကျင် ကုန်ခန်းရန်, ပယ်ရန်, ကုန်ခန်းရန်, ပျက်ရန်, တပ်

မက်မှုကင်းရန်၊ ချုပ်ရန်၊ စွန့်ရန်၊ တစ်ဖန်စွန့်ရန်....ဤတရားရှစ်မျိုးတို့ကို ပွားများကြရမည်ဟု ဘုရားရှင်ဟောတော်မူသည်။

## အင်္ဂုတ္တရနိကာယ် အဋ္ဌကနိပါတ် အနှစ်ချုပ်ကျမ်း အပြီးသတ်ခြင်း

မိမိသည် ဤမည်သော အင်္ဂုတ္တရနိကာယ် အဋ္ဌကနိပါတ် အနှစ်ချုပ်ကျမ်းကို ၁၃၅၂-ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၂-ရက်နေ့မှစ၍ ဇာတကပါဠိ၊ မဟာနိဒ္ဒေသပါဠိ၊ စူဠနိဒ္ဒေသပါဠိ ကျမ်းကြီးများကို ချုပ်ရင်း ဂန္ထဓူရအကြားတွင် ရေးသားစီရင်ရာ ယနေ့၁၃၅၂-ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၄-ရက်နေ့ နံနက် ၇-နာရီ မိနစ်၃၀-အချိန်တွင် အောင်လံ စိုက်ထောက်ပြီးမြောက်သဖြင့် အောက်ပါသံပေါက်ကဗျာတို့ဖြင့် နိဂုံးအုပ်လိုက်ပါသည်။

## အင်္ဂုတ္တရနိကာယ် အဋ္ဌကနိပါတ် အနှစ်ချုပ်ကျမ်း နိဂုံးသံပေါက်ကဗျာများ

၁။ မှတ်ပါစေလို့၊ သံပေါက်ဆို့၊ နောင်ကို သိစေရာ။
၂။ အကြွင်ငါမူ၊ ပခုက္ကူ၊ စွဲယူကာနေ့ခါ။
၃။ တစ်နှစ်ကိုးနှစ်၊ သက္ကရာဇ်၊ ဖွားလစ် ထိုကောဇာ။[၁]

---

၀။ သက္ကရာဇ် ၁၂၉၂-ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၁-ရက်နေ့တွင် ပခုက္ကူမြို့နယ် ကန်ရပ်ရွာ၌ ဖွားမြင်သည်။

၄။ ဆယ့်လေးနှစ်မှာ, သာသနာ, ဝင်ကာထမ်းရွက်ပါ။

၅။ နှစ်ဆယ်ကျော်စ, နှစ်ကာလ, ရရှိသမ္ပဒါ။

၆။ မန္တလေး, ပခုက္ကူ, ကျွမ်းဆူဆူ, ငါမူ သင်ယူပါ။

၇။ သီရိလင်္ကာ, ငါးနှစ်ကြာ, များစွာ သင်ယူလာ။

၈။ တိပိဋကတ်, အတတ်မြို့ဟူ, ပခုက္ကူ,လှိုက်ဆူ သတင်းဖြာ။

၉။ မဟာဝိသုတာ, အာရာမ, သံဃာ့ပျော်စံရာ။

၁၀။ သာသနဇောတိပါလ, သံဃာ့နေရာ, ကျောင်းခမ်းဝေါ,
သာယာပျော်ဖွယ်ရာ။

၁၁။ စွဲမှီနေကာ, ကျမ်းများစွာ, ငါသည် ကြည့်လေ့လာ။

၁၂။ သက္ကတပါဠိ, နိကာယ်ငါးဖြာ, ဋ္ဌကထာ, များစွာ
ချုပ်ပိုပါ။

၁၃။ နှစ်ရာလွန်သော်, စာတော်ခန်းခန်း,ကျမ်းဂန်ရေးကာ,
သာသနာ, များစွာချီးမြှောက်ပါ။

၁၄။ ဆန္ဒ, စိတ္တ, ဝီရိယ, ဝီမံသခြံရံကာ။

၁၅။ အင်္ဂုတ္တရနိကာယ်,ကျမ်းပင်လယ်,ပြောကျယ်နက်လှစွာ။

၁၆။ အဋ္ဌကအနှစ်, အဆီညှစ်, စီစစ်ရေးလိုက်ပါ။

၁၇။ ကြည့်ရှုလေ့လာ, သူတော်စွာ, များစွာ ကျိုးရှိပါ။

၁၈။ အဋ္ဌကဓမ္မ, နှစ်သာရ, တွေ့ရ ကြုံရမှာ။

၁၉။ လိုက်နာကျင့်က, မြတ်ဓမ္မ, သိကြ ဆိုက်ကြမှာ။

၂၀။ ဘဝသံသရာ, ပင်လယ်ချော, မြန်စွာလွတ်ကြမှာ။

၂၁။ ဤစာရေးရ, မြတ်ပုညကြောင့်, အမတပြည်, ရောက်ကြောင်းရည် ငါသည်ပတ္တနာ။

၂၂။ သတ္တဝါပေါင်း, ချမ်းသာကြောင်း, ဆုတောင်းပို့မေတ္တာ။

အင်္ဂုတ္တရနိကာယ် အဋ္ဌကနိပါတ်အနှစ်ချုပ်ကျမ်း ပြီး၏။

# အရှင်ကေလာသ ပြုစုသော

## ကျမ်းစာများ

၁။ အဘိဓမ္မာဂုဏ်ရည်ကျမ်း။
၂။ တိပိဋက အတ္ထုဒ္ဓါရသူစိကျမ်း။
၃။ တိပိဋကသုတ္တသူစိကျမ်း။
၄။ အင်္ဂလိပ် ပါဠိ အဘိဓာန်။
၅။ ပါဠိ အင်္ဂလိပ် အဘိဓာန်။
၆။ သက္ကတ မြန်မာ အဘိဓာန်။
၇။ ပခုက္ကူ သာသနာဝင်။
၈။ မဟာဝိသုတာရာမ နိကာယသာသနာဝင်။
၉။ မန္တလေး သာသနာဝင် ပဌမတွဲ။
၁၀။ မန္တလေး သာသနာဝင် ဒုတိယတွဲ။
၁၁။ မန္တလေး သာသနာဝင် တတိယတွဲ။
၁၂။ မန္တလေး သာသနာဝင် စတုတ္ထတွဲ။
၁၃။ မန္တလေး သာသနာဝင် ပဉ္စမတွဲ။
၁၄။ မန္တလေး သာသနာဝင် ဆဋ္ဌမတွဲ။
၁၅။ မန္တလေး သာသနာဝင် သတ္တမတွဲ။
၁၆။ မန္တလေး သာသနာဝင် အဋ္ဌမတွဲ။
၁၇။ မန္တလေး သာသနာဝင် နဝမတွဲ။

၁၈။ မန္တလေး သာသနာဝင် ဒသမတွဲ။
၁၉။ မန္တလေး သာသနာဝင် ဧကာဒသမတွဲ။
၂၀။ မန္တလေး သာသနာဝင် ဒွါဒသမတွဲ။
၂၁။ မန္တလေး သာသနာဝင် တေရသမတွဲ။
၂၂။ မန္တလေး သာသနာဝင် စုဒ္ဒသမတွဲ။
၂၃။ မန္တလေး သာသနာဝင် ပန္နရသမတွဲ။
၂၄။ မန္တလေး သာသနာဝင် သောဠသမတွဲ။
၂၅။ မန္တလေး သာသနာဝင် သတ္တရသမတွဲ။
၂၆။ မန္တလေး သာသနာဝင် အဋ္ဌာရသမတွဲ။
၂၇။ မန္တလေး သာသနာဝင် ဧကူနဝီသတိမတွဲ။
၂၈။ မန္တလေး သာသနာဝင် ဝီသတိမတွဲ။
၂၉။ မန္တလေး သာသနာဝင် ဧကဝီသတိမတွဲ။
၃၀။ မန္တလေး သာသနာဝင် ဒွါဝီသတိမတွဲ။
၃၁။ မန္တလေး သာသနာဝင် တေဝီသတိမတွဲ။
၃၂။ မန္တလေး သာသနာဝင် စတုဝီသတိမတွဲ။
၃၃။ မန္တလေး သာသနာဝင် ပဉ္စဝီသတိမတွဲ။
၃၄။ ပုဂံ သာသနာဝင်။
၃၅။ ပင်းယ သာသနာဝင်။
၃၆။ အင်းဝ သာသနာဝင်။
၃၇။ စစ်ကိုင်း သာသနာဝင်။
၃၈။ အမရပူရ သာသနာဝင်။
၃၉။ ရွှန်းလွှန်း ပရိယတ္တိသာသနာဝင်
၄၀။ သီဟိုဠ်ရဟန္တာများသမိုင်း။

၄၁။ သီဟိုဠ်ဘုရားစုံသမိုင်း။
၄၂။ စေတီယပ္ပတ္တိဒီပနီ။
၄၃။ ပခုက္ကူဘုရားသုံးဆူသမိုင်း။
၄၄။ ပခုက္ကူ ဘုရားစုံသမိုင်း။
၄၅။ ပခုက္ကူ ရှင်ကျင့်ဝတ်။
၄၆။ ပခုက္ကူ စာချနည်း။
၄၇။ ပခုက္ကူ ရေစက်ချနည်း။
၄၈။ ပခုက္ကူ သဒ္ဒါသုတ်နက်။
၄၉။ ပခုက္ကူ ဂုဏ်တော်ဖွင့်။
၅၀။ ပခုက္ကူ ဘုရားရှိခိုးကျမ်း
၅၁။ ပခုက္ကူ စာစပ်ကျမ်း
၅၂။ ပခုက္ကူ နိပါတ်နက်များကျမ်း။
၅၃။ ပခုက္ကူ ပရိတ်နိဿယကျမ်း။
၅၄။ ပါဠိပါဌမဉ္ဇရီ ပါဠိပတ်စာ။
၅၅။ ဥပုသ်သည်များလက်စွဲ။
၅၆။ တိပိဋကပါဠိ မြန်မာအဘိဓာန်အတွဲ-၉ (ပါဝင်ပြုစု)။
၅၇။ တိပိဋကပါဠိ မြန်မာအဘိဓာန် အတွဲ-၁၀-
(ပါဝင်ဦးစီးပြုစု)။
၅၈။ တိပိဋကပါဠိ မြန်မာအဘိဓာန် အတွဲ-၁၁-
(ပါဝင်ဦးစီးပြုစု)။
၅၉။ တိပိဋကပါဠိ မြန်မာအဘိဓာန် အတွဲ-၁၂-
(ပါဝင်ဦးစီးပြုစု)။

၆၀။ ပါဠိပဒပိဋကကျမ်းညွှန်း တ-ဝဂ်၊ အတွဲ ၁-
(ပါဝင်ဦးစိုးပြုစု)။

၆၁။ ပါဠိပဒပိဋကကျမ်းညွှန်း တ-ဝဂ်၊ အတွဲ ၂-
(ပါဝင်ဦးစိုးပြုစု)။

၆၂။ တ-ဝဂ်ဆိုင်ရာ တိပိဋကပါဠိမြန်မာ အဘိဓာန်အကျဉ်း
(ပါဝင်ဦးစိုးပြုစု)

၆၃။ တိုက်အုပ်ဆရာတော် အရှင်နန္ဒိယ၏ ထေရုပ္ပတ္တိဒီပနီနှင့်
အဖိုးတန်စာပေများ။

၆၄။ အဘိဓမ္မမဟာရဋ္ဌဂုရု အရှင်သုန္ဒရ၏မဟာထေရစရိတ။

၆၅။ အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒဝံသ၏ထေရုပ္ပတ္တိဒီပနီ။

၆၆။ ကျောက်ဖူးဆရာတော် အရှင်ကလျာဏ၏ ကလျာဏ
ထေရဂုဏ်ရည်။

၆၇။ ဝါးကန်ဆရာတော် အရှင်သုန္ဒရ၏ ဝါးကန် ထေရ
ဂုဏ်ရည်။

၆၈။ သံပုရာကုန်းဆရာတော် အရှင်အရိယ၏ အရိယ ထေရ
ဂုဏ်ရည်။

၆၉။ ကျွန်းဦးရွာ မဟာဝိဇိတာရာမတိုက်ဆရာတော် အရှင်
ဉာဏုတ္တရ၏ မဟာဝိဇိတာရာမ ထေရာပဒါန်။

၇၀။ ရေစကြိုဆရာတော်ဘုရားကြီးအရှင်ဂန္ဓသာရ၏ မဟာ
ထေရဝံ့တ္တနိဒီပိကာ။

၇၁။ အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာ ဆရာတော်ဘုရားကြီး၏
မဟာထေရလလိတ။

၄၁။ သီဟိုဠ်ဘုရားစုံသမိုင်း။
၄၂။ စေတီယပ္ပတ္တိဒီပနီ။
၄၃။ ပခုက္ကူဘုရားသုံးဆူသမိုင်း။
၄၄။ ပခုက္ကူ ဘုရားစုံသမိုင်း။
၄၅။ ပခုက္ကူ ရှင်ကျင့်ဝတ်။
၄၆။ ပခုက္ကူ စာချနည်း။
၄၇။ ပခုက္ကူ ရေစက်ချနည်း။
၄၈။ ပခုက္ကူ သဒ္ဒါသုတ်နက်။
၄၉။ ပခုက္ကူ ဂုဏ်တော်ဖွင့်။
၅၀။ ပခုက္ကူ ဘုရားရှိခိုးကျမ်း
၅၁။ ပခုက္ကူ စာစပ်ကျမ်း
၅၂။ ပခုက္ကူ နိပါတ်နက်များကျမ်း။
၅၃။ ပခုက္ကူ ပရိတ်နိဿယကျမ်း။
၅၄။ ပါဠိပါဌမဥရီ ပါဠိဖတ်စာ။
၅၅။ ဥပုသ်သည်များလက်စွဲ။
၅၆။ တိပိဋကပါဠိ မြန်မာအဘိဓာန်အတွဲ-၉ (ပါဝင်ပြုစု)။
၅၇။ တိပိဋကပါဠိ မြန်မာအဘိဓာန် အတွဲ-၁၀-
(ပါဝင်ဦးစီးပြုစု)။
၅၈။ တိပိဋကပါဠိ မြန်မာအဘိဓာန် အတွဲ-၁၁-
(ပါဝင်ဦးစီးပြုစု)။
၅၉။ တိပိဋကပါဠိ မြန်မာအဘိဓာန် အတွဲ-၁၂-
(ပါဝင်ဦးစီးပြုစု)။

၆၀။ ပါဠိပဒပိဋကကျမ်းညွှန်း တ-ဝဂ်၊ အတွဲ ၁-
(ပါဝင်ဦးစီးပြုစု)။

၆၁။ ပါဠိပဒပိဋကကျမ်းညွှန်း တ-ဝဂ်၊ အတွဲ ၂-
(ပါဝင်ဦးစီးပြုစု)။

၆၂။ တ-ဝဂ်ဆိုင်ရာ တိပိဋကပါဠိမြန်မာ အဘိဓာန်အကျဉ်း
(ပါဝင်ဦးစီးပြုစု)

၆၃။ တိုက်အုပ်ဆရာတော် အရှင်နန္ဒိယ၏ ထေရုပ္ပတ္တိဒီပနီနှင့်
အဖိုးတန်စာပေများ။

၆၄။ အဘိဓဇမဟာရဋ္ဌဂုရု အရှင်သုန္ဒရ၏မဟာထေရစရိတ။

၆၅။ အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒဝံသ၏ထေရုပ္ပတ္တိဒီပနီ။

၆၆။ ကျောက်ဖူးဆရာတော် အရှင်ကလျာဏ၏ ကလျာဏ
ထေရဂုဏ်ရည်။

၆၇။ ဝါးကန်ဆရာတော် အရှင်သုန္ဒရ၏ ဝါးကန် ထေရ
ဂုဏ်ရည်။

၆၈။ သံပုရာကုန်းဆရာတော် အရှင်အရိယ၏ အရိယ ထေရ
ဂုဏ်ရည်။

၆၉။ ကျွန်းဦးရွာ မဟာဝိဇိတာရာမတိုက်ဆရာတော် အရှင်
ဉာဏုတ္တရ၏ မဟာဝိဇိတာရာမ ထေရာပဒါန်။

၇၀။ ရေစကြိုဆရာတော်ဘုရားကြီး အရှင်ဂန္ဓသာရ၏ မဟာ
ထေရဝုတ္တန္တဒီပိကာ။

၇၁။ အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာ ဆရာတော်ဘုရားကြီး၏
မဟာထေရလလိတ။

၇၂။ သာသနာပိုင်ဆရာတော်ဘုရားကြီးဦးဥေယျ၏ ထေရုပ္ပတ္တိ။

၇၃။ အရှင်သုန္ဒရဆရာတော်ဘုရားကြီး၏ ဘုန်းတော်ဘွဲ့ ဂါထာခြောက်ဆယ်ပါဌ်နိဿယ။

၇၄။ အရှင်နန္ဒဝံသ ဆရာတော်ဘုရားကြီး၏ ဘုန်းတော်ဘွဲ့ ဂါထာရှစ်ဆယ်ပါဌ်နိဿယ။

၇၅။ အရှင်ပညာ ဆရာတော်ဘုရားကြီး၏ ဘုန်းတော်ဘွဲ့ ဂါထာကိုးဆယ်ပါဌ်နိဿယ။

၇၆။ ရေစကြို့ဆရာတော်ဘုရားကြီး၏ ဘုန်းတော်ဘွဲ့ ဂါထာ တစ်ရာပါဌ်နိဿယ။

၇၇။ ကျွဉ်းဦးဆရာတော်ဘုရားကြီး၏ ဘုန်းတော်ဘွဲ့ဂါထာ သုံးဆယ်ပါဌ်နိဿယ။

၇၈။ လက္ခဏာတော်ငယ်ရှစ်ဆယ် ဘုရားရှိခိုး ဂါထာ ပါဌ်နိဿယ။

၇၉။ လက္ခဏာတော် သုံးဆယ့်နှစ်ပါး ဘုရားရှိခိုး ဂါထာ ပါဌ်နိဿယ။

၈၀။ တစ်ရာ့ရှစ်ကွက် စက်လက္ခဏာ ဘုရားရှိခိုး ဂါထာ ပါဌ်နိဿယ။

၈၁။ နမက္ကာရပါဌ်နိဿယ။

၈၂။ ရှင်ဥပဂုတ် ဘုရားရှိခိုး ဆယ့်နှစ်ဂါထာပါဌ်နိဿယ။

၈၃။ မြစ်ခြေမြို့ အဘယာရာမတိုက် သောဘဏာလင်္ကာရ သိမ်မော်ကွန်းပါဌ်နိဿယ။

၈၄။ ပဋ္ဌသီခသီချင်း ဂါထာ ပါဌ်နိဿယ။

၈၅။ မရဏာသယတိဘာဝနာ။
၈၆။ မူလပဏ္ဏာသ အဋ္ဌကထာဂဏ္ဌိ။
၈၇။ ပိဋကသုံးပုံ ဘုရားရှိခိုး (၁၁၅-ဂါထာပါဌ်နိဿယ)။
၈၈။ မဟာဝဂ္ဂသံပါဠိ (သီဟိုဠ်မှမြန်မာပါဠိပြန်ရေး)ပဌမတွဲ။
၈၉။ မဟာဝဂ္ဂသံပါဠိ (သီဟိုဠ်မှ မြန်မာပါဠိပြန်ရေး) ဒုတိယတွဲ။
၉၀။ ဒီပဝံသပါဠိ(သီဟိုဠ်မှ မြန်မာပါဠိပြန်ရေး)ဒုတိယတွဲ။
၉၁။ အဋ္ဌသာလိနီယောဇနာနှင့် အဖိုးတန်စာပေများ။
၉၂။ ပခုက္ကူ အဘိဓာန်နိဿယသစ်။
၉၃။ တိပိဋကဓရဝတ္ထုသန္ဒီပနီကျမ်း။
၉၄။ ကဝိဒပ္ပဏနီတိပါဌ်နိဿယ။
၉၅။ တိပိဋကဓရဝတ္ထုဝိလာသိနီ။
၉၆။ ဆယ့်နှစ်ရာသီဘွဲ့ဂါထာ ပါဌ်နိဿယ။
၉၇။ ရေနံချောင်းမြို့ ရွှေတောင်တိုက် တိုက်အုပ်ဆရာတော် အရှင်ဧကန္တာစာရ၏ ထေရဝတ္ထုဝိလာသိနီ။
၉၈။ သမန္တကူဋဝဏ္ဏနာပါဠိ (သီဟိုဠ်ပါဠိမှ မြန်မာပါဠိ ပြန်ရေး)။
၉၉။ မဟာဝိသုတာရာမ နိကာယ ဝတ်ရွတ်စဉ်အဖွင့်။
၁၀၀။ မဟာဝိသုတာရာမ နိကာယ သာသနာဝင်သစ်။
၁၀၁။ မဟာဝိသုတာရာမ ဂဏဝါစက နိကာယ သမိုင်း မှတ်တမ်း။
၁၀၂။ မဟာစည် ထေရဝတ္ထုဝိလာသိနီ ပဌမတွဲ။
၁၀၃။ မဟာစည် ထေရဝတ္ထုဝိလာသိနီ ဒုတိယတွဲ။

၁၀၄။ သာသနာဝင် ဘွဲ့တံဆိပ်တော်များသမိုင်း။
၁၀၅။ ၁၃၄၀-ခုနှစ် အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော် ဘုရားကြီး ၃-ပါးနှင့် အဂ္ဂမဟာပဏ္ဍိတဆရာတော်ကြီး ၁၈-ပါးတို့၏ အဖြစ်တော်စဉ် ထေရုပ္ပတ္တိသန္နိပနီ။
၁၀၆။ အဂ္ဂမဟာပဏ္ဍိတအရှင်ဂန္ဓမာ၏ မဟာထေရုပ္ပတ္တိဒီပနီ။
၁၀၇။ ပခုက္ကူအဖိုးတန်စာပေများ။
၁၀၈။ မိဘာမြတ်ကျေးဇူး။
၁၀၉။ ထနောင်းခလထေရဂုဏ်ရည်။
၁၁၀။ ၁၃၄၁-ခုနှစ်၊အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်ဘုရားကြီး ၂-ပါးနှင့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၆-ပါးတို့၏ အဖြစ်တော်စဉ် ထေရုပ္ပတ္တိပကာသိနီ။
၁၁၁။ ပခုက္ကူ ရွှေတန့်တစ်ဘုရားသမိုင်း။
၁၁၂။ ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေး သမိုင်းကျမ်း။
၁၁၃။ ပခုက္ကူ ရွှေကူဘုရားသမိုင်း။
၁၁၄။ နှစ်ကျိပ်ရှစ်ဆူဗုဒ္ဓဝင်။
၁၁၅။ ပခုက္ကူ နမောတဿအနက်များကျမ်း။
၁၁၆။ ကလျာဏီသာသနာဝင် (ပုံခူးကလျာဏီ သာသနာဝင် ကျမ်း)။
၁၁၇။ ဆရာမြတ်ကျေးဇူး။
၁၁၈။ တပည့်လိမ္မာ။

၁၁၉။ ယဂိုရပညာနန္ဒ၏ မဟာဝံသပါဠိ၊ (သီဟိုဠ်ပါဠိမှ မြန်မာပါဠိပြန်ရေး)။

၁၂၀။ ပခုက္ကူ သဒ္ဒါသုတ်နက်သစ်။

၁၂၁။ ပခုက္ကူ မောဂ္ဂလ္လာန်သုတ်နက်။

၁၂၂။ ယမမင်းထံ အစစ်ခံသံပေါက်အဖွင့်ကျမ်း။

၁၂၃။ ထွဋ္ဌခေါင်ကမ္မဋ္ဌာန်း သံပေါက်အဖွင့်ကျမ်း။

၁၂၄။ တိပိဋကပါဠိအဋ္ဌကထာ ဋီကာ ဂါထာသူစိ ကျမ်း (ဦးစီးရေး)။

၁၂၅။ ပခုက္ကူ ပဒမာလာကျမ်း။

၁၂၆။ ပခုက္ကူ လက်ပန်ကျွန်းရွာ ပြည်လုံးချမ်းသာ ဘုရားသမိုင်း။

၁၂၇။ ပခုက္ကူ အနေကဇာတင် ပါဠိနိဿယ။

၁၂၈။ ဥပါသကာလက်စွဲ ဘုရားရှိခိုး။

၁၂၉။ အေးမြမြ ဓမ္မအမြုတေ။

၁၃၀။ မန္တလေးမြို့ ဒက္ခိဏာရာမတိုက် ဆရာတော် အရှင်ဥက္ကံသာဘိဝံသ၏ ထေရုပ္ပတ္တိဒီပနီ။

၁၃၁။ မိုးကုတ်မဟာထေရဂုဏ်ရည်(မရိုက်ရသေး)။

၁၃၂။ ဆီးတောမဟာထေရဂုဏ်ရည်( မရိုက်ရသေး)။

၁၃၃။ တောင်သာမြို့နယ် ကျောက္ကာရွာ မဟာဗောဓိဆရာတော်ဘုရားကြီး အရှင်သိရိဓမ္မ၏ ဘုန်းတော်ဘွဲ့ ၁၄-ဂါထာ ပါဠိနိဿယ။

၁၃၄။ သမီးလိမ္မာ။

၁၃၅။ မုံရွာမြို့ အဂ္ဂမဟာပဏ္ဍိတ ဓမ္မပါလဂုရုဆရာတော်ဘုရားကြီး အရှင်အာစိဏ္ဏမဟာထေရ်၏ ဘုန်းတော်ဘွဲ့ ၄၃-ဂါထာ ပါဠိနိဿယ။
၁၃၆။ သား:လိမ္မာ။
၁၃၇။ ရှင်ပင်မဟာဇေယ္ယဂူကြီး မြတ်စွာဘုရားသမိုင်း။
၁၃၈။ ရတနာ၁ဝလိဘုရားရှိခိုး။
၁၃၉။ ရတနာ၁ဝလိဝတ်ရွတ်စဉ် ၄င်းအဖွင့်။
၁၄၀။ သီလဂုဏ်ရည်။
၁၄၁။ ဂုဏ်တော်ပွားနည်းနိဿရည်း။
၁၄၂။ ဒါနဂုဏ်ရည်။
၁၄၃။ ဘာဝနာဂုဏ်ရည်။
၁၄၄။ အဂ္ဂမဟာပဏ္ဍိတ မကွေးမြို့ မဟာဝိသုဒ္ဓာရာမတိုက် ဆရာတော်ဘုရားကြီး၏ မကွေးမဟာထေရဂုဏ်ရည်။
၁၄၅။ သီဟိုဠ်ရှင်ဆရာတော်ဘုရားကြီး အရှင်နန္ဒဝံသ၏ သီဟိုဠ်ရှင် မဟာထေရဂုဏ်ရည်။
၁၄၆။ စိတုရာရက္ခဘာဝနာ။
၁၄၇။ ဗုဒ္ဓဘုန်းတော် ဂုဏ်တော်ဘွဲ့ ပါဠိနိဿယ (ဂါထာ ၅၀၀-ကျော်)။
၁၄၈။ သုံးလူ့ရှင်ပင်ဗုဒ္ဓဝင်။
၁၄၉။ ကျင့်ဝတ်စုံ အဖွင့်ကျမ်း (သိင်္ဂါလောဝါဒ ဆုံးမစာ အဖွင့်)။
၁၅၀။ ဗုဒ္ဓ၏ သီရိလက်ခရီး။

၁၅၁။ ရှင်မဟာသီလဝံသ ဆုံးမစာအဖွင့်။
၁၅၂။ သုံ စိ ပု ဘာ ဆုံးမစာအဖွင့်။
၁၅၃။ ပခုက္ကူ ဓမ္မစကြာအဖွင့်။
၁၅၄။ ပခုက္ကူအနတ္တလက္ခဏာသုတ်အဖွင့်။
၁၅၅။ ဟိတောပဒေသအမြုတော။
၁၅၆။ အဘိဏှသုတ်အဖွင့်။
၁၅၇။ သံဝေဂဂါထာ ပါဠိနိဿယနှင့် သံဝေဂလင်္ကာများ ကျမ်း။
၁၅၈။ ဧနီးလိမ္မာ။
၁၅၉။ သရဏဂုံသုံးပါးမြတ်ကျေးဇူး။
၁၆၀။ သီလမြတ်ကျေးဇူး။
၁၆၁။ သုံးဆယ့်နှစ်ကောဋ္ဌာသအဖွင့်။
၁၆၂။ ပခုက္ကူ မင်္ဂလာသုတ်အဖွင့်။
၁၆၃။ ပခုက္ကူနိဓိကဏ္ဍသုတ်အဖွင့်။
၁၆၄။ တောလေးဆယ်အဖွင့်။
၁၆၅။ အဋ္ဌလုယ်ကင်းဂါထာများအဖွင့်။
၁၆၆။ မဟာဇယမင်္ဂလာ ဂါထာတော်များအဖွင့်။
၁၆၇။ မေတ္တာမြတ်ကျေးဇူး။
၁၆၈။ ဝီရိယမြတ်ကျေးဇူး။
၁၆၉။ ပညာမြတ်ကျေးဇူး။
၁၇၀။ ခန္တီမြတ်ကျေးဇူး။
၁၇၁။ သစ္စာမြတ်ကျေးဇူး။
၁၇၂။ ယဉ်ကျေးမှု ပထမဆင့်ကျင့်ဝတ်ဘာသာအဖွင့်။

၁၇၃။ ယဉ်ကျေးမှုဒုတိယဆင့် ဗုဒ္ဓဘာသာမြန်မာစာဘာသာ အဖွင့်။
၁၇၄။ ယဉ်ကျေးမှုတတိယဆင့် အဘိဓမ္မာဘာသာအဖွင့်။
၁၇၅။ လောကနီတိအဖွင့်ကျမ်း။
၁၇၆။ ဝိနည်းကျင့်ဝတ်ဘာသာအဖွင့်။
၁၇၇။ ဆင္ဌသင်္ဂါယနာ သမိုင်းတော် ပထမတွဲ။
၁၇၈။ ဆင္ဌသင်္ဂါယနာသမိုင်းတော် ဒုတိယတွဲ။
၁၇၉။ ဆင္ဌသင်္ဂါယနာသမိုင်းတော် တတိယတွဲ။
၁၈၀။ ဆင္ဌသင်္ဂါယနာသမိုင်းတော် စတုတ္ထတွဲ။
၁၈၁။ ဆင္ဌသင်္ဂါယနာသမိုင်းတော် ပဥ္စမတွဲ။
၁၈၂။ ဆင္ဌသင်္ဂါယနာသမိုင်းတော် ဆဋ္ဌမတွဲ။
၁၈၃။ ပခုက္ကူမြို့ မန္တလေးတိုက် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော် အရှင်သာသန၏ ထေရုပ္ပတ္တိ အကျဉ်း။
၁၈၄။ ပခုက္ကူမြို့ သာသနဝိပုလာရာမ မန္တလေးတိုက် အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်ဘုရားကြီး အရှင်သာသန ၏ သာသနဝိပုလာရာမ မဟာထေရဂုဏ်ရည်။
၁၈၅။ အဘိဓဇ မဟာရဋ္ဌဂုရု ဆရာတော်ဘုရားကြီး အရှင် သာသန၏ဘုန်းတော်ဘွဲ့ဂါထာကိုးဆယ်ပါဠိနိဿယ။
၁၈၆။ ကန်လှကျောင်းသစ်ဆရာတော် အရှင်ဥက္ကံသ၏ မဟာ ထေရဂုဏ်ရည်။
၁၈၇။ ဆရာကြီး ဦးကြင်ရွှေ၏ တစ်ဘဝတစ်သက်တာ။

၁၈၈။ ပခုက္ကူမြို့ မဟာဝိဇယာရာမတိုက် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ဘုရားကြီး အရှင်ဉာဏိန္ဒ၏ မဟာဝိဇယာရာမ မဟာထေရုပ္ပတ်ရည်။

၁၈၉။ တောင်သာမြို့ သာသနမူလိကာရာမ ကျောင်းတိုက် ဆရာတော် အရှင်ပရမ မဟာထေရ်၏ ထေရုပ္ပတ်ရည် ဂါထာနှစ်ဆယ် ပါဠိနိဿယ။

၁၉၀။ ပြည်မြို့ ဇောတိကာရုံတိုက် အဂ္ဂမဟာပဏ္ဍိတ အရှင် တေဇနိယ၏ ဘုန်းတော်ဘွဲ့ ခြောက်ဆယ့်နှစ်ဂါထာ ပါဠိနိဿယ။

၁၉၁။ ထေရဂါထာ ပါဠိတော်နိဿယ (ချုပ်စဉ်ရေး)။

၁၉၂။ ထေရီဂါထာ ပါဠိတော်နိဿယ (ချုပ်စဉ်ရေး)။

၁၉၃။ ချောက်မြို့ အေးစေတီဘုရားသမိုင်း။

၁၉၄။ တိပိဋက နာမာဝလိ (ဦးစီးရေး)။

၁၉၅။ ပခုက္ကူမြို့ ဆုတောင်းပြည့် ရွှင်ပင်ချမ်းသာ ဘုရား သမိုင်း။

၁၉၆။ ဓာတ်တော်သမိုင်းကျမ်း။

၁၉၇။ သလ္လသုတ်အဖွင့်ကျမ်း။

၁၉၈။ မရဏာနုဿတိကမ္မဋ္ဌာန်းကျမ်း။

၁၉၉။ ကမ္မဋ္ဌာနသင်္ဂဟကျမ်း။

၂၀၀။ အပါဒါန်ပါဠိတော်နိဿယ (ချုပ်စဉ်ရေး)။

၂၀၁။ ပခုက္ကူမြို့ ကုလားချောင်း အောင်သာရွာ ဆက်တော်ရ သက်တော်ရှည်ဘုရားသမိုင်း။

၂၀၂။ မင်္ဂလ်ဖိုလ်နိဗ္ဗာန်စမ္မကွန်အဖွင့်ကျမ်း။

၂၀၃။ ပခုက္ကူမြို့ လေသာတိုက်သစ် ဆရာတော်ဘုရားကြီး၏ လေသာမဟာထေရပဒါနိကျမ်း။
၂၀၄။ ဗုဒ္ဓဝံပါဠိတော်နိဿယ (ချုပ်စဉ်ရေး)။
၂၀၅။ ပခုက္ကူ ဓမ္မပဒအဖွင့်။
၂၀၆။ စရိယာပိဋကပါဠိတော်နိဿယ (ချုပ်စဉ်ရေး)
၂၀၇။ ပခုက္ကူ ဇာတကပါဠိတော်နိဿယ (ချုပ်စဉ်ရေး)
၂၀၈။ မေဓာဝီ မဟာထေရဂုဏ်ရည်။
၂၀၉။ အရှင်မေဓာဝီမဟာထေရ်၏ ထေရုပ္ပတ္တိအကျဉ်းချုပ်။
၂၁၀။ မဟာစည် မဟာထေရုပ္ပတ္တိဒီပနီ ပဌမတွဲ။
၂၁၁။ မဟာစည် မဟာထေရုပ္ပတ္တိဒီပနီ ဒုတိယတွဲ။
၂၁၂။ မဟာစည် မဟာထေရုပ္ပတ္တိဒီပနီ တတိယတွဲ။
၂၁၃။ မဟာစည် မဟာထေရုပ္ပတ္တိဒီပနီ စတုတ္ထတွဲ။
၂၁၄။ မဟာစည် မဟာထေရုပ္ပတ္တိဒီပနီ ပဉ္စမတွဲ။
၂၁၅။ မဟာစည် မဟာထေရုပ္ပတ္တိဒီပနီ ဆဋ္ဌမတွဲ။
၂၁၆။ မဟာစည် မဟာထေရုပ္ပတ္တိဒီပနီ သတ္တမတွဲ။
၂၁၇။ မဟာစည် မဟာထေရုပ္ပတ္တိဒီပနီ အဋ္ဌမတွဲ။
၂၁၈။ မဟာစည် မဟာထေရုပ္ပတ္တိဒီပနီ နဝမတွဲ။
၂၁၉။ မဟာစည် မဟာထေရုပ္ပတ္တိဒီပနီ ဒသမတွဲ။
၂၂၀။ ပခုက္ကူမြို့ စို့တွင်းဆက်တော်ရှည် ဆရာတော်ဘုရားကြီး အရှင်ဝိလာသ၏ စို့တွင်း မဟာထေရဂုဏ်ရည်။
၂၂၁။ ရေစကြိုမြို့နယ် ထန်းတပင်ရွာ ဆက်တော်ရှည် ဆရာတော်ဘုရားကြီး အရှင်ပဏ္ဍိတ၏ ပဏ္ဍိတမဟာထေရဂုဏ်ရည်။

၂၂၂။ ပခုက္ကူ ပရိတ်တော်အဖွင့်ကျမ်း။
၂၂၃။ ခင်ပွန်းလိမ္မာ။
၂၂၄။ ပခုက္ကူ ဆွမ်းအနုမောဒနာကျမ်း။
၂၂၅။ ရန်ကုန်မြို့ ဟသံ့ာတ သုံးထပ်တိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အရှင် အရိယဝံသ၏ အရိယဝံသမဟာထေရဂုဏ်ရည်။
၂၂၆။ သိရိလက်ာ ဓမ္မနီတိကျမ်းအဖွင့်။
၂၂၇။ တန်ခိုးထက်မြက်သော ဗုဒ္ဓထောမနာ ဂါထာများအဖွင့်။
၂၂၈။ ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ်၊ မဟာသိမ်တော်ကြီး၊ ပရိယတ္တိစာသင်တိုက်၊ အဂ္ဂမဟာပဏ္ဍိတ အရှင်ကဝိန္ဒာဘိဝံသ၏ ကဝိန္ဒမဟာထေရုပဒါန်။
၂၂၉။ ကထိန်မြတ်ကျေးဇူးကျမ်း။
၂၃၀။ ပခုက္ကူမြို့ မှန်စီတောင်ဆရာတော်ဘုရားကြီး အရှင်ဝိသုဒ္ဓ၏ ဝိသုဒ္ဓမဟာထေရဂုဏ်ရည်။
၂၃၁။ တန့်ကြည့်စွယ်တော်သမိုင်း။
၂၃၂။ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် တိုက်အုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အရှင်ပညိန္ဒ၏ မဟာထေရုပ္ပတ္တိ ပကာသိနီ။
၂၃၃။ အဂ္ဂမဟာပဏ္ဍိတ အရှင်ပညိန္ဒ၏ မဟာထေရဂုဏ်ရည်။
၂၃၄။ မိတ္ထိလာမြို့ ပဋ္ဌာနကျော် မေဓာစရိယတိုက်သစ် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ အရှင်စန္ဒိမာ၏ ဉပ္ပတ္တိဂုဏဝဏ္ဏနာ ဂါထာများ။

၂၃၅။ တိပိဋကဓမ္မဘဏ္ဍာဂါရိက, အဂ္ဂမဟာပဏ္ဍိတ, အဘိဓဇမဟာရဋ္ဌဂုရု အရှင်ဝိစိတ္တသာရာဘိဝံသ၏ ဝိစိတ္တသာရာဘိဝံသ ဂုဏသံပကာသနာ ဂါထာ ရှစ်ဆယ်ပါဠိနိဿယ။

၂၃၆။ အင်္ဂုတ္တရနိကာယ် ဧကကနိပါတ် အနှစ်ချုပ်ကျမ်း။

၂၃၇။ အင်္ဂုတ္တရနိကာယ် ဒုကနိပါတ် အနှစ်ချုပ်ကျမ်း။

၂၃၈။ အင်္ဂုတ္တရနိကာယ် တိကနိပါတ် အနှစ်ချုပ်ကျမ်း။

၂၃၉။ အင်္ဂုတ္တရနိကာယ် စတုက္ကနိပါတ်အနှစ်ချုပ်ကျမ်း။

၂၄၀။ အင်္ဂုတ္တရနိကာယ် ပဉ္စကနိပါတ် အနှစ်ချုပ်ကျမ်း။

၂၄၁။ အင်္ဂုတ္တရနိကာယ် ဆက္ကနိပါတ် အနှစ်ချုပ်ကျမ်း။

၂၄၂။ အင်္ဂုတ္တရနိကာယ် သတ္တကနိပါတ် အနှစ်ချုပ်ကျမ်း။

၂၄၃။ အင်္ဂုတ္တရနိကာယ် အဋ္ဌကနိပါတ် အနှစ်ချုပ်ကျမ်း။

၂၄၄။ အင်္ဂုတ္တရနိကာယ် နဝကနိပါတ် အနှစ်ချုပ်ကျမ်း။

၂၄၅။ အင်္ဂုတ္တရနိကာယ် ဒသကနိပါတ် အနှစ်ချုပ်ကျမ်း။

၂၄၆။ အင်္ဂုတ္တရနိကာယ်ဧကာဒသကနိပါတ်အနှစ်ချုပ်ကျမ်း။

၂၄၇။ သံယုတ္တနိကာယ် ဒေဝတာ ဒေဝပုတ္တသံယုတ် အနှစ်ချုပ်ကျမ်း။

၂၄၈။ သံယုတ္တနိကာယ် ကောသလမာရ ဘိက္ခုနီ သံယုတ် အနှစ်ချုပ်ကျမ်း။

၂၄၉။ သံယုတ္တနိကာယ် ဗြဟ္မာဗြာဟ္မဏဝင်္ဂီသသံယုတ် အနှစ်ချုပ်ကျမ်း။

၂၅၀။ သံယုတ္တနိကာယ်ဝနယက္ခသက္ကသံယုတ်အနှစ်ချုပ်ကျမ်း။

၂၅၁။ သံယုတ္တနိကာယ် နိဒါနသံယုတ် အနှစ်ချုပ်ကျမ်း။

၂၅၂။ သံယုတ္တနိကာယ် အဘိသမယဝဂ္ဂ အနမတဂ္ဂကဿပသံယုတ် အနုစ်ချုပ်ကျမ်း။

၂၅၃။ သံယုတ္တနိကာယ် လာဘသက္ကာရရာဟုလလက္ခဏ ဩပမ္မဘိက္ခုသံယုတ် အနှစ်ချုပ်ကျမ်း။

၂၅၄။ သံယုတ္တနိကာယ် ခန္ဓသံယုတ်အနှစ်ချုပ်ကျမ်း။

၂၅၅။ သံယုတ္တနိကာယ် ရာဓာဒိသံယုတ် အနှစ်ချုပ်ကျမ်း။

၂၅၆။ သံယုတ္တနိကာယ်သဠာယတနသံယုတ်အနှစ်ချုပ်ကျမ်း။

၂၅၇။ သံယုတ္တနိကာယ် ဝေဒနာဒိသံယုတ် အနှစ်ချုပ်ကျမ်း။

၂၅၈။ သံယုတ္တနိကာယ် မဂ္ဂါဒိသံယုတ် အနှစ်ချုပ်ကျမ်း။

၂၅၉။ မဇ္ဈိမနိကာယ် မူလပဏ္ဏာသ မူလပရိယာယ သီဟနာဒဝဂ် အနှစ်ချုပ်ကျမ်း။

၂၆၀။ မဇ္ဈိမနိကာယ် မူလပဏ္ဏာသ ဩပမ္မာဒိဝဂ် အနှစ်ချုပ်ကျမ်း။

၂၆၁။ မဇ္ဈိမနိကာယ် မဇ္ဈိမပဏ္ဏာသ ပရိဗ္ဗာဇကာဒိဝဂ်အနှစ်ချုပ်ကျမ်း။

၂၆၂။ မဇ္ဈိမနိကာယ် မဇ္ဈိမပဏ္ဏာသ ဂဟပတိဝဂ်, ဘိက္ခုဝဂ် အနှစ်ချုပ်ကျမ်း။

၂၆၃။ မဇ္ဈိမနိကာယ် ဥပရိပဏ္ဏာသဒေဝဒဟအနုပဒဝဂ်အနှစ်ချုပ်ကျမ်း။

၂၆၄။ မဇ္ဈိမနိကာယ် ဥပရိပဏ္ဏာသ သုညတာဒိဝဂ်အနှစ်ချုပ်ကျမ်း။

၂၆၅။ ဒီဃနိကာယ် သီလက္ခန္ဓဝဂ် အနှစ်ချုပ်ကျမ်း။

၂၆၆။ ဒီဃနိကာယ် မဟာဝဂ်အနှစ်ချုပ်ကျမ်း။

၂၆၇။ ဒီဃနိကာယ် ပါထိကဝဂ်အနှစ်ချုပ်ကျမ်း။

## ပခုက္ကူပိဋကတ်အနှစ်ချုပ် စာပေဖြန့်ချိရေးအဖွဲ့ (၁)

**နာယကများ။** ။ဦးဝင်းဖေ၊ ဦးအောင်ဆင့်၊ ဦးလှတင်၊ ဦးမြသောင်၊
ဦးမြင့်အောင် (မြို့နယ်ပညာရေးမှူး အငြိမ်းစား) ပေါက်လမ်း ဥက္ကဋ္ဌ၊
ဦးဘိုကြည် ပွဲစားကြီး အာဇာနည်လမ်း ဒုတိယ ဥက္ကဋ္ဌ၊
ဦးအောင်ကြည် (အေးမြမြစက်မှုလက်မှု) အထွေထွေအတွင်းရေးမှူး၊
ဦးအုပ်စ တွဲဖက်အတွင်းရေးမှူး။ ဦးမျိုးမြင့်ပွဲစားကြီး ဘဏ္ဍာရေးမှူး၊
ဦးအောင်မြင့် သစ်ထုပ်လုပ်ရေး စာရင်းစစ်။

**အဖွဲ့ဝင်များ။** ။ဦးအောင်ဖေ၊ ဦးလှကြိုင်၊ ဦးမြဦး၊ ဦးမြင့်ဆောင်၊
ဦးအောင်ကြည် (ဝေရက်)၊ ဦးခင်မောင်မိုး။

## ပခုက္ကူပိဋကတ်အနှစ်ချုပ် စာပေဖြန့်ချိရေးအဖွဲ့ (၂)

**နာယကများ။** ။ဒေါ်တင် (ကျောင်းအစ်မကြီး)၊ ဒေါ်တင်ညွန့်၊
ဒေါ်ခင်မြင့်ဆွေ၊ ဒေါ်စိန်တင်၊ ဒေါ်ခင်ရီ၊ ဒေါ်ခင်ဝင်း၊
ဒေါ်မြမြ၊ ဒေါ်ခင်သိန်း၊ ဒေါ်ခင်မာမာ၊ ဒေါ်စန်းစန်းရီ၊ ဒေါ်ခင်ခင်၊
ဒေါ်မြင့်မြင့်ခင် လ/ထမန်နေဂျာ၊ ယာဉ်/စက်ရောင်းဝယ်ရေး ဥက္ကဋ္ဌ၊
ဒေါ်ခင်ခင်ညွန့် (အ-ထ-ပြ)၊ ဒုတိယ ဥက္ကဋ္ဌ၊
ဒေါ်ကြည်ကြည်စိန် (အ-လ-ပြ)အ-ထ-က(၁) ဒုတိယ ဥက္ကဋ္ဌ၊
ဒေါ်သန်းတင့် (အ-ထ-ပြ) အထက(၂) အထွေထွေအတွင်းရေးမှူး၊
ဒေါ်နန်းအေး၊ ဒေါ်အေးအေးနု (အ-ထ-ပြ) အ-ထ-က (၁)
တွဲဖက် အတွင်းရေးမှူး၊
ဒေါ်ခင်မေသန်း လ/ထ ညွှန်ကြားရေးမှူးသစ်တောဦးစီးဌာန ဘဏ္ဍာရေးမှူး၊
ဒေါ်စန်းစန်း စိန်ဆေးဆိုင် စာရင်းစစ်မှူး၊
ဒေါ်ခင်ဝင်း၊ ဒေါ်ခင်ရွှေလတ် စာရင်းစစ်

**အဖွဲ့ဝင်များ။** ။ဒေါ်ခင်ခင်မြင့်၊ ဒေါ်ခင်စန်းမြင့်၊ ဒေါ်သင်ပိုးအေး၊
ဒေါ်ညွန့်ညွန့်ဝင်း၊ ဒေါ်ယဉ်ယဉ်ချို၊ ဒေါ်ခင်ရွှေ၊ ဒေါ်ဘင်တင်
ဒေါ်တင်ကြည်၊ ဒေါ်ခကခိုင်အောင်၊ ဒေါ်တင်အေး၊ ဒေါ်ကျော
ဒေါ်ခင်သန်း၊ ဒေါ်ခင်သန်းဝင်း၊ ဒေါ်ဝင်းကြည်။

ပခုက္ကူပိဋကတ်အနှစ်ချုပ်ကျမ်းစာများ ပင်ရင်းဌာန။

| | |
|---|---|
| ပခုက္ကူပိဋကတ်အနှစ်ချုပ် | ပခုက္ကူပိဋကတ်အနှစ်ချုပ် |
| စာပေဖြန့်ချိရေးအဖွဲ့ (၁) | စာပေဖြန့်ချိရေးအဖွဲ့ (၂) |
| အမှတ် ၂၅၊ ပေါက်လမ်း၊ ပခုက္ကူ။ | အမှတ် ၆၉၊ ပေါက်လမ်း၊ ပခုက္ကူ |
| ဖုန်း–၂၁၁၇၃။ | |